
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၃၆၀၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၇၅၀၂၀၈

ထုတ်ဝေသူ

ဒေါ်မိုးသိတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁)

အမှတ် (၁၃)၊ ၁၀၇ လမ်း၊

မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

ပုံနှိပ်သူ

ဦးမြင့်သန်း (မြ-၀၄၉၀၂)

စံပယ်အော့ဖ်ဆက်

၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ။

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

ဖြန့်ချိရေး

စိုးမိုးစာပေ

# နတ်သမီး

## ပန်းတွေဖျားတဲ့လရာသီ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၃၆၀၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၇၅၀၂၀၈

ထုတ်ဝေသူ

ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁)

အမှတ် (၁၃)၊ ၁၀၇ လမ်း။

မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

ပုံနှိပ်သူ

ဦးမြင့်သန်း (မြ-၀၄၉၀၂)

စံပယ်အော့ဖ်ဆက်

၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ။

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

ဖြန့်ချိရေး

စိုးမိုးစာပေ

# နတ်သမီး

## ပန်းတွေဖူးတဲ့လရာသီ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

" အိုး . . . "

စံ ပခုံးသား ဖွေးဖွေးလေးပေါ် သူ့လက်ချောင်းလေးများ မျက်ခနဲ လွင့်ကျလာစဉ် စံ အသားဆိုင်များ ရှိန်းဖိုလှုပ်ကြွလျက် ရှက်ရည် လွှမ်းသွား၏။

စံ မျက်လွှာချ၍

" ဖယ်ပါ "

စံ အသံလေး သိသိသာသာ လှိုက်တုန်လာသည်။

" ဖယ်နော် "

အသနားခံတောင်းဆိုနေသည့် စံ ဝမ်းနည်းသံက သူ့ရင်မှာ ပြင်းမှုလှိုင်း ကြွထန်စေသည်။ သူ နှုတ်ခမ်းပါးတင်းလာသည်။ သူ မျက်ဝန်းစူးစူး စံနှုတ်ခမ်းပါးဆီ လွင့်ကျလာသည်နှင့် တစ်ပြိုင်နက် စံ



www.burmeseclassic.com

www.burmeseclassic.com



ပခုံးသားလှုပ်ရမ်းသွားအောင် သူ ဆွဲခါလိုက်တော့ စံမှို၍ ဝမ်းနည်းလာသည်။

" စံ တောင်းပန်ပါတယ် "

" ဘာ "

သူ အသံတင်းပြတ်ပြတ် လှိမ့်ထွက်လာတော့ စံ နှုတ်ခမ်းလျှာ တစ်ဆက်ဆက် တုန်ခါသွားသည်။

" ဘာပြောတယ် ရတီစံ မင်းပြန်ပြောစမ်း "

စံရင်ထဲက လှိုက်တက်လာတဲ့ ဝမ်းနည်းခြင်းကို ဖိသိမ့်မျိုချ၍

" စံ စံ တောင်းပန်ပါတယ် ဖယ်ပါနော် ဖယ်ပါ "

" မဖယ်ဘူး "

သူ့ အသံအဆုံး စ ပခုံးသားဆီ သူ့လက်ချောင်းတွေမှို၍ နစ်ဝင်လာသလို ခံစားလိုက်ရသည်။

" မင်း အခုမှ မသိတရိ အမူအရာနဲ့ အသနားမခံနဲ့ ရတီစံ ငါ့ကိုလိုချင်လို့ ဖန်တီးယူတဲ့ မင်းလှိမ်နည်းကို ငါသနားရမလားကွ "

" မ မဟုတ်ဘူး ကိုကောင်းကောင်းချာန်ရယ် "

" ဘာလဲ ငါက ခပ်တုံးတုံးကောင်လို့ မင်းထင်နေလား "

စံ ဦးခေါင်းတရစပ် ရမ်းခါစဉ် သူ့မျက်ဝန်းမှို၍ စူးတောက်တော စံကို သည်းသည်းမည်းမည်း ကြည့်ပြီး





" ဒီမှာ ရတီစံ ကောင်းကင်ချာန်ဆိုတဲ့ ငါဟာ လိုချင်တာကို အရယူတတ်တယ် ဒါပေမဲ့ မလိုချင်တဲ့အရာကို ရလိုက်ရင် အဲဒီအရာကို ငါ့အတ္တနဲ့ ချေမှုပစ်လေ့ရှိတယ်ဆိုတာ မင်းမမေ့နဲ့ "

" စံ ပြောတာက . . . "

" မပြောနဲ့ မင်းတစ်ခွန်းမှ မပြောနဲ့ "

သူ ခပ်ကြမ်းကြမ်းလှုပ်ရမ်းလိုက်၍ စံပခုံးသားလေး နီမြန်း ကျင်ရှသွားသည်။

" မင်း ငါ့ရှေ့မှာ ဝမ်းနည်းတဲ့အမူအရာနဲ့ မျက်ရည်ခံထိုးပြီး အသနားခံဖို့ မကြိုးစားနဲ့ ငါဆိုတဲ့ကောင်းက မင်းရဲ့မာယာထဲမှာ ပျော်ဝင် နေမှာ မဟုတ်ဘူး "

တစ်စစ တင်းမာလာသည့် သူ့စကားတွေက သူ့လက်ချောင်းထဲ ါးဝင်လာသည်။ စံပခုံးသားကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၍ စံ ရင်မှ ဝမ်းနည်းမှုတချို့ မျက်ရည်စအဖြစ် ပြောင်းလဲလာသည်။

သည်တော့ စံမျက်ဝန်းအိမ်မှာ မျက်ရည်ပုလဲဥလေး စို့လျက်

" ငါ့ကိုလိုချင်လို့ မင်းကြိုးစားခဲ့တယ် အခု မင်းငါ့ကို ရပြီပဲ င်းပျော်လိုက်ပေါ့ကွ ဘာဖြစ်လို့ ငါ့လက်ချောင်းတွေ ဖယ်ပစ်ဖို့ တောင်းပန် နေရတာလဲ မင်း မြိန်မြိန်ကြီး ခံစားကြည့် ရတီစံ ငါဟာ မင်းရဲ့သတို့သား လောင်းလေ မင်း ရင်ခုန်လိုက်စမ်းပါ "



www.burmeseclassic.com

www.burmeseclassic.com



" အို . . . "

စံကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်တော့ စံတစ်ကိုယ်လုံး တုန်ယင်လှိုက်ခါ လန့်လူးသွား၏။

" ဖယ် ဖယ်စမ်းပါ ကောင်းကင်ချာန့်ရယ် စံ တောင်းပန်ပါတယ် ရှင့်ရဲ့တစ်ဖက်သက် စွဲချက်နဲ့ စံကိုမနှိပ်စက်ပါနဲ့ စံ တောင်းပန်ပါတယ်"

" မင်း မတောင်းပန်နဲ့ မင်းရဲ့တောင်းပန်တာကို ငါ ဘယ်တော့မှအသိအမှတ်ပြုမှာ မဟုတ်ဘူး မင်း ငါ့ကိုရအောင် ယူခဲ့တဲ့အတွက် မင်း ဘယ်တော့မှ နောင်တမရနဲ့ မင်းမျှော်လင့်တဲ့ ငါ့အချစ်နဲ့ဘဝထက် ငါ့ရဲ့နာကျည်းမှုတွေကို မင်း ခံစားစေရမယ် ရတီစံ ဒါကြောင့် မင်းမျက်ရည် ကို မင်းပြန်သိမ်းလိုက် ငါ့ရဲ့အမုန်းကို စားသုံးဖို့မင်း အဆင်သင့်ပြင်ဆင်ထား "

ပေါက်ကွဲလွင့်စင်သွားသည့် သူ့စကားလုံးတွေနောက်မှာ သူ့အမူအရာက ကြွပ်ဆတ်ကြမ်းတမ်းလာသည်။ သူ ရင်ခွင်ထဲမှ စံကိုယ်လုံးလေးကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ဆောင့်တွန်းလိုက်သည်။ စံကိုယ်လုံးလေးက စိမ်းဝါ့ရောင်ပန်းခက်များ ယှက်တွေနေသည့် မွေ့ရာလှလှပေါ် ဝုန်းခနဲ လွင့်ကျသွားသည်။

မွေ့ရာအိအိကလေး တုန်ခါလှုပ်ကာ အွဲ့ဒါ စံရင်ခုန်သံထင်ရဲ့။ သူ့အကြည့်က ဆူးတစ်ချောင်းလို ခွန်ရှုလာစဉ် စံ ဘာလုပ်ရမှန်း





မသိအောင် ထိတ်လန့်လျက်။

" မင်းဟာ ငါ့ရဲ့ သတို့သမီးတဲ့ ဟား ဟား. . . "

မဲ့ရွဲ့ဘွန်းကြဲနေသည့် သူ့ရယ်သံက စံရင့်ကိုပို၍ ဝမ်းနည်းလာစေသည်။

" ဟုတ်တယ် မင်းရဲ့ဖန်တီးမှုကြောင့် ငါဟာ မင်းသတို့သားဖြစ်နေတယ် ရတီစံ အဲဒီအတွက် မင်းမာယာတွေနဲ့ ငြင်းဆန်ဖယ်ရှားဖို့မစူးသွပ်နဲ့ ငါ့အတွက်ကို နင်ဘယ်တော့မှ ဖယ်ရှားလို့ရမှာ မဟုတ်ဘူး ရတီစံ "

စံ လက်ထဲဆုပ်ကိုင်ထားသည့် ပန်းစည်းလှလှကို သူ ဆတ်ခနဲဆွဲယူ၍ နံရံမှာ ပစ်ပေါက်လိုက်သည်။ ပန်းစည်းလေးက စံခြေရင်းခုတင်နောက် ကြမ်းခင်းပေး လွင့်ကျသွား၏။

" ငါ့လက်ချောင်းလေးတွေ မင်းပခုံးပေါ် ရောက်သွားလို့ မင်း ဝမ်းနည်းရတယ်ဆိုရင် မင်း ဒီထက် ဝမ်းနည်းရလိမ့်မယ် "

စံ ဒူးပေါ်ဝဲကျနေသည့် ရွှေဝါရောင် မင်္ဂလာဂါဝန် နောက်နားစဆီ သူ့လက်ချောင်းလေး ရွေ့လျားလာတော့ စံ မျက်ဝန်းအိမ်မှာ ပြည့်နေသည့် မျက်ရည်တချို့ စံပါးပြင်ပေါ် စီးဖြာသွားသည်။

တစ်ဖက်သက် စွတ်စွဲချက်နဲ့ စံ ရင်ခုန်သံကို နှိပ်စက်နေသည့် သူ့မျက်ဝန်း စံတစ်ကိုယ်လုံးကို ဖြန့်ကြည့်လာ၍ စံ ဝမ်းနည်းကြီးစွာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ရှိုက်မိပြီး

" ရှင် တစ်ဖက်သက် မစွတ်စွဲနဲ့ ကိုကောင်းကင်ဗျာနို စံ နေရာမှာ ရှင် ခံစားကြည့်ပါ "

" ဟော့ ငါကဘယ်သူ့နေရာမှ အစားထိုးခံစားစရာ မလိုဘူး မင်းကိုငါ အတန်တန် ငြင်းခဲ့လျက် မရရအောင် ငါ့ကို မင်းယူခဲ့တာ "

" မဟုတ်ဘူး "

စံ ဝမ်းနည်းတကြီး ဟစ်အော်၍ မွေ့ရာထက်မှ စံကိုယ်လုံး လူးလဲရုန်းထလိုက်သည်။ သူ့ဒေါသလက်တစ်ဖက်က စံ ပခုံးသားဆီ ဒုတိယအကြိမ် ရောက်လာ၏။

" ရှင့်လက်ကို ဖယ်လို့ပြောနေတယ်နော် "

စံအသံက ခံပြင်းမှုနှင့် လိုက်ဆူလာသည်။

" နေဦး မင်းငါ့ကို ငြင်းချင်ရင် ဘာဖြစ်လို့ ငါ့ကိုမရအရ လက်ထပ်တာလဲ "

" တစ်ဖက်သက်အမြင်နဲ့ မစွတ်စွဲနဲ့ "

" ငါ စွတ်စွဲတာ မဟုတ်ဘူး မင်း လုပ်ရပ်က သက်သေခံတာ မင်းလုပ်ရပ်အတွက် မင်းတစ်သက်လုံး ဝမ်းနည်းနေစေရမယ် ရတီစံ"

အုပ်မိုးလာသည့် သူ့ရင်ခွင်ကျယ်ကို စံ ဝမ်းနည်း တကြီး တွန်းဖယ်မိသည်။ သို့သော်





" မင်း ဝမ်းနည်းအောင် ကြေကွဲမျက်ရည်ကျအောင် ငါ ဘာခဲခိုလုပ်ဖို့ ဝန်မလေးဘူး ရတီစံ အရှင်းဆုံးပြောလိုက်မယ် ငါ့နှလုံး သား အညီးအမဲစွဲတဲ့ဒဏ်ရာအားလုံးကို နင်တန်ပြန်ခံစားနေစေရမယ် ငါ့စကားလုံးတွေက စက္ကန့်နဲ့အမျှ နင့်ရင်ခွင်ကို နာကျင်စေရမယ်။ ငါ့နှုတ်ခမ်းက နင့်နှလုံးသားအတွက် အချိန်ပြည့် ဆူလောင်ပွတ်ထ စေရမယ်၊ အဲဒါ ငါ့ရဲ့တန်ပြန်အတ္တပဲ ရတီစံ "

သူ့ရင်ခွင်ကို တွန်းကာထားသည့် စံလက်ချောင်းလေးများ တစ်ဆက်ဆက် တုန်ခါလျက် အတ္တတွေ ဖိစီးလာတဲ့ သူ့ရင်ခွင်က မုန်တိုင်းတစ်စင်းလို ပြင်းထန်ဇော့လာ၍ စံ၏ခံပြင်းမှုတွေက ဝမ်းနည်း ခြင်း ခေါင်းစည်အောက် တသိမ့်သိမ့် ဝပ်ဆင်းသွားသည်။

ပူပြင်းတောက်လောင်နေသည့် အတ္တတွေအောက်မှာ စံရဲ့ ဝမ်းနည်းခြင်းတွေ အရည်ပျော် စီးဆင်းကာ အိုင်ထွန်းနေလေပြီ။

" မင်း တစ်သက်လုံး ငါ့အမုန်းတွေနဲ့ ပေါင်းဖက်စေရမယ်။ ငါ့ရှေ့မှာ မင်းတစ်သက်လုံး ခေါင်းငိုက်ဝပ်ဆင်းနေစေ့ရမယ်။ အရှင်းဆုံး ပြောမယ် ရတီစံ မင်းဟာ ငါ့ရဲ့သတို့သမီးဆိုတာထက် ကျွန်မတစ်ယောက် လို ပုံလောင်းပစ်ဖို့ ငါစီရင်ရလိမ့်မယ် ခုချိန်ကစပြီး မင်းငါ့ကိုဖယ်ရှားပစ်ဖို့ မကြိုးစားနဲ့ ဖယ်ရှားပစ်မယ့် နင့်လက်ချောင်းတွေကို အမုန်းတွေနဲ့ ချိုးပစ်ဖို့ ငါ ဝန်မလေးဘူးကွ "



www.burmeseclassic.com

www.burmeseclassic.com



သူ့အမုန်းတွေ ဖိလာတော့ စံလက်ချောင်းတွေ တစ်စစ
ဒ်ခါးကျ ဖျော့တော့လာသည်။ ဘုရားရေ့. . .

သူ့အမုန်းတွေက ပြင်းထန်လွန်းတဲ့ လှိုင်းလုံးကြီးတွေလား။

ဒါဆို စံက အားအင်နဲ့ခုန်းကန် တွန်းဖယ်နိုင်စွမ်းမရှိတဲ့ သဲပွင့်
လေးလို လှိုင်းလုံးကြီးအောက်မှာ ခေါင်းငုံ့ဝပ်ဆင်းရမှာလား။

တရစပ် ယိုစီးလာသည့် စံမျက်ရည်တွေက စိမ်းဝါရောင်
ပန်းခက်တွေနဲ့ မှုန်းခြယ်ထားသည့် မွေ့ရာခင်းလှလှပေါ် စီမ့်ဝင်လျက်။

ကောင်းကင်ချာန်ရယ်။

တစ်ဖက်သက်ဆန်လွန်းတဲ့ နှင့်အတ္တကို စံတစ်သက်လုံး စားသုံး
ရမတဲ့လား ဟင်။

ငါ ရင်အနာဆုံးက. . . ။

" မင်းငါ့ကို ရအောင် ယူခဲ့တာ "

ဆိုတဲ့ နှင့်ရဲ့တစ်ဖက်သက် စွတ်စွဲချက်ကိုပဲ ကောင်းကင်ချာန်။

နှင့်ကိုငါအရယူဖို့ ကြိုးစားတာလား။

ငါ့ကိုရအောင် နှင့်မိဘက ကြိုးစားတာလား။

ဒါမှမဟုတ်

နှစ်ဖက်မိဘရဲ့ ဖိအားကြောင့် နှင့်ကိုငါ လက်ခံလိုက်ရတာလား
ဆိုတာ နင်တစ်စိတ် စဉ်းစားမိဖို့ ကောင်းပါတယ်။





ဒါပေမဲ့ ခုတော့။

ငါ့ရင်အုံမှာ နှင့်အမုန်းတွေ စွန်းထင်းနေပြီလား။

နင်နဲ့ငါ ကြုံဆုံရတဲ့ ဖြစ်စဉ်ကို ငါနာကြင်စွာ မေ့ပစ်ဖို့ ကြိုးစား
နေမှာပါ။

ဒါပေမဲ့ ဒီဖြစ်ရပ်တွေက စံ မျက်ရည်စတွေနဲ့အတူ ပုံရိပ်ထင်
ကျန်ရစ်သည်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

တိုနေ့က စံနှင့်စံသူငယ်ချင်းတစ်စု ဒဂုံဝင်တာမှာ ဈေးဝယ်လာခဲ့သည်။ စံတို့ သူငယ်ချင်းသေးယောက် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် စနောက်၍ ရိုက်ပုတ်ကြသည်။

သွယ်မာလှမ်းရိုက်တော့ စံ ရှောင်၍ ရှေ့သို့ပြေးထွက်သွားစဉ် တစ်စုံတစ်ဦးကို ဝင်တိုက်သလို ဖြစ်သွား၏။

" ဝုန်း "

ဝုန်းခနဲ့တိုက်မိဘော့ စံကိုယ်လုံးလေး တစ်ပတ်လည်ကာ ယိုင်နဲ့ကျမတတ် ဖြစ်သွားသည်၊ စံကိုယ်ရှိန်ကို သတိကြီးစွာ ထိန်းမတ်နိုင်ပေမယ့် စံဝင်တိုက်သလို ဖြစ်သွားသည့်သူက ကိုယ်ရှိန်မထိန်းနိုင်ဘဲ ယိုင်နဲ့ပြိုကျ သွား၏။ ပြိုကျသွားတဲ့သူကိုကြည့်တော့ သူ. . .။

သူမျက်နှာက ဒေါသရောင်နှင့် နီမြန်းလျက်။

လူအများ ဝိုင်းကြည့်ခံနေသည့် သူ့ဒေါသက တောင်တစ်လုံးလို





မို့မောက်လာသည်။

" တောက် "

ဆွဲထူလိုတဲ့ စံလက်ချောင်းလေးတွေ သူ တက်ခတ်သံနောက် လွင့်မျောသွားသည်။ လဲပြိုကျနေသည့် သူ့ကိုယ်ကို ရုန်းထလိုက်သည်။ ထို့နောက် စံရှေ့ လွှားခနဲ ရောက်လာသည်။

" လူတစ်ယောက်လုံးကိုမြင်လျက် ဝင်တိုက်တာ ဘာသဘော လဲ "

သူ့စကားလုံးနဲ့အတူ သူ့လက်တစ်ဖက်က စံပခုံးစွန်းကို စောင့်တွန်းလိုက်သည်။ သူစောင့်တွန်းသည့် အရှိန်နှင့် စံကိုယ်လုံး လည်ခင်းသွားသည်၊

စံသူငယ်ချင်းတွေ ကမန်းကတန်း ဖေးကူလာတာ ကြောင့် စံကိုယ်သုံး လဲကျမသွားခြင်းဖြစ်၏။

သူငယ်ချင်းတွေ ဖေးမကူလျှင် စံလည်း သူ့လိုပြိုကျသွားမှာ သေချာသည်။ ဒါမှမဟုတ် စံပို့ကျသွားအောင် သူ တန်ပြန်စီရင်တာလား။ သူ့မျက်ဝန်းက ခွဲခြားဆန်းစစ်လို့ မရအောင် အနီရောင်တွေ လှိုက်တက် နေ၏။

" မင်း ငါ့ကို ဇာတ်လမ်းရှာတာလား "

ဘုရားရေ သူ့စကားလုံးက စံတစ်ကိုယ်လုံးကို တဖြန်းဖြန်း



www.burmeseclassic.com

www.burmeseclassic.com



ကျက်သီးထသွားစေသည်။ အထူးသဖြင့် လူအများဝိုင်းအုံကြည့်နေတုန်း စံ ဘာပြန်ပြောရမှန်း မသိအောင် ရှက်သွားသည်။

" မင်းရှာတဲ့ဇာတ်လမ်းကို ငါအပျင်းပြေတောင် စိတ်မဝင်စားဘူး"

အိုး။ တစ်ဖက်သက် စွတ်စွဲခုက်နဲ့ တရစပ်အွတ်ဆွဲလာ၍ စံ ကိုယ်လုံးလေး တောင့်တင်းသွားသည်။ စံ သူငယ်ချင်းတွေ သည်းမခံချင်လောက်အောင် ဖြစ်သွားကြ၏။

" ရှင်တစ်ဖက်သက် မပြောနဲ့ "

" ခင်ဗျားတို့နဲ့ မဆိုင်ဘူး ပါးဝပ်ပိတ်ထား "

သွယ်မာ တစ်ခွန်းဝင်ပြောတော့ သူ ဒေါသက သွယ်မာထံ ရောက်သွားသည်။

" ဒီမှာ မိန်းမပီပီ ကက်ကက်သန်လန် ရန်ဖြစ်ဖို့ စိတ်မကူးနဲ့ ငါဆိုတဲ့ကောင်က မင်းတို့ကို စွာလန်ထေးတွေကို ဂရုမစိုက်ဘူး မိန်းကလေးတွေဖြစ်ပြီး ယောကျ်ားလေးတစ်ယောက်ကို ဇာတ်လမ်းစရှာတာ သိပ်အောက်တန်းကျတယ်။ မင်းတို့ကို အောက်တန်းကျတဲ့ မိန်းမတွေကို ငါအထင်မကြီးဘူး ဒီမှာ အမိ "

သူ့အတ္တတွေက စံမျက်နှာပေါ် ရောက်လာသည်။

" မင်းအဲဒီလောက် ဇာတ်လမ်းရှာချင်ရင် အဲသလို ဇာတ်လမ်း





...ကြိုက်တဲ့အကောင်တွေကိုရွေးပြီး ဇာတ်လမ်းရှာ ငါ့ကို နောက်တစ်ကြိမ် ...တ်လမ်းရှာဖို့ စိတ်မကူးနဲ့ နောက်တစ်ကြိမ်ဆိုရင် ဇာတ်လမ်းတော့ ...ရဘူး လက်သီးရမယ် "

သူ လက်သီးကျစ်ကျစ် စံမျက်နှာရှေ့ ထိုးပြလာသည်။ တစ်ဖက် ...က် တင်းနေသည့် သူ့ကို စံဘယ်လို ဖြေရှင်းချက်ပေးရကောင်းမှန်း ...သိအောင် ထွေပြားသွားသည်။ ထို့ပြင် စံကို စိမ်းစိမ်းစူးစူးကြည့်ပြီး

" တောက် "

ခပ်ပြင်းပြင်းလေး တက်ခတ်၍ လှည့်ထွက်သွားသည်။ သူ့ ...ရိပ်ကို ငေးကြည့်ရင်း စံရင်မှာ နင့်ခနဲ ဝမ်းနည်းသွား၏။ သူ့ဒေါသကို ... သူငယ်ချင်းတွေ မကျေမနပ်ဖြစ်လျက်

" လူပါးဝတဲ့ကောင် "

" ဟုတ်တယ် မကျေနပ်ဘူး "

" လုံးဝ မကျေနပ်ဘူး "

သွယ်မာ စိုးသက်နဲ့ အိဖြူတို့သုံးယောက် သူ့နောက်ကြောကို ကြည့်၍ အသံကျယ်ကျယ်ရွတ်လိုက်သည်။ သူ စကားလုံးတွေရဲ့ ...ဝိပ္ပါယ်နဲ့ လူအများဝိုင်းကြည့်ခံရမှုကြောင့် စံ ဝမ်းနည်း တကြီး လှည့်ထွက်ခဲ့မိသည်။

" ဟော့ စံ "



www.burmeseclassic.com

www.burmeseclassic.com



" ဇနေဦးလေ "

သူငယ်ချင်းတွေရဲ့ ဟန့်တားသံ စံနဲ့ဝေးလျက် ကျန်ရစ်ခဲ့သည်။

❀ ❀ ❀

ထိုနေ့ကစပြီး စံအပြင်မထွက်ရဲအောင် စံကိုယ့်စံ ရှက်နေမိသည်။

" စံရယ် "

" စံ ဒီလောက်ထိ ရှက်နေဖို့မလိုဘူး "

" သူ စွတ်စွဲသလို စံ ဇာတ်လမ်းရှာတာမှ မဟုတ်တာ "

သွယ်မာတို့သုံးယောက် စံကို အားပေးစကားဆိုလာသည်။ စံ ဦးခေါင်းအသာရမ်း၍

" အဲဒါတွေ စံမသိဘူး စံသိတာ စံအရမ်းရှက်တာပဲ စံကိုမြင်ရင် သူများဝေဖန်တဲ့မျက်လုံးနဲ့ ကြည့်မှာကို စံ မခံရဲဘူး "

" အဲလိုလည်း မဟုတ်ဘူးလေ တကယ်ဆို အဲဒီနေ့က စံ ငြိမ်ခံ နေဖို့ မသင့်ဘူး "

" ဟုတ်တယ် စံ တစ်ခွန်းမှ မပြောတော့ မြူတို့ နှုတ်ဆိတ်နေခဲ့ရတာလေ "

စံကို ဘဝင်မကျကြည့်လျက် ဖြူနဲ့စိုးသက်တစ်ခွန်းစီ ဆိုလိုက်သည်။





" ဟုတ်တယ် သွယ်လည်း အဲဒါကို ဘဝင်မကျဘူး ဘာပဲဖြစ်ဖြစ် သူ တစ်ခွန်းပြောတိုင်း တစ်ခွန်းပြန်ပြောရမယ်လေ စံရဲ့ "

သွယ်ပြောတော့ စံသက်ပြင်းချ၍ မွေးပွယုန်ရုပ်လေးကို ပွေ့ပိုက်လိုက်သည်။

" စံက သူ့ကိုဝင်တိုက်သလိုဖြစ်တော့ သူ ထင်သလို ဖြစ်သွားတာလေ စံ ဘာပြန်ပြောလို့ရမှာလဲ "

" ဟ စံရဲ့ အဲဒီစိတ်ကို ဖြူဘဝင်မကျတာ "

ခပ်ပြင်းပြင်းပြောလိုက်သည့် ဖြူထံ စံအကြည့် ရွေ့သွားသည်။ ဖြူ ဦးခေါင်းလေးဆတ်၍

" ဟုတ်တယ်လေ စံ ဝင်တိုက်သလို ဖြစ်တာက မတော်တဆဖြစ်သွားတာ သူ့ကိုဇာတ်လမ်းရှာတာ မဟုတ်ဘူး အဲဒါ သူသိအောင် ပြန်ပြောနိုင်ရမယ် "

" ဟုတ်တယ် စံ စံပြန်မပြောနိုင်လို့ သူအတွက်ကြီးကြီး စွတ်စွဲနိုင်တာလေ "

" စံနေရာမှာ စိုးဆို သည်းခံမှာမဟုတ်ဘူး "

စကားလုံးနဲ့ပြန်ချေလို့မရရင် နပန်းဝင်လုံးပစ်မှာ၊ စံအတွက် သည်းမခံနိုင်အောင် ဆူပွက်လာသည့် သူငယ်ချင်းတွေကို စံ ချေပခြင်း မပြုတော့၊ စံစိတ်က စံဝင်တိုက်လို့ သူစွတ်စွဲနိုင်တာ စံသာ ဝင်မတိုက်ခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



သူ စွတ်စွဲနိုင်မှာမဟုတ်ဘူးလေဟု တွေးရင်း စံသက်ပြင်းချလိုက်မိသည်။

" သက်ပြင်းချည်း ချမနေနဲ့ စံစိတ်ကို စံမြှင့်တင်စမ်းပါ "

" ဘာဖြစ်လို့ "

စံမျက်ခုံးလေးမြင့်၍ စိုးကိုငေးကြည့်လိုက်သည်။ စိုးနှုတ်ခမ်းလွှာကို တင်းခနဲ စေ့ပိတ်လိုက်သည်။ ပြီးမှ

" စံက ဘယ်ဖြစ်စဉ်ကိုမဆို စံကိုယ်စံအပြစ် ပုံချတတ်တယ် မဟုတ်လား အဲသလို မြင်နေတာက စံရဲ့အားနည်းချက် ရှင်းအောင်ပြောရရင် သူတစ်ပါး စံကိုနှိပ်ကွပ်နိုင်တဲ့ စံရဲ့ပျော့ညံ့မှုလေ "

" ဟုတ်တယ် စံ စံရဲ့ပျော့ညံ့မှုကို သတိထားပြီး ပြုပြင်ပါလို့ စိုးတို့ အတန်တန် သတိပေးတာ အဲဒါကြောင့်ပဲ စံ ပျော့ညံ့လေ တစ်ဖက်က ဖိလေပဲ အခုလက်တွေ့ခံလိုက်ရပြီ မဟုတ်လား စံ "

စံစိတ်ကို အစဉ်ပျော့ညံ့သည်ဟု ထောက်ပြနေသည့် သူငယ်ချင်းတွေကို စံ အပြစ်မယူရက်ပါ။ စံစိတ်ရင်းက အဲသလိုပဲ စံကြောင့် သူတစ်ပါးနစ်နာရတယ်ဆိုရင် သူတစ်ပါးပြောသမျှ ခေါင်းငုံ့ခံကာ နေတတ်၏။

ခေါင်းငုံ့ခံတတ်တဲ့ စံ စိတ်ရင်းကို သူငယ်ချင်းတွေ အစဉ်အမြဲ ဘဝင်မကျ ဖြစ်နေခဲ့သည်က သူနဲ့ပတ်သက်ပြီး အပြင်းထန်ဆုံး ဖြစ်သည်။

" ပြောတာကြားလား စံ "





ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်ရသည့် စကြာပန်းပွင့်ပေါ် ပျံဝဲလာသည့် ပိတုန်းကောင်ကို စံငေးကြည့်၍ ငြိမ်သက်နေမိသည်။ ထိုအခါ စိုး အားမလိုအားမရ ဖြစ်လျက် စံပခုံးကို တွန်းတိုက်ဆိုလာသည်။ စံပခုံးတွန့်ခါသွားပြီး

" ကြား ကြားတယ် စိုးရယ် "

" ကြားတယ်ဆိုရင် စံစိတ်ရင်းကို စံပြုပြင်ဖို့ အချိန်တန်ပြီဆိုတာ သတိထားတော့ "

" အင်းပါ စိုးရယ် "

စံ ခပ်ပျော့ပျော့လေး ပြောလိုက်သည်။ စံအပြောကို ဖြူနဲ့သွယ် ဘဝင်မကျသလို စူးစိုက်ကြည့်ပြီး

" အင်းပါဆိုပြီး ခေါင်းငုံ့ခံပြီး မကြိုးစားနဲ့ "

" ဒီဖြစ်စဉ်က ထင်မှတ်မထားဘဲ ကြုံလာတာ သူများပြောသမျှကို ခေါင်းငုံ့ခံနေရင် စံပဲစိတ်ပင်ပန်းရမယ် အထူးသဖြင့် ယောက်ျားလေးတစ်ယောက် ပြောတာက ပိုပြီးနာစရာကောင်းတယ် ပြီးတော့ စံပခုံးကို ဆောင့်တွန်းလိုက်တာ အနာဆုံးပဲ "

" ဟုတ်တယ် သွယ်ဆို အဲဒီကောင်ကို ပါးဆွဲရိုက်မှာ "

" အိုး ဖြူဆို သူ့မျက်နှာကို တံတွေးထွေးလိုက်မှာလေ "

" အမလေး စိုးသာဆိုရင် သူ့ဒေါသမျက်လုံးကြီးကို ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုးဖေါက်လိုက်မှာ ''

သူ့အပေါ် ကြိတ်မနိုင်ခဲမရ အငြိုးကြီးကြီး ရွှတ်နေသည့် သူငယ်ချင်းတွေကို စံ ငေးကြည့်နေမိသည်။

ဟုတ်တယ်နော် စံ ဘာဖြစ်လို့ စံသူငယ်ချင်းတွေလို စိတ်ဓါတ် မပြင်းထန်ရတာလဲ။

သူငယ်ချင်းတွေရဲ့ အားပေးလမ်းညွှန်မှုက စံစိတ်ကို စံပြုပြင် ပြောင်းလဲလို့ရမလား။

စံရဲ့မွေးရာပါ စိတ်ရင်းကို ခုချိန်မှ ပြောင်းလဲရမယ်ဆိုရင် လွယ်ကူစွာ ပြောင်းလဲသွားမှာလား။

'' ဒါပဲနော် အဲဒီဒေါ်သမင်းသားနဲ့ နောက်တစ်ခါကြုံရင် စံ ခေါင်းမော့ပြီး ရင်ဆိုင်ဖို့ အားမွေ့ထား ''

စံကို ဘဝင်မကျရှုလျက် စိုးပြောတော့ စံရင်မှာ ရယ်ချင်မိသည်။

'' နောက်တစ်ခါ ကြုံရင်တဲ့လား ''

'' ဟုတ်တယ်လေ ''

စံ နှုတ်ခမ်းပါးကို မလှုမပ တွန့်ယှက်၍

'' မဆုံချင်ပါဘူး စိုးတို့ရယ် ''

'' မဆုံရင် ကောင်းတယ် ဆိုရင်ပြောတာ ''

'' အိုး မဆုံပါစေ ဖြူရယ် ဆုံမယ်ဆိုတဲ့ အတွေးမျိုး စံ





တွေးဘူး မဆုံပါစေနဲ့ စံ ဆုတောင်းတယ် ''

'' ဟုတ်တယ် မဆုံဖို့ ဆုတောင်းတာ ကောင်းတယ် ဆိုနေရင် ငယ် ပါးဆွဲရိုက်မိလိမ့်မယ် ''

'' ဟုတ်တယ် ဆုံလာရင် ဖြူလည်း အဲဒီကောင်ကို တံတွေးထွေး မိလိမ့်မယ် ''

'' စိုးကတော့ နပန်းဝင်လုံးရမယ် သိလား မဆုံတာ ကောင်း တယ် ''

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်းဆိုတော့ စံ ပြုံးလိုက် မိသည်။

'' ဟုတ်တယ် သူနဲ့မဆုံပါစေ ''

သူငယ်ချင်းတွေ သံပြိုင်ရွတ်၍ စံ ကျေနပ်စွာ ပြုံးရယ်လျက် ကို့ ဆုတောင်းပေးသလို တကယ်ပဲ သူနဲ့နောက်တစ်ကြိမ် မဆုံမှာလား ကြမ္မာရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

" သမီး "

စံ လက်ကိုင်အိတ်လေးဆွဲ၍ အပြင်ထွက်ရန် ခြေလှမ်းပြင်သည်။ မေမေခေါ်သံကြောင့် စံ ကိုယ်ရှိန်တန့်သွားကာ မေမေ့ကို လှည့်ကြည့်၍

" ဘာမှာမလို့လဲ မေမေ "

" မှာမလို့ မဟုတ်ဘူး လူကြုံပါးမလို့ "

အသက်ကြီးပေမယ့် အချိုးအဆစ်ကျနလှပနေသည့် မေမေ စံရှေ့ရောက်လာသည်။ မေမေ့လက်ထဲမှာ အထုပ်လေးတစ်ထုပ်။

" ဘယ်သူ့ကိုလဲ မေမေ "

မေမေနှုတ်ခမ်းလွှာ ပြုံးချိုချို ပွင့်ဟလာသည်။

" မေမေ သူငယ်ချင်း ဒေါ်ရှိစီတင် "

" ဟင် ဒေါ်ရှိစီတင် "

စံ မျက်ဝန်းလေး ပင့်ကြွကာ တအံ့တဩ ရွတ်မိသည်။ မေမေ





သူငယ်ချင်းတွေထဲမှာ ဒေါ်ရှိစီတင်ဆိုတာ စံတစ်ခါမှ မကြားဖူးဘူး မေမေ သဘောပေါက်ဟန်ပြုံး၍

" ဟုတ်တယ် သမီး ဒေါ်ရှိစီတင်ကို သမီး မသိဘူးဆိုတာ မေမေသဘောပေါက်တယ် "

" အဲဒါဆို ဘာဖြစ်လို့ "

" ဩော် သမီးရယ် သမီးသိအောင် မေမေပြောမှာပေါ့ "

" မြန်မြန်ပြောပါ မေမေရယ် သွယ်မာတို့ စောင့်နေရလို့ ဒေါ်ပွနေလိမ့်မယ် "

စံ စိတ်ရှုပ်စွာ ငြီးလိုက်သည်။ မေမေဆိုဖာပေါ် ထိုင်ချပြီး

" သမီးကလည်းကွယ် ခဏလေးထိုင်ပါဦး အချိန်စောသေးတာပဲ "

နာရီတစ်ချက်လှမ်းကြည့်၍ မေမေနဲ့မျက်နှာချင်းဆိုင် ဆိုဖာပေါ် စံ ဝင်ထိုင်ပြီး

" ပြော မေမေ "

" အင်း ဒေါ်ရှိစီတင်က မေမေရဲ့ ငယ်သူငယ်ချင်း နိုင်ငံခြားထွက်သွားတာ ဆယ့်ငါးနှစ်လောက်ရှိပြီ "

" ဩော် ဒါကြောင့် သမီး မသိတာကိုး "

" ဟုတ်တယ် သမီး အခု နိုင်ငံခြားက ပြန်ရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ကျော်ပြီ ဟိုနေ့က ပွဲစားဒေါ်ခင်မကြီးနဲ့ စိန့်ဝယ်လက်ရှိတဲ့ဆီ ပစ္စည်းအပြသွားတာ မမျှော်လင့်ဘဲ ရှီဒီနဲ့ ပြန်ဆုံရတာ သမီးရဲ့ "

သူငယ်ချင်းတွေ ပြန်ဆုံတွေ့ခွင့်ရတဲ့ မေမေ မျက်နှာပေါ် ကြည်နူးရိပ်တွေ တလိမ့်လိမ့် ပြေးတက်လာသည်။ ကြည်နူးရိပ်ပြည့်ရွှန်းနေသည့် မေမေမျက်နှာပြင်က မြင်ရသူစိတ်ကို ရွှင်ပြသွားစေသည်။

" အဲဒါနဲ့ ရှီစီက ဒေါ်ခင်မကြီးဆီက ပစ္စည်းမဝယ်တော့ဘဲ မေမေဆီကရှိတဲ့ ပစ္စည်းပဲဝယ်မယ်လို့ ပြောတာလေ ဒေါ်ခင်မကြီး မျက်နှာပျက်သွားတဲ့အထိ သမီးရယ် မေမေတောင် ခင်မကြီးကို အားနာသွားတယ် မေမေဆီမှာ ပစ္စည်းပါမလာဘူး ပြောတာ မရဘူး နောက်နေ့ယူလာပြပါနဲ့ ဖွတ်အတင်းဆိုတာ သမီးရဲ "

" အဲဒါဆို မေမေသွားပြလိုက်ပေါ့ "

" မေမေက ခင်မကြီးနဲ့ တခြားဝယ်လက်ရှိတဲ့ဆီ သွားရမှာ သမီးရဲ့ ခင်မကြီးနဲ့မသွားရင် ခင်မကြီးပို့ပြီး စိတ်မကောင်းဖြစ်သွားမယ် သမီးရယ် "

မေမေတို့ပွဲစားလောက စိတ်ညစ်စရာကောင်းလွန်းသည်။ မေမေက စိန်ပွဲစားလုပ်ရတာ အစဉ်ပျော်ရွှေ့နေပုံရ၏။

" အဲဒါ ရှီစီကို သမီးဒီပစ္စည်းလေး သွားပြလိုက် ဒီမှာ လိပ်စာ"

လိပ်စာကဒ်တစ်ခုနဲ့ ပစ္စည်းထုပ်ကို မေမေစားပွဲပေါ်ချသည်။





ပစ္စည်းထုပ်ကို စလက်ကိုင်အိတ်ထဲထည့်ပြီး လိပ်စာကဒ်ကို ကြည့်လိုက်သည်။ မေမေကပြုံး၍

" သိပ်မဝေးဘူး သမီးရဲ့ သွယ်မာတို့ဆီမသွားခင် ပစ္စည်းအရင်ပို့လိုက် Taxi နဲ့သွားနော် "

" ဟုတ်ကဲ့ မေမေ "

ဒေါ်ရှီစီတင် လိပ်စာကို စံအလွတ်ကျက်၍ မေမေရှေ့မှ လှည့်ထွက်ခဲ့သည်။ စံ အလွတ်ရသွားသည့် လိပ်စာက သူနဲ့ဒုတိယအကြိမ်ဆုံတွေ့ရဖို့ ဖန်တီးလာတဲ့ ကံကြမ္မာဖြစ်မှန်း ကြိုသိခဲ့ရင် မေမေစေခိုင်းမှုကို စံ ငြင်းဆန်မှာပေါ့ ခုတော့။

" ကောင်းကင်ရျာန် " စံအိမ်

ဟု ငွေရောင်တောက်တောက် ချိတ်ဆွဲထားသည့် အဆင့်မြင့်ခံအိမ်ရှေ့ စံ ခြေစုံရပ်လိုက်သည်။ ခေတ်မှီဆန်းသစ်သည့် ကောင်းကင်ရျာန် စံအိမ်ကြီးကို စံ ငေးမောကြည့်မိသည်။ ဒီစံအိမ်ကို မြင်ရုံနဲ့ ဒေါ်ရှီစီတင် ဘယ်လောက်ကြွယ်ဝသလဲဆိုတာ ခန့်မှန်းနိုင်သည်။

" ကလေးမ ဘာလဲ "

အသက်ငါးဆယ်ခန့်ရှိ ဝဝမြင့်မြင့် လူကြီးတစ်ယောက် မျက်နှာကို သဘာက်နွမ်းနွမ်းနှင့်ပွတ်၍ မေးလာ၍ စံအသိဝင်လာသည်။ မျက်နှာပေါ် မောနွမ်းရိပ်ထင်နေသည့် ထိုလူကြီးက ခြံစောင့်ထင်ရဲ



www.burmeseclassic.com

www.burmeseclassic.com



ခြံတိုင်ကို စံ ဆုပ်ကိုင်လိုက်ပြီး

" ဟို ဒေါ်ရှိစီတင်နဲ့ တွေ့ချင်လို့ပါ ဦးလေး "

" ဩော် မမကြီးနဲ့ တွေ့ဖို့လား လာ. . .လာ "

ဒေါ်ရှိစီတင် နာမည်ကြားသည်နှင့် ထိုလူကြီး ဖျားဖျားသလဲ ဖြစ်လျက် ခြံတံခါး ကမန်းကတန်း ဖွင့်ပေးသည်။ စံ ခြံထဲ လှမ်းဝင်လိုက်တော့ ပန်းဥယျာဉ်တစ်ခုထဲ ရောက်သွားသလို စံစိတ်လန်းဆန်းကြည်နူး သွားစေသည်။

စံအိမ်ရဲ့မျက်နှာစာမှာ အမျိုးအစားစုံလင်လှသည့် ပန်းတွေကို စက်ဝိုင်းပုံအကွက်ချ၍ စိုက်ပျိုးထားသည်က အမြင်ဆန်း လှသည်။

" စံအိမ်ထဲ ဝင်သွား သမီးလေး "

ခြံစောင့်လူကြီး ပြောတော့ စံ ပန်းခင်းထဲမှ အကြည့်ကို ရွှေ့လိုက်သည်။

ဝါတာတာဆေးရောင်နဲ့ ခန့်ခန့်ထည်ထည် ရှိသည့် စံအိမ် ကြီးကြီး စံခြေလှမ်းရွှေ့သွားသည်။

စံအိမ်အဝင်မှန်တံခါးချပ် အညိုရောင် တွေစေ့ပိတ်လျက် မှန်တံခါးချပ်ကို အသာတွန်း၍ စံအိမ်ထဲ ခြေလှမ်းချ လိုက်စဉ် စံ တစ်ကိုယ်လုံး အေးခနဲစိမ့်ဖြာသွားသည်။

ခမ်းနားလိုက်တဲ့ ဧည့်ခန်းကြီးက ရင်သပ်ရှုမောဖွယ်ကောင်းလှ





သည်။

အနီရင့်ရောင် ရဲရဲစိုကြွနေသည့် ဆိုဖာခုံတွေဧည့်ခန်းနံရံမှာ အလှ ချိတ်ဆွဲထားတဲ့ ပန်းချီကားတွေ ဧည့်ခန်းပတ်ပတ်လည်မှာ ငွယ်ပန်းတွေ ဖြန့်ချထားသလို ဆင်ယင်ထားတဲ့ အလှဆင်ပန်းတွေက စံအိမ်ကြီးရဲ့ အရှိန်အဝါကို ပို၍ ခန့်ထည်နေစေသည်။

မေမေသူငယ်ချင်း က အရမ်းချမ်းသာတယ်ထင်ရဲ့ ဒါကြောင့် ဒိန်တွေကို အပျင်းပြေ ဝယ်နိုင်တာပေါ့။

စံတို့က မေမေ စိန်ပွဲစားလုပ်မှသာ စိန်ကိုမြင်ဖူးတာ ခုချိန်ထိ စိန်နဲ့ပတ်သက်ဘာဆို၍ စိန်လက်စွပ်လေးပင် မဝတ်ဆင်ဘူးပါ။

မေမေ စိန်ပွဲစား ဖေဖေကန်ထရိုက်ရဲ့ အရှိန်အဝါနဲ့ တင့်တင့် တယ်တယ် နေနိုင်ရုံကလွဲ၍ အန်တီဒေါ်ရှိစီတို့လို ဆိုရှယ်ကျကျ မနေနိုင်ခဲ့ပါ။

ဘာပဲဖြစ်ဖြစ် မေမေတို့ဖန်တီးပေးတဲ့ဘဝကို စံ ကျေကျေနပ်နပ် ခံစားမိ၏။ အန်တီရှိစီတို့ ကြွယ်ဝမှုကို စံအံ့သြတာကလွဲပြီး တခြားဘာမှ . . . ခံစားရပါ။ စံ တံတွေးတစ်ချက်မျိုချ၍

" အန်တီ "

လူရိပ်လူယောင်မရှိသည့် ဧည့်ခန်းထဲ စံ ခြေစုံရပ်၍ ခေါ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



" အန်တီ ရှိစ်တင် "

စံ ဒုတိယအကြိမ် အသံမြှင့်၍ ခေါ်လိုက်သည်။ တုန့်ပြန်သံ မကြားရ။ အန်တီရှိစ် မရှိဘူးထင်ရဲ့ လိုစဉ် စံစိတ်မှာ တစ်စုံတစ်ဦး စိုက်ကြည့်နေသလို ခံစားရတာကြောင့် စံ ငဲ့ကြည့်လိုက်သည်။

" ဟင် "

အပေါ်ထပ်လှေကား တစ်ဝက်မှာရပ်၍ စိမ်းစိမ်းစူးစူး စိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံကြောင့် စံကိုယ်လုံးလေး သေးကျုံ့သလို ခံစားလိုက်ရသည်။

သူပါလား။ သူက ဒီစံအိမ်က သားတော်လား။

ပုံစံကိုက မာနရောင်တဖိတ်ဖိတ် တောက်လျှက် ပြီးတော့ ဟိုနေ့က ဖြစ်စဉ်ကို အခဲမကြေသလိုဖြစ်ကာ စံကို စီးမိုးကြည့်နေသည်က မသထိစရာ ကောင်းလှသည်။

" မင်းဘာလာလုပ်တာလဲ "

လှေကားထစ်တွေကို တဝုန်းဝုန်း ဖြတ်နင်းလာတဲ့ သူ့ခြေသံနှင့် အတူ သူ့စကားလုံးဆတ်ဆတ် လွင့်ကျလာသည်။

" မင်း ထွက်သွား "

စံ ရှေ့ လှမ်းခနဲ ရောက်လာပြီး နှင်ထုတ်နေသည့် သူ့ကို စံ စိတ်ပျက်စွာ ကြည့်လိုက်သည်။ သူနဲ့မဆုံချင်တဲ့ စံစိတ်ကြောင့် သူနဲ့





မျက်နှာဆိုင်ရှိနေလို့ စံ စိတ်ဝင်တစား မရှိပါ။

အန်တီ ရှိစ်တင်မရှိတဲ့ အတူတူ သူနဲ့ရင်ဆိုင်လို့ အကျိုးရှိမှာ မဟုတ်ဘူး မလိုအပ်ဘဲ ဒေါသ မုန်တိုင်းတိုက်နေတဲ့ သူ့အတွက်ကို စံ ရှေ့ရှုနေဖို့ မလိုဘူး။

" ထွက်သွားကွာ ထွက်သွား "

သူ့ရဲ့နှင်ထုတ်သံတွေနောက်မှာ စံ စောဒက မတက်ဘဲ လှည့်ထွက်ရန် ခြေလှမ်းဆုတ်လိုက်သည်။ သူ့ကိုကျောပေး၍ ဧည့်ခန်းမှန် တံခါးကို ဆွဲဖွင့်ကာ စံလှည့်ထွက်စဉ်

" နေဦး "

စံ ခြေလှမ်းတန့်ခနဲ ရပ်သွားသည်။ သူ ဆိုဖာပေါ် ဝုန်းခနဲ ထိုင်ချကာ စံကို ချဉ်စုတ်စုတ်ကြည့်၍

" ဘာလဲ ငါ့အိမ်အထိလိုက်ပြီး ဇာတ်လမ်းရှာတာလား "

စံ နှုတ်ခမ်းပါး ဆတ်ခနဲတင်းသွားပြီး

" ရှင့်ဘာရှင် ထင်ချင်သလိုထင် စံလာတာ အန်တီဒေါ်ရှိစ်တင်နဲ့ တွေ့ဖို့လာတာ "

" ဘာ "

သူ့မျက်ဝန်း အဆမတန် ပြူးကျယ်သွားသည်။

" ဟုတ်တယ် အန်တီမရှိရင် စံပြန်မယ် "



www.burmeseclassic.com

www.burmeseclassic.com



" နေဦး "

စံ ခြေလှမ်းဟန်ပြင်တော့ သူ ဆိုဖာပေါ်က ဆတ်ခနဲ ထသည်။ စံကို စူးစမ်းသလို ခေါင်းဖျားခြေဖျားအထိ ဖြန့်ကျက်ကြည့်ပြီး

" ဘာကိစ္စလဲ "

" စိန်ထည်လာပြတာ "

သူ့မျက်ဝန်းက အထင်သေးသလို စံကို ရှုကြည့်ပြီး

" မင်းက စိန်ပွဲစားလား "

" ဟုတ်တယ် "

စံ သူနဲ့ဖက်ပြိုင် စကားမပြောလိုပါ။ သူနားလည်အောင် ရှင်းပြမနေတော့။ ခပ်ပြတ်ပြတ် ခေါင်းညိတ်လိုက်သည်။ သူ နှုတ်ခမ်းတွန့်၍ မနှစ်မျို့သလိုကြည့်ပြီး

" ထားခဲ့ "

စံ လက်ကိုင်အိတ်ထဲက ပစ္စည်းထုတ်ကို ကမ်းပေးလိုက်သည်။ သူ လှမ်းမယူ။ မယူနဲ့ပေ့။ စံ လက်လှမ်းမှီတဲ့ မှန်စားပွဲဝိုင်းပေါ် တင်လိုက်သည်။

ပစ္စည်းထုတ်တင်ပြီး လှည့်ထွက်တော့ ညှော်ခန်းမှန်တံခါး တွန်းဖွင့်၍ ဝင်ရောက်လာသည့် ခပ်ချောချော အမျိုးသမီးကြီးနဲ့ စံ မျက်နှာချင်းဆိုင် ဆုံသည်။





အမျိုးသမီးကြီးက ဒေါ်ရှိစီတင် ထင်ရဲ့ အရှိန်ဝါကြီးကြီးနဲ့ ခန့်ထည်လျက် ဆိုရှယ်ကျလွန်းသည်။ ဝတ်ဆင်ပုံက ခေတ်မှီမှီ ဆံပင်က ပခုံးတိုက် ကောက်ကောက်လိမ်လိမ်ကလေးများ ဖြာကျလျက် နုပျိုလွန်းသည်။

အမျိုးသမီးကြီး စူးစမ်းသလိုကြည့်စဉ် စံ မျက်လွှာချ ဦးခေါင်းငုံ၍ လှည့်ထွက်ဟန် ပြင်သည်။

" ဒါနဲ့ သမီးက "

" စိန်ထည်ပြဖို့လာတာ စားပွဲပေါ်မှာ တင်ထားတယ် "

ခဲအနီရောင်ရိပ်ရိပ်လေး ဆွဲထားသည့် အမျိုးသမီးကြီး မျက်ခုံး ပင့်တက်သွားသည်။

" ဒါနဲ့ ဒေါ်သင်းသင်းက ဘာလို့လာမပြတာလဲ "

" ဝယ်လက်တစ်ဦးဆီ မေမေ သွားရမှာမို့ပါ "

" ဟင် "

အမျိုးသမီးကြီး မျက်ဝန်းက စိန်ပွင့်တွေထက် လက်ဖြာကာ စံတစ်ကိုယ်လုံးကို ဖြန့်ကျက်ကြည့်ပြီး

" သမီးလေးက သင်းသင်း သမီးလား "

" ဟုတ် ဟုတ်ပါတယ် "

" ဟယ် သင်းသင်း သမီး "



www.burmeseclassic.com

www.burmeseclassic.com



စံကို နှစ်သက်သလိုရှု၍ အားရဝမ်းသာပြော၍ စံ ဦးခေါင်းညိတ်မိလျက်သား ဖြစ်သွားသည်။

" ဟယ် လှလိုက်တာ ကြည့်စမ်း ဟိုနေ့က သင်းသင်းရဲ့ စကားအများကြီး ပြောဖြစ်ခဲ့တာ သင်းသင်းမှာ သမီးရှိတယ်လို့ မပြောခဲ့ဘူး သင်းသင်းသိပ်ရှိတယ်ကွာ ကိုဆင့်ရေ ဒါ သင်းသင်း သမီးလေးတဲ့ ကြည့်ပါဦး ချစ်စရာကောင်းလိုက်တာ "

အန်တီ သည်းသည်းလှုပ်ပြောတော့ သူ မျက်စောင်းခဲကြည့်လိုက်သည်။ မာမိ နောက်မှဝင်လာသည့် ဒယ်ဒီက မာမိစကားလုံးတွေထဲ ပျော်ဝင်လျက် မိတ်ကပ်ပါးပါးလေး လိမ်းချယ်ထားသည့် စံမျက်နှာချောချောလေးကို ငေးကြည့်ပြီး

" ဟုတ်သားပဲ ဒိုစီရယ် "

" ရှိစီတော့ သမီးလေးကို သိပ်ချစ်သွားပြီကွယ် "

မျက်နှာပေါ်ဝဲကျနေသည့် စံ ဆံနွယ်ရှည်ရှည်လေးကို တယုတယ ကိုင်ဖယ်ကာ စံပါးပြင်ဖွေးဖွေးလေးကို အန်တီတစ်ရှိုက်နမ်း၍ ပြောတော့ သူခြေသံပြင်းပြင်းပေါ်ထွက်လာသည်။

" အန်တီ စံ သွားတော့မယ် "

စံကို မနှစ်မျို့တဲ့ သူ့အရှေ့မှာ စံ မနေလို၍ စံဆိုလိုက်တော့ အန်တီမျက်နှာရိပ်လေး မှိန်သွားပြီး





" အိုး နေဦးလေ သမီးရယ် သားနဲ့မိတ်ဆက်ပေးဦးမယ် "

" ဟင့်အင်း ရတယ် အန်တီ "

" ဒီလိုလဲ ဘယ်ဟုတ်မလဲ သမီးရယ် အန်ကယ်တို့သားနဲ့လည်း မိတ်ဆက်ပေးမှာပေါ့ လာ ထိုင် သမီး "

အန်ကယ် အတင်းအကျပ်ဆိုသလို အန်တီကလည်း

" ဟုတ်သားပဲ သမီးရယ် လာထိုင်ကွယ် အန်တီနဲ့ သမီးမေမေက ငယ်ငယ်က သိပ်ချစ်ကြတာကွယ့် ထိုင်ပါ သမီးရယ် "

စံ အတင်းတိုးလွှက်လို့မရအောင် အန်တီဖွတ်အတင်း ထိုင်စေတာကြောင့် စံ အားတုံ့အားနာဖြစ်လျက် ဆိုဖါပေါ်ထိုင်ချလိုက်သည်။ အန်တီက စံကို တစိမ့်စိမ့်ကြည့်လျက် ပီတိဖြာဝေနေသည်။ အန်ကယ်ကလည်း အန်တီနည်းတူ။

" သား ကောင်း လာဦးကွ "

စံကို မမြင်ချင်လို့ ရှောင်ထွက်သွားသည့် သူ ခြေလှမ်းတန့်သွားပြီး

" သား အပေါ်မှာ အလုပ်ရှိသေးတယ် "

" ရှိရှိကွာ လာထိုင် "

သူ ရှောင်ထွက်လို့မရအောင် အန်ကယ်ပြောသည်။ သည်တော့ သူ မျက်နှာပေးညို့တွန့်လျက် ဖခင်ဆန္ဒကို မလွန်ဆန်နိုင်တဲ့သားလို



www.burmeseclassic.com

www.burmeseclassic.com



ပေတိပေကတ်နဲ့ ဆိုဖာပေါ်လာထိုင်သည်။

မျက်နှာချင်းဆိုင် ဖြစ်နေသည့် စံကို အောက်သိုး လှမ်းကြည့်သည်။

" သားကလည်းကွယ် "

အန်တီ ဖျတ်ခနဲမြင်သွားတော့ ဟန့်လိုက်သည်။ သူ့မုက်လုံးကို ကော်ဇောပေါ် လွှဲပစ်လိုက်သည်။ ဖြစ်နိုင်ရင် စံ ခုချက်ချင်း ပြေးထွက်သွားချင်သည်။

အန်ကယ်နဲ့အန်တီက စံကို သူ့ကိုချဉ်မြတ်နိုးသလို မြတ်မြတ်နိုးနိုး ဆက်ဆံနေပုံရ၏။

စံထွက်သွားမှာကို မလိုလားသလို သည်းသည်းလှုပ်ရှုပ် ဖြစ်နေတာက အံ့သြရသည်။ စံကို တစ်ခါမြင်ဘူးရုံနဲ့ ဒီလောက်ချစ်နေဖို့ မသင့်ပါ။

အထူးသဖြင့် သူ့ပို၍ မျက်မှန်းကြိုးစေဖို့ မချစ်သင့်ပါ။ ဒါပေမဲ့ အန်ကယ်နဲ့အန်တီစိတ်ကို အစိုးမရနိုင်တော့ စံသက်ပြင်းချရှုသာ။

" ဒါနဲ့ သမီးလေး နာမည်က "

စံ လက်ချောင်းလေးတွေကို တယုတယ ဆုပ်ကိုင်၍ အန်တီက မေးသည်။

" ရတီစံပါ အန်တီ "

စံ တိုးတိုးလေး ဖြေလိုက်သည်။





" ရတီစံ အိုး လှလိုက်တဲ့ နာမည်လေး "

အန်တီပြော၍ သူ့နှုတ်ခမ်းလွှာ ညိုညစ်ရောင် ပြောင်းသွားတာ သတိထားမိသည်။

" သားနာမည် ပိုလှတယ် မာမီ ကောင်းကင်ချွန်လေ "

သူ ကြိမ်မနိုင်ခဲမရ ပြောတော့ အန်တီနဲ့အန်ကယ် သဘောကျ ရယ်ကြသည်။

ဟွန်း နာမည်က ကောင်းကင်ချွန်တဲ့။

" သားကလေ တကယ့်လူဆိုးပဲကွာ "

ဒယ်ဒီ သူ့ဆံပင်ကို ဖွပစ်၍ ချစ်စနိုးဆိုတော့ စံကို မျက်နှာနဲ့ လှမ်းကြည့်လိုက်သည်။ စံသက်မ အသာချသည်။ စံလက်ချောင်းလေးတွေကို ဆုပ်ထွေးထားသည့် အန်တီကိုမော့ကြည့်ပြီး

" အန်တီ စံ ပြန်တော့မယ် "

" ဟင် သမီးလေး ပြန်မယ် "

" မပြန်ပါနဲ့လား အန်ကယ်တို့နဲ့အတူ ညနေလည်စာ စားပြီး သားကိုလိုက်ပို့ခိုင်းမယ် "

အန်တီနဲ့အန်ကယ် တားသော်လည်း စံ ဦးခေါင်းရမ်း၍

" ဟို သမီးသူငယ်ချင်းတွေနဲ့ ချိန်းထားလို့ပါ "

" ချိန်းထားရင် မြန်မြန်သွား "



www.burmeseclassic.com

www.burmeseclassic.com



သူ ဆတ်ခနဲပြောတော့ သူ့မိဘမျက်နှာတွေနဲ့လျက် သူ့ကို ပြုံးကြည့်သည်။ အသားလွတ် စံကို မုန်းတီးနေတဲ့သူ ရှေ့မှာ စံ လုံးဝမနေချင်တော့။

" သွားမယ် အန်ကယ်နဲ့အန်တီ သူငယ်ချင်းတွေနဲ့တွေ့ဖို့ နောက်ကျနေလိမ့်မယ် "

စံ ခပ်သွက်သွက်လေးပြောကာ လှည့်ထွက်ခဲ့သည်။

" အိုး သမီး နေဦးလေ "

အန်တီ အားတုံ့အားနာ ဟန့်တားဖို့ ကြိုးစားပေးမယ့် စံ အပြုံးပွင့်လေးနှင့် ရှောင်ထွက်ခဲ့မိသည်။

သိမ်သိမ်မွေ့မွေ့နှင့် ရှိုရှိုကျိုးကျိုးရှိလှသည့် မိန်းကလေးကို ဒေါ်ရှိစိတင် အမြင်တဆုံး ငေးကြည့်မိသည်။

" သားကလည်းကွာ ဘာဖြစ်လို့ ဆိုးချင်ရတာလဲ "

ဒယ်ဒီ အပြစ်ဖွဲ့သလိုပြောတော့ မာမီ ဘဝင်မကျ သူ့ကို ကြည့်ပြီး

" ဟုတ်သားပဲ သားရယ် ဘာဖြစ်လို့ ဂျစ်တိုက်ရတာလဲ "

" ကြည့်မရလို့ "

" အိုး ဒီလောက် ချစ်စရာကောင်းတဲ့ မိန်းကလေးကို "

" မာမီတို့ပဲ ချစ် သားကတော့ မမြင်ရလေ ကောင်းလေပဲ "





သူ မဲ့မဲ့ရွဲ့ရွဲ့ ပြော၍ ဒယ်ဒီနဲ့မာမီ သဘောကျသလို ပြုံးကြည့်သည်။ ဒယ်ဒီတို့ အပြုံးတွေက သူ့ရင်မှာ စူးခနဲမျက်သလို ခံစားလိုက်ရသည်၊

" နောက်တစ်ခါ သားကို အဲဒီရတီစံနဲ့ မိတ်ဆက်မပေးနဲ့ မျက်နှာချင်းမဆိုင်ခိုင်းနဲ့ သား စိတ်မဝင်စားဘူး ဒါပဲ "

သူ ခပ်ပြတ်ပြတ်ပြော၍ ခြေလှမ်းကျဲနှင့် ထထွက်ကာ အပေါ်ထပ်သို့ ပြေးတက်သွားသည်။

တမင်တကာ မလိုတမာဖြစ်နေတဲ့သား ပုံစံကိုကြည့်၍ ဒေါ်ရှိစိတင်နဲ့ ဦးဆင့်မောင် ကြည်နူးစွာ ပြုံးလိုက်သည်။

သက်သက်မဲ့ ဆိုးချင်တဲ့ သားလေး။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

" ဘယ်လို "

စံ ပြောပြလိုက်တော့ သွယ်မာတို့ တအံ့တဩ ဖြစ်သွားသည်၊

" သူက . . . "

" ဟုတ်တယ် စိုး အန်တီဒေါ်ရိုစိတင်ရဲ့ တစ်ဦးတည်းသော သားတဲ့ မယုံချင်စရာကောင်းလိုက်တာ "

အိဖြူတို့သုံးယောက် ပြိုင်တူသက်ပြင်းချလိုက်သည်။

" စံတော့ သူနဲ့ပြန်ဆုံရတာ သိပ်စိတ်နောက်တာပဲ သိလား စံကိုမြင်တာနဲ့ ဇာတ်လမ်းလာရှာတာလားတဲ့ "

" သူ အဲလိုပြောတယ် "

" ဟုတ်တယ် "

" အောင်မာ လူပါးဝတဲ့ ကောင် အဲဒီတော့ စံ ခပ်ကြမ်းကြမ်း ပြန်မပက်လိုက်ဘူးလား "





ဒေါသတကြီး ပြောတော့ စံ သက်မအသာချ၍

" သူ့အိမ်မှာဆိုတော့ "

" ဟွန်း အဲဒါကြောင့် စံကို အားမရတာ "

" ဟုတ်ပါရဲ့ စံရယ် စံမို့လို့ ငြိမ်ခံနေတာ "

" ဒီလိုကောင်မျိုးကို ဖြဲထားနိုင်မှ တော်ကာကျမှာလေ စံရဲ့"

သူငယ်ချင်းတွေ စံကို အားမလိုအားမရ ဖိပြောကြသည်။ စံ စိတ်ရှုတ်စွာ နှာခေါင်းရှုတ်ပြီး

" သူနဲ့ဖက်ပြိုင်ပြီး အံတုနေရင် ခွေးရူးနဲ့ပြန်ကိုက်သလို ဖြစ်နေမယ် ဒါကြောင့် စံ ဘာမှမပြောတာ ဖြစ်နိုင်ရင် သူ့ကိုမြင်တာနဲ့ လှည့်ထွက်ခဲ့ဖို့ပဲ အချိန်မရလိုက်လို့ "

" ဘာပဲဖြစ်ဖြစ် စံရယ် စံစိတ်ကို ပြုပြင်ပါတော့ "

အကြောင်းတိုက်ဆိုင်လာရင် စံစိတ်ကို ပြုပြင်ပြောင်းလဲဖို့ ပြောနေသည့် သွယ်မာကို စံငေးကြည့်မိသည်။

" ဟုတ်တယ်လေ ပထမအကြိမ်လည်းခံရ ဒုတိယတစ်ကြိမ်လည်းခံရ ခံရတဲ့ဘက်ကချည်းဆိုတော့ သိပ်မမိုက်ဘူး ဟ "

" သူခံရအောင် စံ တစ်ခါလောက် ကြမ်းလိုက်ပါလား "

" ဟုတ်တယ် စံ "

သူငယ်ချင်းတွေ တွန်းအားပေးတော့ စံ စိတ်မဝင်စားစွာ



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်း ရမ်းလိုက်သည်။

" ဘာဖြစ်လို့ "

" သူနဲ့နောက်တစ်ကြိမ် မဆုံချင်ဘူး "

" မဆုံမှာ မပူနဲ့ စံ "

စိုး ခပ်လေးလေးပြော၍ စံမျက်ဝန်းတွန့်ကြုတ်သွားသည်။

" ဘာဖြစ်လို့လဲ စိုး "

" စံက အတော်တုံးတာပဲ "

" ဟာ မတုံးပါဘူး "

" မတုံးဘူးဆိုရင် စံနဲ့သူ မဖြစ်မနေ ပြန်ဆုံမှာပဲ "

" ဟုတ်တယ် "

စိုးအဆိုကို သွယ် မျက်ခုံးလေးပင့်၍ ထောက်ခံသည်။ စံ နှုတ်ခမ်းပါးလေး တင်းခနဲစေ့သွားပြီး

" ဘာဖြစ်လို့ ပြန်ဆုံရမှာလဲ "

" အမလေး ရှင့်မေမေနဲ့ သူ့မာမိက သူငယ်ချင်းဖြစ်နေလို့ ဟေ့ "

စိုး စိတ်မရှည်သလို ပြောတော့ စံ မျက်ဝန်းမှိန်ဖျော့သွားပြီး

" အိုး ဒီတစ်ခါ မေမေခိုင်းရင် စံ ငြင်းမှာပေါ့ ဘယ်လောက် ကိစ္စကြီးကြီး စံ သူ့ရှေ့မသွားရင် မဆုံဘူးပေါ့ စိုးရဲ့ ဟုတ်တယ်





မဟုတ်လား "

" ဒါက စံဘက်က သူ့ဘက်က ခြေလှမ်းတိုးလာရင် "

" ဝေးသေး သူလား စံရှေ့လာဖို့ စိတ်ဝင်စားမှာ "

" ဟ သူစိတ်မဝင်စားပေမယ့် သူ့မာမိ စိတ်ဝင်စားတယ်လေ"

စံ မျက်ဝန်းငြိမ်သက်သွား၏။ အိမ်ဖြူ ဝှဲထည့်သည့် အအေးခွက်မှ ပလုံစီထနေသည့် အမြှုပ်လေးတွေကို စံအကြည့်ရွေ့လိုက်သည်။ သွယ်မာ တို့ စံကိုစိတ်မသက်မသာ ငုံ့ကြည့်သည်။ အတန်ကြာမှ

" သူ့မာမိ စံကို တစ်ခါမြင်ဖူးရုံနဲ့ အဲဒီလောက် စိတ်ဝင်စား ဖြစ်သွားတာက စံနဲ့သူ ထိပ်တိုက်ဆုံတွေ့နေစေမယ့် ရှေ့ပြေးပုံရိပ်ပဲ စံ"

" ဟုတ်တယ် စံ သူ့မိဘစိတ်ဝင်စားမှုကြောင့် စံဘယ်လောက် ရှောင်ရှောင် သူက စံရှေ့မလွဲမသွေ ရောက်နေမှာပဲ အဲဒီတော့ စံဘယ်လို နေမလဲ "

" ရှေ့ဆက် ခေါင်းငုံ့နေမှာပဲလား "

သူငယ်ချင်းတွေ ဖိပိတ်မေးလာတော့ စံ ရင်မှာ ထွေပြား နောက်ကျိ လာသည်။

" အိုး စံကတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် သူ့ကိုရှောင်မှာပဲ သူ့မိဘ စိတ်ဝင်စားတာက မေမေ့မျက်နှာနဲ့မို့ အားနာပါးနာ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြတာလဲ ဖြစ်နိုင်တာပဲ ''

'' အင်းလေ ဘာပဲဖြစ်ဖြစ် စံ ဒီလိုချည်း ခေါင်းငုံ့မခံဖို့ လိုအပ်တယ် ''

ထပ်ဆင့်ဖိအားပေးလာသည့် ဖြူကို စံ ငဲ့ကြည့်ဖြစ်သည်။ ဖြူက ပခုံးလေးကို လှုပ်ပင့်၍

'' ဒါကြောင့် စံ ရဲရဲရင်ဆိုင်ပြီး သူ့ကိုခုခံဖို့လိုအပ်တယ် ဒါမှ မဟုတ်ရင် ဖြူတို့ဝင်ပါပေးရမလား ''

'' ဟုတ်တယ် စံ ကိုယ်စား သွယ်တို့ ဖြေပေးမယ်လေ ''

စိတ်ဓါတ်ထက်သန်နေကြသည့် သူငယ်ချင်းတွေကို စံ စိတ်မသက်မသာ ကြည့်မိသည်။ စံစိတ်ရင်းကို အစဦးအမြဲ ဘဝင်မကျဖြစ်နေသည့် သူငယ်ချင်းတွေက သူနဲ့ပတ်သက်ရင် အပြင်းထန်ဆုံး ခံစားနေပုံရ၏။

သူ တစ်ခုခုဖြစ်သွားအောင် အပြိုင်အခံဆိုင် ချဲချင်စိတ် တဖွားဖွား ကြွနေသည်။

'' ပြောလေ စံ စံကိုယ်စား စိုးတို့ ရင်ဆိုင်ရမလား ''

စိုး ထပ်ဆင့်မေးတော့ စံ အောက်နှုတ်ခမ်းလွှာကို ဖွဖွလေး ဖိကိုက်ပြီး

'' အဲဒီလောက်လည်း ဖြစ်မယ် မထင်ပါဘူး ''





'' မထင်တာကို မပြောနဲ့ စံရယ် ''

'' တကယ် ဆိုလာရင် ဘယ်လိုလုပ်မလဲ ''

'' စံမေမေကို ပွင့်ပွင့်လင်းလင်း ပြောလိုက်မှာပေါ့ ဖေဖေနဲ့ မေမေက စံ သဘောလေ ''

'' ဟုတ်ပါတယ် ''

သွယ် ခပ်ရွှဲရွှဲဆိုသည်ကို စံ အပြစ်မယူရက် စိုးကို ဘဝင်မကျ ဖြစ်၍

'' စိုးတို့က စံအတွက် နာနေတာ စံက သူရှေ့ဦးခေါင်းငုံ့နေရတာ ရင်ထဲကကျေနပ်နေတော့ ''

'' တော်ပါတော့ စိုးရယ် ''

စံ မျက်နှာလေး ညှိုညစ်သွား၍ စိုးတို့ ဆက်မပြောရဲတော့။

'' စံစိတ်ကို စိုးတို့သိတာပဲ စံက ဖြစ်စဉ်တစ်ခုကို ပွစိ ထားအောင် မဖန်တီးချင်ဘူး ဖြစ်ရပ်အမှန်ကို မသိလို့ သူစွတ်စွဲနေတာ သူ့အလိုလို သိသွားရင် သူရှက်ပြီး စံနဲ့မျက်နှာချင်းဆိုင်ဖို့ စိတ်မကူး တော့မှာ စံကတော့ သူ့လိုတစ်ဖက်စောင်းနင်းစိတ်ရှိတဲ့ အတ္တသမားနဲ့ ဘယ်တော့မှဖက်ပြိုင်မှာမဟုတ်ဘူး ရင်ထဲမှာ ကျေနပ်လို့တော့ မဟုတ်ဘူး စိတ်ထဲမှာ အမှတ်အတေး မထားချင်လို့ ''

ဖြူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပခုံးလေး တွန့်ကြသည်။ ပြီးမှ မျက်နှာပေး ပေါ့ပေါ့ပါးပါးဟန်ပြင်၍

"ဆောရီးပါ စံရယ် သွယ်တို့က သူ့စကားလုံးတွေကို မခံနိုင်လို့ ပြောမိပြောရာ ပြောမိတာပါဟယ်"

"နောက်တစ်ခါ မပြောနဲ့"

"အင်းပါ"

သွယ်တို့ ပေါ့ပါးစွာဆိုမှ စံစိတ်ကြည်လင်သွားသည်။

"ဒါနဲ့ စံ. . ."

စိုးက တစ်စုံတစ်စုံကို သတိရဟန်ဆိုသည်။ စံ အအေးဘူး ဆွဲယူ၍

"ပြောလေ စိုး"

"ဟိုလေ စံ သူနဲ့မဆုံချင်ဘူးဆိုရင် ဘုန်းပြည့်နဲ့ ဆုံချင်တဲ့ သဘောလား"

"ဟင်"

စံ မျက်ဝန်းလေးပြူးကျယ်သွားသည်။ စိုးမေးခွန်းကို သွယ်တို့ စိတ်ဝင်တစား ဖြစ်ကာ မျက်ခုံးလေးပင့်လျက်

"ဟုတ်တယ် သူနဲ့မဆုံချင်တာကို သွယ်တို့လက်ခံချင်တယ် ဘုန်းပြည့်နဲ့. . ."

"တော်ပါတော့ သွယ်ရယ်"





"ဘာဖြစ်လို့"

စံ စိတ်ဆိုးဟန် မျက်နှာပေး ဆူပုတ်ထားမိသည်။ သူငယ်ချင်း တွေက ဘုန်းပြည့်နဲ့စံကို ချစ်သူဖြစ်သွားစေချင်တာ။

ဘုန်းပြည့်က စံမျက်နှာလေးကြည့်ပြီး ပြုံးပြုံးလေးနေတတ်ကာ စံ ခေါင်းခါနေပေမယ့် အပြုံးမပျက်ဘဲ ရှေ့တိုးဖို့ကြိုးစားနေသူ။

စံနဲ့မျက်နှာချင်းဆိုင် မဆုံဆုံအောင် ဖန်တီးနေသူ စံက ရှောင်နေသူ။

"ဘာပဲဖြစ်ဖြစ်"

"အဲလို ဇွတ်မငြင်းနဲ့ စံရယ် ဘုန်းပြည့်က စံနဲ့ဆုံချင်တာ စံ မရှောင်ပါနဲ့ဟယ် နော်"

"ဟုတ်သားပဲ သူ့လိုအတွင်းကြီးတဲ့သူနဲ့ မဆုံချင်တာ သဘာဝ ကျပေမယ့် ဘုန်းပြည့်လို စံသဘောကို နားလည်သူကို စံ ဆုံချင်စိတ်လေး မွေးစမ်းပါကွယ်"

ဇွတ်အတင်းအောင်သွယ်နေသည့် သူငယ်ချင်းတွေကို စံအမြင် ကတ်လာသည်။

"မမွေးဘူး ဘယ်သူနဲ့မှ မဆုံချင်ဘူး"

"ဘုန်းပြည့်နဲ့ဆုံပါ စံရယ် ဘုန်းပြည့် ညကသွယ်ကို ဖုန်းဆက်ပြီးပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



" ဘာလဲ "

" စံကို အနီးကပ် မမြင်ရရင်တောင် အဝေးက လှမ်းကြည့်ရင်း ဖြေသိမ့်နေပါ့မယ်တဲ့ "

စံ မျက်စောင်းထိုးလိုက်သည်။

" မယုံရင် ဟိုမှာကြည့် "

ညွှန်တဲ့ထိ စံ ဖျတ်ခနဲ ကြည့်မိသည်။ စံတို့စားပွဲဝိုင်းနှင့် အတော်လှမ်းသည့် ထောင့်ကျကျစားပွဲဝိုင်းမှာ ထိုင်၍ စံကို ငေးကြည့်နေသည့် ဘုန်းပြည့်နှင့် အကြည့်ချင်းဆုံတော့ စံရင်မှာ မလုံမလဲဖြစ်လျက်

" သွား ရှင်တို့မကောင်းဘူး ဒါကြောင့် စံကို ဒီကိုချိန်းလိုက်တာပေါ့ ဟုတ်လား "

" ဟုတ်တယ် "

သွယ်တို့သုံးယောက် ပြိုင်တူခေါင်းညိတ်တော့ စံရင်မှာ ရှက်ခြမ်းသွားဧ၏။

" ဒါမှန်းသိရင် မလာပါဘူးနော် "

" သိပါတယ် ကောင်းကင်ရှာန်နားမှာ စိတ်ညစ်ခံပြီး နေလိုက်မယ်ဆိုတာ "

" တော်ပါတော့ ဖြူရယ် သူ့နှာမည်းမရှုတ်စမ်းပါနဲ့ "

" ဘာဖြစ်လို့လဲ "





" မကြားချင်လို့ "

စံ ခပ်တင်းတင်းပြောလိုက်မိသည်။ သူငယ်ချင်းတွေ မျက်လုံးလေး ပြူးကာ ငြိမ်လျက် သူ့နှာမည်ကို စံလုံးဝမကြားလိုပါ။ ရှေ့ဆက် မကြား ပါရစေနဲ့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

" ဟုတ်ရဲ့လားကွာ "

ထက်ကို မယုံသလို မေးတော့ သူ ကွန့်ဆုတ်ဆုတ် ကြည့်

" ဟုတ်တာမှ သိပ်ဟုတ်ကွာ "

ရေနွေးခွက်ကို ဆောင့်ချ၍ဆိုလိုက်သည့် ကောင်းကို ထက်ကို

မင်းလွင် ငြိမ်သက်စွာ ငေးကြည့်လိုက်သည်။ ဖြစ်ပေါ်တာခဲ့ခုနဲ့ပတ်သက်

အစဉ်ဆူလွယ်ပေါက်ကွဲနေတတ်သည့် ကောင်းစိတ်ကို သူတို့နားလည်

ပေးနိုင်ခဲ့သည်။

" ဒဂုံစင်တာမှာ ငါ့ကိုဘလိုင်းချင်း ဝင်တိုက်တာ "

" မင်းမရှောင်ဘူးလား "

" ဟ အဲဒီမိန်းမက ဗွတ်ဝင်တိုက်တာ ငါ ရှောင်ချိန်မရလိုက်

ခွေးကျဝက်ကျ ကျတာကွ "

ဒေါသနဲ့ နီမြန်းမြန်းဖြစ်လာသည့် ကောင်းနှုတ်ခမ်းသွား





မင်းလွင်တို့ စူးစိုက်ကြည့်မိသည်။ ကောင်း နှုတ်ခမ်းလွှာလေးက မကျေနပ်

ဖြင့် တဆတ်ဆတ်တုန်ခါနေဆဲ။

" ဘယ်လောက်ထိသလဲကွ ပြီးတော့ လူအများကြီး ဝိုင်းအုံ

ကြည့်လာတာ ငါ တစ်သက်တစ်ခါ ဒီလောက်မရှက်ဖူးဘူး "

" ဒါကြောင့် မင်းလက်သီးရွယ်လိုက်တာလား "

" ရွယ်ရုံမကဘူး ထိုးလိုက်ချင်တာကွ အဲဒီမိန်းမ ငြိမ်နေလို့

ထိုးခဲ့တာ သူ့သူငယ်ချင်းတွေလို ကက်ကက်လန် ရန်တွေ့လို့ကတော့

ထိုးပြီးသာမှတ် "

စားပွဲထိုးလာချပေးသည့် ကော်ဖီခွက်ကို မင်းလွင် မကိုင်

လိုက်ပြီး

" ဒါဆို ရတီစံ တမင်ဇာတ်လမ်းရှာတာပဲ "

" သေချာတာပေါ့ကွ ဒါကြောင့် ငါ ပြန်ပြောပြော တစ်ခွန်းမှ

ဟာရဲ့တာ "

" ရတီစံ မင်းနဲ့ပြိုင်မပြောချင်တာ မဖြစ်နိုင်ဘူးလား "

ထက်ကို အကြမ်းခွက်ထဲ ရေနွေးငှဲ့ထည့်ရင်း ခပ်အေးအေး

ပေးသည်။ အငွေ့လှိုင်လှိုင်ထွက်နေသည့် ရေနွေးငွေ့ကို သူ စူးစိုက်ကြည့်ပြီး

" မဟုတ်ရင် ငြိမ်ခံနေမလားကွ "

" ဟုတ်ပါတယ်ကွာ ဒါပေမဲ့ မတော်တဆဖြစ်နေရင် "



www.burmeseclassic.com

www.burmeseclassic.com



" တော် ထက်ကို မပြောနဲ့တော့ ရတီစံဆိုတဲ့ မိန်းကလေ
အကြောင်းက ငါ့ရင်ထဲမှာ မျက်နေတယ်ကွ ပြီးတော့ ဒယ်ဒီနဲ့မာမီကိုလည်
အမြင်ကတ်ကယ် "

သူလွှတ်ခနဲပြောတော့ ထက်ကိုတို့ မျက်ဝန်းနှစ်စုံ သူ
ခပ်ပြုံးပြုံး ကျရောက်လာသည်၊ မင်းလွင်ကော်ဖီခွက် စားပွဲပေါ် ပြန်ချ

" ဘာဖြစ်လို့ "

" ရတီစံကို ဒေါ်သင်းသင်းမေ သမီးမှန်းသိသွားတော့ မ
မျက်ဝန်းက တောက်ပမြူးလာက်သွားတာ ဒယ်ဒီကလည်း မာမီအတိုင်
ဘာဒီလောက် ဘာမြူးရောနိုလဲ စိန်ပွဲစားသင်းတဲ့ ထို့ အရေးမပါတာ
မာမီတို့မို့လို့ မြကလပ်ပေါ် တပြုံပြုံဖြစ်နေတာ ပြီးတော့ ငါ့ကိုခေါ်
မိတ်ဆက်ပေးတာ ခံပြင်းဆုံးပဲ ဒယ်ဒီကိုမလွှန်ဆန်ချင်လို့ပေါ့
နောက်ဆို ရတီစံကို ညှော်ခန်းထဲက ဆောင့်ကန်ပစ်လိုက်မှာ ကွ "

မကျေနပ်မှုတွေ ဖွာထုတ်နေသည့် ကောင်းကို သူငယ်ချ
နှစ်ယောက် သက်မချ၍ ငေးကြည့်လျက်။

" ငါ့ရင်ထဲမှာ ရတီစံကို အလိုလို မျက်မုန်းကြီးနေတယ်
ငါ လုံးဝမမြင်ချင်ဘူး မြင်တာနဲ့ ငါ့ရင်မှာ ချဉ်နေတယ်၊ အဲဒါကို မာမီ
အလိုက်မသိဘူး "

" ဘာဖြစ်လို့ "





" စိန်ထည်ပိုးငွေ ပိုနိုင်းတယ်ကွာ "

ထက်ကိုတို့ မသိမသာ သက်ပြင်းရှိုက်လိုက်သည်။ နဖူးပေါ်
ကျလာသည့် သူ့ဆံပင်ပျော့ပျော့ကို နောက်လှန်ပင့်သပ်လိုက်ပြီး

" အဲဒါ ငါမသွားချင်ဘူး မပို့ချင်ဘူးကွာ "

" အဲဒီတော့ "

" မင်းတို့သွားပို့ "

" တော်ကြာ မင်းမာမီ ကောနေလိမ့်မယ် ကွာ "

" ကော ကော "

သူ ဖွတ်တရွှတ်တော့ ထက်ကိုနဲ့မင်းလွင် ထိုင်ခုံနောက်မှီကို
ကျောကပ်ထိုင်လျက် သူ့ကိုငေးကြည့်သည်။ သူ ကော်ဖီ
ပါးတစ်ကျိုက်သောက်ပြီးမှ သူ့ပေါင်ပေါ်တင်ထားသည့် ငွေထုတ်
ပွဲပေါ်တင်၍

" မင်းတို့ ပို့ပေးစမ်းကွာ "

ထက်ကိုတို့ တိတ်ဆိတ်နေတော့ သူ ဘဝင်မကျ။

" ဘာလဲ မပို့ဘူးလား "

" ပို့မှာပါကွာ ဒါပေမဲ့ "

" ဒါပေမဲ့ ဘာဖြစ်လဲ ထက်ကို "

" ဩော် မင်းဒယ်ဒီ မင်းကို တစ်ခုခု အပြစ်ဖို့မှာစိုးလို့ "



www.burmeseclassic.com

www.burmeseclassic.com



" ဘာမှဖို့စရာမရှိဘူး အဖိုက ဒီငွေထုပ် ခေါ်သင်းသင်းမှာ လက်ထဲရောက်ဖို့ပဲ "

" မင်း လိုက်ခဲ့ကွာ ကိုယ်တို့လုံးယောက်လုံး သွားကြတာပေါ့ကွ အဲဒါဆို မင်းမာမိ တစ်ခုခုပြောစရာ မဖြစ်ဘူးကွာ "

မင်းလွင် အေးစက်စက်ပြော၍ သူ ဦးခေါင်းရမ်းလိုက်သည်။

" ပြောချင်ရာပြောပါစေ ရတီစံဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်တဲ့ ဘယ်သူကိုမှ မျက်နှာချင်းမဆိုင်ချင်ဘူး ပြီးတော့ ငွေပို့သွားရင်းနဲ့ ရတီစံနဲ့ ပြန်ဆုံရမှာကို မနှစ်မြို့တာ မင်းတို့ငါ့သဘောကို နားလည်စမ်းကွာ"

အစဉ်အမြဲ ဖွတ်ဆန်နေတတ်သည့် သူ့ကို မင်းလွင်တို့ စောဒက မတက်ရှာတော့။

" မင်းသဘောကွာ "

" ကဲ အဲဒါဆိုလည်း မင်းတို့နှစ်ယောက် သွားကြ ငါ ဒီကစောင့်နေမယ် မြန်မြန်ပြန်လာကွာ "

" စိတ်ချ မင်းသဘောအတိုင်း "

မင်းလွင်က သူ့အလိုကျ ငွေထုပ်ကောက်ယူသည်။ နှစ်ယောက်သား သူ့ရှေ့မှ ထွက်သည်။

" နေဦးကွ ရတီစံတို့ ဘယ်မှာနေလဲ "

ထက်ကို ပြောတော့ သူ့ခုမှ သတိရလိုက်သည်။ သူ့ဘောင်းဘီ





ထဲမှ ကဒ်တစ်ခုဆွဲထုတ် ကမ်းပေးလိုက်သည်။

" ရော့ကွာ လိပ်စာကဒ် "

" ကဲ သွားပြီ ကောင်း "

လိပ်စာကဒ်လေးကြည့်၍ ထွက်သွားသည့် မင်းလွင်တို့ ယောက်ကို အမြင်တဆုံးငေးကြည့်မိသည်။ မင်းလွင်တို့ သူ့အာရုံမှ ပျောက်ကွယ်သွားမှ သူ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

မမြင်ချင်သူကို သူ မတွေ့လိုပါ။

ဒါပေမဲ့ ရှောင်ကာမှ တည့်တည့်တိုးဆိုသလို ဖြစ်လာသည်က ...ရင်ကို ပေါက်ကွဲစေသည်။

မင်းလွင်တို့ပြန်အလာကို ထိုင်စောင့်ရင်း လက်ဖက်ရည်ဆိုင်မှာ ...ထားသည့် ဝိုင်ဝိုင်းသီချင်းကို နှစ်မျောစွာ ခံစားနားဆင်မိသည်။ ...ဉ် သင်းပျံ့သည့် ရနံ့ထုံထုံလေး သူ့အာရုံထဲ ဝေ့ဝဲလာသည်။ ထိုရနံ့က ...အာရုံကို ညှို့ဆွဲသလိုလို လှုံ့ဆော်သလိုလို။

ဒီရနံ့ဘယ်က လွင့်လာတာလဲ။

သီချင်းထဲ နစ်မျောနေတဲ့ သူ့စိတ်က ထိုရနံ့ဆီ စီးမျောလျက်။

ထိုရနံ့ကို တစ်ရှိုက်ရှူကာ သူ မျက်လွှာလေး ဖွင့်ကြည့်လိုက်တော့ ...စားပွဲရှေ့မှ ဖြတ်လျှောက်သွားသည့် ပုံရိပ်တစ်ခု။

ထိုပုံရိပ်က ရတီစံဆိုသည့် အသိကြောင့် သူနှုတ်ခမ်းပါးကို



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲဖိကိုက်လျက် သူဒေါသအညွန့်တက်ပြီးသား ဖြစ်သွားတော့၏။

သူ့ဒေါသက စားပွဲကို ဝုန်းခနဲ တွန်းဖြိုလိုက်တော့ စားပွဲကျည်း၊ လက်ဖက်ရည်ခွက်သံနှင့် လွင့်စင်သွားသည့် ခုံသည် စံရှေ့ ပြန့်ကြဲသွားတော့၏။

စံရင်မှာ ထိတ်လန့်လျက် စံ ခြေလှမ်းတန့်သွားသည်။ လွင့်ကျလာသည့် စားပွဲနောက်မှာ ခါးထောက်ရပ်ကာ ဒေါသတဖွားဖွား ထွက်နေသည့် သူ့ကိုမြင်စဉ် စံ ခြေတစ်လှမ်း နောက်ဆုတ်သွားသည်။

" မင်းကို ငါ မမြင်ချင်ဘူး နောက်တစ်ခါ ငါ့ရှေ့ကို မင်း မလာနဲ့ "

သူ့စကားလုံးတွေကို စံ တအံ့တသြ နားစွင့်မိသည်။ စံ သူ့ရှေ့ လာတာမှ မဟုတ်တာ။ ဒီလက်ဖက်ရည်ဆိုင်က စံ အဒေါ်ဆိုင်လေ။ စံ အဒေါ်ဆီ စံလာတာ။ သူနဲ့ဘာဆိုင်လို့လဲ။

" ဟဲ့ဘာ အစ်ကို ဘယ်လိုလုပ်လိုက်တာလဲ "

စားပွဲထိုးကောင်လေး ရောက်လာပြီး ပြောတော့ သူမထံမှ သူ့ အကြည့်ဖယ်ပြီး

" လုပ်ချင်သလို လုပ်လိုက်တာကွ "

" ဟာ ဟိုမှာ ခွက်တွေကွဲကုန်ပြီ ခုံခြေထောက်တစ်ဖက် ကျိုးသွားပြီ "





ခြေထောက်ကျိုးသွားသည့်ခုံနှင့် ကျကွဲသွားသည့် ခွက်တွေကို မျှောသသ ဆိုနေသည့် စားပွဲထိုးကို သူ အမြင်ကတ်လာပြီး

" ဘယ်လောက်လျော်ရမလဲ မင်း တောင်းသလောက် ငါ လျော်မယ် ပါးစပ်ပေါက်ပိတ်ထား "

စားပွဲထိုးကောင်လေးကို သူ ဖိဟောက်တော့ စံ ဆိုင်ထဲမှ ညှိထွက်ခဲ့သည်။ သည်တော့ သူ့ဒေါသက စံ ရှေ့လွှားခနဲ ရောက်လာပြီး

" ဒီမှာ ရတီစံ "

စံမမြင်ချင်ဘဲ သူ့မျက်နှာကို မော့ကြည့်လိုက်သည်။ ဖွေးဥ နှံ့စင်နေတဲ့ သူ့မျက်နှာဖူးဖူးလေးက သူ့ဒေါသနဲ့မလိုက်ဖက်စွာ ကျည်းတန် ဆန်လွန်းသည်။

" မင်းဘာကြောင့် ငါ့ရှေ့ရောက်လာရတာလဲ "

" ကျစ် "

စံရင်မှာ ခံပြင်းလှိုင်းခုံးလေး ကြွလာသည်။

" ပြောကွာ ပြော "

စံ ပခုံးပေါ် သူ လက်တစ်ဖက် ကျရောက်ဆုပ်ကိုင်လာ၍ စံ ဝတ်ခနဲ ပုတ်ချ၍ လှည့်ပြေးခဲ့မိသည်။

" တောက် ရတီစံ မင်းကွာ "

သူ ဟန့်တားမမှီအောင် လှည့်ထွက်သွားသည့် ရတီစံကို ကြိတ်



www.burmeseclassic.com

www.burmeseclassic.com



မနိုင် ခဲမရ ဒေါသပွားလျက်

ပလပ်စတစ်ထိုင်ခုံတစ်လုံးကို ဆောင့်ကန်လိုက်မိ၏။ ထိုင်ခုံက နံရံမှာထိပြီး ပြန်အကျမှာ သုံးလေးပတ် လည်သွားသည်။

စားပွဲထိုးကောင်လေး တစ်ခုခု ပြောချင်ပေမယ့် မပြောရဲတော့။

သူ ဘောင်းဘီနောက်အိတ်ထဲက ပိုက်ဆံတစ်ထပ် နှိုက်ထုတ်၍ စားပွဲထိုးလက်ထဲထိုးထည့်လိုက်သည်။ သူ ဆိုင်ထဲကထွက်တော့ ငွေပို့ပြီး ပြန်လာတဲ့ မင်းလွင်တို့နှစ်ယောက်နဲ့ ဆုံသည်။

မေးကြောတင်းထောင်ကာ မျက်နှာတစ်ပြင်လုံး နီမြန်းနေတဲ့ ကောင်းကို မင်းလွင်တို့ တအံ့တဩ ကြည့်မိသည်။

“ မင်းကစိတ်ပူတာကိုး ဒေါ်သင်းသင်းမာ တစ်ယောက်တည်း ရှိတာကွ ရတီစံ အပြင်ထွက်သွားတယ်တဲ့ ”

“ ဟုတ်တယ် ကိုယ်တို့နဲ့အတူ လိုက်သွားရပြီးရော ရတီစံနဲ့ တွေ့ရမှာ မဟုတ်ဘူး ”

မင်းလွင်တို့ တစ်ယောက်တစ်ခွန်းပြောတော့ သူ့ကိုယ်သူ အကြိမ်ကြိမ် ဒေါသဖြစ်မိသည်။

“ ဟုတ်တယ် မင်းတို့နဲ့ လိုက်သွားရင် ရတီစံနဲ့ တွေ့ရမှာ မဟုတ်ဘူး ခုတော့ကွာ ”

“ ဟင် . . . ဒါဆို. . . ”





သူ ပြောချင်စိတ်မရှိတော့ မင်းလွင်တို့ရှေ့မှ ကျော်ထွက်ခဲ့မိသည်။ မင်းလွင်တို့ တစ်စုံတစ်ရာကို နားလည်ကာ သက်ပြင်းချလိုက်သည်။

ကောင်းရယ် မင်းနဲ့ရတီစံက ရှောင်လေတွေ့လေ ဖြစ်ရတာ ဘာကြောင့်လဲကွာ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

" ဘယ်လို "

လက်ဖက်ရည်ဆိုင်မှ အဖြစ်က စံရင့်ကို သည်းမခံချင်အောင် ဖြစ်စေသည်။ ထို့ကြောင့် စံရင်မှ ခံပြင်းစိတ်ဖြင့် သူနဲ့ပတ်သက်သည့် ဖြစ်စဉ်အားလုံးကို မေမေ့ကို ဖွင့်ပြောလိုက်သည်။ မေမေ မျက်ခုံးတန်းလေး ပင့်ကြွလာသည်။

" ဟုတ်တယ် မေမေ စံကို တမင်သက်သက် စွတ်စွဲနေတာ စံ သည်းမခံချင်ဘူး သည်းမခံချင်လို့ တစ်ခုခု ပြန်ပြောမိရင် ဆိုင်ထဲမှာ ရုတ်ရုတ်သည်းသည်း ဖြစ်ကုန်မယ်။ ပြီးတော့ မေမေ့ညီမ အဒေါ်မှုက နှလုံးရောဂါနဲ့ စံနဲ့သူ ဆိုင်ထဲမှာ ပြဿနာဖြစ်သံကြားတာနဲ့ ဒေါ်ဒေါ်မှု ဒေါသထွက်ပြီး စံဘက်က သူ့ကိုတစ်ခုခု ငြင်လုပ်ရင် အဒေါ်ရောဂါက ကြွလာမှာ ပြီးတော့ မေမေနဲ့ဒေါ်ရီစီတင် မျက်နှာပျက်ရမှာစိုးလို့ အကြောင်းကြောင်းကို ငဲ့ပြီး စံရှောင်ထွက်ခဲ့တာ မေမေ "





စံ စကားအဆုံးတွင် မေမေ မျက်ခုံးနှစ်ဖက် ပြန်နိမ့်ဆင်းသွားသည်။ ဒါပေမဲ့ မေမေ နှုတ်ခမ်းလွှာပေါ် အပြုံးရိပ်လေး ယှက်သန်းလျက်

သည်းမခံချင်သောကြောင့် ညိုရောင်လွှမ်းနေတဲ့ စံမျက်နှာပြင်ကို မေမေ ကရုဏာသက်စွာကြည့်၍ သက်ပြင်းညင်ညင်သာသာ ချသည်။ ပြီးတော့ စံ ဆံနွယ်ရှည်ကို မေမေလက်ချောင်းများနှင့် ပွတ်သပ်ယုယကာ

" သမီးရယ် ကောင်းကင်ဈာန်က အငယ်ဆုံးသားမို့ နည်းနည်းဂျစ်တိုက်တတ်တာပါ ကောင်းအကြောင်းကို ရှိစီ မေမေ့ကို ပြောပြထားပါတယ် "

" အိုး ဘာပဲပြောပြော သူ့မာမိက သူ့သားကောင်းကြောင်းပြောမှာပဲ အဲဒါကို မေမေ ကျေနပ်နေဖို့ မလိုဘူး "

" ဟုတ်ပါတယ် သမီးရယ် ဒါပေမဲ့. . . "

" ဘာ ဒါပေမဲ့လဲ မေမေ သူနဲ့ကြုံကတည်းက စံ စိတ်အနှောင့်အယှက် ဖြစ်ရတာ မေမေထည့်တွက်ဦး "

နှုတ်ခမ်းပါးစုချွန်၍ ဆတ်ခနဲထကာ ပြတင်းပေါက်နား သွားရပ်နေသည့် သမီးအမူအရာကို ဒေါ်သင်းသင်းမာ ချစ်စနိုး လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" သမီးကလဲကွယ် ဒါ ဆူပုတ်နေစရာလား "

" ပုတ်စရာပေါ့ မေမေ စံကို အလွတ်မဲ့ ရွတ်စွဲနေတာ ပြီးတော့ အထင်သေးနေတာလေ "

" သမီးရယ် "

ဒေါ်သင်းသင်းမာ သမီးအပါး ရွှေ့လျားလာသည်။ စံ လက်ချောင်းလေးတွေကို ဆုပ်ကိုင်လိုက်တဲ့ မေမေ့အမူအရာကို စံ မပျော်ဝင်မိ။

" နော် မေမေ နောက်တစ်ခါ အန်တီရှိစီဆီ မသွားနိုင်းနဲ့ သူ့ကိုလည်း စံတို့ပတ်ဝန်းကျင်ထဲ လာဖြစ်စေမယ့် အကြောင်းအရာမျိုး မဖန်တီးနဲ့ မေမေတို့ လူကြီးချင်းအပြင်မှာ ကြိုက်သလောက်ခင်ပါ စံကိုတော့ ဆွဲမထည့်နဲ့ ဒါပဲ "

စံ ခပ်ဆတ်ဆတ်ပြော၍ မေမေ့အပါးမှ လှည့်ထွက်ဖို့ ကြိုးစားမိသည်။ စံ ကိုယ်လုံးလေးကို တယုတယ ပွေ့ဖက်၍ စံ ထွက်လို့ရအောင် မေမေ ဟန့်တားပြီး

" သမီးရယ် သမီးကို မေမေ ဘာဖြစ်လို့ ဆွဲထည့်ရမှာလဲ "

" အဲဒါဆိုပြီးရော "

" ဒါပေမဲ့ ရှိစီက ဆွဲထည့်ချင်တာ သမီးရဲ့ "

" ဘာ "





စံ ကိုယ်လုံးလေး တောင့်ကြွလျက် မေမေ့ကို မော့ကြည့်မိသည်။ မေမေ့မျက်ဝန်းကြည်လင်ကာ မေမေနှုတ်ခမ်းလွှာ ကျေနပ်သယောင် ညိုကြွနေပြီး

" ဟုတ်တယ် သမီး ရှိစီက သမီးကို မြင်မြင်ချင်း သမီးရင်းလို ချစ်သွားတာတဲ့ အဲဒါကြောင့် ရှိစီမှာ သားရှိနေတော့ သမီးတော်ပါရစေတဲ့"

" အိုး. . ."

မေမေ ယစ်မွေ့ထားမှုကို စံ ရုန်းဖယ်လိုက်ပြီး

" အဓိပ္ပါယ် မရှိလိုက်တာ မဆိုင်လိုက်တာ မေမေ "

မျက်နှာပြင်လှလှကို ရှုတ်တွကာ ခါးခါးသီးသီး ဖြစ်သွားသည့် သမီးဖြစ်သူကို ဒေါ်သင်းသင်းမာ ခပ်စူးစူးလေး ကြည့်မိသည်။

" သမီးက အဲဒါဘာဖြစ်သွားတာလဲ "

" စံ သူနဲ့ မပတ်သက်ချင်ဘူးဆိုတာ မေမေသိနှင့်တယ်လေ မေမေက ဘာမျှော်လင့်ချက်နဲ့ သမီးကို ဒေါ်ရှိစီတင်နဲ့ တွေ့ခွင့်ရအောင် ဖန်တီးပေးသဲဆိုတာ စံ အခုမှသိရတယ် အဲဒီအတွက် စံ အရမ်းဝမ်းနည်း တယ် ပြီးတော့ မေမေ့ကိုလည်း စံ အရမ်းအံ့ဩတယ် တကယ်ပါ မေမေ "

စံ ရင်ထဲမှ ခံပြင်းမှုကွေ ဝမ်းနည်းခြင်းကြီးစွာ ရုန်းကြွလာသည်။ ဒေါ်သင်းသင်းမာ မျက်နှာပေး အနည်းငယ် တင်းလျက် သမီး ဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်တွေတွေကြည့်ပြီး

“ နေဦး သမီးက မေမေ့ကို စွတ်စွဲနေတာလဲ ”

“ မေမေ လုပ်ပုံက အဲဒီသဘောဖြစ်နေတယ် ဒါကြောင့် သူ့စံကို နှိပ်နှိပ်ချချ ချိုးချိုးဖွဲ့ဖွဲ့ ဆက်ဆံတာလေ မေမေကြောင့် စံ သူ့အတွ အောက်မှာ မျက်ရည်ကျနေရမှာလား တစ်စိတ်စဉ်းစားကြည့်ပါ ”

“ တော်စမ်း သမီး ”

စံ တစ်ခုပြောဖို့ပြင်တော့ မေမေ မျက်နှာပြင်ပို၍ တင်းလာပြီး

“ တော် တစ်ခွန်းမှမပြောနဲ့ ”

အတင်းအကျပ် ပိတ်ပင်ဟန့်တားခံရ၍ စံ မကျေမနပ် ဖြစ်ကာ အံတင်းတင်းကြိတ်မိ၏။ ဒေါ်သင်းသင်းမာ သမီးဖြစ်သူကို ခပ်တင်းတင်း စိုက်ကြည့်ပြီး

“ သမီး ထင်ရာတွေ စွတ်မပြောနဲ့ ”

“ နောက် မဟုတ်သို့လား မေမေ ”

စံ အသံ ဝမ်းနည်းရှိုက်တုန်လာသည်။ ဒေါ်သင်းသင်းမာ တံတွေးတစ်ချက်မျိုပြီး

“ ဒီမှာ သမီး မေမေက သူတစ်ပါးဆီက တစ်စုံတစ်ခု လိုချင်လို့ သမီးကို ဗန်းပြပြီး သဲ့ယူဖို့ ကြိုးစားတတ်တဲ့ ခပ်ညံ့ညံ့မိခင်မျိုးမဟုတ်ဘူး ရှိုစိ ဘယ်လောက်ချမ်းသာနေပစေ မေမေမမက်ဘူး ရှိုစိနဲ့တွေ့တဲ့နေ့က





ရှိုစိ သူ့သားအကြောင်း ပြောပေမယ့် မေမေ့မှာ သမီးရှိတယ်လို့ မပြောခဲ့ဘူး သမီး အဲဒီနေ့က ပစ္စည်းပို့ခိုင်းလိုက်တာ ဘာရည်ရွယ်ချက်မှ မရှိဘူး ဒေါ်ခင်မကြီးနဲ့ မျက်နှာအပျက်မခံချင်လို့ ရိုးရိုးသားသား ပစ္စည်း ပို့ခိုင်းလိုက်တာ သမီးကိုရှိုစိ မျက်စိကျသွားစေဆိုတဲ့ အတွေးမျိုး လုံးဝ မပါဘူး သမီး ရှိုစိဘာသာ သမီးကိုမြင်ပြီး မျက်စိကျသွားတာ မေမေ ဘာတတ်နိုင်မှာလဲ ”

စံ အံတင်းတင်းကြိတ်မှု တဖြည်းဖြည်းပြေလျော့သွား၏။

“ ဟိုနေ့က ပစ္စည်းဖိုးငွေ လာယူပါလို့ ရှိုစိခေါ်တာနဲ့ မေမေ သွားတော့ ရှိုစိနဲ့ကိုဆင့်က သမီးကို သဘောကျတဲ့အကြောင်း သူတို့သား အတွက် လိုချင်တဲ့အကြောင်း ဖွင့်ပြောလို့သိရတာ သမီး မေမေက သမီးသဘောကို မေးဦးမယ် ပြောတာကို ရှိုစိဘဝင်မကျဖြစ်တယ်လေ မေမေ့ကို ပစ္စည်းဖိုးငွေမပေးဘဲ နောက်နေ့မှ သူ့သားနဲ့ပို့ခိုင်းမယ်လို့ လမ်းဖွင့်လိုက်တာ မေမေရိပ်မိလို့ သူ့သားလာမယ့် အချိန်မှာ သမီးကို သမီးအဒေါ်ဆီ ခိုင်းလိုက်တာ သူ့သားကိုယ်တိုင် လာမပို့ဘဲ လူလွှတ်ပြီး ငွေပို့ခိုင်းရင် လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ နေခဲ့တာ သမီးကိုရှောင်ခိုင်း လိုက်တာ သမီးအဒေါ်လက်ဖက်ရည်ဆိုင်မှာ သမီးနဲ့ဆုံတာ မေမေ ဘာတတ်နိုင်မှာလဲ ”

တင်းနေတဲ့ စံ နှုတ်ခမ်းလွှာ ပျယ်ကျသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဘာပဲဖြစ်ဖြစ် စံ ဆန္ဒကို မေမေသိပြီပဲ မေမေ အားနာစရာ မလိုတူး မေမ့သူငယ်ချင်းကို မေမေအပြတ်ငြင်းပြီး ဇာတ်လမ်းဖြတ်လိုက်ပေါ့ "

" ဖြတ်ချင်တာပေါ့ သမီးရယ် ဒါပေမဲ့ "

" ဒါပေမဲ့ ဘာဖြစ်လဲ မေမေ "

မေမေ သက်ပြင်းအသာရှိုက်၍

" ရှိစီတို့ လင်မယားက ဖွတ်အကောင်းပြောတာ "

" အိုး ဖွတ်ပြောတိုင်း မေမေလိုက်လျောစရာ မလိုဘူး "

" မေမေ မလိုက်လျောချင်ပါဘူးကွယ် သမီးဖေဖေက "

" ဘာ. . . "

" ဟုတ်တယ် သမီး မေမေက ရှိစီပြောတိုင်း ရှောင်ဖယ်ဖယ် ဖြစ်နေလို့ ရှိစီတို့လင်မယား သမီးဖေဖေနဲ့ ထိပ်တိုက်တွေ့ပြီး အရေးဆိုတာလေ "

" ဆိုပါစေပေါ့ ဖေဖေ့ကို မေမေပြောလိုက်ပေါ့ "

ခါးသီးနေသည့် သမီးဖြစ်သူကို ဒေါ်သင်းသင်းမာ စိတ်မသက်မသာကြည့်ရင်း

" သမီး ဖေဖေစိတ်ကို သမီးသိသားနဲ့ "

" သိတယ် ဖေဖေက သူတစ်ပါးကို လိုက်လိုက်လျောလျော





သက်ခံတတ်တာ စံသိတယ် ဒါပေမဲ့ ဒီကိစ္စမှာ ဖေဖေမလိုက်လျောမိဖို့ မေမေ တာဝန်ယူပါနော် မေမေ "

အားကိုးတကြီး တောင်းခံနေသည့် သမီးဖြစ်သူကို ဒေါ်သင်းသင်းမာ စိတ်မသက်မသာ ကြည့်ဖြစ်သည်။

" နော် မေမေ စံနဲ့သူဖြစ်တာတွေကို ဖေဖေနားလည်အောင် ပြောပြပြီး အန်တီရှိစီ နောက်ဆုတ်သွားဖို့ ဖေဖေ့ကို အပြတ်ငြင်းခိုင်း လိုက်ပါ မေမေရယ် "

ဒေါ်သင်းသင်းမာ သမီးဖြစ်သူကို ဂရုဏာသက်စွာ ငေးကြည့်ပါသည်။ သမီးက ငြင်းခိုင်းနေပေမယ့် အဖေလုပ်သူက ခေါင်းညိတ်လက်ခံပြီးသားဆိုတာ သမီးလေးသိသွားရင်။

အိုး သမီးလေး စိတ်ဆူနေတဲ့အချိန်မှာ အသိမပေးသေးတာကောင်းပါတယ်၊ သမီးလေး လက်ခံအောင် တဖြည်းဖြည်း ဖျောင်းဖျပြီးမှ

" နော် မေမေ ဖေဖေ့ကို သေချာပြောနော် "

" ကဲပါ သမီးရယ် မေမေ့ကို အမြင်မလွဲပါနဲ့ကွယ် "

" မလွဲပါဘူး မေမေရယ် ဒါပေမဲ့ သူ့ကိုစံ တကယ် မျက်နှာချင်းမဆိုင်ချင်လို့ပါ "

" အဲဒီလောက်တောင်ပဲလား "

ဒေါ်သင်းသင်းမာ သွေးတိုးစမ်းသလို မေးလိုက်၏။ သမီး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလွှာ အဆမတန် ချွန်ဆူသွားပြီး။

" အဲဒီထက် တစ်မိုင်လောက်ပိုတယ် မေမေ "

ဒေါ်သင်းသင်းမာ့ မျက်ခုံးပင့်လိုက်

" သမီးရယ် ကောင်းက ဖွတ်ဆန်တာကလွဲရင် စိတ်ရင်းသိပ်ကောင်းရှာတာကွဲ့ "

" တော်ပြီ မေမေ သူ့အကြောင်းမပြောနဲ့ "

" ဒါဆို ဘယ်သူ့အကြောင်း ပြောရမလဲ "

" မေမေ ပြောချင်သပဆိုရင် ဘုန်းပြည့်အကြောင်းပြော"

" ဟေ "

ဒေါ်သင်းသင်းမာ မျက်ခုံးနှစ်ဖက် အဆတေန် မြင့်တက်သွားသည်။ သမီးဖြစ်သူကို ခပ်စူးစူးလေးကို စိုက်ကြည့်ပြီး

" သမီးနဲ့ဘုန်းပြည့်က "

" ဘာမှမပတ်သက်ဘူး "

ဒေါ်သင်းသင်းမာ စိတ်ပေါ့ပါးစွာ သက်ပြင်းချလိုက်ပြီး

" ဘာမှမပတ်သက်ရင် ဘုန်းပြည့်အကြောင်း ဘာလို့ ပြောနိုင်းတာလဲ "

" သြော် သူ့အကြောင်းကြားရတာထက်စာရင် ဘုန်းပြည့်အကြောင်း ကြားရတာ စံ စိတ်သက်သာရာရသေးတယ် မေမေရဲ့ "





" သမီးရယ် "

" ဟုတ်တယ် မေမေ ဘုန်းပြည့်က သူ့လိုဖွတ်တရွတ်သမားဟုတ်သလို စံကိုလည်း ဘယ်တော့မှ နိုင်ထက်စီးနင်း မဆက်ဆံဘူးမေမေရဲ့ "

ဒေါ်သင်းသင်းမာ စိတ်ပို၍ ပေါ့လာသည်။

" ကဲပါ ဘုန်းပြည့်အကြောင်းလည်း မပြောဘူး ကောင်းကြောင်းလည်း မပြောဘူး သမီးစိတ်အေးအေးထားပါကွယ် "

" ဒါမှ မေမေ "

ဒေါ်သင်းသင်းမာကို ဖွဖွလေးဖိနမ်း၍ အခန်းထဲ ဝင်သွားသည့် သမီး၏နောက်ကျောပုံရိပ်လေးကို ငေးကြည့်ရင်း

ဒေါ်သင်းသင်းမာ ဦးခေါင်းအသာရမ်းမိသည်။

သမီးရယ် ကောင်းအပေါ်မှာ အဲဒီလောက်တောင် ဖြစ်နေလားကွယ် သမီးဖေဖေ ခေါင်းညိတ်လက်ခံထားတာကို

ဟင့်အင်း သမီးမသိသေးတာ ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

" ဘာ "

သူ့ကိုယ်တစ်ခုလုံး မယုံနိုင်လောက်အောင် လွင့်စင်ကာ ထိတ်လန့်အံ့သြသွားသည်။ ဦးခင့်မောင် မျက်မှန်ကိုချွတ်၍ စားပွဲပေါ်တင်ပြီး

" ဟုတ်တယ် သား သားမာမီ အရှုံးလိုချင်နေတာ "

" ဟ မာမီလိုချင်ရင် မာမီယူပေါ့ သားနဲ့ဘာဖြစ်လို့ လာချိတ်ရတာလဲ "

သူ ဝုန်းခနဲထလိုက်သည်။ အနက်ရောင်ခြယ်ထားသည့် ကော့ညွှတ်ညွှတ် မျက်တောင်ကို မာမီပင့်၍ သူ့ကိုကြည့်ပြီး

" သူများသမီးကို ဒီအတိုင်းယူလို့ မရဘူးလေ သားရဲ့ "

" ဟုတ်တယ် သား သားပေးမှ သမီးရှမ္မာကွ ရတီစံကို သမီးတော်ခွင့်ရဖို့ သားနဲ့ချိတ်ရမှာပဲ "





" ဟာ ဒယ်ဒီ "

မျက်လုံးနှစ်လုံး ထွက်ကျမတတ် ပြူးကြည့်လာသည့် သားကို ဦးဆင့်မောင် ခပ်အေးအေးကြည့်ပြီး

" ပြော သား ဘာပြောစရာရှိတယ် "

" ရှိတာပေါ့ ဒယ်ဒီ ပြောစရာအများကြီးရှိတယ် "

လည်ပင်းအကျောထောင်ထသည်အထိ ခံပြင်းနေသည့် ကောင်းကို ဒေါ်ရှိစီ ခပ်ပြုံးပြုံးလေးကြည့်သည်။

သားက ဒီလိုပဲ မလိုအပ် ဘဲ ဒေါသကြီးနေတာက အရိုးစွဲနေတဲ့ သားအကျင့် ဒီအကျင့်က အရွယ် ရောက်တဲ့အထိ မပြောင်းလဲနိုင်သေး ကြောင်း သိရ၍ ဒေါ်ရှိစီပြုံးလိုက်သည်။

" ပြော သား ဘာပြောမလဲ "

" သား လက်မခံဘူး လုံးဝလက်မခံဘူး ဒယ်ဒီ "

" ဘာဖြစ်လို့ "

" သား ကြည့်မရဘူး "

ဒေါ်ရှိစီ ခပ်ပြုံးပြုံးလေး သားကိုကြည့်ပြီး

" သားရယ် ကြည့်မရတာနဲ့ မာမီတို့ စီမံတာ တစ်ခြားစီပဲ"

" ဟာ မာမီ ကြည့်မရတဲ့ မိန်းမကို မျက်နှာချင်းဆိုင်ချင်စိတ် ဘယ်လိုရှိမလဲ ပြီးတော့ သားမုန်းတယ် မာမီ "



www.burmeseclassic.com

www.burmeseclassic.com



ဦးဆင့်မောင် မသိမသာပြုံးလိုက်သည်။ သူ့ပို၍ ခံပြင်းသွားဏ်၊

" သား လုံးဝပဲ မာမီ ဒယ်ဒီဖွတ်မပြောနဲ့ မစီစဉ်နဲ့ သား ဒီထက်ပိုပေါက်ကွဲနေမှာ မာမီ ဘာမှအထင်ကြီးစရာ မရှိတဲ့ မိန်းမတစ်ယောက်နဲ့ သားကို လက်ထပ်ပေးဖို့ စီစဉ်တာ သား သိပ်အံ့ဩတယ် ဒီလိုစီစဉ်တာ ဒယ်ဒီနဲ့မာမီ ရူးသွားလို့လား ဟင် "

ပြုံးတုံ့တုံ့ဖြစ်နေသည့် မိဘနှစ်ပါးကို သူ ခပ်ပြင်းပြင်းပြောမိသည်။ ဒေါ်ရိုစီနဲ့ဦးဆင့်မောင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ မျက်နှာထားတည်အောင် ပြုပြင်လိုက်သည်။

အတိုင်းထက်အလွန်ဒေါသူလောင် ပေါက်ကွဲနေသည့် သားကို အလေးအနက်စိုက်ကြည့်သည်။ အတန်ကြာမှာ ဒေါ်ရိုစီ သားအပါး ရွေ့သွားကာ သားကို သူမဘေးမှာ ဆွဲထိုင်လျက် သား ဆံပင်ပျော့ပျော့လေးကို ယုယပွတ်သပ်ပြီး

" သားရယ် ရတီစံကို မာမီသဘောကျတာ ဘာဖြစ်လို့လဲ သိလား သား "

" မသိဘူး "

သူ ပြတ်တောင်းတောင်းပြင်းတော့ ဦးဆင့်မောင် တစ်ခုခုပြောဖို့ ပြင်သည်။ ဒေါ်ရိုစီ မျက်ရိပ်ပြဟန့်တားတော့ မပြောသာတော့။ တင်းမာမှုကြောင့် အက်ကွဲမတတ်ဖြစ်သည့် သားပါးဖောင်းဖောင်းလေးကို





မြတ်မြတ်နိုးနိုးကြည့်၍

" သားမသိရင် သားသိအောင် မာမီပြောရမှာပေါ့ "

" မပြောနဲ့ "

" ပြောရမယ် သား "

" ဟာ မာမီ ရတီစံ အကြောင်းသား နားမထောင်ချင်ဘူး မာမီ "

သူ့ခံပင်တွေထဲ တိုးဝင်လာတဲ့ မာမီအကြင်နာကို သူ ဖယ်ခွါပြီး တစ်ဖက်ဆိုဖာမှာ ပြောင်းထိုင်လိုက်သည်။

" ရိုစီ သားကိုဒီလောက် ချော့မော့နေစရာမလိုဘူး ရိုစီသားက ကလေးမဟုတ်ဘူး အရွယ်ရောက်နေပြီ နေရာတကာမှ ကလေးချော့တဲ့ နည်းနဲ့ ပြောနေစရာမလိုဘူးကွာ "

ဒယ်ဒီ စိတ်မရှည်စွာပြောတော့ သူ့ရင်မှာပို၍ ခံပြင်းလာသည်။

" ဘာလဲ ဒယ်ဒီ ဒီကိစ္စက သားဘက်က ဘာမှပြောပိုင်ခွင့် မရှိတော့ဘူးလား "

" ရှိတယ် သား ပြောချင်တာက ပြောပြီးပဲ သား မာမီပြောတာကို သား နားထောင်ရမယ်ကွ မိဘက အရာရာ အလိုလိုက်လို့ ခေါင်းခေါက်ဖို့ မကြိုးစားနဲ့ ကောင်း "

" ဟာ "



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ကိုယ်လုံး ယိုင်နဲ့မတတ်ဖြစ်သွား၏။ အစဉ်အမြဲ အေးအေးစက်စက်နဲ့ တပြုံးပြုံးစကားပြောတတ်တဲ့ ဒယ်ဒီက ခုလို တင်းမာတဲ့ စကားလုံးတွေကို ခပ်တည်တည် ဆိုလာတာ ဘာကြောင့်လဲ မာမီကရော ဘာဖြစ်လို့ ဒယ်ဒီနဲ့အတူ သူ့ကို အစောင်းအကျယ် စီမံနေရတာလဲ။

သူ့ရင်မှာ ဘာကိုမှ မယုံနိုင်လောက်အောင် အံ့ဩတွေပြား လာသည်။ သူ့ကို ကလေးပီပီကျွေးလို့ ချစ်ခင်ယုယအလိုလိုက်တဲ့ မာမီ မျက်နှာလေးပြုံးပြုံးက ခုလိုတင်းတင်းတည်တည်နဲ့ တစ်ခုံတစ်ရာကို ပြတ်သားသလို ဖြစ်နေရတာ ဟာ သူ ဆံပင်တွေကို သူ ဖွပယ်မိသည်အထိ မယုံနိုင်အောင် ဖြစ်လာသည်။

" ကောင်း "

မာမီ ခေါ်သံကို သူ နားမဆင်ချင်တော့။ ဒယ်ဒီနဲ့လည်း ရင်မဆိုင်ချင်တော့။ သူ ချာခနဲ လှည့်ထွက်သည်။

" ကောင်း မင်း ရပ်နေစမ်း

အဆမတန် ကျယ်သွားသည့် ဒယ်ဒီဟန့်တားသံကြောင့် သူ ခြေလှမ်းမတန့်ချင်ဘဲ တန့်သွား၏။

" မိဘနဲ့စကားပြောနေတယ် သတိထား ကောင်းကင်ရှာန် စကားမဆုံးမချင်း မင်းထွက်မသွားရဘူးဆိုတာ မင်းနားမလည်ဘူးလား





မင်း အပြုအမူ သိပ်ရိုင်းလွန်းတယ် "

" ကျစ် "

သူ့ရင်မှာ တစ်ကျိုက်ကျိုက်ဆူလာသည်။ ရတီစံ ဆိုတဲ့ မိန်းကလေးနဲ့ကြုံရမှ သူ အရှက်ကွဲရ ခံပြင်းဒေါသထွက်ရသလို သူ့မိဘနဲ့ သူ့ကြား အစိမ်းရောင် သန်းလာတာ ဒီလို လိုင်းသန်းအောင် ဖန်တီးလာတဲ့ ရတီစံကို သူပို၍ မျက်မုန်းကြိုးလာသည်။ ဒေါ်ရိုစီ ဆိုဖာပေါ် ခပ်ဝင့်ဝင့်လေးထိုင်လျက် သားဖြစ်သူကို ခပ်စူးစူး ကြည့်ပြီး

" ကောင်း မာမီခေါ်နေတယ်နော် "

သူ အံကြိတ်နေဆဲ။

" မာမီတို့ကို ဒီလိုအမူအရာမျိုးနဲ့ သား ဆက်ဆံဖူးသလား"

သူ မေးကို ဆတ်ခနဲခါ၏။

" သား မလိုချင်တာကို မာမီတို့ ဇွတ်ဖန်တီးနေတာ တရားသလား မာမီ သားက ဒယ်ဒီထင်သလို သက်မဲ့အရုပ် မဟုတ်ဘူး "

" ဟုတ်တယ် မင်းသက်မဲ့အရုပ်မဟုတ်ဘူး ဒါပေမဲ့ ဒယ်ဒီတို့ မင်းဘဝရှေ့ရေးကို ဆွေးနွေးနေတဲ့အချိန်မှာ ဒီလိုရိုင်းပျတဲ့အမူအရာမျိုးနဲ့ ဟုန်ပြန်ခွင့်မရှိဘူး မင်းပြောချင်တာကို လွတ်လွတ်လပ်လပ် ပြောခွင့် ရှိသလို ဒယ်ဒီတို့မိဘတွေ ပြောတာကို မင်း ပြီးဆုံးတဲ့အထိ နားထောင် ရမယ် နားမထောင်ဘဲ ပြေးထွက်သွားတာ ဒယ်ဒီတို့လုံးဝလက်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် ကောင်း မာမီပြောတာကို ကောင်း နားထောင်ရမယ် သေချာနားထောင် နားမထောင်ဘဲ ဖွတ်ထွက်သွားမယ်ဆိုရင် သားကို မာမီစဉ်းစားခွင့်ပေးမှာ မဟုတ်ဘူး "

ညီညီညွတ်ညွတ် တင်းထန်နေသည့် သူ့မိဘနှစ်ပါးကို သူ မကျေနပ်ပေမယ့် သူစိတ်နဲ့သူ လည့်ထွက်သွားဖို့ ခြေမလှမ်းခဲ့။

သူ့ရင်အုံက မကျေနပ်မှုလှိုင်းလုံးကြောင့် အသံမတန် မို့မောက်နေဆဲ။ ဦးဆင့်မောင် မျက်ရိပ်ပြတော့ ဒေါ်ရှိစိထံမှ စကားလုံးတွေ ဖြာကျလာသည်။

" ဒီမှာ ကောင်း ရတီစံကို မာမီမြင်တာနဲ့ သဘောကျတယ် ဆိုတာ အကြောင်းမဲ့ မဟုတ်ဘူး ရတီစံလှလို့ ချစ်စရာကောင်းလို့ ဆိုတဲ့ အပြင်ပန်းအမြင်တစ်ခုတည်းနဲ့ မဟုတ်ဘူး ကောင်း မိန်းကလေးတိုင်း သူ့နည်းသူ့ဟန် လှကြတယ် ချစ်စရာကောင်းကြတယ် ဒါပေမဲ့ ခိုင်တည်မြဲမြံတဲ့ သည်းခံစိတ်မျိုး မရှိကြဘူး ရတီစံမှာ အဲဒီစိတ် ကိန်းဝပ် နေတယ်ဆိုတာ မာမီ ရတီစံကို မမြင်ရဘဲ သိလိုက်တယ် ရတီစံကို သား နှင်ထုတ်နေတဲ့အသံကို မာမီတို့ အတိုင်းသားကြားရတယ် သား"

သူ့နှုတ်ခမ်းပါးကို ဆွဲခြစ်ဖိကိုက်လိုက်သည်။

" မာမီ သားကိုအပြစ်ပြောနေတာလား "

" အပြစ်ပြောနေတာ မဟုတ်ဘူး သားသို တစ်ဖက်သတ်





ဒေါသပြနေတဲ့ ယောက်ျားတစ်ယောက်ကို သားလိုတစ်ဖက်သက် ဒေါသ ဖြစ်နေတတ်တဲ့ မိန်းကလေးနဲ့ဆို သားဘဝအနာဂတ် မလှပနိုင်တော့ဘူး ဆိုတာ ကြိုတင်မြင်လိုက်ရလို့ မာမီတို့ရင်လေးတာ သား "

သူ့ တံတွေးမျိုချလိုက်တော့ သူ့ရင်မှာ အော်ဂလီဆန် ချင်လာသည်။

" ဟုတ်တယ်သား ဒါကြောင့် ရတီစံက ဒေါ်သင်းသင်းမာ သမီးမှန်းမသိခင်ကတည်းက ရတီစံစိတ်ကို ဒယ်ဒီနဲ့မာမီ သဘောကျ တယ် သင်းသင်းသမီးဖြစ်မှန်းသိရတော့ သားမာမီပိုပြီး အားရဝမ်းသာ ဖြစ်သွားတာ သား "

" မဆိုင်လိုက်တာ ဒယ်ဒီရာ "

" ဘာလို့မဆိုင်ရမှာလဲ ကောင်း "

" မာမီ သဘောကျရုံနဲ့ သားနဲ့လာချိတ်တာ ဝမ်းအနည်းဆုံးပဲ မာမီ "

သူ ခံပြင်းသံအက်ရှလာ၍ ဒေါ်ရှိစီတင် သားကို ဘဝင်မကျ စေးကြည့်၍

" သားနဲ့ချိတ်တာက သားဘဝ အနာဂတ်လှပဖို့. . . "

" ဒီမိန်းမပါမှ သားဘဝအနာဂတ် လှမတဲ့လား မာမီ "

" တော်စမ်း သား သား စကားလုံးတွေ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ရင့်လာပြီ "

" နောက် မဟုတ်လို့လား ဒယ်ဒီ ဘာမဟုတ်တဲ့ ပွဲစားသမီးကို"

" သားနဲ့အဆင်အပြေဆုံး ဖြစ်နိုင်မယ့် မိန်းကလေးကို ဒယ်ဒီနဲ့ မာမီ စိစစ်ပြီး ရွေးချယ်တာ သားအတွက်နဲ့သား ငြင်းဆယ်နေဘာ ဒယ်ဒီ စိတ်ကိုအနှောင့်အယှက်ဖြစ်စေတယ် သား "

" ဟုတ်တယ် သားရယ် သားအတွက်ကိုဖယ်ပြီး ရတီစံနဲ့ စကား ပြောကြည့်စမ်းပါ ရတီလေးက သိမ်ပြီးအလိုက်သိတာ သားရဲ့ "

သူ့ရင်ထဲက ပေါက်ကွဲသံက သူ့လည်မျိုအောက်မှာ ပျောက် ကွယ်လျက်။

" နေ့ာ်သား ရတီလေးနဲ့ စကားပြောကြည့်ပါကွယ် "

မာမီတို့အသံကို သူ ဆက်ကြားနိုင်စွမ်း မရှိတော့ သူ ချာခနဲ လှည့်ထွက်ခဲ့သည်။

မင်းနဲ့ငါ တွေ့ကြသေးတာပေါ့ ရတီစံ။

❀ ❀ ❀ ❀ ❀



## အခန်း (၈)

" အိုး "

စံ လက်စာစ်ဖက်ကို ဆတ်ခနဲ ဆောင့်ဆွဲခံရ၍ စံ တစ်ကိုယ်လုံး သူ့ဘက်ဖွှတ်ဘိုက်ပါသွား၏။

" ကောင်းကင်ချာန် နင် ဘာလုပ်တာလဲ စံလက်ကို လွှတ်စမ်း ဒါ "

စံ ရှက်သန့်ကာဆိုရင်း ရုန်းထွက်ဖို့ ကြိုးစားပေမယ့် သူဆွဲခေါ် ရာနောက် စံပါသွားပြီး စံ သူငယ်ချင်းတွေ တအံ့တသြဖြစ်လျက် ကြောင်တောင်တောင် ကြည့်ကြသည်။

စံနောက်သို့ ပြေးလိုက်ဟန်ပြင်သည့် သွယ်တို့ကို မင်းလွင်တို့ ပျက်ရိုမ်ပြပြုဟန့်လိုက်၏။

" နင် ဘယ်လိုဖြစ်နေတာလဲ လွှတ်စမ်းပါ "

ဖွတ်ဘာရှုတ်ဆန်တဲ့ သူ့အပြုအမူကြောင့် ဆိုင်ထဲက စားသောက်



www.burmeseclassic.com

www.burmeseclassic.com



နေသူတွေ တအံ့တသြ ပြူးကြည့်ကြသည်။

သူက ပင်ပန်းကျင်ကို ဂရုမစိုက်သလို စံ သူငယ်ချင်းတွေလည်း အားမနာ သူငယ်ချင်းတွေနဲ့ ရယ်ရယ်မောမော စကားပြောကာ စားသောက်နေသည့် စံကို အပြုံး တကြီး ခွဲထုတ်မိသည်အထိ သူဒေါသလျှံလူးသွား၏။

စိမ်းတောက်တောက် မျက်ဝန်းနဲ့ စိုက်ကြည့်၍ စံလက်ကို ဆောင့်တွန်းလွှတ်လိုက်တော့ စံတစ်ကိုယ်လုံး သူ့ကားနောက်မှီမှာ ယိုင်ကျသွား၏။

" ဒီမှာ ရတီစံ "

သူ့စကားလုံးကြမ်း လိမ့်ထွက်လာတော့ စံကိုယ်ကို ထိန်းမတ်လိုက်ပြီး

" ရှင် ဘာဖြစ်နေတာလဲ ကောင်းကင်ချာန် "

" ငါဘာဖြစ်နေသလဲဆိုတာ မင်းမသိချင်ဟန်မဆောင်နဲ့ "

" စံဘာမှ မသိဘူး "

" မင်းခုမှ မခုတ်တတ်တဲ့ကြောင်လို မူယာမာယာ မထုတ်နဲ့ ရတီစံ ငါကိုမင်း အင်မတန် လိုချင်သလား "

" ဘုရားရေ. . "

စံ ကိုယ် ပြိုလဲကျမတတ် ထိတ်လန့်သွား၏။ သူ့မျက်ဝန်းက





ဒေါသအရောင် ရဲထွက်လျက်

" အခုမှ ဘုရားတ.မပြန့် ရတီစံ မင်း ဘာရည်ရွယ်ချက်နဲ့ ငါ့ကိုဇာတ်လမ်းဖန်သလဲဆိုတာ ငါ အခုမှ သဘောပေါက်တော့တယ်"

" ဟာ ရှင် မစွတ်စွဲနဲ့နော် "

" မင်းမှာ အဲသလောက် အောက်တန်းကျတဲ့ စိတ်ဓါတ်မျိုး ရှိလိမ့်မယ်လို့ ငါလုံးဝမထင်ခဲ့ဘူး ရတီစံ လက်စသက်တော့ မင်းက ငါ့ကိုရဖို့ ဇာတ်လမ်းရှာရုံမက ငါ့မိဘမျက်စိကျအောင် အမူအရာ ကောင်းကောင်းနဲ့ သရုပ်ဆောင်ခဲ့တာ မင်းရဲ့မာယာမှာ ငါအရှုံးလုပ်ခံ လိုက်ရတာ "

" မဟုတ်ဘူး ကောင်းကင်ချာန် ရှင်ပြောနေတာ တစ်ခုမှ မဟုတ်ဘူး "

ပြင်းထန်လွန်းသည့် သူစွတ်စွဲချက်တွေက စံသွေးကို ဆူပွက်သွားစေ၏။ စံရင်မှာ ခံခက်ချက်တိုးသွားအောင် သူ သရော်ကာ ရယ်၍

" ရတီစံ မင်းမှာ အဲသလောက် အစွမ်းထက်တဲ့ မာယာရှိမယ်လို့ ငါမထင်ခဲ့ဘူး ဒါပေမဲ့ ငါ အခုမြင်ရပြီ သိရပြီ အဲဒီအတွက် မင်းကိုငါ ဘယ်နည်းနဲ့မှ အောင့်အင်းသည်းခံမှာ မဟုတ်ဘူး နားလည်လား "

" ရှင် ဘာတွေပြောနေတာလဲ စံ ဘာမှနားမလည်ဘူး ကောင်းကင်ချာန် "



www.burmeseclassic.com

www.burmeseclassic.com



“ နားမလည်ဘူးဆိုတဲ့ စကားလုံးကို မင်းမရွတ်နဲ့ ငါ့
ကြားရတာ ခါးတူးနေပြီကွ ”

“ ဟင် ”

စံ နားမလည်တဲ့ဖြစ်စဉ်အတွက် အသည်းအသန် စွတ်စွဲနေ
သူ့စကားလုံးတွေရဲ့ သက်ရောက်အဓိပ္ပါယ်က ဘာလဲ။ စံ ခပ်စူးစူး
သူ့ကိုကြည့်ပြီး

“ ရှင် ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ စံ ဘာကိုမှ နားမလည်
တကယ် နားမလည်ဘူး ကိုကောင်းကင်ရှာန် ”

“ ဘာ ”

“ ဟုတ်တယ် စံ တကယ်နားမလည်ဘူး ”

“ နားမလည်ဘူးဆိုရင် လည်အောင်နားထောင် ”

စံကိုကျောခိုင်းထားသည့် သူ ကိုယ်အနည်းငယ် ငဲ့စေ
လာသည်။ သူ မျက်ဝန်းစိမ်းက ငန်းစောင်းမြွေလို လည်ပြန်စောင်း
ရောက်လာပြီး

“ မင်းကို ငါမယူနိုင်ဘူး လက်မထပ်နိုင်ဘူး ”

“ အိုး ”

စံ တစ်ကိုယ်လုံး သိမ့်သိမ့်ခါကာ စံအာရုံတစ်ခုလုံး မှောင်
ပြာတူးသွားအောင် ခံပြင်းသွား၏။ ခံပြင်းစိတ်နှင့် စံတစ်ကိုယ်လုံး





ပြုကျမသွားအောင် သူ ကားဘောနီးမှီရပ်လိုက်မိသည်အထိ စံ ကတုန်ကယင်
ဖြစ်သွားသည်။

“ မင်း နားလည်လား ရှင်းပြီလား ”

တစ်ဆက်ဆက်တုန်ခါသွားသည့် နှုတ်ခမ်းလွှာကို စံ ဆွဲစေ့ကာ
သူ့ကိုခပ်ရင့်ရင့် ကြည့်မိပြီး

“ ရှင့်ကို ဘယ်သူက ယူမယ်ပြောလို့လဲ ”

“ မင်း ”

“ ဘာ ”

“ မင်း ငါ့ကိုလိုချင်လို့ နည်းအမျိုးမျိုး ဖန်ခဲ့တယ် ”

“ သွားစမ်းပါ ”

စံ အသံကုန်အော်ဟစ်ငြင်းလိုက်၍ စံရှေ့ သူလှည့်ခနဲ
ရောက်လာပြီး

“ မင်း နည်းမဖန်ခဲ့ရင် ငါ့မိဘ ငါ့ကို မင်းနဲ့လက်ထပ်ဖို့
အတင်းအကျပ် စီမံမှာမဟုတ်ဘူး မင်းကြောင့် ငါ့မိဘစီမံတာ ”

“ ရှင် မှားနေပြီ ကောင်းကင်ရှာန် ”

စံ မျက်နှာလေး ဆတ်ခနဲတင်းခါသွားပြီး

“ ရှင့်ကို စံစိတ်ကူးမယဉ်ခဲ့တာ ရှင်နဲ့ကြုံဆုံကတည်းက အဲဒါကို
ရှင် နားလည်ရဲ့လား ရှင့်ကိုယူဖို့ လက်ထပ်ဖို့ဆိုတာ ဟိုးအဝေးဆုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို မင်းငြင်းလေ "

" ငြင်းပြီးပြီ စံမေမေကို ပြတ်ပြတ်သားသား ပြောပြီးသ ရှင့်ဘာ့ရှင် ဘယ်ကကောက်ရမှန်းမသိတဲ့ သတင်းနဲ့စံကို လာမစွတ်စွဲ

သူ တစ်ကိုယ်လုံး အားပြုတ်တစ်ကောင်လို တင်းကြွသွား

" ဟော့ မင်းလိုမိန်းမနဲ့ငါ မျက်နှာချင်းဆိုင်ဖို့ ဘယ်ဘုန်းက စိတ်မကူးဘူး ဒီကိစ္စကို ငါ့ဒယ်ဒီ မာမီပြောလို့ ငါသိရတာ မင်း ပယော မပါဘူး ဆိုရင် မင်းနဲ့ငါ့ကို စီစဉ်နေတဲ့ မာမီတို့အစီအစဉ်ပျက်အော မင်း တာဝန်ယူရမယ် "

" ဟ ရှင် တစ်ဖက်စောင်းနင်းမပြောနဲ့ ရှင့်မိဘစီစဉ်ဝ ရှင့်ဘက်က ရှင်ပြတ်ပြတ်သားသားငြင်း စံဘက်ကတော့ လုံးဝပဲ "

" ဘာလုံးဝလဲ ရတီစံ မင်းဘက်က လုံးဝဆိုတာ မင်း မရှိးသားမှု မင်းရဲ့လိမ်ညာမှု "

စံမျက်နှာ တည်တည်တင်းတင်း ကြွကြွစွတ်စွဲလာသည့် သူ့ စံ ဒေါသတကြီး ကြည့်လိုက်၏။

" မင်းဘက်ကရိုးသားရင် မင်းအဖေခေါင်းညိတ်လက်ခံစ မလိုဘူး မင်းအဖေခေါင်းညိတ်လက်ခံတာ ဘာကြောင့်လဲ "

" အိုး မဟုတ်ဘူး ဖေဖေ ဘာမှလက်မခံဘူး "

" မင်းအဖေလက်မခံရင် ငါ့ဒယ်ဒီ ပြောမလား "





" ဟင် "

ဘာတွေလဲ အဖြစ်အပျက်က စံမသိရဘဲ ဘယ်လောက်တောင် နေပြီးလဲ။

" ငါ့ဒယ်ဒီနဲ့မာမီ ငါ့ကိုအခုပဲပြောတာ မင်းအဖေလက်ခံတယ်တဲ့ ဘာသဘောလဲ "

" ဟင် "

သူ ထပ်ဆင့်ဆိုပြောတော့ စံ ကိုယ်လုံးလေး ပျော့ခွေမတတ် သွားသည်။

" ဖေဖေက "

" ဟုတ်တယ် မင်းအဖေက "

စံ နားနှစ်ဖက်ကို စံ ဖိပိတ်ထားမိ၏။ ဟုတ်ရဲ့လား။ စံ ဘာကို ယုံရမလဲ။

ဟင့်အင်း စံမယုံချင်ဘူး စံ ဦးခေါင်းတွင်တွင်ရမ်းလျက် သူ့ရဲ့ ငသေး ရှုတ်ချသောမျက်လုံး နိုင်ထက်စီးနင်းဆန်သော သရော် နေတဲ့ သူ့နှုတ်လွှာကြားမှ ထွက်ပေါ်လာသည့် စကားလုံးတွေက ကိုယ်လုံးကို အဆိပ်တက်သွားစေ၏။

" မင်းက ငါ့ကိုရဖို့ ဇာတ်လမ်းဖန်တယ် မင်းအမေက ငါ့မာမီကို လှလှတွေနဲ့ လျော်ယူတယ်။ မင်းအဖေက ငါ့ဒယ်ဒီကို ကြိုဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ငါပဲဘာ မင်းကိုအောင့်အီး လက်ထပ်ရမလို ဖြစ်လာတယ် ဟား ဟား ရယ်ချင်စရာကောင်းလိုက်တာ မင်းအကြံသိပ်ကောင်းပေမယ့် ကောင်းကင်ချာန် မမှုဘူး ရတီစံ မင်းတို့မိသားစုရဲ့ ပူးပေါင်းကြံစည်မှုက ငါ့မိဘရဲ့ အရှိန်အဝါတွေကို ရယူဖို့ သမီးကို ဇန်းပြချိုင်ယူတာ "

" မ မဟုတ်ဘူး "

ဘုရား ဘုရား စံ ရင်အုံတစ်ခုလုံး မီးတောက်သွား၏။

" စံ ဒီလိုမိန်းကလေး မဟုတ်ဘူး မေမေက ရှင့်ခွတ်ခွဲသလို မဟုတ်ဘူး ဖေဖေကပိုတောင် နာနကြီးသေးတာ "

" ဟော့ အခုမှ သွေးရူးသွေးတန်း မရှက်နဲ့ မယုံရင် မင်းအမေကို ပြေးမေး သွားမေးလေ မမေးရဲရင် ငါကိုယ်တိုင် မေးပြမယ်။ တက် ကားပေါ် ခုချက်ချင်းတက် "

အကြင်နာတရားမရှိတဲ့ သူ့လက်တစ်ဖက်က စံ လက်မောင်းကို ဆွဲကိုင်၍ သူ့ကားပေါ်အတင်း ဆွဲတင်သည်။

" ဟင့်အင်း "

စံ သူ့ကားပေါ် မတက်ဘဲ အတင်းရုန်းဖယ်ရှောင်ထွက်ပြီး

" ရှင် မဟုတ်တမ်းတရားမပြောနဲ့ "

" ငါ ပြောတာမှန်မမှန် သိဖို့လိုတယ် ဒါကြောင့် ငါ ကိုယ်တိုင် မေးပြမယ် "





" ဟင့်အင်း မမေးနဲ့ "

စံ ဘာကိုမှ မယုံရဲတော့။ ဖေဖေက တကယ်လက်ခံထားရင် စံမတွေးရဲတော့။

" ဘာလဲ မင်းတို့ မိသားစုရဲ့မရိုးသားမှုတွေ ပေါ်ကုန်မှာ ...လား "

" တော်တော့ ရှင် ဆက်မပြောနဲ့တော့ "

" မပြောစေချင်ရင် ငါ့ကိုချိုင်ယူချင်တဲ့ မင်းဇာတ်လမ်းကို ...ပြတ်လိုက်တော့ မဖြတ်ဘူးဆိုရင် ငါ့အဆိုးမဆိုနဲ့ ရတီစံ မင်းကို ...ာက်ဆုံးအကြိမ် ပြောလိုက်မယ် မင်းကို ငါမလိုချင်ဘူး လုံးဝ မလိုချင် ... ရတီစံ "

ထရစပ် သွန်းလောင်းနေသည့် သူ့အတွေ့တွေက စံရင်မှာ ...သိမ့်မနိုင်အောင် ထိခိုက်ကြေကွဲသွား၏။

" မင်းကိုလက်ထပ်ဖို့ဆိုတာ စကားအဖြစ်တောင် ငါ မခံစား ...ဘူး အဲဒီလောက်ဆိုရင် ငါ့စိတ်ကို နင်သိတော့ ရတီစံ ဒါပဲ "

ကားပေါ်လွှားခနဲတက်ကာ ကားကိုအရှိန်ပြင်းပြင်း မောင်းထွက် ...သည့် သူ့ပုံရိပ်ကို စံ မကြည့်ရဲတော့ စံရင်ခွင်တစ်ခုလုံး မှိုင်းတိုက် ...သလို ကျပ်ခဲအစ်စို့လျက် စံကိုယ့်စံ ဘာမှန်းမသိအောင် ဖြစ်သွား၏။ ...ာက် စံမျက်ရည်တွေ တရစပ် ယိုစီးကာ စံကိုယ်လုံးလေး ဝုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com

ပြုံကျသွားတော့၏။

သူ ခုလိုစွတ်စွဲ ချိုးနှိမ်နိုင်တာ ဖေဖေ လက်ခံလိုက်တဲ့အတွက်လား။ စံကို အသိပေးလှည့်ပါ။

သူ့ကို တကယ်ပဲ လက်ခံလိုက်တာလား ဖေဖေရယ်။

❀ ❀ ❀ ❀ ❀



## အခန်း (၉)

" ဖေဖေ "

" မေမေ "

ဝင်းနည်းဘကြီး ငိုရှိုက်လျက် ပြေးဝင်လာသည့် သမီးဖြစ်သူကို ...သက်လွှင် သတင်းစာဖတ်နေရာမှ တအံ့တဩ မော့ကြည့်သည်။ ...သင်းသင်းမေက သောက်လက်စ ကော်ဖီခွက် စားပွဲပေါ်ဆတ်ခနဲ ...ချ၍ သမီးကိုဆီးပွေ့လိုက်၏။

" သမီး ဘာဖြစ်လာတာလဲကွယ် "

ထိခိုက်ကြေကွဲသည့် သမီးပါးပြင်ပေါ်မှ မျက်ရည်စတွေ ...သုတ်ပေး၍

" ဘာဖြစ်လာတာလဲကွယ် မေမေရင်မှာ ထိတ်လိုက်တာ ခိုးရိမ် ...ကြီးဖြစ်နေသည့် မိဘနှစ်ပါးကို စံ ဝမ်းနည်းကြီးစွာကြည့်မိပြီး

" ဟုတ်လား ဖေဖေ သူပြောတာ ဟုတ်လား "


www.burmeseclassic.com

www.burmeseclassic.com



" ဘာကိုလဲ သမီး "

ဖေဖေ တစ်ခွန်းဆိုစဉ် စံတစ်ချက်ရှိုက်၍

" ကောင်းကင်ဈာန်ကို ဖေဖေတို့ လက်ခံလိုက်တယ်ဆို "

ဒေါ်သင်းသင်းမေ သက်ပြင်းအသာချသည်။ သမီးကို ဆိုဖာပေါ် အသာထိုင်စေသည်။ ဦးသက်လွင်က သတင်းစာကို စားပွဲပေါ်တင်လိုက်ပြီး

" ဖြည်းဖြည်းမေးပါ သမီးရယ် "

" ဟင့်အင်း ဖေဖေ သမီးသိချင်တယ် ဟုတ်လား မေမေ မဟုတ်ဘူးနော် သူပြောတာမဟုတ်ဘူးနော် "

မေမေကို အားကိုးတကြီး မော့ကြည့်၍ စံတာရစပ် ဆိုလိုက်သည်။ ဒေါ်သင်းသင်းမေတို့ ဇနီးမောင်နှံနှစ်ယောက် သမီးဖြစ်သူကို အတန်ကြာ ငေးကြည့်ဖြစ်သည်။

ဒီကိစ္စသိဂို့နဲ့ သမီးက ဒီလောက်ထိ ဝမ်းနည်းသတဲ့လား။ ဒေါ်သင်းသင်းမေ သက်မချ၍ သမီးဆံပင်ဖျော့ လေးကို တယုတယ ပွတ်သပ်လိုက်ပြီး

" သမီးရယ် . မေမေပြောပြမယ် အေးအေးဆေးဆေး နားထောင်ပါကွယ် နော် "

" မဟုတ်ဘူး မေမေ သူပြောတာကို စံ မယုံဘူး လုံးဝ မယုံဘူး ဖေဖေလက်ခံတာ မဟုတ်ဘူးနော် ဟုတ်တယ်နော် ဖေဖေ "





စံရင်ထဲမှာ အခိုင်အမာ သိချင်တဲ့အကြောင်းအရာကို တရစပ် မေးလိုက်၏။ ဦးသက်လွင် မျက်ခုံးအသာတွန့်၍ သမီးကို စူးစိုက်ကြည့်ပြီး

" ကဲ သမီး အချိန်မသင့်သေးလို့ သမီးကို ဖေဖေအသိမပေး သေးတာ "

" ဟင် "

စံ မျက်ဝန်း မယုံနိုင်အောင် လက်ခနဲဖြစ်သွားသည်။

" အသိမပေးတာ "

" ဟုတ်တယ် သမီးရဲ့ "

မေမေ အတည်ငြိမ်ဆုံးပြောတော့ စံရင်ခုန်သံ ဗရမ်းဗတာ ဖြစ်သွား၏။

" ဘာကိုလဲ မေမေ ဒါဆို သူပြောတာ တကယ်ပေါ့ တကယ်ပေါ့ ဟုတ်သား ဖေဖေ "

" ဟုတ်တယ် သမီး "

" ဟာ "

စံရင်မှာ လိပ်ပြာလွင့်စင်မတတ် လန့်ဖြန့်သွား၏။

" မဖြစ်သင့်တာ. ဖေဖေ လုံးဝမဖြစ်သင့်တာ "

စံ ဝုန်းခနဲထ၍ ကျစ်ကျစ်ခဲခဲ ဆိုလိုက်မိသည်။

" မေမေ့ကို စံအစကတည်းက ပြောထားတာပဲ မေမေရယ်



www.burmeseclassic.com

www.burmeseclassic.com



မေမေသိရက်နဲ့ လက်ခံတာ စံဘယ်လိုခံစားရမလဲ မေမေ ဖေဖေ စံဘက်ကို တစ်ချက်ခံစားကြည့်ပါ ဖေဖေရယ် သူဘယ်လောက် အတွေးကြီးသလဲဆိုတာ ဖေဖေသိရက်သားနဲ့ ဘာဖြစ်လို့ လက်ခံရတာလဲ ဟင် ''

စံကို ဖေဖေပြိမ်သက်စွာ ငေးကြည့်နေဆဲ မေမေက စံထံမှ အကြည့်လွဲ၍ ဆိုဖာနောက်မှီကို ကျောကပ်မှီထိုင်လိုက်သည်။ စံရင်မှာ ခံပြင်းမှု အုံကြွလွင့်စင်လာသည်။

'' သူ့စိတ် ဘယ်လောက်ထိ တစ်ဖက်စောင်းနှင်း ဆန်သလဲ ဖေဖေ သိရဲ့လား သမီးတို့မိသားစု ပူးပေါင်းပြီး သူ့ကိုချိန်တာ သူ့မိဘရဲ့ ပိုင်ဆိုင်မှုကို လိုချင်လို့ စံကို ဗန်းပြတာတဲ့လေ။ ဘယ်လောက် သည်းမခံချင်စရာကောင်းသလဲ ဖေဖေ ဒါတွေကို စံ ခေါင်းငုံ့ခံခဲ့ရတာယ် ဖေဖေရဲ့ သူ စွတ်စွဲသလို သူ့မိဘစည်းစိမ်ကိုမက်လို့ ဖေဖေတို့လက်ခံလိုက်တာလား ဟင် ''

'' တော်ပါတော့ သမီးရယ် ''

'' မဟုတ်ဘူး ဖေဖေ သူ လက်ညှိုးထိုးပြနိုင်အောင် ဖေဖေတို့ ကြိုတ်ပြီး စီစဉ်တာဆိုရင် စံဘာနဲ့တူနေမလဲ ဖေဖေရယ် ''

စံ ရင်မှ ဝမ်းနည်းခြင်းတွေ လှမ့်ကျလျက် အတိုင်းအဆမဲ့ ဝမ်းနည်းနေသည့်သမီးကို ဦးသက်လွင် ကရုဏာသက်စွာကြည့်၍ သက်မချလိုက်သည်။ ထို့နောက် သမီးပခုံးကို အသာဆွဲယူ၍ ထိုင်စေပြီး





'' သမီးရယ် ဖေဖေတို့ ဘယ်လိုစိတ်သဘောရှိလဲဆိုတာ ကောင်းသိဖို့ထက် ကောင်းမိဘသိဖို့ အရေးကြီးတယ် ''

'' အိုး သူ့မိဘမသိရင် နေပစေ သူသိဖို့လိုတယ် ဖေဖေ သူသိအောင် ဖေဖေတို့ပြောလိုက်ပါ ပြောလိုက်ပါ ဖေဖေ ဖေဖေ ငြင်းလိုက်ပါနော် နော် ဖေဖေ ''

ခါးခါးသီးသီး ဖြစ်နေတဲ့ သမီးစိတ်ကြောင့် ဦးသက်လွင်မျက်နှာ ပြင်က စားပွဲပေါ်က ကော်ဖီခွက်လို အေးခဲသွားသည်။

'' မေမေ ဖေဖေ့ကို ပြောပေးပါ သူ့ကိုလက်မခံဖို့လေ နော် မေမေ ''

ဒေါ်သင်းသင်းမာ ဘာမှမပြောချင်လောက်အောင် ဖြစ်သွားသည်။ အခြေအနေက နောက်ပြန်ဆုတ်လို့မရအောင် လွန်နေပြီဆိုတာ သမီးမှမသိဘဲ။

ဒေါ်သင်းသင်းမာတို့ ဇနီးမောင်နှံ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ကြည့်ကာ ငြိမ်ငြောင်သျက် အတန်ကြာမှ သမီးပခုံးလေးကို ပွတ်သပ်ဖက်လိုက်ပြီး

'' သမီး ''

ဖေဖေခေါ်တော့ စံအားကိုးတကြီး မော့ကြည့်လိုက်သည်။ ဖေဖေ မျက်ဝန်းက အကြင်နာက စံ မျှော်လင့်ချက်ကို ပြည့်ဝစေမလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



" ဖေဖေပြောမယ် သမီး စိတ်အေးအေးထားပြီး နားထောင်"

စံ တစ်ခုခု ပြောဟန်ပြင်စဉ် မေမေမျက်ရိပ်ပြ ဟန့်တားသည်။ ထိုအခါ စံ နှုတ်မဆိတ်ချင်ဘဲ နှုတ်ဆိတ်လိုက်သည်။

" ဖေဖေ လက်ခံထားယ် ဆိုတာက ရှိနီတို့ စည်းစိမ်ကြောင့် မဟုတ်ဘူး သမီး ငွေကြေးစည်းစိမ်ဆိုတာ သခါရဲ့ သမီး ဒါကို ပုံသေ တွက်ပြီး မက်မောနေလို့ မရဘူး အဓိက သမီးဘဝအနာဂတ်ကို ဖေဖေတို့ စိတ်ချလက်ချ ဖြစ်စေချင်လို့ နောက်တစ်ခုက ရှိနီတို့ ဖနီးမောင်နဲ့က စိတ်သဘောထား သိပ်ပြည့်ဝတယ် သမီး သမီးကိုလဲ အရမ်းလိုလားတယ် ကောင်းကိုလဲ သူတို့ ကြပ်ကြပ်မတ်မတ် ကိုင်တွယ်အုပ်ထိန်းနိုင်တယ် သမီး ကောင်းက အငယ်ဆုံး အလိုလိုက်ခံရဆုံးသားမို့ ငယ်ကျင့်ရိုတဲ့ အတိုင်း အစဉ်တစ်ဖက်စောင်းနင်း စိတ်ရှိနေမယ့် ရှိနီတို့ ကိုခင်တို့ အမိန့်ညြဖာကို ဘယ်တုန်းကမှ လွန်ဆန်ရဲတဲ့သားဆိုး မဟုတ်ခဲ့ဘူး သမီးရဲ့ "

" အို. . . "

စံ မျက်နှာတစ်ပြင်လုံး ညိုမှိုင်းပြာနမ်းသွားပြီး စံ တစ်ခု ဖြတ်ပြောလို့မရအောင် ဖေဖေတရစပ် ဆိုနေဆဲ။

" ကောင်း စိတ်ကထင်ရာတွေ ဘယ်လောက်ပြောပြော သမီး ဘာမှ အရေးတယူခံစားနေဖို့ မလိုဘူး သမီးရယ် ဖေဖေ့သမီး လိမ္မာ





ပါတယ်ကွယ် နော် ဖေဖေ စကားလွန်ထားပြီးပြီ သမီး "

ဘုရား ဘုရား စံကိုယ့်စံ ထောင်မတ်နိုင်စွမ်း မရှိတော့ စံ တစ်ကိုယ်လုံး ဖေဖေ့ရင်ခွင်မှာ ဝုန်းခနဲပြိုကျသွားတော့၏။

" သမီးကို ကောင်းအမြင်မှားတဲ့ကိစ္စက ကောင်းအလိုလို သိသွားရင် သမီးကိုပိုပြီး မြတ်နိုးသွားမှာ သမီးရဲ့ "

မေမေ စကားလုံးချိုချိုက စံဦးခေါင်းကို တုတ်ပိုင်းနဲ့ဖြတ်ရိုက် ခံရသလို မျက်ရှချာလည်သွားစေသည်။ စံ မျက်ရည်တောက ဝါဆိုမိုးလို အဆက်မပြတ် ရွာသွန်းလျက်။

" သမီးနဲ့သင့်တော်မယ့် သူကို မေမေတို့ သေချာရွေးချယ်ပြီးမှ လက်ခံတာပါ သမီးမငြင်းနဲ့နော် သမီး ငြင်းတာနဲ့ မေမေတို့ အရှက်ကွဲ ရလိမ့်မယ် "

မေမေ စကားလုံးလှလှတွေက စံနှလုံးသားမှ ကြေကွဲမှုကို ဆုပ်ကိုင်လိုက်သည်နှင့်တူတော့၏။

ဦးသက်လွင် ဘာက်ပြင်းအကြိမ်ကြိမ် ချလျက် တသိမ့်သိမ့် ငိုကြွေးနေသည်။ သမီးမျက်နှာဖူးဖူးလေးကို တယု တယ ပင့်မော့ကြည့်ပြီး

" သမီး ဖေဖေတို့ အရှက်မကွဲပါရစေနဲ့ သမီးရယ် ဖေဖေတို့ ကျေကျေနပ်နပ် လက်ခံသလို သမီးလည်း လက်ခံပါကွယ်နော် သမီး လက်ခံပေးပါ ဖေဖေ တောင်းပန်ပါတယ် သမီးရယ် "



www.burmeseclassic.com

www.burmeseclassic.com



စံ သဘောထားကို တောင်းခံနေတဲ့ မေမေ့ကို စံ ခေါင်းညိတ်ရမတဲ့လား ကံကြမ္မာ။

စံ ခေါင်းညိတ်လိုက်ရင် သူ့စွတ်ဆွဲချက်တွေ တရစပ် လွင့်ကျလာတော့မှာလေ။

" ခေါင်းညိတ်လိုက်ပါ သမီးရယ်-"

မေမေ ထပ်ဆင့်ပြီအားပေးလာတော့ စံရင်ထဲမှ ကြေကွဲမျက်ရည်တွေ ဝုန်းခနဲပြိုကျသွားတော့၏။



## အခန်း (၁၀)

အတ္တသွန်းချိုးထားသည့် သူ့လက်ချောင်းလေးတွေကြောင့် စံပခုံးသားနုနုဖွေးဖွေးလေးက နီရောင်ရဲရင့်ရာမှတစ်ဆင့် ညိုရောင်မှိုင်းလာသည်။

စံ နှုတ်ခမ်းလွှာဖူးဖူးလေးက သူ့ဒေါသကြောင့် ခြောက်သွေ့ပြာနှမ်းလျက်။

နှစ်ဖက်မိဘအရှက်မကွဲစေဖို့ အထူးသဖြင့် စံ မိဘသိက္ခာမကျစေဖို့ ခေါင်းညိတ်လက်ခံခြင်းက အဆိပ်ပြည့်လွှမ်းတဲ့ သူ့ရင်ခွင်မှာ စံ နှလုံးသား ပူလောင်ကျွမ်းရစေဖို့လား ကံကြမ္မာ။

စံစိတ်သည် သူ့ရင်ခွင်မှ လွတ်မြောက်နိုင်ခွင့်ကိုသာ ချောင်းမြောင်း ကြည့်ရှုလျက် သူ့အတ္တတွေကို ခေါင်းငုံ့ခံနေဖို့သာ တတ်နိုင်တော့၏။

အိပ်မောကျစဉ် ပေါ်ထွက်လာတဲ့ သူ့ဟောက်သံက စံရင်ခုန်သံ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်ခွင့် ထွက်ပေါက်ရတဲ့ တံခါးခေါက်သံသဖွယ်၊ စံ ကိုယ်လုံးလေးကို ရစ်သိုင်းထားသည့် သူ့လက်ချောင်းတွေကို စံ ဖယ်ခွါမိသည်။

တစ်စုံတစ်ရာအတွက် ဝမ်းနည်းစွာ စိမ့်ထွက်လာတဲ့ မျက်ရည် တစ်စက ပါးပြင်ပေါ်ပေါက်ခနဲ လွင့်ကျလာသည်။

ဖြစ်နိုင်ရင် စံလေ သူ့ရနံ့နဲ့ဝေးရာသို့ ပျံသန်းသွားချင် သည်ကွယ်။ တစ်ဖက်ကို သူ လူးလှိမ့်စောင်းအိပ်လိုက်တော့ စံ သူ့အပါး ဖယ်ခွာခဲ့မိသည်။

မွန်းကျပ်လွန်းသည့် စံရင်ခွင်သည် သူ့အခန်းကို ကျောခို လျှက်သား ဖြစ်ခဲ့သည်။ တိတ်ဆိတ်လွန်းတဲ့ညက ဝေဒနာတွေ ထွေးသိပေးမယ့် ပန်းဖူးလေးတွေလား။ ထိုစဉ်

" သမီး "

ရုတ်တရက် ပေါ်ထွက်လာသည့် အကြင်နာလွှမ်းသံကြေ စံ မျက်ဝန်းအိမ်မှ ယိုကျလုလု ဖြစ်နေသည့် မျက်ရည်စကို စံ လက်ဖ သုတ်မိလျက်သား ဖြစ်သွားသည်။

စံကို အရိပ်တကြည့်ကြည့် ရှိလှတဲ့ သူ့မိခင်က စံ တစ်ယော တည်း လသာဆောင်ပေါ် ထွက်ထိုင်မိတာကို သတိထားစောင့်ကြ နေသတဲ့လား။ စံအပါး ရောက်လာတဲ့ အန်တီက စံ မျက်နှာပြ စူးစမ်းကြည့်ပြီး





" သမီး ဝမ်းနည်းနေလား ငိုနေတာလား "

" ဟင့်အင်း မငိုပါဘူး "

စံရင်ထဲမှ ရှိုက်သံလေး ရုန်းကြွမလာအောင် ဖိသိမ့်မျိုချလိုက် သည်။ တတ်နိုင်သမျှ စံ မျက်နှာကြည်လင်အောင် ပြုပြင်ပြီး စံ နှုတ်ခမ်းလွှာပေါ် အပြုံးပွင့်နုနုလေး ဆွဲတင်ပြီး

" ဝမ်းမနည်းပါဘူး အန်တီ စံ ဘာဖြစ်လို့ ဝမ်းနည်းရမှာလဲ"

" သမီးရယ် "

ကပိုကရို လွင့်ကျနေသည့် စံမျက်နှာပေါ်မှ ဆံပင်တချို့ကို ဒေါ်ရှိစီ ကြင်နာစွာ သပ်တင်လိုက်ပြီး

" ဟုတ်ရဲ့လား သမီးရယ် "

စံ နှုတ်ခမ်းပါးပေါ် အပြုံးရောင်တောက်၍ ခေါင်းညိတ်တော့ ဒေါ်ရှိစီရင်မှာ အနည်းငယ် ပေါ့ပါးသွား၏။

" အန်တီ စိတ်ထင် သားတစ်ခုခုပြောလို့ "

" မ. . . မပြောပါဘူး "

စံ ခပ်သွက်သွက် ဆိုလိုက်မိသည်။ ဒေါ်ရှိစီ ကြည်နူးစွာ ပြုံး၍

" သား တစ်ခုခုပြောရင် နိုင်ထက်စီးနင်း ဆက်ဆံရင် အန်တီကို ပြောနော် "

" သူ ဘာမှမပြောပါဘူး "



www.burmeseclassic.com

www.burmeseclassic.com



စံရင်မှာ ကြိတ်မျို၍ ပြောမိပြန်သည်။

" ပြောလို့လည်းမရဘူး သား ဒယ်ဒီက သားကို အပြ[illegible] ဆုံးမထားတာ အန်တီလည်း ဆုံးမထားတယ်ကွယ် "

သူ့မိဘ ဆုံးမထားလို့သာပေါ့ ဆုံးမထားရင်တော့ စံ တစ်ကိုယ်လုံးကို ဓါးပါးပါးလေးနဲ့ မွှန်းလိုက်မယ် ထင်ရဲ့။

" သမီးလေးကို အန်တီသားနဲ့ဝပ်တူ ချစ်လို့ စီစဉ်ခဲ့တာပါကွယ် သားက နည်းနည်းဂျစ်တိုက်တာကလွဲရင် စိတ်သဘောပြည့်ပါတယ် သမီးရယ် ပြီးတော့ သားက အချော့ကြိုက်တယ် သမီးရဲ့ ချော့ချော့မော့မော့ ပြောရင် သားက ဦးခေါင်းညိတ် နားခံတတ်တာလေ "

စံ နှုတ်ခမ်းပါးလေး မသိမသာ တွန့်လိုက်မိသည်။ သူ့ကို ချော့မော့ဆက်ဆံဖို့ အန်တီ လမ်းခင်းပြနေတာလား။ သူ့ကိုချော့ရအောင် သူက ကလေးမှမဟုတ်တာ။

သူ့ကိုချော့မယ့်အစား ကျားမြီးပြေးဆွဲ လိုက်ချင်ရဲ့။ သူ့လို ဒေါသအိုးကွဲကို စံက ချော့ရမတဲ့ ဟွန်း

" သားက အဲလိုပဲ သမီးရဲ့ ဘာယ်အရာကိုမဆို ရုတ်ချည်း ကြုံရရင် ကြမ်းကြမ်းတမ်းတမ်း ဝုန်းဒိုင်းကြဲဖြစ်ပေမယ့် နောက်တော့ သူ့အလိုလို ငြိမ်သက်သွားပြီး သည်းသည်းလှုပ်လှုပ် ဖြစ်နေတတ်တာလေ"





" အန်တီဆိုလိုတာက . . . "

" ဪ သမီးရယ် သားက သမီးကို ရုတ်တရက်မို့ ခပ်ပြင်းပြင်း [illegible]ဆံတာပါကွယ် ဒီလိုဆက်ဆံတာက သားရဲ့အမြင် ကျဉ်းမြောင်းမှုပါ [illegible]စိတ်ကို နားလည်သွားရင် . . . "

" တော်ပါတော့ အန်တီရယ် "

စံ ရင်ထဲမှာ ဝမ်းနည်းသလိုဖြစ်သွား၏။ ဒေါ်ရီရီစီ မျက်ခုံးလေး [illegible]ကာ စံကို ပြုံးကြည့်၍

" သမီး မယုံလို့လား "

" ယုံ ယုံပါတယ် "

သူ့မိခင် ကျေနပ်အောင် စံ ဖိသိမ့်ယုံကြည်ပေးလိုက်သည်။ [illegible]ပြုံး၍ စံ နဖူးလေးကို ချစ်စနိုးနမ်းပြီး

" ယုံပါ သမီးရယ် သားအကြောင်း အန်တီသိပါတယ် အန်တီက [illegible]လေးကို အရမ်းအားနာနေတာ သား တစ်ခုခုပြောလို့ သမီးလေး [illegible]ကြည်မသာ ဖြစ်နေမှာကိုလေ "

စံ သက်ပြင်းချ၍ ကြယ်ပွင့်လေးတွေဆီ မျက်နှာလွှဲလိုက်မိသည်။

" ဒါနဲ့ သမီး "

" ပြောပါ အန်တီ "

စံ အန်တီကို လှည့်မကြည့်မိ။ အန်တီ အကြင်နာတွေက



www.burmeseclassic.com

www.burmeseclassic.com



နွေးနေဆဲ။

" သမီး တစ်ခုခုကိုတွေးပြီး ရှက်နေလားဟင် "

" ရှင်. . ."

စံ အန်တီမျက်နှာကို ဖျတ်ခနဲကြည့်မိသည်။ အန်တီနှုတ်ခမ်း လှလှပေါ်မှ နားလည်မှုပေးနေသည့်အပြုံးက ကြယ်ရောင်လို လက်နေဆဲ။

" ဟိုလေ အန်တီတို့ နှစ်ဖက်မိဘ အစီအမံကို သမီး ကျေကျေ နပ်နပ် လက်ခံခဲ့တယ်လေ "

" ဟုတ်ပါတယ် ဒါကြောင့် မေမေတို့ဆန္ဒအတိုင်း သူ့ကို စံ ခေါင်းညိတ်လက်ခံခဲ့တာ "

" အဲဒီအတွက် သမီးကိုအန်တီ ကျေးဇူးအများကြီး တင်ပါတယ် ကွယ် "

" ရပါတယ် "

" ဒါပေမယ့် သမီးရှက်နေသလိုပဲ သားအနားမှာ နေဖို့လေ"

" အို. . ."

စံ တစ်ကိုယ်လုံးရှိ မွေးညင်းလေးတွေ ထောင်ကြွသွား၏။ အန်တီမျက်နှာကို စံ မကြည့်ရဲသလိုဖြစ်ကာ စံ မျက်လွှာချလျက်သာ ဖြစ်သွားသည်။

အန်တီအပြုံးက လှပနေဆဲ။ စံ လက်ချောင်းလေးကို အန်တီ





ကယုကယ ဆုပ်ကိုင်ပြီး

" မရှက်ပါနဲ့ သမီးရယ် သားက သမီးကို မုန်းတီးစိတ်တွေ နောက်မှာ ချစ်နေတာကွယ့် "

" အို . . ."

စံ မျက်လွှာလေးပို၍ မှေးစင်းသွားသည်။ သူက ချစ်နေတာတဲ့ သားဘက်က မဖြစ်နိုင်တာကို ဆွယ်တရားဟောနေသည့် အန်တီကို စံ အပြစ်မဆိုရက်ပါ။

ဒါပေမဲ့ သူ စိတ်ကို စံဖတ်တတ်ပြီးသားပါ။ စံကို အထင်သေး သလို စံမိဘကို အပြုံးထားပြီး စံကို နိုင်ထက်စီးနင်း ပြုမူ ဆက်ဆံတာ လေ။

ဒါတွေကို စံ လက်တွေ့ကျကျ ခံခဲ့ရတာ။ အန်တီက သူ့သား အတွက် အယူခံဝင် ဖြေရှင်းနေတယ်ဆိုရင် စံ နားထောင်ရုံက လွဲလို့ ဘာတတ်နိုင်မှာလဲ။

" ဟုတ်ပါတယ် သမီးရယ် သားစိတ်ကို သမီးလေးနားလည် ပေးပါနော် မရှက်ပါနဲ့ သမီးရယ် နော် "

မရှက်ပါနဲ့တဲ့ သူအတွက်တွေက စံ ရှက်ရွံ့ရှောင်ဖယ်လို့မရအောင် ပြင်းထန်လွန်းခဲ့တယ်ဆိုတာ အန်တီမသိတာ သိပ်ဝမ်းနည်းစရာ ကောင်းလွန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



" သမီးလေး သိပ်ပင်ပန်းနေတာ ဖြစ်မယ် "

နွမ်းဖျော့သွားတဲ့ စံ မျက်နှာပြင်ကို သူ့မိခင် နားလည်မှု လွဲစွာ ဖတ်လျက်

" အင်းပေါ့လေ ပင်ပန်းမှာပေါ့ မဂ်လာညှေ့ခံပွဲ ထွက်ရတာ ပင်ပန်းတာပါပဲကွယ် အနားယူပါ သမီးရယ်နော် ညဥ့်လည်းနက်လှပြီ အိပ်တော့နော် "

စံ ဦးခေါင်းမညိတ်ချင်ဘဲ ညိတ်လိုက်ရသည်။

" လာ အန်တီ လိုက်ပို့ပေးမယ် "

" ရပါတယ် စံ ခဏနေကြာရင် အိပ်တော့မှာပါ အန်တီလည်း အိပ်ပါတော့နော် "

စံ အတတ်နိုင်ဆုံး ဖော့ပြောရင်းပြုံးနိုင်အောင် ကြိုးစားမိသည်။ အန်တီက စံကိုယ်လေးကို မြတ်မြတ်နိုးနိုးပွေ့ပါသည်။

" သမီးလေးက သိပ်လှသလို သိပ်ချစ်စရာလည်း ကောင်းတယ် ပြီးတော့ အရာရာကို နားလည်သိတတ်လွန်းတယ်လေ ဒါကြောင့် အန်တီ ချစ်ရတာ သားကပိုပြီးတောင် ချစ်မှာပါကွယ် နော် "

စံ အသက်အောင့်လိုက်မိသည်။ သူ့မိခင်က သူ့အတွက် အောင်သွယ်နေတာလား။

" ကဲ သမီး အန်တီလည်းအိပ်တော့မယ် သမီးလည်း အိပ်တော့





နော် လာ သားအခန်းထဲ အန်တီလိုက်ပို့မယ် "

စံ ကိုယ်လုံးလေးကို သူ့မိခင် တယုတယ ပွေ့ဆောင်သွား၍ ံ ခြေလှမ်းနောက်ဆုတ် ရှောင်ဖယ်မရနိုင်တော့။ သူ့အခန်းထဲ စံ ဝင်ရ ပြန်သည်။

သူ့မိခင် နှုတ်ဆက်ထွက်သွားမှ စံ သက်မအသာချ၍ အခန်း ံခါးကို ဖွဖွလေးပိတ်မိသည်။

သူ့ခုတင်ဘက် စံ ခြေလှမ်းရွှေ့လျက် ညအိပ်မီးသီး ပြာလဲ့လဲ့ လေးအောက်မှ သူ့မျက်ဝန်းက ဆူတောက်နေသလို

အဲဒီမျက်ဝန်းက စံကိုချစ်နေတဲ့ မျက်ဝန်းမဟုတ်ဘူးဆိုတာ ံ ခွဲခွဲခြားခြား သိတာပေါ့ အန်တီရယ်။

စံ သူ့ဘေးက ဖဲ့ထွက်သွားတာကို အခဲမကြေဖြစ်နေတဲ့ ျက်ဝန်း တစ်နည်းအားဖြင့် စံကို မျက်မုန်းကြိုး မုန်းတီးကာ ရက်စက် ာ့မည့် မျက်ဝန်း စံမျက်လွှာချလျက် သူ့ဘေးနားရောက်သွားတော့

စံ ကိုယ်လုံးလေး မွေ့ရာထဲနစ်ဝင်သွားသည်။

စံ ရင်တွေတုန်လိုက်တာ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

" သား ထတော့ ရှစ်နာရီခွဲနေပြီ "

သူ နံနက်တိုင်းကြားနေကျ အထိန်းတော်ကြီး ဒေါ်ဖြူ နှိုးသံကြောင့် သူ နိုးလာသည်။ သူအပျင်းဆန့်၍ လက်နှစ်ဖက်ဆန့်လိုက်စဉ် သူ့လက်က ခေါင်းအုံးတစ်လုံးကို တိုက်မိသည်။

သူ ဝဲစောင်းကြည့်စဉ် သူ့မျက်နှာ တင်းကြွသွားသည်။ သူ့ဘေး ခေါင်းအုံးမှာ ရတီစံ ခေါင်းချ ခဲ့သည်ဆိုသည့်အသိက သူ့ရင်ကို လှုပ်ခတ်သွားစေသည်။

" ထလေ သား ရတီလေးက အစောကြီးနိုးနေတာ "

သူ့ကို အစွမ်းကုန် အလိုလိုက်၍ ချစ်အားပိုလှေ့ရှိသည့် ဒေါ်ဖြူက သူ့ကိုယ်ပေါ်မှစောင်ကိုချုပ်၍ ထပ်ဆင့်ပြောစဉ် သူ ဝုန်းခနဲ ထလိုက်သည်။

" သား မနက်စာကို ထုံးစံအတိုင်း မင်းလွင်တို့နဲ့ အပြင်ထွက်





စားမလား "

" မစားဘူး "

သူ တင်းပြတ်ပြတ် ပြောလိုက်သည်။ ခြုံစောင်ခေါက်နေသည့် ဒေါ်ဖြူ သူ့ကိုတအံ့တဩ ကြည့်ပြီး

" ဒါဆို ဒေါ်ဖြူ စီစဉ်ပေးမယ်လေ သား ဘာစားမလဲ "

" ဘာမှမစားဘူး ဒေါ်ဖြူလည်း မစီစဉ်နဲ့ "

" ဟင် ဘာဖြစ်လို့လဲ သားရယ် "

ပုံမှန်နဲ့မတူဘဲ အိပ်ရာထထတာနဲ့ မလိုတမာ တင်းပြောင်နေသည့်ကောင်းကို ဒေါ်ဖြူ စိတ်မသက်မသာ ကြည့်မိသည်။

" သား ဘာဖြစ်နေလဲ နေမကောင်းဘူးလား မှန်းစမ်း "

ဒေါ်ဖြူ စိုးရိမ်သလိုဖြစ်၍ သူ့နဖူးပေါ် လက်တင်စမ်းလိုက်သည်။

" အွန်း ကိုယ်မပူဘဲ "

ဒေါ်ဖြူ မသိမသာပြုံး၍

" ညက သောက်တာနည်းနည်းများသွားလို့ ထင်တယ် "

" မများဘူး "

" ဒါဆို ဘာဖြစ်လို့ ဂျီတိုက်နေရတာလဲကွယ် "

" ရတီစံကော "



www.burmeseclassic.com

www.burmeseclassic.com



သူ တင်းပြတ်ပြတ် မေးတော့ ဒေါ်ဖြူ နှုတ်ခမ်းပါးလေး ပြုံးလှုပ်၍

" ဘာဖြစ်လို့လဲ သား "

" သွားခေါ်ခဲ့ "

" ဟင် "

" ရတီစံကို ခေါ်ခဲ့လို့ ပြောနေတာ "

ဩော် လက်စသတ်တော့ သူ့မိန်းမကို မမြင်လို့ တင်းနေတာကိုး၊ ဒေါ်ဖြူကိုက အကင်းမပါးသလို ဖြစ်တာကိုး အစကတည်းက ရတီစံကို နှိုးခိုင်းလိုက်ရင် အကောင်းသား။

ဒေါ်ဖြူက ကောင်းကို ဒေါ်ရှိစီ မွေးကတည်းက ပြုစု စောင့်ရှောက်လာခဲ့တာ။

ဒေါ်ရှိစီတို့ လင်မယား နိုင်ငံခြားထွက်တာတောင် ကောင်းကို ဒေါ်ဖြူလက်ထဲ စိတ်ချလက်ချ အပ်ခဲ့တာလေ။

ဒေါ်ဖြူက ကောင်းရဲ့အရိပ်အခြေ မှန်သမျှကို အကဲခတ် တတ်ပေမယ့် ဒီတစ်ခါ အကဲခတ်မတတ်တာ ဒေါ်ဖြူညံ့လို့ ထင်ရဲ့ ဒေါ်ဖြူ ခပ်ပြုံးပြုံးလေး ထွက်သွားတော့ သူ လက်တစ်ဖက်က ရတီစံခေါင်းအုံးကို ဆုပ်ကိုင်ကာ နံရံမှာ ပစ်ပေါက်မိသည်။

ဒေါ်ဖြူ ထမင်းစားခန်းထဲ ချောင်းကြည့်လိုက်တော့ ရတီစံက





မျက်လွှာလေးချ၍ နံနက်စာစားနေဆဲ။ ဆင့်မောင်နဲ့ရှိစီက ရတီစံကို ဦးတည်လျက် စကားလှိုင်လှိုင်ပြောတော့ ရတီစံ ဦးခေါင်းလေးမော့၍ တစ်ချက်တစ်ချက်ပြုံးမိသည်။

ထမင်းစားခန်းဆီ ချောင်းနေသည့်ဒေါ်ဖြူကို ဒေါ်ရှိစီ ဖျော်ခနဲမြင်တာကြောင့်

" ဒေါ်ဖြူ သားနိုးပြီလား "

" နိုးပြီ ရှိစီ "

" နိုးရင် ဆင်းလာခိုင်းလိုက်လေ ရှိစီတို့သားကို စောင့်နေတာ"

ဒေါ်ဖြူ အားတုံ့အားနာဖြစ်လျက် ခေါင်းညိတ်လိုက်သည်။ သားကတစ်မျိုး ဂျိတိုက်နေတာလေ။ ဒါကို ဒေါ်ရှိစီက မသိပေမယ့် သိအောင်ပြောရမှာမို့။

" ဟို ရတီစံကို သား ခေါ်ခိုင်းနေလို့ "

ဒေါ်ဖြူ ပြောတော့ စံ စားလက်စ ကိတ်ကို ပန်းကန်ထဲ ပြန်ထည့်ပြီး ထရပ်လိုက်သည်။

" နေ. . . သမီး

အန်ကယ် ဘဝင်မကျသလို ဟန့်၍ စံ ပြန်ထိုင်လိုက်ရသည်။ အန်တီက မျက်ခုံးလှုလှုလေး အသာတွန့်ရင်း

" သားကို ဆင်းလာလို့ပြော ဒီမှာ သမီးလေး နံနက်စာ



www.burmeseclassic.com

www.burmeseclassic.com



စားနေတာလေ ဒေါ်ဖြူ သားက အတော်ဂျစ်သမား နည်းနည်းဆုံးမဦး ဒေါ်ဖြူ အရင်လို သားကိုသိပ်အလိုမလိုက်နဲ့ သားကို မြန်မြန် ဆင်းလာခိုင်း ''

အန်တီ ခပ်တင်းတင်းလေးပြောတော့ ဒေါ်ဖြူမျက်နှာလေးညှိုး၍ ပြန်ထွက်သွားသည်။

'' သားက ဒီလိုပဲ မနက်ကျရင် ဒေါ်ဖြူနှိုးမှ ထနေကျ ဒေါ်ဖြူ မနှိုးသလောက် ပေကတ်ပြီးအိပ်နေတတ်တာ နောက်ပြီး သား ဘာခိုင်းခိုင်း ဒေါ်ဖြူက တတွေမသိမ်း လုပ်ပေးနေကျ သမီးရယ် အခုလည်း ကြည့် သမီးမနက်စာ စားနေတာ မြင်နေရက်နဲ့ သားခေါ်ခိုင်းတာနဲ့ လာခေါ်တာ သားကိုဆင်းလာခိုင်းရင် ပြီးတဲ့ကိစ္စ ''

အန်တီက ခပ်ပေါ့ပေါ့ ပြောနေပေမယ့် စံရင်မှာ ကျောက်ခဲတစ်လုံး ခံနေသလို တင်းနေစေသည်။

'' ကဲ သမီး စားလေ ''

'' ရော့ ယိုကိတ်လေး စားဦး သားက နာနတ်ယိုကိတ်ဆို သိပ်ကြိုက်တာ ''

အန်တီနဲ့အန်ကယ် တစ်ခွန်းစီပြော၍ စံရှေ့သို့ နာနတ်ယိုကိတ် ပန်းကန်ချပေးသည်။

'' စား သမီး ''





အန်တီ ထပ်ဆင့်ပြော၍ စံ မငြင်းဆန်ရက် ကိတ်အတုံး သေးသော ဘစ်တုံး ကိုင်လိုက်သည်။ သူ ကြိုက်တဲ့ကိတ်ကို စံ တစ်ကိုက်ဖဲ့ စားနေတုန်း အပေါ်ထပ်လှေကားမှ တဝုန်းဝုန်း ပြေးဆင်းလာသည့် ခြေသံပြင်းပြင်း ကြားလိုက်ရသည်။

ဒီခြေသံက စံကို ပြဿနာရှာမယ့် ခြေသံကလွဲ၍ တခြား မဖြစ်နိုင်တော့။

ခံတွင်းထဲရောက်နေသည့်ကိတ်ကို စံ မဝါးမိ။ ထမင်းစား ခန်းဝမှာ ဒေါသအငွေ့တထောင်းထောင်းနဲ့ ခါးထောက်ရပ် နေသည့် သူ့ကိုမြင်တော့ စံ ခံတွင်းထဲမှ ကိတ်တုံးလေးက လည်ချောင်းဝမှာ တစ်ဆို့သွားသည်။

'' သား ဘယ်လိုပုံစံလဲ ကြည့်စမ်း ညအိပ်ဝတ်စုံ မလဲသေးဘူး ရေလည်းမချိုးသေးဘူး ဘယ်လိုဖြစ်လာတာလဲ ပုံစံက မြွေပေါက်လိုင်မို ဘာလိုလိုနဲ့ ဒေါ်ဖြူ ဘယ်မှာလဲ မြန်မြန်လာ ''

အန်တီ ဆတ်ခနဲထ၍ တရစပ်ပြောလိုက်တော့ ဒေါ်ဖြူ မျက်နှာ မှိန်မှိန်လေးနဲ့ ရောက်လာသည်။ အန်တီ ဒေါ်ဖြူကို ခပ်ရူးရူးလေးကြည့်ပြီး

'' သားကို နည်းနည်းမှ မပြောဘူးလား အိပ်မှုံစုံဖွားနဲ့ ထပြေး လာတာ မင်္ဂလာမရှိလိုက်တာ ''

အန်ကယ် မျက်ဝန်းက ညအိပ်ဝတ်စုံ ဖရိုဖရဲ ဆံပင်ပွပွ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



အဆိပြုန်နေတဲ့ သူ့ကို မနှစ်မြို့စွာ ရှုဘင်းထင်းကြည့်နေသဲ စံက ဘာလုပ်လို့ လုပ်ရမှန်းမသိတော့။

နီမြန်းနေတဲ့ သူ့မျက်ဝန်းမှ ဒေါသအငွေ့တွေကို မကြည့်ရဲ၊ စံ မျက်လွှာချလိုက်တော့ သူ့ကိုယ်က အနိတ်ကိုကျော်လျက် စံ လက်တစ်ဖက်ကို အတင်းဆုပ်ကိုင် ဆောင့်ဆွဲခြင်း ခံလိုက်ရသည်။

ထိုအခါ စံတစ်ကိုယ်လုံး သူ့ဘက်ပြိုကျလျက် ထမင်းစားခန်းထဲက စံကို ဆွဲထုတ်တော့ အန်ကာယ် လက်တစ်ဖက် ဆန့်ထွက်လာသည်။

သူပခုံး တစ်ဖက်ကို အန်ကာယ်ခတ်ခနဲ ဆွဲကိုင်၍ အန်ကာယ့်ရဲ ကျန်လက်တစ်ဖက် မြှောက်ဘက်သွားသော

စံ မျက်ဝန်းပြာမှောင်သွားချိန်၊ စံကို ဆုပ်ကိုင်ထားသည့် သူ့လက်လွတ်ကာ သူ့တစ်ကိုယ်လုံး ဝုန်းခနဲ ခွေကျသွားသည်။

ဘုရား ဘုရား သူ့ဒယ်ဒီ သူ့ကိုထိုးလိုက်တာလား။ ဒေါ်ဖြူ သူ့ကို ကမန်းကတန်း ဆွဲပွေ့လျက် သူ့နှုတ်ခမ်းပါးမှ ယိုစိမ့်ကျလာသည့် သွေးစကို ပွတ်သုတ်ပေးရင်း

" တော်ပါတော့ ကိုဆင့် သားကို အဲဒီလောက်ထိ မရက်စက်ပါနဲ့ မရက်စက်ပါနဲ့ကွယ် သားကိုတစ်သက်နဲ့တစ်ကိုယ် လက်ဖျားနဲ့မထိရက်ခဲ့တာ ခုတော့ သွေးထွက်အောင် လုပ်ရက်တာလားဟင် "

ဒေါ်ဖြူ ဝမ်းနည်းတကြီး ပြောတော့ ဒေါ်ရှိသီ မျက်နှာပေးပို၍





တင်းမာသွားပြီး

" လုပ်ရမယ် ဖြူ သားဟာ တစ်စထက်တစ်စ မိုက်ရိုင်းလာတယ် "

" ဒီမှာ ဒေါ်ဖြူ သားကို ဆုံးမနေတဲ့အချိန်မှာ ဒေါ်ဖြူကြားမဝင်ပါနဲ့ ဒေါ်ဖြူက သားကိုချစ်တာ တစ်ခုတည်းသိတယ် သားအလိုကို အစဉ်အမြဲ ဦးစားပေးခဲ့လို့ သားခုလိုရိုင်းစိုင်းလာတာ "

အန်ကယ် ပြင်းရှရှပြောတော့ ဒေါ်ဖြူ မျက်လွှာချလျက် ဖြစ်သွားသည်။ ဒေါ်ဖြူ ခေါ်ကတည်းက စံလိုက်သွားရင် အကောင်းသားခုတော့။

စံ သူ့အပါးပြေးကပ်သွား၍ သူလက်တစ်ဖက် ဆန့်ထွက်လာပြီး ဆောင့်တွန်းလိုက်တော့ စံ ဖင်ထိုင်လဲကျသွားသည်။

" တောက် ကောင်းကင်ချာန် "

ဒယ်ဒီ ဒေါသတကြီး သူ့ရင်ဘတ်ကို ဆွဲကိုင်လိုက်ပြီး

" မင်းဘာကို အလိုမကျတာလဲကွ "

သူ မျက်နှာပေးကို ဆတ်ခနဲ ခါလိုက်တော့ သူ့နှုတ်ခမ်းမှ စီးကျ လာသည့် သွေးတစ်စ စံလက်ခုံပေါ် လွင့်ကျလာသည်။

သူ ဘာတစ်ခွန်းမှ မပြောဘဲ အန်ကယ်လက်ထဲမှ ရုန်းထွက်သွား၏။ အန်တီက စံကို ဖေးမ ထူပွေ့၍



www.burmeseclassic.com

www.burmeseclassic.com



" နာသွားလား သမီး "

အန်တီ တယုတယ မေးတော့ စံ ဦးခေါင်းရမ်း၍ ရှန်းထလို

သည်။

ဒေါ်ဖြူက သူ့နောက်လိုက်ထွက်သွားသည်။ အပေါ်ဝ တက်သွား သည့် သူ့ခြေသံပြင်းပြင်းက စံရင်မှာ လှိုင်းကြမ်းထန် သွား သည်။ အန်ကယ်က ဒေါသမပြယ်သေးတဲ့ မျက်ဝန်းနှင့် အံတကြိတ်ကြိ ဖြစ်နေဆဲ။

" ဒီကောင် အခုမှ ဒီလို စရိုက်ကြမ်းတွေ ပြောင်းလဲလာ ရှိစ "

" ဟုတ်တယ် ကိုဆင့် "

" သားကို ဒီအတိုင်းလွှတ်ထားလို့ မရတော့ဘူး တစ် စီစဉ်မှုဖြစ်မယ် "

" ကိုဆင့်က ဘယ်လိုစီစဉ်ချင်လို့လဲ "

" ကိုယ်တို့အနားမှာ အချိန်ပြည့်ထားပြီး အနီးကပ် စောင့်ကြ ရမယ် "

အန်ကယ်ပြောတော့ အန်တီမျက်ဝန်းအရောင် လင်းဖြာလ

" ဟုတ်တယ် ကိုဆင့် အဲဒါအကောင်းဆုံးပဲ ဒါမှ သားစို ပျော့ပြောင်းလာမှာ နောက်ဆိုမလွယ်ဘူး ဒေါ်ဖြူက သားကို သိပ်အ





လိုက်လွန်းလို့ ခုလောက်ဆိုးသွမ်းနေရတာ ကဲ သမီး ဘာမှစိတ်အနှောင့် အယှက်ဖြစ်စရာ မလိုဘူးနော် "

စံဘက်လှည့်ပြော၍ စံ ဦးခေါင်းညိတ်ရုံသာ တတ်နိုင် တော့သည်။

" သမီးဘက်မှာ အန်တီတို့ရှိတယ် သားကို ကြောက်နေဖို့ မလိုဘူး "

" သားက တစ်ခါမှဒီလို မရင့်သီးဖူးဘူး အခုမှဖြစ်လာတာ သမီးကို အန်ကယ်အရမ်းအားနာတာပဲ သမီးရယ် "

" ရပါတယ် အန်ကယ် "

" ကဲ သား မစားရင်နေပစေ အန်တီတို့ နံနက်စာ ဆက်စား ရအောင် "

အန်တီပြော၍ စံခေါင်းညိတ်လိုက်ရပေမယ့် စံရင်မှာ သူ ဒေါသတွေ ဆူနေဆဲ အန်တီနဲ့အန်ကယ် လက်ဖက်ရည်သောက်တုန်း အသာထရပ်၍

" ဟို စံ အပေါ်ခဏတက်လိုက်မယ် "

စံ ခပ်တိုးတိုးပြောတော့ အန်တီတို့မျက်ဝန်းနှစ်စုံ စံ့ထံ အကဲတသြ ကျရောက်လာသည်။ စံ မျက်နှာလွှာချ အသက်အောင့် လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" သူ ဘာပြောစရာရှိလဲ မသိဘူး "

ဒေါ်ရိုရိစီနဲ့ဦးဆတ်ဆောင် တစ်ယောက်မျက်နှာတစ်ယောက် ကြ
သည်။ ပြီးမှ အန်တီ ဦးခေါင်းဆတ်လျက်

" သမီးသွားချင်တယ်ဆို သွား ဒါပေမဲ့ ခုထာကာလို ကြမ်းပြ
တမ်းတမ်း ပြုမူလာရင် အန်တီ့ကို ချက်ချင်းခေါ် "

" ဟုတ်ကဲ့ အန်တီ "

စံ ဦးခေါင်းငုံ့၍ အန်တီတို့အရှေ့မှ ထွက်ခဲ့ပြီသည်။ အဖြစ်အပျက်
မထင်မှတ်ဘဲ ဘာကြောင့် ပြင်းထန်သွားတာလဲ ကံကြမ္မာ။

" ဒယ်ဒီ မတရားဘူး သားကိုရက်စက်တယ် ဒီမိန်းမကြေ
သားကို ဒယ်ဒီနှိပ်စက်တာ သားအရမ်းစေ်းနည်းတယ် ဒေါ်ဖြူ
ဒီမှာမနေတော့ဘူး လုံးဝမနေတော့ဘူး "

" အိုး သား ဒီလိုမလုပ်ရဘူးလေ "

" မနေဘူး သား မနေနိုင်ဘူး မနေဘူး "

ရှိုက်ကြီးတငင် ငိုကြွေးလျက် ကျောပိုးအိတ်ထဲ အဝတ်
ထိုးထည့်နေတဲ့သူ့ကို ဒေါ်ဖြူက စည်းကာဟန့်တားလျက်။

" သားရယ် ဒီလောက်ထိ ဝမ်းနည်းနေဖို့ မလိုပါဘူး ကျွ
ဒေါ်ဖြူပြောပေးပါ့မယ်ကွယ် နော် သား စိတ်လိုက်မာန်ပါ မလုပ်ပါ

ဒေါ်ဖြူက မျက်နှာငယ်လေးနဲ့ တတွတ်တွတ်ပြော၍ သူ့အ





တွကို ခွဲယူနေသည်။ သူက ဒေါ်ဖြူကို တွန်းဖယ်လျက် အဝတ်တွေ
ထည့်နေ၏။

" ဒေါ်ဖြူ သားကိုမတားနဲ့ သားစိတ်နဲ့သား နေပါရစေ ဒယ်ဒီတို့
စက်မှုကို သား မခံစားပါရစေနဲ့ မတားပါနဲ့ မတားနဲ့ ဒေါ်ဖြူ "

သူ ဖွတ်တရွတ် ရွတ်၍ အဝတ်အိတ်ကို ကျောပိုးလိုက်သည်
ရင်ထဲမှ ခံပြင်းမျက်ရှသည့် မျက်ရည်စ လွင့်ကျလျက်

အခန်းထဲက ကမူးရှူးထိုး ပြေးထွက်လာသည့် သူနှင့် အခန်းဝ
ထုံတော့ စံ မျက်လွှာချလျက် သူ့ရှေ့မှပိတ်ရပ်မိသည်။

" ဘာ. . . ဘာပြောစရာရှိလို့လဲ ဟင် "

" တောက် "

စံကို တွန်းထုတ်၍ သူ ခြေလှမ်းကြဲ လှမ်းထွက်သွားစဉ်။

" ကိုကောင်းကင်ဈာန် "

" မင်း ငါ့နာမည် ဘယ်တော့မှ မခေါ်နဲ့ ငါ့ရှေ့ဘယ်တော့မှ
လာနဲ့ မင်းကိုဒီနေ့ကစပြီး ငါ စွန့်ပစ်လိုက်ပြီကွ "

တရေပ်ပြောကာ လှေကားထစ်တွေကို တဝုန်းဝုန်းဖြင်ကျော်
သွားသည့် သူ့နောက်ကျောကို စံ ငေးကြည့်မိသည်။

သူ့စိတ်က ဘယ်လိုလဲ စံ နားမလည်နိုင်တော့၊ သေချာတာက
ကို သူ ပယ်ပယ်နယ်နယ် မုန်းတီးသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက် စံခြေလှမ်း တစ်ဖြည်းဖြည်း ရွေ့ပါသွားသည်။ ညေ့ခန်းကိုဖြတ်တော့ ထမင်းစားခန်းထဲက ထွက်လာသည့် အန်တီနှင့် အန်ကယ် မြင်သွား၏။

" ဒါဘယ်ကိုလဲ ကောင်း "

အန်ကယ် မေးသံဟိန်းထွက်လာသည်။ သူ ခြေလှမ်းမတန့်ဘဲ ရွေ့လျားနေဆဲ။

" ကောင်းကင်ဈာန် "

အန်ကယ် အသံပို၍ ဟိန်းထွက်သွား၏။ သူ့ခြေလှမ်း တန့်သွားသည်။

" သား ဘယ်လိုဖြစ်နေတာလဲ "

အန်တီ သူ့အပါးကပ်သွားပြီး ခပ်စူးစူး မေးလိုက်သည်။ သူ နှုတ်ခမ်းပါးကို ဆွဲကိုင်လျက် နှုတ်ဆိတ်နေဆဲ။

" ရှိစေ ဒီကောင် ဘာဖြစ်နေလဲမမေးနဲ့ အခု မင်းဘယ်သွားဖို့ အဝတ်အစား ယူသွားတာလဲ "

" မင်းလွင်တို့ဆီ သွားမလို့ "

" မင်းလွင်တို့ဆီသွားတိုင်း မင်း အဝတ်အိတ် ယူသွားလေ့ ရှိလား "

ဒယ်ဒီမေးခွန်းကြောင့် သူ့ကျောပေါ်မှ အဝတ်အိတ် လျှောကျ





…ားသည်။ အဝတ်အိတ်ကို သူ ပြန်မကောက်။ မိဘနှစ်ပါးကို ကျောခိုင်း …က်သွားတော့၏။

အဝတ်အိတ်ချပြီး ထွက်သွားသည့် သူ့နောက်ကျောကို ကြည့်၍ …တီနဲ့အန်ကယ် စိတ်သက်သာရာ ရသွားသလို ဆိုဖာပေါ် …ိုင်ချလိုက်သည်။ စံ သက်မလေး အသာချ၍ သူ့အဝတ်အိတ်ကို …ကောက်ကာ

ကောင်းကင်ဈာန်ရယ်

အန်ကယ် လက်သီးချက်က စံကြောင့်လို့ စွတ်စွဲနေတာလား။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

စားပွဲကို ဝုန်းခနဲတွန်းဖြိုလိုက်သည့် ကောင်းဒေါသကို မင်းလွင်တို့ ငေးကြည့်နေဆဲ။

" မကျေနပ်ဘူးကွာ လုံးဝမကျေနပ်ဘူး ရတီစံ မင်းကြောင့် ဒယ်ဒီ ငါ့ကိုထိုးတာ "

သူ့ပေါက်ကွဲသံက သူ တွန်းဖြိုလိုက်တဲ့ စားပွဲပေါ်မှ စာအုပ်တွေလို ပြန့်ကြဲသွား၏၊ ထက်ကိုက စားပွဲကို ပြန်ထောင်သည်။ ပြန့်ကြဲနေသည့် စာအုပ်အဟောင်းတွေကို မင်းလွင် ကောက်၍အခန်းထောင့်မှာ ပုံလိုက်သည်။

ပြတင်းပေါက်ဘောင်ကို လက်ထောက်ရပ်ကာ အပြင်သို့ မျက်နှာမူထားတဲ့ ကောင်း ကိုယ်တစ်ဖက်လှည့်၍ သူတို့ဘက် မျက်နှာပေးပြီး





" မင်းတို့ ငါ့ဘက်က တစ်ဆိတ်စဉ်းစားကွာ ဒယ်ဒီ ငါ့ကို ထိုးသင့်သလားကွ "

" ဟုတ်သားပဲ ဒီကိစ္စမှာ မင်းဒယ်ဒီ လွန်တယ် "

" မင်းမာမီက ဘာဖြစ်လို့ မင်းဘက်မှာ မရှိရတာလဲ "

ကောင်းဘက်က ဝိုင်းဝန်းခံစားပေးလို့တဲ့ မင်းလွင်တို့စိတ်က ကောင်းနဲ့ထပ်တူကျလျက်။

မင်းလွင်တို့ကြမ်းခင်းပေါ် စိတ်ပျက်လက်ပျက် ထိုင်ချ၍ ငပ်တင်းတင်းလေး ဝေဖန်ကြသည်။ သူ နှုတ်ခမ်းအက်ကွဲရာက နာကြင်နေခဲ။

" ဟုတ်တယ် မာမီကိုလဲ ငါ မကျေနပ်ဘူး ရတီစံနဲ့ပတ်သက်ရင် ငါ့ကို အလိုလို ဘေးဖယ်ထားတာ ငါ အကြေကွဲဆုံးပဲ "

ဘယ်အချိန်ကတည်းက တိုးဝှေ့လာမှန်းမသိတဲ့ ကြေကွဲမှုတွေ ဝုန်းခနဲပြိုဆင်းလာသည်။ မျက်ရည်စတွေကို သူပခုံးနဲ့ ပွတ်သုတ်လိုက်ပြီး

" သူတို့မိသားစု မှိုင်းဝနေတဲ့ ဒယ်ဒီနဲ့မာမီကို ငါ့ရင်မှာ ခံစားလို့ မရတော့ဘူးကွာ "

နံရံမှာ မှီထားသည့် သူ့ကိုယ်လျော့ခနဲ ပြိုဆင်းသွားသည်။ သူတို့သုံးယောက်ကြားမှ စားပွဲခုံပုလေးက တည်ငြိမ်လျက်

ထက်ကိုက ကြမ်းခင်းပေါ်ချထားသည့် ပလပ်စတစ်ဆွဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ဘီယာဘူးတွေကို နှိုက်ထုတ်၍ စားပွဲပေါ်တင်လိုက်သည်။ မင်းလွှင်ဘီယာဘူးကို ငေးကြည့်ပြီး

" မင်းအခု ဘာဖြစ်ချင်လဲ "

" ငါ အရမ်းမွန်းကျပ်နေတယ် အရမ်းကြေကွဲနေတယ်ကွာ ငါ ဘာလုပ်ရမလဲ "

ထက်ကို အာလူးကြော်ထုပ်တွေ စားပွဲပေါ်တင်ရင်း

" လောလောဆယ် မင်းအာရုံပြောင်းဖို့ လိုတယ် "

" ဘယ်လိုပြောင်းရမလဲကွ ငါ့အာရုံမှာ အဲဒီပုံရိပ်တွေ တဝဲလည်လည် ဖြစ်နေတယ်ကွ "

" အဲဒီ ပုံရိပ်တွေ ပျောက်ကင်းမယ့် နည်းရှိတယ်ကွ "

မင်းလွှင်ဆိုစဉ် သူ နှုတ်ခမ်းပါးလေး လှိုင်းကြွလျက်

" ဘာနည်းလဲ "

မင်းလွှင် မျက်ရိပ်လေးစောင်းပြခိုက် သူ အကြည့်ဘီယာဘူးဆီ ရွေ့သွားသည်။

" ဟုတ်တယ် ကောင်း အဲဒီအဖြစ်ကို မင်းတသသ ခံစားနေစရာမလိုဘူး တကယ်ဆို မင်းဒယ်ဒီ အဲဒီလောက်ပြင်းထန်ဖို့ မသင့်ဘူး"

" ဟုတ်တယ် ငါ အဲဒါကို မကျေနပ်တာကွ "





ထက်ကို ဘီယာဘူးဖေါက်၍ ကမ်းပေးစဉ် သူ အလိုက်သင့် ...ွဲလိုက်သည်။

သူ့ရင်မှာ ဖွင့်ဖေါက်လိုက်တဲ့ ဘီယာဘူးထဲမှ ဘီယာတွေလို ...ူလျက် ယိုဖိတ်ကျနေဆဲ မင်းလွှင်က အကြော်ထုတ်တွေဖေါက်၍ သူ့ရှေ့ ...ိုးရွှေ့ပေးပြီး

" မင်းကိုထိုးတဲ့အချိန်မှာ ရတီစံ မဆွဲဘူးလား "

" ရတီစံက ငါ အထိုးခံရအောင် လုပ်တာကွ "

" ဘာလုပ်ဖို့လဲ "

သူ ဘီယာတစ်ကျိုက် သောက်လိုက်ပြီး

" ငါ့ကို မထေမဲ့မြင် ဆက်ဆံတာ ငါ့ကိုအရေးမလုပ်တာ "

" ဟင် ဘယ်လို "

မျက်ဝန်းနှစ်စုံပြူးထွက်လာသည်။ သူအာလူးတစ်ဖတ် ...ာက်ဝါးလိုက်ပြီး

" ဟုတ်တယ် ရတီစံ သိပ်လည်တယ်ကွ မာမီတို့ရှေ့မှာ အပိုး ...ူးနေတဲ့ ချွေးမလောင်းအယောင်ဆောင်ထားတာ ဒေါ်ဖြူနဲ့ခေါ်ခိုင်းတာ ...ာဘူးလေ ငါ အရမ်းခံပြင်းတယ်ကွ "

" အဲဒါနဲ့ မင်းက "

" ဟုတ်တယ် ငါ ချက်ချင်းပဲ ရတီစံကို ထမင်းစားခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်တာ အဲဒီမှာ ဒယ်ဒီငါ့ကို ဘလိုင်းကြီး ဝင်တွယ်တာကွ ဒါ မဖြစ်သင့်ဘူး ဘယ်နည်းနဲ့မှ မဖြစ်သင့်ဘူး ငါ့ဘက်က ဝင်ပါတဲ့ ဒေါ်ဖြူကိုလဲ ရင့်ရင့်သီးသီးပြောတာကွာ ''

မင်းလွင်တို့ ဘီယာတစ်ကျိုက်ဆီ သောက်နေရင်း မျက်ခုံးလေးတွေ ပင့်တက်ကာ သူ့ကိုငေးကြည့်သည်။ သူ ဘီယာအသစ်တစ်ဘူး ထပ်ဖေါက်ပြီး

'' ဒါနဲ့ မင်းကရတီစံကို ဘာလုပ်ဖို့ ခေါ်ခိုင်းတာလဲ ''

ထက်ကို ဖျတ်ခနဲမေး၍ သူ ဘာပြောရမှန်းမသိအောင် ကြောင်သွားသည်။ မင်းလွင် ရီဝေဝေကြည့်၍

'' ဟုတ်တယ် မင်းမုန်းတီးနေတဲ့ ရတီစံကို မင်းဘာကြောင့် မျက်နှာချင်းဆိုင်ချင်တာလဲ ''

'' အဲဒါ ပြောစမ်းကွာ ''

မင်းလွင်တို့ ဖိမေး၍ သူ့ရင်မှာ မူးချင်ချင်ဖြစ်လာသည်။

'' ပြော ကောင်း ပြောစမ်း မင်းအိပ်ရာထတာနဲ့ ရတီစံကို မြင်ချင်တာ ဘာကြောင့်လဲ ''

'' မင်း ရတီစံကို စိတ်ဝင်စားနေလို့လား ဒါမှမဟုတ် ရင်ခုန်နေလို့လား ''

'' ဟာ ''





သူ လက်ထဲဆုပ်ကိုင်ထားသည့် ဘီယာဘူးကို လွှတ်ချပြီး မင်းလွင်ကို စူးစူးစိုက်စိုက် ကြည့်မိသည်။

မင်းလွင်တို့မျက်ဝန်းထဲမှာ သူက ရတီစံကို ရင်ခုန်နေတယ်လို့ သတ်မှတ်လာတာ သူ သည်းမခံ နိုင်တော့။ သူ့မျက်နှာပြင် ပေါင်မုန့်တစ်လုံးလို တင်းပွလျက်

'' မင်းတို့ ငါ့ကို အဲသလို မေးရက်သလားကွ ''

'' မေးရက်တာမဟုတ်ဘူး မေးချင်တော့ ''

'' ဟေး ''

'' ဟုတ်တယ် ကောင်း မင်း ငယ်ငယ်ကတည်းက ဒေါ်ဖြူ မျက်နှာမြင်မှ အိပ်ယာထနေကျ မင်းမင်္ဂလာဆောင်ပြီးမှ ပြောင်းလဲသွားတာ ဘာကြောင့်လဲ ''

မင်းလွင် ဘီယာမူးမူးနဲ့ အထပ်ထပ်မေး၍ သူ့ရင်မှာ အောက်သိုးသိုးနှင့်

'' မပြောင်းလဲဘူးကွ ဒေါ်ဖြူနိုးမှ ငါအိပ်ယာထတာကွ ''

'' ဒါဆို ဘာဖြစ်လို့ ရတီစံကို ခေါ်ခိုင်းရတာလဲ ''

'' ဘာလဲ ရတီစံ မျက်နှာကို အရုဏ်ဦးမှာ နမ်းရှိုက်ချင်လို့လား''

'' ဇွီ ''

သူ အော်ကလီဆန်သလို ရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ ထက်ကို ရတီစံ ငါ့အမြင်ရှေ့မှာ စက္ကန့်မလပ် မျက်ရည်ကျအောင် ငါ နှိပ်စက်ချင်နေတာ ငါ့အမုန်းတွေ ချကျွေးချင်တာ နားလည်လား "

သူ ချဉ်တူးတူးရွတ်လိုက်၍ ထက်ကိုတို့မျက်နှာနှစ်ခု ရီတီတီ ယစ်ဝေလျက်

" သိဘူးကွာ မင်းက. . . ဟား. . . ဟား "

သူ့ကိုကြည့်၍ အကြောင်းမဲ့ဟားတိုက်ရယ်မောနေသည့် ထက်ကို တို့နှစ်ယောက်ကို သူ မျက်မှောင်တွန့်ကြုတ် ကြည့်လိုက်ပြီး

" ဟာ မင်းတို့ငါ့ကို လှောင်နေတာလား "

" မလှောင်ဘူး သူငယ်ချင်း "

" မလှောင်ရက်ဘူး ကွာ "

" မလှောင်ရင် ဘာဖြစ်လို့ ရယ်တာလဲကွ "

" သဘောကျလို့ "

မင်းလွင်တို့ ပြိုင်တူဆိုတော့ သူ နှုတ်ခမ်းလွှာ ပိတင်းသွားသည်။

" ဘာသဘောကျတာလဲ "

" ရတီစံကို နှိပ်စက်ချင်တဲ့ မင်းစိတ်ကို "

" နှိပ်စက်ရမယ်ကွ ရတီစံကြောင့် ငါ့စိတ်မှာ ခံစားရသလို တန်ပြန်ခံစားရအောင် ငါ နှိပ်စက်ရမှာပဲ ငါ့ကြောင့် ရတီစံ ကြေကွဲလေ





ငါကျေနပ်လေ ရတီစံမျက်ရည်ကျလေ ငါ ကြိတ်ပျော်လေပဲ ဒါကြောင့် ရတီစံ ခေါင်းငုံ့ကျနေဖို့ ငါ နည်းမျိုးစုံနဲ့ နှိပ်စက်ရမှာပဲ"

" ကောင်းတယ် မင်းနှိပ်စက်တာကို ငါတို့အားပေးတယ် ရှေ့ဆက်ပြီး ရတီစံကို မင်းနှိပ်စက်ဖို့ လိုအပ်တယ် "

လေးတွဲတွဲရွတ်နေသည့် မင်းလွင်ကို သူရီဝေဝေ ကြည့်လိုက်သည်။

" ဟုတ်တယ် ကောင်း ရတီစံတင်မက မင်းဒယ်ဒီနဲ့မာမီ ခံစားရအောင် မင်းလုပ်ရမယ် "

" ဘာလုပ်ရမလဲ ထက်ကို "

" မင်းမျက်နှာကို မင်းဒယ်ဒီနဲ့မာမီ မမြင်ရအောင် ရှောင်နေဖို့ကွ "

သူကိုယ်ဆတ်ခနဲ မတ်သွားသည်။ သူ့မျက်ဝန်းမှာ ဂယောက်ဂယက်အရိပ်တွေ လှုပ်ခတ်သွားသည်။ မင်းလွင်တို့ ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ

" ဟုတ်တယ် မင်းရှောင်နေလိုက်ရင် မင်းဒယ်ဒီရင်ထဲ ခံစားသွားရမယ် မင်းကိုထိုးတဲ့အတွက် နောင်တရသွားမယ် မင်းမာမီလဲ ပင်းကို အသနားပိုသွားမယ် နောက်ပြီး မင်းမုန်းတီးနေတဲ့ ရတီစံ နောက်တစ်ကြိမ် မင်းနဲ့မင်းမိဘကြား ပြဿနာမပွေးရဲတော့မှာကွ "



www.burmeseclassic.com

www.burmeseclassic.com



" ဒါကြောင့် မင်းမိဘနဲ့ရတီစံကို မင်းရှောင်နေလိုက် လုံးဝ မျက်နှာမဆိုင်နဲ့ သူငယ်ချင်း အဲဒါအထိရောက်ဆုံး တုန့်ပြန်ချက်ပဲ "

မင်းလွင်တို့နှစ်ယောက် တရစပ်ဖိ၍ အကြံကောင်း ပေးလာ၍ သူ့အာရုံမှာ ဝေးမောသွားစေသည်။

" ဘာလဲ မင်းမရှောင်နိုင်ဘူးလား "

" မင်း ရတီစံနဲ့ခွဲမနေနိုင်ရင် ပွင့်ပွင့်လင်းလင်း ပြောကွ "

ဘီယာဘူးလွတ်တွေကို ရိုဝေဝေကြည့်ရင်း ငြိမ်သက်သွားသည့် သူ့ကို မင်းလွင်တို့ ဝရုန်းသုန်းကားဆိုသည်။

မင်းလွင်တို့စကားလုံးတွေက အဖိပ္ပါယ်တစ်မျိုး ပျော်ဝင်နေသည်က သူ့ရင်မှာ ခံပြင်းသွားစေသည်။ သူပခုံးတွန့်ခါလျက်

" ဘာလို့ မနေနိုင်ရမှာလဲ "

" မသိဘူးလေ မင်းရဲ့နေ့တွေညတွေမှာ ရတီစံ ပါဝင်နေတာ ဆိုတော့ "

" ခေါက်ထားစမ်းကွာ "

" တကယ်နေနိုင်တယ်နော် "

မယုံသလိုလို ကြည့်လာသည့် သူငယ်ချင်းတွေကို သူ ခါးခါး တူးတူးကြည့်ပြီး

" နေနိုင်တယ်ကွ "





" အဲဒါဆို ဒီညကစ မင်းမပြန်နဲ့ "

" မပြန်ဘူးကွာ "

" အိုခေ ဟောဒီအိမ်လေးမှာ ငါတို့သုံးယောက် တစ်ညလုံး သောက်ပြီး မှောက်ကြမယ် ဟား ဟား "

ထက်ကို စိန်ခေါ်သဖြင့် သူ ဘီယာဘူးမြှောက်၍ အားပြိုင် မော့ခေါ် လိုက်တော့၏။

သူတို့သုံးယောက်ရဲ့ ဘီယာဘူးတိုက်သံ ပျံထွက်သွားသည်။

ရတီစံ မင်းကို ငါ့အမုန်းတွေနဲ့ ရှောင်နေနိုင်တယ်ဆိုတာ မင်း ပြစေရမယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ညဆယ်နာရီထိုးသည်အထိ သူ ပြန်ရောက်မလာ။ အန်တီနဲ့ အန်ကယ်က မျက်နှာညှိုးလျက် သူ့ကိုဘဝင်မကျ ဆူပူကာနေ၏။

" ဒေါ်ဖြူ "

အန်တီဆေးသောက်ဖို့ လက်ဖက်ရည်ခွက် ပင့်မလာသည့် ဒေါ်ဖြူ မျက်နှာဖြူလွှလွှဖြင့် အန်တီကို မော့ကြည့်သည်။

" ပြောပါ ရှိစီ "

" သား ဘယ်သွားမယ် ပြောသွားသေး "

ဒေါ်ဖြူ လက်ဖက်ရည်ခွက်ကို စားပွဲပေါ်လိုက်ပြီး

" ဘာမှပြောမသွားဘူး "

" သေချာရဲ့လား "

" ဖြူ မလိမ်ပါဘူး ရှိစီရယ် "

အန်တီ နှုတ်ခမ်းပါးတင်းစေ့ပြီး ဆိုဖာပေါ်ဆတ်ခနဲ ထိုင်ချသိက်





သည်။ ဒေါ်ဖြူ မျက်နှာမသာမယာဖြစ်ကာ ထမင်းခန်းထဲက ပြန်ထွက်သွား သည်။

အန်တီစိတ်လှုပ်ရှားနေသည်ကို အန်ကယ်စိုးရိမ်သလို ကြည့်၍

" ရှိစီရယ် သားအတွက် ဒီလောက်ပူမနေနဲ့ သားပြန်မလာဘဲ နေမှာ မဟုတ်ဘူးကွ "

စံကို ငဲ့ကြည့်၍အန်ကယ် တစ်ခွန်းဆို၍ စံ မျက်လွှာချလိုက် သည်။

" ပြန်မလာတာကို အပြစ်ပြောတာ မဟုတ်ဘူး ဘယ်သွားလဲ ဆိုတာ အသိမပေးတာကို ခံပြင်းတာ ထက်ကိုနဲ့မင်းလွင်လဲ အမြီးစမ်းလို့ မရဘူး "

" သားတို့သုံးယောက် တစ်နေရာရာမှာ ရှိမှာပါကွာ စိတ်ပူ နေစမ်းနဲ့ရှိုးစီရယ် ရှိစီကျန်းမာရေးလဲ ဂရုစိုက်ဦး "

အန်တီအနားကပ်၍ အန်ကယ်တတွတ်တွတ် ပြောနေတုန်း အန်တီ သောက်နေကျ ဆေးကဒ်ကို အံဆွဲထဲက စံယူလိုက်သည်။ ဆေးကဒ်အနီ ရောင်ထဲမှ ဆေးလုံးလေး ခွါယူပြီး အန်တီလက်ထဲ ထည့်ပေး၍

" ဆေးသောက်လိုက်ပါ အန်တီရယ် သူလာမှာပါ စိတ်မပူနဲ့ နော်၊ အန်တီ "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်သားပဲကွာ လက်ဖက်ရည်မအေးခင် သောက်လိုက် ရှိစီ "

အန်ကယ် လက်ဖက်ရည်ခွက် မ၍ ပြောလိုက်သည်။ အန်တီ မျက်ဝန်းက သူ့ကိုတဝင်မကျဖြစ်နေရာမှ စံကို ဂရုဏာသက်သလို ပြောင်းကြည့်လာသည်။

ပြီးတော့ စံထည့်ပေးတဲ့ ဆေးလုံးလေးနဲ့ စံကို တစ်လှည့်စီ ကြည့်၍

" သမီးက သိပ်လိမ္မာတာပဲကွယ် သွားတာသာ "

" ကဲပါကွာ ရှိစီဆေးသောက်ပြီး အနားယူလိုက်ပါ "

အန်ကယ်ထပ်ပြောတော့ အန်တီမျက်နှာ တင်းတင်းလေး ပြေလာသည်။ အန်တီဦးခေါင်းအသာဆတ်၍ ဆေးလုံးလေးကို ပါးစပ်ထဲ ထည့်လိုက်သည်။

အန်ကယ်ကမ်းပေးတဲ့ လက်ဖက်ရည်နဲ့ ဆေးလုံးလေးကို အန်တီသောက်လိုက်သည်။ လက်ဖက်ရည်ခွက် အလွတ်ကို အန်တီ လက်ထဲမှ စံယူလိုက်ပြီး

" ဆယ်နာရီခွဲနေပြီ အန်တီ အိပ်လိုက်တော့နော် သူ့ကို စံ စောင့်မယ် သူ ပြန်လာမှာပါ "

ခုချိန်မှာ အန်တီစိတ်ပေါ့ပါးနေဖို့အတွက် စံ အတတ်နိုင်ဆုံး





ဖေ့ါပြောသင့်၏။ သူ့ကြောင့်ဖြစ်ဖြစ် စံကြောင့်ဖြစ်ဖြစ် သူ့မိဘစိတ်မှာ ထိခိုက်မနေစေချင်ပါ။ အန်ကယ် သက်မအသာချ၍

" ဟုတ်သားပဲ ရှိစီ အိပ်ရေးပျက်ရင် ရှိစီကျန်းမာရေးထိခိုက်လိမ့်မယ် သားပြန်လာမှာပါကွာ စိတ်လျှော့ပြီး အနားယူလိုက်ပါ "

အန်တီစိတ်က သူပြန်မရောက်သေးတဲ့အတွက် မရွှင်မပြဖြစ်နေသည်။

" ရပါတယ် ကိုထင့်ရယ် သားပြန်လာတဲ့အထိ စောင့်လိုက်မယ်

" စံ စောင့်လိုက်မယ်လေ "

" ဟုတ်သားပဲကွာ သမီးပဲစောင့်ပါစေ သားပြန်လာလို့ ရှိစီဆူမိရင် သမီးပဲစိတ်အနှောင့်အယှက် ဖြစ်ရမယ် လာပါကွာ "

အန်ကယ်က အန်တီကို စိုးရိမ်ပြီး အန်တီလက်မောင်းကို ဆွဲခေါ်သည်။ အန်တီက မထချင်ထချင်နှင့် စံကို စိတ်မချသလိုကြည့်နေဆဲ အန်တီ စိတ်ချလက်ချဖြစ်စေဖို့ စံ အပြုံးလေးပန်ဆင်ပြီး

" စိတ်ချပါ အန်တီ အန်တီကို စံစိတ်ပူတာပါ စိတ်ချလက်ချ အိပ်ပါ နော် နော် အန်တီ "

အလိုက်သိလွန်းတဲ့ ချွေးမချောလေးကို ဒေါ်ရှိစီပို၍ အချစ်ပိုပြီးသည်။ စံလက်ချောင်းလေးကို ဖျစ်ညှစ်ကာ ဖြေလွှတ်၍

" အန်တီ စိတ်ချမယ်နော် သမီး "



www.burmeseclassic.com

www.burmeseclassic.com



စံ ဦးခေါင်းညွတ်ညွတ်လေး ညိတ်လိုက်သည်။ စိတ်သက်သာမှု ရသလိုဖြစ်သွားသည့် အန်တီမျက်နှာလေးကို စံနားလည်စွာ ကြည့်မိသည်။ အန်တီက အန်ကယ်ဆွဲခေါ်ရာနောက် တွန့်ဆုတ်တွန့်ဆုတ် ပါသွားၾ၏။ အန်တီတို့အခန်းလေး မီးမှိတ်သွားမှ စံ သက်ပြင်းချကာ ဧည့်ခန်းဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

သူ ဘယ်သွားနေလဲ ဒီအချိန်ထိ ဘာလို့ပြန်မရောက်တာလဲ သူ လူပျိုတုန်းကလဲ ဒီလိုပဲ နောက်ကျမှ ပြန်ရောက်တတ်သလား။

ဘာပဲဖြစ်ဖြစ် သူ ပြန်မရောက်သေးသရွေ့ စံက မျှော်နေရမှာပဲ မမျှော်လို့မှမရတာ သူ့ကို စံခေါင်းညိတ်လက်ခံထားတဲ့အတွက် တာဝန်အရ မျှော်ရမှာပေါ့ ခုဆို ညတစ်ချက်တီးခိုနေပြီ သူ့အရိပ်ထင်ပေါ်မလာ၊

ဒေါ်ဖြူတောင် သူပြန်အလာကို မစောင့်နိုင်ဘဲ အိပ်ခန်းထဲ ဝင်အိပ်နေလေရဲ့။

အင်းပေါ့လေ သူမလာမချင်း စောင့်ရမယ့် ဝတ္တရားရှိနေပြီ ဆိုတော့ စိတ်ချလက်ချ အိပ်လိုက်တဲ့ဒေါ်ဖြူကို အပြစ်မဆိုသာ

ဆိုဖာပေါ် မှေးမှိန်းရင်း သူစောင့်နေတဲ့ စံချော မိုးလင်းပေါက် သွားခဲ့ပြီ။

မိုးလင်းတဲ့အထိ သူပြန်ရောက်မလာတော့ စံရင်မှာ တစ်မျိုး ဆူဝေလာသည်။ အန်တီတို့ နိုးလာတော့ ဆူပွက်လျက် ဒေါ်ဖြူခမျာ





အန်တီဖိဆူတဲ့အရှိန်နဲ့ အခန်းထဲက မထွက်ရဲတော့။

သူပြန်မလာတာ အန်ကယ် ထိုးလိုက်တဲ့အတွက် မကျေနပ်ကြောင်း တုန့်ပြန်လိုက်တာလား။

" ဒါ သက်သက်မဲ့ ရှိစီတို့ကို စိတ်အနှောင့်အယှက်ပေးလိုက်တာ သားကို ရှိစီနားမလည်တော့ဘူး ကိုဆင့်ရယ် "

အန်တီနှုတ်မှ ခံပြင်းဒေါသတဖွားဖွားထကာ ၊ အန်ကယ်ကလည်း အန်တီနည်းတူ မျက်နှာတင်းပြီး

" သားကို ကိုယ်ပြင်းပြင်းထန်ထန် ကိုင်တွယ်ရတော့မယ် ရှိစီ "

" ကိုဆင့် သဘောပါ "

" ဒါဆို ကိုယ် သားကိုလိုက်ရှာလိုက်မယ် "

" ရှိစီပါ လိုက်မယ်လေ "

အန်ကယ်နောက်မှ အန်တီစိတ်လိုက်မာန်ပါ ထလိုက်သည်။ ပြီးမှ စံကို သတိရဟန်နှင့် နောက်လှည့်၍

" သမီး "

" ပြောပါ အန်တီ "

" သားကို အန်တီတို့ လိုက်ရှာမယ် "

" ဟုတ်ကဲ့ "



www.burmeseclassic.com

www.burmeseclassic.com



" အန်တီတို့ ပြန်မလာခင် သားရောက်လာတယ်ဆိုရင် ချက်ချင်းဖုန်းဆက်လိုက်နော် "

" ဟုတ်ကဲ့ပါ အန်တီ "

သူ့အတွက် စိတ်ပူလောင်နေသည့် အန်တီနဲ့အန်ကယ်ကို စံ စိတ်မသက်မသာ ငေးကြည့်မိသည်။

အန်တီတို့ပျောက်ကွယ်တော့ စံသက်မချမိသည်။ ထိုစဉ် ဒေါ်ဖြူ အခန်းထဲက ထွက်လာသည်။ စံကို စာနာစွာကြည့်၍

" စံ အိပ်ချင်သွားအိပ်လေ သားကိုဒေါ်ဖြူ စောင့်လိုက်မယ်"

" ရပါတယ် ဒေါ်ဖြူရယ် စံ အိပ်ချင်စိတ်မရှိပါဘူး "

စံနဲ့မျက်နှာချင်းဆိုင်မှာ ဒေါ်ဖြူ ဝင်ထိုင်ပြီး သူပြန်အလာကို လည်တဆန့်ဆန့် မျှော်နေရှာသည်။ ဒေါ်ဖြူကိုကြည့်ရင်း စံ စိတ်ပို၍ မသက်မသာ ဖြစ်လာသည်။

" ဒေါ်ဖြူရယ် ဒီလောက်လဲ စိုးရိမ်မနေပါနဲ့ ဒေါ်ဖြူ လုပ်စရာ ရှိတာ သွားလုပ်ပါ အန်တီတို့လိုက်ရှာနေပြီပဲ "

" ဟုတ်ပါတယ်ကွယ် ဒါပေမယ့် စိတ်ပူတာကတော့ ပူတာပဲ သားကအဲလိုပဲ တစ်ခါတစ်ခါ ဂျစ်တိုက်ရင် ဘယ်သူ့မှအသိမပေးဘဲ ထွက်သွားတတ်တာ ဒေါ်ဖြူတို့မှာ ခေါင်းကိုမီးတောက်ပါလေရော သားက အဲသလိုဆိုးတာ "





သူ ဆိုးကြောင်းပြောနေတဲ့ ဒေါ်ဖြူမျက်နှာက ပီတိရိပ်လေး လွှမ်းလျက် သူ့အပေါ်ထားရှိတဲ့ ဒေါ်ဖြူမေတ္တာကို စံ လေးစားမိသည်။ ထိုစဉ်

" ဟော့ စံ "

လွင့်လာသည့်ခေါ်သံကြောင့် ဧည့်ခန်းဝသို့ စံ ဖျတ်ခနဲ လှမ်းကြည့်မိသည်။ သွယ်မာတို့ သုံးယောက်ကိုမြင်၍ စံရင်မှာ လှိုက်ဖြာ ဝမ်းသာသွား၏။

" လာလေ သွယ်မာ ရှင်တို့နေနိုင်လိုက်တာ ဟယ် "

စံ ဆီးကြို၍ ပြစ်တင်သလို ပြောလိုက်သည်။ သွယ်မာတို့က စံကို ပြုံးတုံ့တုံ့နဲ့ မျက်စောင်းခဲကြည့်လိုက်ပြီး

" ရှင်လဲ နေနိုင်တာပဲ မဟုတ်လား "

" နေနိုင်မှာပေါ့လေ စံအပါးမှာ အဖော်ရှိနေတာကိုး "

" စိုးတို့ကိုတောင် မေ့ချင်ချင် ဖြစ်နေတာပေါ့ မဟုတ်ဘူးလား"

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ပြော၍ စံ စိတ်ဆိုး ချင်ချင်ဖြစ်လာသည်။

သူငယ်ချင်းတွေနဲ့တွေ့မှ မျက်နှာလေး ဝင်းပပဖြစ်လာသည်ကို သတိထားမိသည့် ဒေါ်ဖြူ စံကို ကရုဏာသက်စွာကြည့်လျက် ဒေါ်ဖြူ သက်မညင်ညင်လေးချ၍ စံတို့အပါးမှ ရှောင်ထွက်ခဲ့မိသည်။ စံ



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ အသံက လှိုင်လှိုင်ပျံ့ထွက်နေခဲ့ စိတ်ဆိုးချင်ချင် ဖြစ်နေသည့် စံကိုယ်ကို စိုးတို့ပခုံးလေးနဲ့ တိုက်လိုက်ပြီး

" ဘာလဲ စိုးတို့ကို စိတ်ဆိုးတာလား "

" ဆိုးတာပေါ့ "

စံ နှုတ်ခမ်းလေးတွန့် ပြောလိုက်သည်။ စိုးတို့ သဘောဘာကျ ရယ်၍

" ကောင်း ကိုရော အဲသလို စိတ်ဆိုးပြရဲလား "

" ဟွန်း "

ဖြူကို စံ မျက်စောင်းခဲကြည့်လိုက်သည်။ ဖြူ သဘောတကျ ရယ်ပြီး

" မဆိုးရဲဘူး မဟုတ်လား "

" တော်ပါ သူ့အကြောင်းမပြောပါနဲ့ "

" ဘာလဲ ရင်ခုန်သွားလို့လား "

" သွယ်မာနော် "

ဆိုဖာပေါ်မှ အလှခေါင်းအုံးအနီပွင့်လေးနဲ့ သွယ်ကို ပစ်ပေါက်ရန် စံ ချိန်ရွယ်မိသည်။

သွယ်တို့သုံးယောက် တခစ်ခစ်ရယ်နေဆဲ ဘယ်လို မှန်းမသိ၊ စံကို သက်သက်မဲ့လှောင်ပြောင်နေတာ။ စံ မျက်စောင်းအခဲတက် မပြတ်





ခဲကြည့်ပြီး

" ရှင်တို့အဲသလောက် နောက်နေရင် စံ ဘာမှညွှန်မခံဘဲ နေမှာနော် "

" အမလေး ဖြူတို့က ဝေါ်ပြတ်နေတာ မဟုတ်ဘူးဟေ့ "

" ဟုတ်ပ့ါ စံ ယောက္ခမအိမ်လာလည်တာ စားဖို့လာတာလို့ မအောက်မေ့နဲ့ ရဘီစံရယ် "

" ရှင့်ကို သနားလို့လာတာ သိရဲ့လား "

သူငယ်ချင်းတွေ ခပ်စူးစူးလေးဆို၍ စံ မျက်နှာပေးလေး တည်ငြိမ်သွားပြီး

" သနားလို့ "

" အင်းပေါ့ "

" စံက သနားစရာဖြစ်နေလို့လား "

" သနားစရာဖြစ်လို့ပေါ့ "

စံကိုယ်စံ မလုံမလဲနှင့်

" ဘာကြောင့် သနားရတာလဲ "

" ကောင်းကင်ချာန်ကြောင့်လေ "

သွယ်မာ ရှင်းရှင်းဘွင်းဘွင်း ပြောချလိုက်သဖြင့် စံ မျက်ဝန်း ပေးဝင်းသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



" စံ နေရတာ ပျော်ပါတယ် "

စံ အသံတိုးဖျော့ဖျော့လေးကြောင့် သွယ်တို့သုံးယောက် မျက်နှာပေးလေးတွေ တည်လျက် ဖြူတို့ စိတ်မသက်မသာ သက်ပြင်းလေးချလို့။

" စံ ဒီလိုပဲပြောမယ်ဆိုတာ ဖြူတို့သိပြီးသား "

စံ မလုံမလဲအကြည့်လွှဲလိုက်မိသည်။ စိုးက စံဘေးဝင်ထိုင်၍

" ကောင်း ပြန်မလာလို့ သူ့မိဘပူပန်နေတယ်ဆို "

စံ နှုတ်ဆိတ်နေဆဲ သွယ်တို့စိတ်မသက်မသာ ငေးကြည့်ပြီး

" စံရယ် ကောင်းကြောင့် စံရင်ထဲဘယ်လောက် ခံစားနေရမလဲဆိုတာ သွယ်တို့သိပါတယ် ဟယ် သျှိုမနေစမ်းနဲ့ သွယ်တို့က စံကို နားလည်ပါတယ် စံကဘာကိုစွမ်းဆို မျိုသိပ်နေတတ်တယ် ဆိုတာ သိပါတယ် သူငယ်ချင်းအချင်းပဲ စံ အဖြစ်ကို သွယ်တို့မျှဝေခံစားပေးနိုင်ပါတယ် တကတည်း မြုံမနေနဲ့ မြုံနေတဲ့ မီးတောင်က မထိန်းနိုင်ဘဲ ပေါက်ကွဲလာရင် ပိုပြီးပြင်းထန်သွားတတ်တယ် နားလည်ရဲ့လား စံရယ်"

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ဝိုင်းပြော၍ စံ သက်ပြင်းလေးလေးချမိသည်။ သွယ်တို့က စံတစ်ခုခု ရင်ဖွင့်လာမှာကို စိုလင့်နေဆဲ။ စံ တစ်စုံတစ်ရာကို ကြိတ်မျိုလိုက်ပြီး

" စံက စံစိတ်ထက် သူတို့ကျေနပ်နေရင် ပြီးတာပါပဲ စံ မကျေမနပ်ဖြစ်နေရင် စံကြောင့် မေမေတို့ စိတ်မချမ်းမသာ ဖြစ်နေမယ်





လေ ဒါကြောင့် စံ ကျေနပ်ပါတယ် ဒါပေမဲ့ သူ ပြန်မလာတော့ စံကိုယ့်စံ အပြစ်ရှိသလို ခံစားနေရတယ် သူ့မိဘ သူ့အတွက်စိုးရိမ်စိတ်ဖြစ်နေတာကို စံ မကြည့်ရက်တာ အမှန်ပဲ ဖြစ်နိုင်ရင် သူ့ကိုလိုက်ရှာပြီး သူ့မာမီရင်ခွင်ထဲ ထည့်ပေးလိုက်ချင်တယ် ဒါမှသူ့မာမီ စိတ်ချမ်းသာမှာ နောက်ဆို မလွယ်ဘူးဟ "

" အန်တီမှာ အပြင်းစားနှလုံးရောဂါရှိတယ်လေ သူ့ကြောင့် အန်တီတစ်ခုခုဖြစ်သွားမှာ စံစိုးရိမ်လိုက်တာ "

ရင်ထဲက တင်းကျပ်သမျှကို ဖွင့်အန်လိုက်သည့် စံကို သွယ်တို့ စိတ်မချမ်းမြေ့စွာ ငေးကြည့်ဖြစ်သည်။

စံ က စံခံစားချက်ထက် သူတပါး ခံစားချက်ကို အစဉ်အလေးပေးတတ်တယ်ဆိုတာ သွယ်တို့သိနှင့်နေတယ်လေ။

ဒါကြောင့် စံစိတ်ကို နားလည်ပေးနိုင်တာပေါ့ စံမျက်နှာဖျော့ဖျော့လေးကို ဖြူ စာနာစွာကြည့်ပြီး

" သိပ်လဲ စိုးရိမ်မနေပါနဲ့ စံ စိုးရိမ်နေမှာသိလို့ ဖြူတို့ သတင်းလာပေးတာ "

" သတင်း ဘာသတင်းလဲ "

စံမျက်ဝန်း အရောင်တောက်သွားသည်။ သွယ်မာတို့ ဦးခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် စံ စိတ်ကို သွယ်တို့ဖတ်တတ်လို့ ကောင်း သတင်းလာပေးတာ "

" သူ အခုဘယ်မှာလဲ "

စံ အားမနာတမ်းမေးလိုက်မိသည်။ စံကို သွယ်မာတို့ အပြစ်မမြင်ရက်စွာကြည့်ပြီး

" ကောင်းသူငယ်ချင်းတွေနဲ့တဲ့ မှော်ဘီကခြံထဲမှာ ရှောင်နေတာ "

" ဟင် ဒါဆို အန်တီကို အသိပေးလိုက်မှာပေါ့ သွယ်ရယ် အန်တီတို့ သူ့ကိုရှာဖို့ ထွက်သွားတာ "

" အသိပေးချင်လဲပေးလေ ဒါပေမဲ့ ရှင် မှော်ဘီခြံကို လိုက်မသွားနဲ့နော် "

စိုး တား၍ စံမျက်ဝန်းလေး အရောင်မှိုင်းသွားသည်။ စိုးတို့ နားလည်သယောင်ကြည့်၍

" စံ တစ်ယောက်တည်း လိုက်သွားရင် ကောင်းက စံကို ပိုပြီးမုန်းတီးလာမယ် "

" ဟုတ်တယ် စံ ကောင်းရှိတဲ့နေရာကိုသိပြီးပဲ ကောင်းဆီ အန်တီတို့လိုက်သွားပစေ စံက အန်တီစီမံသလို နာခံလိုက်ပေါ့ သူတို့ သား ကိစ္စ သူတို့ရှင်းပစေ စံ မစွက်ဖက်နဲ့ "





" အင်းပါ စံ နားလည်ပါတယ် "

" နားလည်တယ်ဆိုပြီးရော သွယ်တို့သွားတော့မယ် "

" ဟင် နေအုံးလေ "

ချက်ချင်းပြန်ရန် ထရပ်လိုက်သည့် သူငယ်ချင်းတွေကို စံ တားလိုက်သည်။ သွယ်တို့ စံပခုံးနှင့်လက်ချောင်းလေးကို ဆုပ်ကိုင်၍

" ကောင်း သတင်းပေးဖို့ သွယ်တို့လာခဲ့တာ နောက်မှ အေးအေးဆေးဆေး တွေ့ကြတာပေါ့ "

" လောလောဆယ် အန်တီကို အကြောင်းကြားလိုက် စံရယ်"

" စိုးတို့သွားမယ် "

စံဘက်က မျှဝေခံစားပေးတဲ့ သူငယ်ချင်းတွေကို စံ ကျေးဇူးတထူးတင်မိသည်။

ကောင်းရယ် ရှင်ဘာလို့ ရှောင်နေတာလဲ ရှင့်မာမိ စိတ်ဆင်းရဲနေမယ်ဆိုတာ မတွေးမိဘူးလား။

ပြီးတော့. . .။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မာမီကို ဘွားခနဲမြင်ရသည့်အခါ သူ့ရင်မှာ လှိုက်ဆူဖြစ်သွား၏။ ဘီယာဘူးခွံတွေ အကြော်ထုပ်အိတ်တွေနဲ့ ပွစာကြဲနေသည့် အခန်းတစ်ခုလုံးကို မာမီ ဝေ့ကြည့်သည်။

သူတို့သုံးယောက် မလုံမလဲဖြစ်ကာ ဘီယာဘူးခွံတွေကို ကမန်းကတန်း သိမ်းလိုက်သည်။

" ကောင်းကင်ချာန် "

မာမီ ခေါ်သံထွက်လာတော့ သူ့ရင်မှာ အောင့်သွားပြီး ကြမ်းခင်းဆီ အကြည့်လွှဲလိုက်သည်။

" ကောင်း မာမီကိုကြည့်စမ်း "

သူ့ပခုံးကို အတင်းဆုပ်ကိုင်လာသည့် မာမီလက်ချောင်းတွေကို သူ ငုံ့ကြည့်လိုက်သည်။



BURMESE CLASSIC .com



" ကြည့် မာမီ မျက်နှာကိုကြည့် "

အနိမ့်အမြင့်မညီတဲ့ မာမီအသံက မာမီအစွမ်းကုန်စိတ်ဆိုးကြောင်း သိသာလွန်းသည်။ သူ နှုတ်ခမ်းပါးကို ခပ်တင်းတင်း ဆွဲစေ့၍ ကြည့်လိုက်သည်။

မာမီမျက်နှာတစ်ပြင်လုံး ဒေါသ အခိုးတွေ မှောင်ဝေလျက်။ နှုတ်ခမ်းနှစ်လွှာ လျှောင်လှုပ်သလို တဆတ်ဆတ် လှုပ်လျက်။ မျက်ဝန်းနက်နက်များ လှိုင်းတွေပြေးနေ၏။

" ကောင်း "

လည်မျိုထဲက ထိုးတက်လာတဲ့ မာမီအသံက သူ့ရင်ကို ပြင်းပြင်းလေး လှုပ်ခတ်သွားစေသည်။

" မာမီကို သေစေချင်လားဟင် "

သူ့ မျက်လွှာလေး မှေးခနဲဖြစ်သွားသည်။

" ပြောလေ သား မာမီစိတ်ကိုညည်းဆဲပြီး သတ်ချင်တာလား ကို သေစေချင်ရင် ပွင့်ပွင့်လင်းလင်းပြော မာမီ ဆေးမသောက်ဘဲ လိုက်မယ် မာမီရောဂါ ဘယ်အခြေအနေမှာ ရှိနေသလဲ ဆိုတာ သိရက်နဲ့ ဒီလိုလုပ်တာ မာမီတင်းမခံနိုင်ဘူး မာမီ အရမ်းခံစားရတယ် င်းရဲ့ "

သူ့ရင်ဘတ်ကို ခေတင့်ဆွဲ၍ တရစပ်ဆိုနေသည့် မာမီအသံက



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ကို ဝမ်းနည်းလှိုက်ခါသွားစေသည်။

" ပြောလေ မာမိကို သေစေချင်လို့ ဒီလိုလုပ်တာလား သားရဲ့ ဖွတ်တရွတ်ဆန်မှုကြောင့် မာမီ အသေခံပေးရမလားဟင် "

သူ့ရင်မှ ဝမ်းနည်းမျက်ရည်တစ်စ ယိုဆင်းလာသည်။ သ ဦးခေါင်းတွင်တွင်ရမ်း၍ မာမိလက်ချောင်းလေးတွေကို ဆုပ်ကိုင်ပြီး

" မာမိရယ် သားကိုနားလည်ပေးပါနော် မာမိကိုသား မသေ စေချင်ဘူး မာမိကို အသေမခံနိုင်ဘူး ဒါကြောင့် သားရတီစံကို လက် ခဲ့တာပါ မာမိရယ် မာမီ စိတ်ချမ်းသာဖို့ ရတီစံကိုသား လက်ထပ်ခဲ့တာပါ"

" အဲဒါဆို ဘာဖြစ်လို့ မာမိစိတ်ဆင်းရဲအောင် လုပ်ရတာလဲ ဟင် ကောင်း "

သူ့ဆံပင်ကို ဆုပ်ကိုင်၍ ဒေါသတကြီး ပြောနေသည့် မာ ရင်ခွင်မှာ ဦးခေါင်းညွတ်ကျသွား၏။

" သားပြန်မလာလို့ မာမီ ရင်မှာ ဘယ်လောက် တောက်လော နေရသလဲ သိရဲ့လား သားကို မာမိဘယ်လောက် ချစ်ရသလဲဆိုတ သား သိပါတယ် မာမိကို မရက်စက်ပါနဲ့ သားရယ် သား စိတ်ချမ်းသာ သားပျော်နေတာကို မာမိမြင်ပါရစေ သားကို မာမီ အစစအရာ အလိုလိုက်ခဲ့တာလေ ဘာဖြစ်လို့ ဒီကိစ္စမှာ မာမိကို စိတ်ဒုက္ခပေးရတာ ဟင် မာမိကို သားမချစ်တော့ဘူးလား မငဲ့ညှာ တော့ဘူးလား မာ





သား ပြောစမ်းပါ သားရယ် မာမိနားလည်အောင် ပြောစမ်းပါ "

သူ့ရင်ထဲက ရတီစံကို မုန်းတီးရတဲ့ ခေါင်းစဉ်တွေကို ထုတ် ပြောရက်တော့ သူကြောင့် မာမိစိတ်ထိခိုက်ရတာ သူ့ရင်မှာ မချမ်းမြေ့ ုံးပါပဲ စိတ်ထိခိုက်မှုနဲ့ ဆို့ကြပ်သလို ဖြစ်နေသည့် မာမိကို သူပွေ့ဖက် ထားမိသည်။

" သားကို နားလည်ပေးပါ မာမိရယ် "

" သား ဘာဖြစ်ချင်လဲ ပြော "

ရုတ်တရက် ပေါ်ထွက်လာတဲ့ ဒယ်ဒီအသံကြောင့် သူ တံတွေး ျိုတ်မျိုလိုက်သည်။

" ပြော သားဘာဖြစ်ချင်လဲ ပြော မာမိလိုက်လျောပေးမယ် ကွာ သား မာမိစိတ်ချမ်းသာစေချင်ရင် သားဖြစ်ချင်တာကို ပွင့်ပွင့် င်းလင်းပြော "

မာမိထပ်ပြော၍ သူမျက်ဝန်းအိမ်မှ ကျလာသည့် မျက်ရည် ်းစကို သူလက်ချောင်းနဲ့ သုတ်ပစ်လိုက်သည်။ ဒေါသနဲ့ တင်းနေတဲ့ ယ်ဒီမျက်ဝန်းကို သူမကြည့် စိတ်ထိခိုက်ကြေကွဲမှုနဲ့ တင်းမာနေသည့် ိုနှုတ်ခမ်းလွှာကိုလည်း သူရင်မဆိုင်။

သူ့မျက်ဝန်းကို ပြတင်းပေါက်နောက်မှ သရက်ကိုင်းပေါ် း၌ိုစီးနေသည့် စာကလေး တစ်ကောင်ဆီ အကြည့်ပို့လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" သား ဒီအိမ်လေးမှာပဲ နေချင်တယ် "

သူ အတည်ပြိမ်ဆုံး ဆိုလိုက်သည်။ သူ့အဆိုကြောင့် ဒယ်ဒီ ခြေလှမ်းရှေ့တိုးလာစဉ် မာမီလက်ဟန့်လိုက်သည်။ ဒယ်ဒီ ခြေလှမ်း တန့်သွားတော့ မာမီခြေတစ်လှမ်း သူ့ရှေ့တိုးလာပြီး

" ဒီအိမ်လေးမှာ နေရမှ သားစိတ်ချမ်းသာမယ် ထင်လို့လား"

သူ ဦးခေါင်းညိတ်ပြီးသား ဖြစ်သွားသည်။ ခေါ်ရိုးဆိုး သားကို ဘာပြန်ပြောရမှန်းမသိအောင် ခေတ္တနှုတ်ဆိတ်သွား၏။ တစ်အောင့်ကြာမှ ဦးခေါင်းအသာဆတ်၍

" ကောင်းပြီလေ သား စိတ်ချမ်းသာအောင် မာမီ လိုက်လျော မယ် ဒါပေမယ့် မာမီစိတ်ချမ်းသာအောင်လဲ သားပြန်လိုက်လျောရမယ်"

သူ့ဦးခေါင်း ဆတ်ခနဲ မတ်သွား၏။

" ဟုတ်တယ် သား သား စိတ်ချမ်းသာစေချင်သလို သား မာမီကိုလဲ သား စိတ်ချမ်းသာမှု ပေးရလိမ့်မယ် အဲဒါဆိုရင် သား နေချင်တဲ့ ဒီအိမ်လေးမှာ ဒယ်ဒီနေခွင့်ပေးမယ် ဘယ်လိုလဲ သား "

ဒယ်ဒီ မျှော်လင့်ကြီးစွာ ပြော၍ သူ ခေါင်းညိတ်ပြစ်သေး။ မာမီစိတ်ချမ်းသာဖို့ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရတီစံမပါနိုင်ဘူးလို့ သူမယုံ ကြည်ရဲ။

" ဘယ်လိုလဲ သား ပြောလေ မာမီကိုရော စိတ်ချမ်းသာမှု





ပေးနိုင်မလား "

ပခုံးလေးကို ကြင်ကြင်နာနာ ဆုပ်ကိုင်လာသည့် မာမီ လက်ချောင်းလေးတွေကို သူ လျစ်လျူမရှုရက်။ သူဦးခေါင်း အသာညိတ် လိုက်စဉ် မာမီနှုတ်ခမ်းပါးမှာ အပြုံးပန်းလေး ပွင့်လာသည်။

မာမီမျက်ဝန်း ကြည်လင်လာသည်။ မာမီ လက်ချောင်းလေး များက သူ့ဆံပင်ပျော့ လေးကို ရွရွလေးပွတ်သပ်ကြင်နာလျက်

" လိမ္မာလိုက်တာ သားရယ် သားက သိပ်လိမ္မာတာပဲ "

သူ့နဖူးပေါ် ကြွေသက်လာတဲ့ မာမီ အကြင်နာအနမ်းလေး နောက်မှာ

" မာမီကို စိတ်ချမ်းသာစေချင်ရင် သမီးလေးကို ရင့်ရင့်သီးသီး ပေါင်းဆက်ဆံရဘူးနော် သား "

ထင်သားပဲ ရတီစံနဲ့သူ့ကို အပိုင်ချည်နှောင်ဖို့ ကြိုးစားနေတဲ့ မာမီစိတ်ကို သူအတော်ချဉ်လာသည်။

ဒါပေမဲ့ သူ ငြင်းလိုက်ရင် မာမီရဲ့ ကြေကွဲမှုတွေနဲ့ ရင်ဆိုင်ရမှာ လေ။ မာမီကြေကွဲနေရင် ဒယ်ဒီက သူ့ကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံ မှာ။

" နော်သား သား ဒီအိမ်လေးမှာ နေချင်သလောက်နေ ရတီလေးကို မာမီတို့ သားအနားမှာ ထားခဲ့မယ်နော် သားကဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



နေပြီး ရတီလေးက မာမီတို့နားမှာနေရင် ပတ်ဝန်းကျင်အခြင် မတင့်တယ်ဘူးလေ သားရဲ့ ''

" မာမီပြောတာ နားလည်တယ်နော် မာမီက အစကတည်းက သားဆန္ဒကို မေးသင့်တာပါကွယ် သား လွတ်လွတ်လပ်လပ် နေချင်မှုန်း မာမီ သတိမထားမိလို့ပါ နော် သား ''

တစ်စုံတစ်ရာကို ညှန်းဆိုနေတဲ့ မာမီစကားလုံးတွေရဲ့နောက်မှာ သူ့အသည်းနှလုံး ဆူပွက်လာသည်။

" သားပျော်သလောက်နေ မပျော်ရင် ဒယ်ဒီတို့ဆီ အချိန်မရွေး ပြန်ခဲ့ပါ သားရယ် နော် ''

သူ့ပခုံးကိုဆုပ်ကိုင်၍ ဒယ်ဒီထပ်ပြော၍ သူ့ရင်မှာ ချဉ်တူးလာသည်။ သူ တစ်ခုခု ပြန်မပြောမိအောင် သူ့နှုတ်ခမ်းပါးကို တင်းတင်းချည်း ကိုက်ဖိထားမိ၏။

" မာမီတို့နဲ့အတူ သမီးလေးပါလာတယ် သမီးလေး ခြံထဲက ပန်းပင်တွေ ကြည့်ရင်းကျန်ခဲ့တယ်လေ သား သမီးကို ခေါ်လိုက်နော် ''

မာမီ တသသပြောပေမယ့် သူ ဦးခေါင်းမညိတ်မိ။

ရတီစံကို သူခေါ်ရမတဲ့ မခေါ်နိုင်ပေါင် မရှက်တတ်ဘဲ သူ့ဆီလိုက်လာတဲ့ မိန်းကလေးကို သူက ရွှေပေါ်မြတင် သနေရမှာလား။

" ကဲ သား မာမီတို့ သွားမယ်နော် ''





သူ့ဦးခေါင်း မညိတ်မိ တောင်တစ်လုံးလို တည်တံ့နေတဲ့ သူ့ဦးခေါင်းကို မာမီ ချစ်စနိုးပွတ်သပ်ပြီး

" သားက ကလေးဆိုးကြီးလိုပဲ တကယ်ချစ်ဖို့ ကောင်းတဲ့ ကလေး ''

ဟု ကျီစယ်၍ သူ့ရှေ့မှ ထွက်သွားသည်။ ဒယ်ဒီနဲ့မာမီ ပါသွားတဲ့ ကားလေးခြံဝင်းထဲက ထွက်သွား၏။ ဘီယာဘူးအလွတ်တစ်လုံးကို သူ တအားကန်ပစ်လိုက်မိသည်။

မာမီစိတ်ကို ကြေကွဲမနေစေချင်တဲ့ သူ့ဆန္ဒက ခုလို ပေါက်ကွဲ နေစဖို့လား။

" တောက် ''

သူ့ရင်မှာ အတော့်ကို ပြင်းထန်လှုပ်ခတ်သွား၏။ အဖြစ်အပျက် ကို ငြိမ်သက်စွာ စောင့်ကြည့်နေသည့် ထက်ကိုနဲ့မင်းလွင် ပခုံးလေး တွန့်လျက်

" ကဲ ကောင်း မင်းဇာတ်ကို မင်းဆက်ကတော့ ''

" ဘာလို့ ကရမှာလဲကွ ''

" ရတီစံ မင်းရှေ့ရောက်လာတော့မှာကွ ''

" ဇာတ်ကို ဆက်ကမှာမဟုတ်ဘူး ဖနောင့်ပေါက်မှာကွ ''

သူ ဒေါသတကြီး ပြောလိုက်သည်။ မင်းလွင်တို့ ဘာမှမတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မျက်နှာပေးနှင့်

" ဖနောင့်နဲ့ပဲ ပေါက်ပေါက် လက်သီးနဲ့ပဲထိုးထိုး မင်းစိတ်ကြိုက် စီရင်ပေတော့ကွ ငါတို့တော့ သွားပြီ "

ရှောင်ထွက်သွားသည့် သူငယ်ချင်းတွေကို သူ ဒေါသမျက်လုံးဖြင့် လှည့်လိုက်ပြီး

" သွားကြကွာ သွားကြ "

" အခုတော့လဲ အပေါင်းအသင်းတွေကို နှင်ပြီပေါ့ ဟဲ ဟဲ "

ခြံထဲက ရတီစံကို မျက်စပစ်ပြောလိုက်သည့် ထက်ကို သူလှမ်း ထိုးလိုက်မိ၏။

ထက်ကို ညွှန်းတဲ့အနက်အဓိပ္ပါယ်က သူ့မျက်နှာပြင်ကို ရိုက်သွားသည်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၅)

အဖက်ဖက်ကို ငဲ့ညှာထောက်ထားမိသည့် စံစိတ်က သူ့အတွက် အရှောင်မျိုးစုံ ခံစားဖို့ ဖြစ်နေသတဲ့လား။

သူ့မာဃီ စိတ်ချမ်းသာမှုရစေဖို့ သူ့အပါးမှာ ထားရစ်ခဲ့ခြင်းက စံရဲ့ခိုးဝါးတဲ့ ကံကြမ္မာပေါ့။

သူ့အသွင်က ပုံမှန်ထက်ကြွပ်ဆတ် တင်းမာကာ ရင့်သီးလွန်းလှသည်။ ပျဉ်ထောင်အိမ်လေးပေါ် စံခြေလှမ်းချမိသည်နှင့် ဒေါသတကြီး ပစ်ပေါက်လိုက်သည့် ဘီယာဘူး စံရှေ့ လွင့်ကျလာသည်။

ဖွင့်ဖေါက်ထားတဲ့ ဘီယာဘူးအတွင်းမှ ဘီယာအရည်တွေ ကြမ်းခင်းတစ်လျှောက် ယိုစီးသွား၏။ သူ့မျက်ဝန်းက ယပ်ခတ်ခံရတဲ့ မီးခဲလို ရဲခနဲ။

" မင်း မနေနိုင်ဘူးလား "

သူ့စကားလုံးရဲ့ သက်ရောက်အဓိပ္ပာယ်က စံတစ်ကိုယ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ထူပူသွားစေ၏။ စံ မျက်လွှာချလိုက်၍ သူ့နှုတ်ခမ်းပါးအစုံက သရော်ဟန် တွန့်ယှက်လျက်

" အင်းပေါ့လေ ဘယ်နေနိုင်မလဲ မင်းကငါ့ကို လိုချင်လို့ယူခဲ့တာပဲ ဟုတ်တယ်နော် "

စံ အောက်နှုတ်ခမ်းလွှာလေးကို ဖွဖွကိုက်မိသည်။ သူ့ စွတ်စွဲချက်က တစ်စတစ်စ ပြင်းလာသည်။

" မင်း ငါ့နားမှာ အင်မတန် နေချင်သလား "

စံ ပခုံးနှစ်ဖက်ကို ဆုပ်၍ သူမေးစဉ် စံမျက်နှာလွှဲလိုက်မိသည်။ သူက အော်ဂလီဆန်ချင်သလို တဟက်ဟက်ရယ်လျက်

" ဟုတ်မှာပေါ့ ငါ့နားမှာနေချင်တယ် ငါ့ကို ခံစားချင်လို့ ငါ့လက်တွေကို မင်းမဖယ်တာ မဟုတ်လား "

ဖြစ်နိုင်ရင် စံ့ ပခုံးပေါ်က သူ့လက်ချောင်းတွေကို ဖယ်ချပစ်ချင်တာလေ ဒါပေမဲ့ စံဖယ်ချရင် သူ ခံပြင်းသွားမှာ စံ မဖယ်ချတော့လည်း သရော်မော်ကား ပြောလေရဲ့ သူ့မျက်နှာကို စံမော့ကြည့်လိုက်တော့ သူနှုတ်ခေါင်းရှုံ့ကြည့်ပြီး

" ဟုတ်တယ်နော် ရတီစံ မင်းကငါ့အနားမှာ နေခွင့်ရဖို့ ငါ့မာမီကို အပိုင်စည်းရုံးလိုက်တာပေါ့ ဟုတ်လား မင်းစည်းရုံးမှု အောင်မြင်ပါပေတယ်ကွ တကယ်တန်း ကျရှုံးတာ ငါကွ ငါ "





စံ ပခုံးကို သူ ဆတ်ခနဲ တွန်းလိုက်၍ စံ ကိုယ်လုံးလေး နံရံမှာ ကပ်သွား၏။ သူက စံကို စူးစူးစိမ်းစိမ်း ကြည့်လျက် သူ့အတွက်တွေ ဖြန့်လွှတ်နေဆဲ။

" မင်းသိထားဖို့က မင်းကိုငါ မလိုချင်ဘဲ ယူခဲ့ရတာကွ မာမီ ကျန်းမာရေးကြောင့် မင်းနားလည်လား အခုလဲ မင်းကိုငါ့အနားမှာ ထားရမယ်တဲ့ အဲဒါလဲ မာမီကြောင့်ပဲ ရတီစံ "

" မာမီ အကျပ်ကိုင်တာ မင်းကြောင့် မင်းဆန္ဒကြောင့် ငါ့အနားမှာ နေချင်တဲ့ မင်းတောင့်တချက်ကြောင့် ငါ့ကိုခံစားလိုတဲ့ မင်းစိတ်ကြောင့်ကွ "

စံ အသက်အောင့်ထားမိသည်။

" ဒါပေမဲ့ ရတီစံ ငါကမင်းခံစားချက်အတွက် ရှင်သန်နေမယ့် ကောင်မဟုတ်ဘူး မင်းစိတ်မင်းဆန္ဒ မင်းတောင့်တချက်ကို ငါ ဂရုမစိုက်ဘူး ငါဂရုစိုက်တာက ငါ့ဘာသာငါ နေချင်သလို နေဖို့ပဲ "

" မင်းက ငါ့သတင်းစုံစမ်းပြီး ငါ့နားမှာနေဖို့လာတာဆိုတော့ မင်းနေနိုင်သလောက်နေ မနေချင်ရင် လှည့်ပြန် ဟောဒီအိမ်မှာ စားစရာလဲ မရှိဘူး ထိုင်ဖို့ခုံတစ်လုံးမှ မရှိဘူး မင်းမြင်တဲ့အတိုင်းပဲ "

" ရပါတယ် "

စံ တိုးတိုးလေး ပြောမိသည်။ သူ မသိသလို ခွေစောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး

" ရတယ်ဆိုပြီး ငါ့မာမီ စိတ်ဆင်းရဲအောင် မျက်ရည်ခံထိုးဖို့ မကြိုးစားနဲ့ "

" စံ ကလေးမဟုတ်ဘူး "

" ဟုတ်တယ်လေ မင်းကလေးမဟုတ်လို့ လင်လိုချင်နေတာ"

" တောက် ရှင်တော်တော့ "

" မဟုတ်လို့လား "

" တောက် "

စံရင်ထဲမှ သည်းခံနိုင်မှု အတိုင်းအတာ ဝုန်းခနဲပြိုကျသလို ခံစားလိုက်ရသည်နှင့် တပြိုင်နက် သူ့ရှေ့မှ လှည့်ထွက်ခဲ့မိသည်အထိ ပြင်းထန်သွား၏။

သူ့လက်တစ်ဖက် ဖျတ်ခနဲ ဆန့်ထွက်လာသည်၊ စံလက်မောင်းကို ဆုပ်ကိုင်ဆွဲယူလိုက်၍ စံတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ပြိုကျလျက်သား ဖြစ်သွား၏။

" မင်းမသွားရဘူး ရတီစံ မင်း ငါ့အနားမှာ မရှိရင် ငါ့မာမီ ဒီထက်ရောဂါတိုးသွားမယ် "

" ဒါဆို ဘာဖြစ်လို့ စံကို ရင့်ရင့်သီးသီး ဆက်ဆံရတာလဲ"

" မုန်းလို့ "





သူ့အသံကြီးကို စံ မကြားချင်တော့။ စံ နားနှစ်ဖက်ကို ဖိပိတ်လိုက်မိသည်။

" မပြည့်မစုံဖြစ်နေတဲ့ ဟောဒီအိမ်လေးမှာ မင်းချို့ချို့တဲ့တဲ့ ဆင်းဆင်းရဲရဲ နေရမယ် မင်းနေရတဲ့ဘဝကို မင်းမိဘသိသွားရင် မင်းမိဘ ဆတ်ဆတ်ခါ နာသွားမယ် မင်းမိဘ အဲသလို ခံစားရစေဖို့ ငါကမင်းကို ဒီအိမ်မှာ ထားရမှာပဲ "

စံ ခံပြင်းမှုတွေကို မျိုချလျက် သူ့ရင်ခွင်ထဲမှ ရုန်းထွက်နိုင်ဖို့ ရုန်းကန်နေမိသည်။

" မင်းမာယာသုံးပြီး ရုန်းကန်မနေနဲ့ ငါ့ရင်ခွင်ထဲမှာ မင်းကို ဖိမ်ခံခွင့်ပေးချင်တာ မဟုတ်ဘူး ရတီစံ "

သူ ဆောင့်တွန်းပစ်လိုက်၍ စံ ကိုယ်လုံးလေး ခွေခနဲ ပုံကျသွားတော့၏။ အခန်းထောင့်မှ ရုန်းမထနိုင်တဲ့ စံကို သူဂရုမစိုက်။ နာကြင်တွန့်ရှုံ့ကာ ပုံပျက်နေသည့် စံမျက်နှာကို သူ မစာမနာ ကြည့်ပြီး

" မင်းဟာ ဟောဒီအိမ်လေးရဲ့ အောက်ဆုံးအဆင့်ဆိုတာ မင်းဘယ်တော့မှ မမေ့နဲ့ မင်းမိဘက မင်းကိုငါ့ရဲ့ ရွှေဘုံပေါ်မှာ စံရဖို့ ကြိုးစားခဲ့တယ် ငါကမင်းမိဘကြိုးစားမှုနဲ့ ဆန့်ကျင်ဘက်ဖြစ်အောင် မင်းကို ခံစားစေရမှာပဲ "

" ငါ့ရဲ့ငရဲဘုံမှာ မင်းမျက်ရည်တွေနဲ့ စံမြန်းပေတော့ ရတီစံ



www.burmeseclassic.com

www.burmeseclassic.com



ညစ်ပတ်ရှုတ်ထွေးနေတဲ့ ဟောဒီအိမ်မှာ မင်းနေခဲ့ "

ခြေလှမ်းကြဲနှင့် သူကျောခိုင်းထွက်သွားတော့ စံ ကိုယ်လုံးလေးကို နံရံမှာ မှီချလျက် ငြိမ်သက်နေမိသည်။

သူ ဆောင့်ပိတ်သွားသည့် အခန်း တံခါးပိတ်သံ ပဲ့တင်ထပ်နေဆဲ။ သူ့ရဲ့နှိပ်စက်မှုတွေက သိပ်ကိုသေသပ် ပိရိစွာ။

အကြောင်းကြောင်းကို ဝဲ့ထောက်နေသည့် စံအဖြစ်က သူ့အရွဲ့တိုက်မှုကို ပြည်းစမ်းနေရုံကလွဲ၍ ဘာမှမတတ်နိုင်တော့။

ပျဉ်ထောင်အိမ်သေးသေးလေးက ဖုံတောထဲနှစ်ထားသလို ဖုံတွေနဲ့ ဖွေးနေသည်။ လမ်းလျှောက်လျှင် သဲမှုန်တွေရှသံက သွားကြိမ်းစရာကောင်းလှသည်။

အိမ်မျက်နှာကျက်နဲ့ အခန်းထောင့်တွေမှာ မှိုင်းအိမ် တွေပြည့်လို့ မီးဖိုခန်းက ကြမ်းခင်းတွေ ခနိုးခနဲ့နှင့် ကြောင်အိမ်ထဲက အိုးခွက်ပန်းကန် တချို့က ညစ်ပတ်ပေရေနေပြီး သောက်ရေအိုးက ရေခန်းခြောက်သွေ့နေသည်။

သူတို့သောက်စားထားသည့် ဘီယာဘူးခွံ လွတ်တွေက တစ်အိမ်လုံး ပြန့်ကျဲရှုပ်ထွေးနေသည်။ ဒီလိုအိမ်ထဲမှာ စံ ဘယ်လိုလုပ်နေနိုင်မှာလဲ။ ဒါပေမဲ့ နေရမှာပေါ့ မနေလို့မှမဖြစ်ဘဲ။

စံ မနေနိုင်လို့ ပြန်တာနဲ့သူ့မာမိက သူ့ကိုအပြစ်တင်မှာ သူ့မာမိ





အပြစ်တင်လေ သူကစံကို နှိပ်စက်လေ ဖြစ်မယ်။

ဒါတင်မက စံကို သူ နှိပ်စက်တဲ့အကြောင်း မေမေတို့သိရင် စံအတွက် မေမေတို့ စိတ်ဆင်းရဲ လိမ့်မယ်။

မေမေတို့စိတ်ဆင်းရဲနေရရင် စံလဲ စိတ်ချမ်းသာမှာ မဟုတ်ဘူး ဒါကြောင့် စံ ဘာသာကြိတ်မှိတ် နေလိုက်ရင် နှစ်ဖက်မိဘ စိတ်ချမ်းသာနေမယ် နှစ်ဖက်မိဘ စိတ်ချမ်းသာဖို့ စံ သည်းခံမျိုသိပ်ရုံပေါ့။

စံကို စကားလုံးကြမ်းကြမ်းတွေနဲ့ ရင့်ရင့်သီးသီး ပြောပြီး ထွက်သွားလိုက်တဲ့ သူက ညနေစောင်းတဲ့အထိ ပေါ်မလာ။

သူ့ကို စောင့်မျှော်ရင်း ပျဉ်ထောင်အိမ်လေးကို စံ သန့်ရှင်းရေး လုပ်ကာ ငေးမျှော်နေမိသည်။

မှိုင်းတွေကိုခါချ ဖုန်တွေကို လှည်းကျင်း အမှိုက်တွေကို စုပုံသိမ်းကျုံးရင်း စံ ကိုယ်ပေါ်မှာ ချွေးတွေ ပြုတက်လာသည်။ စံ တစ်သက်နဲ့တစ်ကိုယ် ဒီလိုအလုပ်မျိုးတွေ မလုပ်ခဲ့ဖူးပါ။

အိမ်သန့်ရှင်းရေး လုပ်ပြီး မောနွမ်းနေတဲ့ စံအတွက် အမောပြေ သောက်စရာ မရှိတဲ့ ဒီအိမ်မှာ စံ ဘယ်လိုလုပ် အသက်ဆက်နေရမလဲ။

စံအမောပြေသောက်ဖို့ ရေတစ်ခွက်ကို စံဘယ်မှာရှာဖွေရမလဲ။ အိမ်လေးရှေ့မှာ နှင်းဆီပန်းတစ်ခင်းရှိလို့ တော်သေးရဲ့။

ရေသောက်ပြီး အမောမပြေရပေမယ့် ပန်းခင်းလေးကိုငေးရင်း



www.burmeseclassic.com

www.burmeseclassic.com



အမောဖြေခွင့်ရတာ စံ ကံကောင်းတယ်လို့ ယူဆရမလား။

နှင်းဆီခင်း ဘေးမှာ ရေတွင်းဝိုင်း တစ်လုံးရှိသည်ကို စံ သတိထားမိတာကြောင့် ထိုရေတွင်းထဲသို စံ ရွှေ့လျားခဲ့မိသည်။

ရေတွင်းရေက ကြည်စိမ်း ဖြာလဲ့လျက် ဒီရေကြည် တစ်ပေါက် သောက်ရရင် သူ့အတွက်ကြောင့် လောင်မြိုက်နေတဲ့မီးတွေ ငြိမ်းအေးနိုင် စွမ်းရဲ့။ မောင်းဝါးနဲ့ ရေမခပ်တတ်တဲ့ စံအတွက် တွင်းထဲက ရေတစ်ပုံးရဖို့ ခဲယဉ်းလှသည်။

မောင်းဝါးနှစ်ပြီး ရေမခပ်တတ်လို့ ရေငတ်နေမှာနဲ့စာရင် ရေခပ် တတ်ပြီး ရေသောက်ခွင့်ရအောင် ကြိုးစားတာက စံအတွက် အကျိုးရှိ လိမ့်မယ်ထင်ပါတယ်။

ရေတွင်းထဲသို့ မောင်းဝါးကို စံ မရဲတရဲ ဆွဲနှစ်ပြီး ရေတစ်ပုံးရဖို့ အတန်တန်ကြိုးစားမိသည်။ ရေတစ်ပုံးခပ်နိုင်တော့ ရင်မှ အမောအားလုံး ပြေသွားစေသည်။

လောလောဆယ် စံအသက်ဆက်ဖို့ ဟောဒီရေက အဓိကပဲ . သောက်စရာ ရေရပေမယ့် စားစရာဘာမှ မရှိတော့ ရေသောက်ရုံပေါ့ စံ ဒီအိမ်လေးကို ရောက်လာတာ ပိုက်ဆံအိတ် ပင်မပါခဲ့။

" သူမှော်ဘီက ခြံထဲမှာ ရှိနေတယ် အန်တီ "

လို့ စံသတင်းပေးလိုက်တာနဲ့ သူ့မာမီက စံလက်တစ်ဖက်ကို





ဆွဲပြီး

" သားဆီ လိုက်သွားကြမယ် သမီးလိုက်ခဲ့ "

ဆိုပြီး ဆွဲခေါ်ခဲ့သည့်အတိုင်း စံပါခဲ့ရတာလေ မာမီထားခဲ့တဲ့ အတိုင်း စံနေခဲ့ရတာ စံမှာ ဘာမှစောဒက တက်ပိုင်ခွင့်မရခဲ့။

" သားက ဒီအိမ်လေးမှာ နေမှာတဲ့ သမီးလည်းနေခဲ့နော်" တဲ့

သူ့မာမီအစီအမံကို စံ ခေါင်းခါငြင်းခွင့်မရခဲ့။ ခုတော့ စံအတွက် တွင်းထဲက ရေသာကူရာဖြစ်နေတဲ့ဘဝ။ ညနေစောင်းနေလုံးဝင် တော့မှ သူပေါ်လာသည်။

သူကတော့ အပြင်မှာ စိတ်တိုင်းကျ စားလာဟန်တူသည်။ တလောင်မွှတ်သိမ့်ခြင်း ကင်းလျက် သူ့လက်ထဲမှာ ဆွဲလာတဲ့ အိပ်ပါး အနက်ရောင်ထဲမှာ စံအတွက် စားစရာတစ်ခုခု ပါလာ လိမ့်မယ်လို့ မျှော်လင့်မိတာအမှန်ပါ။

လှေကားရင်းနားမှာ ရပ်နေတဲ့ စံကို သူတစ်ချက်မျှပင် ငဲ့စောင်း မကြည့်ဘဲ အိမ်ပေါ်တက်သွားသည်။

သူ့ပုံရိပ်လေး အခန်းထဲ ဝင်ရောက် ပျောက်ကွယ်သွားတော့ စံခြေလှမ်းက အိမ်ပေါ် ရောက်သွားသည်။

မရောက်လို့မှ မရဘဲ အပြင်မှာ မှောင်နေပြီ။ လျှပ်စစ်မီး မရှိတဲ့ အိမ်လုံးလေးက ပို၍မှောင်လျက် သူဝင်သွားတဲ့အခန်းက ဖျပ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



မီးလင်းသွားသည်။

လျှပ်စစ်မီးချောင်းမဟုတ်။ ဖယောင်းတိုင်မီးလေး စံအခန်းဝမှာ ရပ်၍ သူ့ကိုချောင်းကြည့်လိုက်သည်။

သူက ကိုယ်ပေါ်မှ စွယ်တာအနီရောင်ကို ဆွဲချွတ်ကာ အခန်းထောင့်၌နေရာသို့ လွှင့်ပစ်လိုက်သည်။ သူ ဆွဲလာတဲ့အထုပ်က သူ့ဘေးမှာ ဖယောင်းတိုင်မီးအရှိန်ကြောင့် စံပုံရိပ်ကို သူမြင်သွားစဉ်

" လာဦး ရတီစံ "

ခပ်နိမ့်နိမ့်အသံနှင့် သူခေါ်စဉ် စံသူရှေ့ခေါင်းငုံ့ရပ်လိုက်သည်။ စံကို မနှစ်မျို့သလိုကြည့်၍

" မင်းသဘောနဲ့မင်း လာနေတဲ့အတွက် ငါလက်ခံထားတာ ငါလက်ခံထားတဲ့အတွက် ငါခိုင်းတာ မင်းလုပ်ရမယ် ရတီစံ "

" ရပါတယ် စံ လုပ်နိုင်ပါတယ် "

" မလုပ်နိုင်လို့မရဘူး လုပ်ရမယ် အခုလောလောဆယ် ငါ့အတွက် အိပ်ရာခင်းပေး "

သူပြော၍ စံ ခေါင်းညိတ်လိုက်သည်။ အခန်းထောင့်မှာ ဗီရိုပု လေးတစ်လုံးကလွဲ၍ ဘာမှမရှိ။

ထိုဗီရိုပုထဲမှာ ဂွမ်းကဲဒ်တစ်ခု စောင်တစ်ထည် ခေါင်းအုံး တစ်လုံးမှလွဲပြီး ဘာမှမရှိ။





သူခိုင်းတဲ့အတိုင်း သူ့ အတွက် ဂွမ်းမွေ့ရာခင်း၍ စောင်ကို [...]ခြေရင်းမှာထား၍ ခေါင်းအုံးကို သူ့ခေါင်းရင်းမှာ ချပေးလိုက်သည်။ စံ [...]အိပ်ရာခင်းပြီးတာနဲ့ သူ အိပ်ရာပေါ် လှဲအိပ်တော့။

" ဟိုလေ. . . ည. . . ညစာ မစားဘူးလား "

စံ မဝံ့မရဲ မေးလိုက်သည်။ သူ စံကို မကြည့်ဘဲ

" ငါ အပြင်က စားခဲ့ပြီ " တဲ့

သူ့အဖြေက စံရဲ့ဆာလောင်မှုကို ပို၍ ဆူပွက်သွားစေသည်။

" စံ မစားရသေးဘူး "

စံ တိုးတိုးလေး ပြောလိုက်တော့ သူ နှာခေါင်းရှုံ့သွားပြီး

" မစားရသေးရင် မင်းဘာမင်းသွားစား "

" ဟို စားစရာဘာမှမရှိလို့ "

" မရှိရင် မစားနဲ့ပေါ့ကွ "

ခပ်ငေါ့ငေါ့ပြောတော့ စံရင်မှာ လှိုက်ခနဲ ဝမ်းနည်းသွားသည်။ [...]ရှိရင် မစားဘဲနေလို့ရသတဲ့လား။

ကောင်းကင်ချာန် ပထမဦးအကြိမ် သူ့ကို စိတ်ပျက်စွာ [...]ကြည့်မိသည်။ စံကို သူဘယ်လို ဖတ်တတ်သည်မသိ သူအိပ်ရာ [...]မှ ဆတ်ခနဲထပြီး

သိုလုံမှာ ရတီစံ မင်းကိုငါ တာဝန်ယူထားတာ မဟုတ်ဘူးကွ



www.burmeseclassic.com

www.burmeseclassic.com



နားလည်လား မင်းမှာစားစရာမရှိလို့ မစားရသေးရင် မင်းမိဘအိ
မင်းပြန်စား ''

'' ဒီလောက်အဝေးကြီး ပြီးတော့ မိုးချုပ်မှောင်ကြီး ''

စံရင်မှာ အတော်ဝမ်းနည်းစွာ ဆိုလိုက်မိသည်။ စံရဲ့ ဝမ်းနု
မှုက သူ့အတွက် ကျေနပ်စရာ ဖြစ်နေရှာသလား။ သူ နှုတ်ခမ်းပါးပေ
တွန့်၍

'' ညသန်းခေါင်ဖြစ်ဖြစ် ဘယ်လောက်ဝေးဝေး မင်းစ
မင်းဘာသာ ဖန်တီး ကောင်းကင်ရှာနိုက မင်းအတွက်ဆို လုံးဝခေ
ပဲကွ နားလည်လား ''

သူ့စကားလုံးတွေက စံရင်အုံကို ဆောင့်ကန်လိုက်သလို လွင့်
သွားစေသည်။

'' မင်းသိထားဖို့က ငါဟာ မင်းမျက်နှာလေးငယ်ပြုရင် 
မျက်ရည်လေးကျပြုရင် ပျာယာခတ်သွားမယ့် ယောကျ်ားမျိုး မဟုတ်
မင်းအတွက်ထက် ငါ့ကိုယ်ငါ့အတွက် ငါ ဂရုစိုက်တယ် ဟောဒီအိ
စားစရာဘာမှမရှိတာသိလို့ ငါဘာငါ အပြင်ထွက်စားတယ် ငါစားချ
အချိန်စားလို့ရဖို့ ငါ့အတွက် ငါဝယ်လာတယ် အဲဒီအိတ်ထဲမှာ ငါ့အ
ညလယ်စာနဲ့ မနက်စာတွေ အသင့်ဆောင်ထားပြီးသား ''

လက်စသက်တော့ သူဆွဲလာတဲ့ လ ... သူ





ရွေး စားနိုင်အောင် အစားအသောက်တွေ ဝယ်ထည့်ခဲ့တာကို။ ဇနီးသည်
ပြတ်ဆာလောင်နေတာကိုသိလျက် သူ့အတွက် နေ့ဖို့ညစာ စိမ်ပြီး
ကြည့်နေတဲ့ ယောကျ်ားမျိုး စံတစ်သက် မြင်ဖူးတော့မှယ်
ထင်တော့။

အင်းပေါ့လေ ဒီအချိန်မှာ စံက သူအငတ်ထားရင် ငတ်နေရ
ယ့်ဘဝဆိုတော့။

သူ ဖွင့်ပြတဲ့ ခေါက်ဆွဲကျော်ဘူး ကိတ်မုန့်နဲ့ ပန်းသီးတွေကို
ကြည့်ရင်း စံ မျက်လုံးစုံမှိတ်ကာ တံတွေးမျို ဖြေသိမ့်လျက် သူခင်းကျင်း
တဲ့ အစားအစာတွေနဲ့ ဝေးရာသို့ ရှောင်ထွက်ခဲ့ရသည်။ အငတ်ထားပြီး
စက်ရုံနဲ့ သူအားမရသေး။

'' မင်း ငါ့အနားမှာ မအိပ်နဲ့တဲ့ ''

ဘယ်လောက်အရှက်သည်း ခံပြင်းစရာ ကောင်းလိုက်တဲ့
စကားလုံးလဲ ပြီးတော့ ပြောသေး

'' မင်း တစ်ယောက်တည်း အိမ်ရှေ့မှာအိပ် ခြုံစရာစောင်မရှိရင်
ဘိခြုံအိပ်တဲ့ ''

သူက အခန်းထဲမှာ ဇိမ်နဲ့အိပ်သလို စံက အိမ်မအလယ်မှာ
င် ခေါင်းအုံးမရှိ အိုခြုံစရာ တစ်ဘက်တစ်ထည်တောင် မရှိဘဲ
ယ်လိုလုပ် အိပ်လို့ရမှာလဲ။ သူ သိသိချည်းနဲ့ စံကို တမင်နှိပ်စက်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့နှိပ်စက်မှုတွေက စံရင်မှာ သိမ်ငယ်ခြင်း ကြောက်ရွံ့ခြင်း ဝမ်းနည်းခြင်းတွေနဲ့ မျက်ရည်ကျနေရသည်။

တဖြည်းဖြည်း ညနက်လာလေ စံပို၍ ကြောက်လာလေ အိမ်ပ အလယ်မှာ စံတစ်ကိုယ်တည်း ဂယောက်ဂယက်ဖြစ်လျက် ခွေးအူသံတွေ လေတိုက်လို့ အပင်အချင်းချင်း ပွတ်တိုက်သံတွေက စံရင်ကိုပို၍ ချောက်ချားနေစေသည်။

ထိုအသံတွေက သရဲတစ္ဆေတွေ လျှပ်တိုက် ပြေးလွှားနေသလို နောက်ပြီးအိမ်လေးက တစ်ချက်တစ်ချက် လှုပ်ခါ လာသည့်အခါ စံတစ်ယောက်တည်း မနေရဲလောက်အောင် ဖြစ်လာသည်။

စံရင်မှာ ကြောက်ရွံ့ဝမ်းနည်းစွာ ငိုရှိုက်ရင်း သွေးပျက်ချင် လောက်အောင် ထိတ်လန့်နေဆဲ။

သူ အိပ်မောကျလို့ ဟောက်သံသဲ့သဲ့ ပေါ်ထွက်လာသည့်အခါ စံကြောက်စိတ်ပြေဖို့အတွက် သူ့အခန်းထဲ ပြေးဝင်ခဲ့မိသည်။

ကြောက်လန့် စရာကောင်းတဲ့ ညကုန်လွန်စေဖို့ သူ တားမြစ်ထား သည့်စည်းကို စံ ဖေါက်ဖျက်လျက် သူ့ရင်ခွင်မှာ တိုးအိပ်ခဲ့မိသည်။

ဖြစ်ချင်ရာဖြစ်စေတော့။

✿ ✿ ✿ ✿ ✿



## အခန်း (၁၆)

" ရတီစံ "

တိတ်ဆိတ်လွန်းတဲ့ ညမှာ သူ့ခေါ်သံနက်နက်ကြီး ဟိန်းခနဲ ထွက်လာစဉ် စံ လန့်ဖြန့်နိုးသွားသည်။ စံမျက်လွှာဖွင့်လိုက်စဉ် သူတွန်း လိုက်သောကြောင့် စံကိုယ်လုံးလေး ကြမ်းခင်းပေါ် ရွေ့သွား၏။

" ဘာ. . . ဘာဖြစ်တာလဲ "

အိမ်မှုံစုံဖွားနှင့် စံလူးလဲထမေးသဖြင့် သူ့မျက်ဝန်းက ဖယောင်း တိုင်မီးလို ရဲခနဲတောက်လျက်

" မင်းကိုငါ ဘာပြောထားလဲ မင်းမမှတ်မိဘူးလား။ ဘာကြောင့် ငါနားမှာ လာအိပ်တာလဲ "

လက်စသတ်တော့ သူ့ဒေါသက ဒါကြောင့်ကိုး စံရင်မှာ ဝမ်းနည်းသလိုလို သည်းမခံချင်သလိုလို ခံပြင်းကာ သူနားလည်အောင် ငယ်လိုရှင်းပြရ ကောင်းမှန်းမသိအောင် စိတ်ဓါတ်ကျ အားငယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



" ပြော ဘာလို့ လာအိပ်ရတာလဲ ရတီစံ မင်းဘယ်လို မိန်းမလဲကွ ငါမပြောလိုက်ချင်ဘူး တောက် "

သူ့စကားလုံးတွေက စံရင်မှာ ဆို့ကြပ်လာစေသည်။ ဘာဖြစ်လို့ သူအဲလောက်ပြင်းထန်နေရတာလဲ အညွန့်တလူလူ တက်နေတဲ့ သူ့အတ္တက ရှေ့ဆက်ဘာတွေ ဖြစ်စေမလဲဆိုတာတွေးရင် စံရင်မှာ လှိုင်းထန်လာစေသည်။ သူ့ဒေါသမျက်ဝန်းကို စံရှောင်လွှဲ၍

" စံ ကြောက် ကြောက်လို့ပါ "

စံ အသံက ဝမ်းနည်းအစ်စို့ကာ တုန်ခါနေဆဲ

" ဟာ ဘာကြောက်စရာရှိလဲကွ "

" ကြောက်တာပေါ့ ဒီလောက်ခွေးတွေအူပြီး အပင်တွေ လွတ်တိုက်သံ အကျယ်ကြီးထွက်နေတာ ဒီအသံမျိုးတွေ စံမကြားရဲဘူး"

" တောက်ကွာ မကြားရဲရင် မနေနဲ့ကွာ ဒီအိမ်မှာ နေဖို့ မင်းကိုဘယ်သူဆွဲထားလို့လဲ မင်းစိတ်နဲ့မင်းနေတာ မဟုတ်လား "

" အဲဒီအကြောင်းတွေ မပြောပါနဲ့ ကိုကောင်းကင်ရှာန်ရယ်"

စံ တစ်ချက်ရှိုက်ငို၍ ပြောလိုက်မိသည်။ စံ မျက်ရည်တွေက ဖယောင်းတိုင်မီးရောင်အောက်မှာ လက်ခနဲ စံရဲ့ကြောက်လန့်ဝမ်းနည်းမှု တွေကို စံရဲ့မာယာအဖြစ် ပြောင်းလဲမြင်နေသည့် သူ့အသိတရား ညှိုမှောင်လျက်





" ပြောရမှာပဲ ရတီစံ ပြောစရာရှိတာကို ပြောရမယ် မင်း ဒီလိုမာယာမျိုးနဲ့ငါ့ကို ချည်နှောင်ဖို့ မကြိုးစားနဲ့ "

" ဘာ "

" မင်းကြားတဲ့အတိုင်းပဲ ကြောက်လုချည့်ရဲ့ ခေါင်းစဉ်မျိုးနဲ့ ငါ့ရင်ခွင်ထဲတိုးမလာနဲ့ မင်းရဲ့ချည်ကြိုးတွေကို ငါစိတ်မဝင်စားဘူး "

" ဒါဆို ဘာဖြစ်လို့ အို. . . "

စံ ဆက်မပြောတော့ သူ့အတ္တကို သူသိနေတာပဲ သူ့မျက်ဝန်း ကျဉ်းကျဉ်း စံနှုတ်ခမ်းပါးဆီ မကျေမနပ်လွင့်ကျလာပြီး

" ဘာလဲ မင်း မကျေနပ်ဘူးလားကွ "

ပါးပြင်ပေါ် လိမ့်ဆင်းကျလာသည့် မျက်ရည်တစ်စကို စံ လက်ချောင်းလေးနဲ့ အသာသပစ်ပြီး

" ကျေနပ်တတ်အောင် စံကိုယ့်စံ ဆုံးမထားပါတယ် ကိုကောင်းကင်ရှာန် "

" တောက် မင်း တော်တော်မာယာများတဲ့ မိန်းမ အဲသလို မာယာတွေကြောင့် မာမီငါ့အနားမှာ မင်းကိုထားခဲ့တာကွ "

" ရှင် ဘာဖြစ်လို့လက်ခံထားသလဲ "

" ဘာ. . . "

သူ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ တင်းကြွလာသည်



www.burmeseclassic.com

www.burmeseclassic.com



" ရှင့်အနားမှာ စံတို့အိပ်တာ အဲလောက်ရင့်သီးနေစရာ မလိုဘူး"

" ရင့်ရမယ် မင်းကငါ့ကို ချည့်နှောင်ဖို့ ကြိုးစားနေတာ "

" ဘယ်သူကစပြီး ချည့်နှောင်ခဲ့တာလဲ "

" ဟာ

သူရင်မှာ ပွက်ပွက်ဆူသွား၏။

" မင်းက ဒါကို မကျေမနပ်ဖြစ်နေတာကိုး ဟုတ်လား ရတီစံ"

" ရှင် အပိုတွေမပြောပါနဲ့ ရှင်နဲ့မအိပ်နဲ့ဆို စံ မအိပ်ပါဘူး ဒါပေမဲ့ ဒီအိမ်မှာ ရှင်ဆက်မနေပါနဲ့နော် ဒီအိမ်မှာ စံ အငတ်ခံ အကြောက်ခံပြီး ခံမနေပါရစေနဲ့ စံကြောက်လို့ သေလိမ့်မယ် အဟာရပြတ်ပြီး သေသွားလိမ့်မယ် ကိုကောင်းကင်ဈာန်ရယ် "

" သေ သေကွာ မင်းသေတော့ ဇာတ်လမ်းပြတ်သွားတာပဲ"

" သေစေချင်ရင် သတ်ပစ်လိုက်တော့ ရော့ "

သူ ရှေ့ပစ်ပေးသည့် တံခါးမင်းဒုတ်ကြီးကို ဖျတ်ခနဲကြည့်လိုက်မိသည်။

" အဲဒီ ဒုတ်နဲ့ အသေရိုက်သတ်လိုက်ပါ ကိုကောင်းကင်ဈာန်"

" တောက် "

သစ်သားမင်းဒုတ်ကြီးကို သူ ဒေါသတကြီး လွှင့်ပစ်လိုက်သည်။





" ဘာလို့ လွှင့်ပစ်တာလဲ စံကိုရိုက်သတ်လိုက်ပါလား စံ သေသွားရင် ရှင်မုန်းတီးနေတဲ့ မိန်းမတစ်ယောက် ရှင်းသွားမယ်လေ ရှင် နှိပ်စက်ရတာ သက်သာသွားမှာပေါ့ ရှင် စိတ်ချမ်းသာဖို့ စံ သေပေးပါ့မယ် "

ခံပြင်းမှုနှင့် မို့မောက်နေသည့် သူ့ရင်အုံကြောင့် သူ့ ကိုယ်ခန္ဓာ နံရံမှာ ကပ်သွား၏။

" ရှင့်မိဘအိမ်မှာဆို ရှင့်နားမှာ မအိပ်ဘဲလဲ စံနေရဲတယ် ဒီအိမ်လေးမှာ စံ တကယ်ကြောက်လို့ပါ "

" ကြောက်မှာပေါ့ကွ ဘာအဆင်တန်ဆာ ဘာစည်းစိမ်မှ ယစ်မူးလို့မရတဲ့ ဒီအိမ်ကို မင်းကြောက်မှာပေါ့ မင်းကအိမ်ကြီးအိမ်ကောင်း ပေါ်က အဆင့်မြင့်မြင့် စည်းစိမ်ပေါ် ယစ်မူးချင်တဲ့ မိန်းမ "

" ရှင်စွတ်စွဲချင်သလို စွတ်စွဲပါ စံ ဘာဖြေရှင်းချက်မှ မပေးချင်ဘူး "

" စံ စိတ်နဲ့စံဘာမှ ဆုံးဖြတ်ခံစားပိုင်ခွင့်မရှိလို့ ရှင့်မိဘ စိတ်ချမ်းသာအောင် စံ ဒီအိမ်လေးမှာ နေရတာ "

" မနေနိုင်ရင် ထွက်သွား "

" ရှင့်မာမီ သေသွားမှာ ငဲ့နေလို့သိရဲ့လား "

သူ အံတင်းတင်းဖိကြိတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" မာမီကို ဆွဲမထည့်နဲ့ ရတီစံ "

" စံ ဆွဲထည့်နေတာ မဟုတ်ဘူး "

" မဟုတ်ရင်ပြီးရော မင်းပါးစပ်ပိတ် နားငြီးတယ်ကွ "

စံ နှုတ်ခမ်းပါးကို ခပ်တင်းတင်းစေ့၍ ကြမ်းခင်းပေါ်မှ ရုန်းထလိုက်သည်။ သူ တွန်းလိုက်တဲ့ အရှိန်ကြောင့် စံ ခါးဆစ်မျက်နေဆဲ မျက်ချင်လဲမျက်စေတော့ အနာခံပြီး ထရပ်လိုက်သည်။ ထိုအခါ သူ့မျက်ဝန်းက ဘဝင်မကျ ရွှေ့လျားလာပြီး

" ဘယ်လဲ "

" အပြင်ထွက်အိပ်မလို့ "

စံ ကြောက်စိတ်မဝင်အောင် အားတင်းလျက် ပြောလိုက်သည်။ သူ့ကိုယ်တွန့်ခနဲဖြစ်သွားပြီး

" မင်း ကြောက်တယ်ဆို "

" ရတယ် မကြောက်တတ်အောင် လေ့ကျင့်ရမှာပေါ့ "

စံ ခြေလှမ်းရွှေ့သွား၍

" မသွားနဲ့ကွာ "

" ရပါတယ် စံ အကြောက်လွန်ပြီး သေသွားတော့လဲ ဇာတ်သိမ်းပိုင်းရောက်သွားတာပဲ "

စံစိတ်ကို စံရဲဆေးတင်လျက် လှမ်းထွက်လိုက်သဖြင့်





" မသွားနဲ့လို့ ပြောနေတယ် ရတီစံ "

" ရှင်အခုမှ မတားနဲ့ ရှင့်စကားလုံးတွေက စံရဲ့ကြောက်စိတ်ကို ပိုပြီး ကြောက်လန့်နေရတယ် ဒါကြောင့် ရှင့်စကားလုံးတွေနဲ့ ဝေးရာမှာ စံနေပါရစေ "

စံ ဖွင့်ပြော၍ ထွက်သွားသဖြင့် စံ လက်တစ်ဖက်ကို သူ ဆတ်ခနဲ ဆောင့်ဆွဲလိုက်တော့၏။ စံရင်မှာ အတိုင်းအဆမဲ့ ဝမ်းနည်းကြေကွဲစွာ စံလက်ကို ရုန်းခါမိသည်။

ဒါပေမဲ့ စံကိုယ်လုံးလေး သူ့ရင်ခွင်ကျယ်ထဲ မယိုင်ခနဲ့။

" ဖယ်ပါ လွှတ်စမ်းပါ ကြောက်စရာကောင်းလွန်းတဲ့ ရှင့်စကားလုံးတွေနဲ့ အဝေးဆုံးမှာ နေပါစေ နော်. . . လွှတ်ပါ "

စံ ဝမ်းနည်းတကြီး ရုန်းဖယ်နေပေမယ့် စံကိုယ်လုံးလေးက ဆွဲပွေ့ထားတဲ့ သူ့ရင်ခွင်ကျယ်ထဲမှာ တအိအိ နစ်ဝင်သွားသည်။

" ရှင် မနှိပ်စက်ပါနဲ့ ကောင်းကင်ရှာန်ရယ် "

စံအသံ ဝမ်းနည်းတုန်ခါလျက် သူ့ရင်ခုန်သံက ပေါ်ထွက်နေတဲ့ လှိုင်းကြွသံကို စံ မရပ်မနား ရှုရှိုက်ရတော့မှာလား ကံကြမ္မာ။

ထိုအခိုက် ဖယောင်းတိုင်မီး ငြိမ်းသွားလေသည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

## အခန်း (၁၇)

" မင်းလွန်တာပေါ့ကွ "

" ဘာ "

မင်းလွင် မှတ်ချက်ပေး၍ သူ့လက်ထဲက အအေးခွက်ကို ဆောင့်ချလိုက်မိသည်။ ထက်ကိုက သောက်ခါနီးအအေးခွက်ကို နှုတ်ခမ်းဆီမှခွါ၍ စားပွဲပေါ်ပြန်တင်ပြီး

" ကောင်း မင်းခဏလေး နားထောင် "

" ဘာကို နားထောင်ရမှာလဲကွ "

ကောင်းအသွင်က လုံးဝအဝေဖန်မခံနိုင်တဲ့သူလို ရန်လိုနေဆဲ ကောင်းကို ထက်ကိုစိတ်ရှည်ရှည်ကြည့်၍

" ငါတို့က ကောင်းသူငယ်ချင်းတွေပါကွ "

" ဟုတ်တယ်လေ မင်းလွင်က ငါလွန်တယ်လို့ပြောတာ သည်းမခံနိုင်ဘူး ငါ ဘာလွန်လို့လဲကွ "





သူ မကျေမချမ်း ပြောလိုက်သည်။ မင်းလွင်ဆက်မပြောဘဲ အအေးခွက်ထဲက ရေခဲတုံးတွေကို ပိုက်ချောင်းကလေးနဲ့ ထိုးကစားလိုက်သည်။ ထက်ကို အအေးတစ်ကျိုက် ငုံသောက်ပြီး

" အဲဒါကိုပြောတာကွ "

" ပြောကွာ "

သူ စိတ်မရှည်သလိုရွတ်၍ အအေးခွက်ကောက်ကိုင်လိုက်သည်။ ထက်ကိုက ခံတွင်းထဲရောက်နေသည့် အချိုရည်ကို ဖိမ်ခံမျိုချပြီး

" ဒီလိုကွာ မင်း ရတီစံကို မုန်းတီးနေတဲ့စိတ်က ပုံမှန်ကြည့်ရင် မလွန်ဘူး "

" ဒါဆို ဘယ်လိုလွန်တာလဲကွာ "

ကောင်းအသံက ရန်လိုနေဆဲ။

" ဒါပေမဲ့ ငါတို့ထောက်ပြရင် မင်းအခုလိုပဲ ဒေါသတကြီး ဖြစ်မယ် အဲဒီတော့ သူငယ်ချင်းအချင်း အမုန်းပွားကြမယ် ဒါကြောင့် မပြောတော့ဘူးကွာ "

မင်းလွင် စိတ်မဝင်စားစွာပြော၍ သူ့ရင်မှာစပ်ဖျဉ်းဖျဉ်း ဖြစ်သွား၏။

" ဟုတ်တယ် ကောင်း မင်းလွင်ပြောသလိုပဲ သူငယ်ချင်းတွေ အမုန်းမပွားအောင် မပြောတာကောင်းတယ် မင်းလည်းနားမထောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့လည်း လုံးဝမပြောတော့ဘူး ကဲ အအေးသောက်ပြီးရင် ရုပ်ရှင်ရုံ လစ်မယ်ကွ ''

ထက်ကို ထပ်ဆင့်ပြော၍ သူ့ရင်မှာ ဘဝင်မကျနိုင်တော့။

'' ဟာ မင်းတို့ ဘယ်လိုကောင်တွေလဲကွ ပြောမယ်ဆိုပြောစမ်းကွာ ပြော ''

သူ ခပ်တင်းတင်းပြောတော့ မင်းလွင်နဲ့ထက်ကို တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး။

'' ငါတို့ပြောရင် မင်း စိတ်ဆိုးမှာပေါ့ကွ ''

'' မဆိုးဘူးကွာ ပြော စကားကို တစ်ဝက်နဲ့ရပ်ထားရင် ငါ့ရင်မှာ ခံနေတယ်ကွ ''

'' မင်း တကယ်စိတ်မဆိုးဘူးလား ''

'' မဆိုးဘူးကွာ ''

သူ ဇွတ်ပြောလိုက်သည်။ မင်းလွင်နှုတ်ခမ်းကို တွန့်လျက် ထက်ကို ကို မေးဆတ် အချက်ပေးလိုက်သည်။

'' မင်းတို့ကလည်း မြန်မြန်ပြောစမ်းကွ ငါ စိတ်မရှည်ချင်ဘူးကွာ''

သူ့စိတ်က အစဉ်အမြဲ ရှေ့ပြေးနေတတ်သည်။ ဘယ်အရာကိုမှ သည်းခံပြီး မစောင့်ဆိုင်းတတ်။ အခု သူ ခပ်ပြင်းပြင်းပြောလိုက်မှ





ထက်ကို ဦးခေါင်းဆတ်ပြီး

'' မင်း အဲလို စိတ်မရှည်တတ်တာက မင်းရဲ့အားနည်းချက်ပဲ''

'' ဘာဆိုင်လဲကွ ''

'' ဆိုင်တာပေါ့ကွ ''

'' ကဲ ဆိုစမ်း ''

ထက်ကိုတို့အမြင်ကို သူ ဒီတစ်ကြိမ် စိတ်ရှည်ရှည် နားထောင်ဖို့ သူ့စိတ်ကို သူ ဆွဲဆန့်လိုက်သည်။ သူ ထိုင်ခုံနောက်ကို ကျောမှီထိုင်၍ ထက်ကိုတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်သည်။ ဒီတစ်ကြိမ်သာ စိတ်ရှည်ဖူးသည့် ကောင်းကို မင်းလွင် တအံ့တသြကြည့်ပြီး

'' ရတီစံနဲ့ပတ်သက်တဲ့ မင်းဖြစ်စဉ်ကို အနုစိပ်ကြည့်မယ်ဆိုရင် မင်း သိပ်ပြီးအတ္တကြီးနေတယ်လို့ ငါတို့ကောင်တွေ မြင်တယ်ကွ ''

'' ဟုတ်တယ် ကောင်း ''

မင်းလွင်အဆိုကို ထက်ကို အပြည့်အဝ ထောက်ခံလိုက်၍ သူ မျက်ဝန်းဝေ့ဝေ့ဝိုက်ဝိုက် ဖြစ်သွား၏။

'' ငါ အတ္တကြီးတယ် ဟုတ်လား မင်းလွင် ''

'' ဟုတ်တယ်ကွ ''

မင်းလွင် အခိုင်အမာပြော၍ သူ နှုတ်ခမ်းလွှာ ပွင့်ဟသွား၏။

'' တကယ်တော့ မင်းအဲလောက်ထိ ပြင်းပြင်းထန်ထန် တုန့်ပြန်



www.burmeseclassic.com

www.burmeseclassic.com



စရာမလိုဘူး ဘာဖြစ်လို့လဲဆိုတော့ ရတီစံ မင်းရှေ့ ခေါင်းငုံ့နေလို့ပဲ ''

'' ဟာ ငါမုန်းတဲ့မိန်းမကို ပူဇော်နေရမလားကွ ''

'' ပူဇော်ရမယ်လို့ လမ်းညွှန်တာမဟုတ်ဘူး ကောင်း ဒါပေမဲ့ အငတ်ထားရလောက်အောင် မင်း မရက်စက်သင့်ဘူးကွာ ''

သူ နှုတ်ခမ်းလွှာ ဆတ်ခနဲ တွန့်လှုပ်သွား၏။

'' လူတစ်ယောက်က ထမင်းတစ်နပ်ငတ်ရင် အောင့်ခံနိုင်တယ် နှစ်နပ်ငတ်ရင် ကျိတ်မှိတ်အောင့်ခံနိုင်တယ် သုံးနပ်လေးနပ်ဖြစ်လာရင် ဘယ်သူမှ အောင့်ခံနိုင်တော့မှာမဟုတ်ဘူး မင်းပဲဖြစ်ဖြစ် ငါတို့ပဲဖြစ်ဖြစ်''

'' ဟုတ်တယ်နော် ကောင်း ''

သူ့လည်ချောင်း ခြောက်သွေ့သလို ခံစားလိုက်ရသည်။

'' ရတီစံဆိုတဲ့ မင်းမိန်းမကို ငါတို့တကယ် အံ့သြတယ် မင်းအငတ်ထားတဲ့အတိုင်း ရေသောက်ပြီး အောင့်ခံလိုက်တာ ''

'' သူ့အကြောင်းနဲ့ သူအောင့်ခံတာပဲ မင်းလွင် ရတီစံ့ မာယာ အကြောင်း မင်းတို့မသိဘဲနဲ့ စွတ်မပြောနဲ့ ''

'' ဒါကတော့ မင်းပိုသိမှာပါကွာ ''

ထက်ကို စကားလုံးက သူ့ရင်ကို အချွန်နဲ့ထိုးခွသလို မျက်လွှာ စေသည်။

'' သိလို့ ငါ နှိပ်ကွပ်တာကွ ''





'' မင်း ဘယ်နှစ်ရက်နှိပ်ကွပ် နိုင်မလဲ ''

'' ရှေ့ဆက် ဘယ်နှစ်ရက် မင်းအငတ်ထားမလဲ ရတီစံကရော ဘယ်နှစ်ရက် အငတ်ခံ နေမလဲ ''

သူ့ရင်မှာ မင်းလွင်တို့စကားလုံးတွေကို ပြန်ပက်ဖို့ စကားလုံး ရှာမတွေ့တော့ ပို၍ခြောက်သွေ့လာသည့် လည်ချောင်းတစ်လျှောက် အတွက် အအေးခွက် လောင်းချခြင်းဖြင့် သူ စိတ်လှုပ်ရှားမှုကို ဖာထေး လိုက်၏။

'' မင်းအငတ်ထားတဲ့အကြောင်းကို မင်းမိဘ အထူးသဖြင့် ရတီစံမိဘမသိအောင် ရတီစံနှုတ်ဆိတ်နေတာ အကြောင်းအရာ အများ ကြီးကို ကိုယ်စားပြုနေတယ် ကောင်း ''

'' ဟုတ်တယ်ကောင်း ဘာပဲဖြစ်ဖြစ် အဲသလောက် မင်း မလုပ်သင့်ဘူး မင်းဘက်က နည်းနည်းလျှော့သင့်တယ် ''

မင်းလွင်တို့ ဘယ်လိုပဲ ဖျောင်းဖျပါစေ သူ့အတ္တကို နည်းနည်းမျှ လျှော့နိုင်မည်မဟုတ်ကြောင်း သူ့ကိုယ်သူ သိနေ၏။ သူ အအေးခွက်ကို စိုက်ကြည့်၍ ငြိမ်သက်နေလျက်

'' မင်းမလျှော့ဘဲ ဆက်တင်းနေမယ်ဆိုရင် အခြေအနေက မတွေးရဲစရာ ဖြစ်လာနိုင်တယ်ကွ ''

သူ မျက်လွှာဖျတ်ခနဲ ပင့်လှန်၍ ထက်ကို ကို စိုက်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထက်ကိုမျက်ခုံးတစ်ဖက် ပင့်ပင့်၍

" ဘာဖြစ်လို့လဲသိလား ကောင်း "

" ဆိုစမ်းကွာ "

ထက်ကို အအေးခွက်ကို လက်ညှိုးလေးနဲ့ တတောက်တောက် ခေါက်နေရာမှ လက်ညှိုးလေးတန့်သွားပြီး

" ရတီစံ ထွက်ပေါက်တစ်ခုခုရှာလိမ့်မယ် "

" ထွက်ပေါက် "

" ဟုတ်တယ်ကွ "

" ရှာပစေ "

သူ စိတ်မဝင်စားစွာ ရွတ်လိုက်သည်။ သူကို မင်းလွင် နားမလည်သလိုကြည့်၍

" မင်းကို ငါတို့နားမလည်တော့ဘူး ကောင်း "

" ငါ့ကို နားမလည်တာ မင်းတို့ကောင်တွေ အမြင်ကျဉ်းလို့ပဲ ဖြစ်မယ် မင်းလွင် "

" မဟုတ်ဘူး မင်းစိတ်ကို ပြောတာကွ "

" ငါ့စိတ်ကို "

မင်းလွင် ဦးခေါင်းညိတ်လိုက်၍ သူ ပခုံးအသာတွန့်လိုက်သည်။

" ဟုတ်တယ် ကောင်း မင်းစိတ်က သာမန်ထက် ထူးခြားတယ်





ဥပမာ မင်း ခပ်ငယ်ငယ်က အနီရောင်ကို မကြိုက်ဘူး အနီရောင်က သွေးရောင်နဲ့တူလို့ မျက်စိကျိန်းစေတယ် စိတ်ဆူစေတယ် ဆိုတဲ့ အကြောင်းပြချက်မျိုးနဲ့ ခါးခါးသီးသီး ဖြစ်ခဲ့တယ် ဒါပေမဲ့ အခုနောက်ပိုင်း အနီရောင်ကို မင်းမျက်စိကျခဲ့တယ် မဟုတ်လား အခုလဲ မင်းရတီစံကို အဲသလို ခံစားမိလာရင်. . . "

" တော် ဆက်မပြောနဲ့ ထက်ကို အနီရောင်က အနီရောင် မိန်းမက မိန်းမ တစ်ခြားစီပဲ မင်းတို့အမြင်အရ တစ်ချိန်မှာ ရတီစံကို ငါ ချစ်သွားမယ်လို့ ထင်နေတာကိုး မင်းတို့အထင်ကို ဖျက်ပစ်လိုက် ထက်ကို ငါမုန်းတီးနေတဲ့မိန်းမဟာ ငါချစ်တဲ့မိန်းမ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူးကွ "

ခံပြင်းစိတ်ကြွဆူနေသည့် သူ့စကားလုံးက ပုံမှန်ထက်ပိုကျယ် သွားေ၏။

" ရတီစံ ထွက်ပေါက်ရှာရုံမက လှိုဏ်ခေါင်းတူးပြီးပဲ ပြေးထွက်ထွက် ငါစိတ်မဝင်စားဘူး ရတီစံ သူ့အလိုလို လွင့်သွားလေ ကောင်းလေပဲ "

အခုအချိန်ထိ ဖျောင်းဖျမနိုင်အောင် ပြင်းထန်နေသည့် ကောင်းကို သူတို့ စိတ်ပျက်ပြေလာသည်။

" အကယ်၍ ရတီစံ ရှာတဲ့ထွက်ပေါက်က ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်နေရင် မင်း အရှက်ကွဲမှာကွ ''

'' ဘာလို့ အရှက်ကွဲရမှာလဲ ထွက်ပေါက်ရှာတဲ့ ယောက်ျားနဲ့ ငါကိုယ်တိုင် ထည့်ပေးလိုက်မယ် ''

'' မင်း သဘောထားကြီးတယ်ပေါ့ ''

'' သဘောထားကြီးတာ မဟုတ်ဘူး ရတီစံကို ငါ့အနားမှာ မထားချင်တာ ရှင်းပြီလား ''

သူ့အသံကျယ်ကျယ် အော်လိုက်၍ မင်းလွင်တို့နှစ်ယောက် ပခုံးတွန့်ကာ ငြိမ်သက်သွား၏။

'' အဲဒါဆိုလဲ ရှေ့ဆက်ပြီး အငတ်ထားလိုက်တော့ ''

'' ထားမှာပဲကွ ''

အတန်ကြာမှ ထက်ကို သက်မအဘသာချ၍

'' အဲဒါဆိုလဲ ရှေ့ဆက်ပြီး အငတ်ထားလိုက်တော့ ''

'' ထားမှာပဲကွ ''

'' ကောင်းတယ် မြန်မြန်ငတ်လို့ မြန်မြန်ထွက်ပေါက်ရှာပြီး လစ်ပြေးတော့လဲ မင်းသက်သာတာပေါ့ကွ ''

သူ့စကားနောက် ယောင်ဝါးဝါးလိုက်ပြောတဲ့ မင်းလွင်ကို သူ ခပ်ချဉ်ချဉ် ကြည့်လိုက်သည်။ မင်းလွင် မသိချင်ဟန်ဆောင်ပြီး

'' ကဲ သွားမယ် ကွာ ''





'' သွားကြ ငါ တစ်ယောက်တည်း နေခဲ့မယ်ကွ ''

သူ စိတ်ပေါက်ပေါက်နဲ့ရွတ်လိုက်မိသည်။ မင်းလွင်တို့နှစ်ယောက် ထွက်သွားတော့ သူ တစ်ကိုယ်တည်း ငုတ်တုတ်ထိုင်လျက် အဲဒီနောက်ပိုင်း သူ့စိတ်သည် မင်းလွင်ထင်မြင်ချက်ပေးသလို ရတီစံ ထွက်ပေါက်ရှာ သွားရင်ဆိုသည့် အတွေးနဲ့ဆူပွက်နေတတ်သည်။

သူ့ကို အသိမပေးဘဲ အပြင်ထွက်နေသည့် ရတီစံကို သူ နားမလည်နိုင်တော့။ ပို၍နားမလည်နိုင်သည်က အမှတ်မထင် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူ့ရင်ထဲ ဝုန်းခနဲ ဆောင့်ခုန်သွားတော့၏။

ထိုမြင်ကွင်းက

သူ မမြင်ဘူးသည့် ခပ်ချောချောလူရွယ်တစ်ဦးနှင့် ယှဉ်တွဲလျက် ဖိမ်ခံကားတစ်စီးပေါ် လှမ်းတက်သွားသည့် ရတီစံ ပုံရိပ်ကိုမြင်စဉ် သူ့ဒေါသဆူကြွလျက် ထိုကားဆီပြေးလိုက်ခဲ့သည်။

ထိုကားက လျှောခနဲ ထွက်ခွါကာ

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

သူ့ရင်က ဒေါသက အငွေ့တထောင်းထောင်း ထနေတဲ့ ရေနွေးအိုးလို အငွေ့ပျံတက်နေဆဲ။

လှေကားငါးထစ်၏ အပေါ်ဆုံးအထစ် တံခါးဝဘောင်မှာ သူကိုယ်တစ်ခြမ်းမှီရပ်လျက်

လက်နှစ်ဖက်က ပစ္စည်းထည့်ထားတဲ့ လက်ဆွဲအိတ်တွေ ဆွဲပြီး ခြံထဲလှမ်းဝင်တဲ့ ရတီစံကို သူ ဒေါသတကြီး ဖိကြည့်လိုက်သည်။ လှေကားထစ်ပေါ် စံ ခြေလှမ်းလှမ်းတော့

" မင်း မလာနဲ့ "

စံ ခြေလှမ်းတန့်လျက် သူ့ကိုမော့ကြည့်မိသည်။ သူမျက်နှာ ပေးက ဘီလူးဝင်စီးခံရသလို တုန်ခါလျက် စံ မျက်လွှာချ၍

" ဒီနေ့. . ."

" မပြောနဲ့ မင်း တစ်ခွန်းမှ မပြောနဲ့ "





သူ စကားသံတွေရဲ့နောက်မှာ သူ ခြေလှမ်းက လှေခါးထစ်တွေကို ဖျပ်ခနဲကျော်လွှား၍ စံရှေ့ရောက်လာသည်။ ထို့နောက် စံ လက်ထဲက အထုပ်တွေကို ဆတ်ခနဲဆွဲယူပြီး

" ဒါတွေ ဘယ်ကရတာလဲ "

" ဟို. . ."

" ဟို ဟို နဲ့ မင်း စကားမတတ်တော့ဘူးလား ဘယ်ကောင့် ဆီမှာ မျက်ရည်ခံထိုးပြီး ယူလာတာလဲ "

" မဟုတ်ပါဘူး "

" ဘာလဲ မင်းငါ့ကို ညာတာလား "

စံ စိတ်ရှုပ်စွာ အကြည့်လွှဲလိုက်၍

" တောက် "

စံဆီမှ ဆွဲလုလိုက်တဲ့အထုပ်အားလုံးက သူ့ဒေါသလက်တွေရဲ့ လွှင့်ပစ်မှုနောက် လွင့်စင်ပြန့်ကြဲသွား၏။

မြေပေါ်လွင့်ကျနေသည့် မြူစွမ်ထုပ်၊ ကိတ်မုန့်၊ ကော်ဖီမစ်ထုပ်၊ မုန့်ပုံး၊ သစ်သီးတွေကို စံ နှမြောသသ ငေးကြည့်ရင်း စံ နှုတ်ခမ်းသားလေး ဝမ်းနည်းကာ တဆတ်ဆတ် တုန်ခါသွား၏။

" မင်းဟာ မာယာများတဲ့မိန်းမ မင်းရဲ့မာယာထဲမှာ ငါ နှစ်မျောနေမယ်လို့ မထင်နဲ့ မင်းဘယ်လမ်းကို လျှောက်နေလဲ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ငါသိတယ် မင်းလိမ်လေ ညာလေ ငါမုန်းလေပဲ ငါမုန်းအောင် ထွက်ပေါက်ရှာနေတာ မင်းထွက်ပေါက် မင်းရှာတွေ့ပြီးပဲ ဘာဖြစ်လို့ ငါ့ရှေ့ ပြန်လာတာလဲ မလာနဲ့ လုံးဝမလာနဲ့ ထွက်သွား . . . သွား''

သူ့ဒေါသရဲရဲတောက်လျက် စံကို တွန်းလိုက်၍ စံ ကိုယ်လုံးလေး နောက်လှန်ကျသွား၏။

'' မသွားဘူးလား မင်းငါ့ကို အရွဲ့တိုက်နေတာလား ''

စံမှာ ရုန်းထနိုင်တဲ့ အင်အားမရှိတော့ ပြန့်ကြဲနေတဲ့ သစ်သီးတွေနားမှာ ခွေကျနေသည့် စံအသက်ဝအောင် ဖိရှုနေရုံမှလွဲ၍ သူ့ကို တစ်ခုခုပြန်ပြောဖို့ စွမ်းအားမရှိတော့။

စံရင်မှကြေကွဲမှုတွေကြောင့် မျက်ရည်စတွေ ယိုစီးကျလာသည်။ စံကို ဘာဖြစ်လို့ မုန်းတီးနေရတာလဲ ကိုကောင်းကင်ချာန် ရယ် စံရင်ထဲမှာ ထိုမေးခွန်းက အကြိမ်ကြိမ် လှုပ်ခတ်နေသည်။

'' ဒီမှာ ရတီစံ မင်းကိုငါ နောက်ဆုံးပြောလိုက်မယ် မင်း ငါ့ရှေ့က ထွက်သွား. . . ''

စက္ကန့်နဲ့အမျှ ဆူပွက်လျက် တစ်ဖက်စောင်းနင်း အတ္တနဲ့ နှိပ်စက်နေသည့် သူ့ကို စံ တစ်ချက်မော့ကြည့်လိုက်ပြီး

'' စံကို နှင်နေရအောင် စံ ဘာအပြစ်လုပ်မိလို့လဲ ကိုကောင်းကင်ချာန် ''





'' ဘာ အပြစ် ဟုတ်လား မင်းကိုယ်မင်း ဘာအပြစ်လုပ်လို့ လုပ်မှန်းမသိဘူးတဲ့လား ဟား ဟား ''

သူ၏ သရော်မော်ကား ရယ်သံကြီးက စံ စိတ် တုန်ခါနေစေသည်။

'' ရတီစံ မင်းမာယာက သိပ်ကိုသေသပ်လှပလွန်းတယ်ကွာ ငါ တကယ်အံ့ဩတယ်ကွ ငါ့ရှေ့မှာက မခုတ်တတ်တဲ့ကြောင်လို ခေါင်းကလေးငုံ့ပြီး ငြိမ်ပြခဲ့တယ် ငါနောက်ကွယ်မှာ မင်းလုပ်ချင်ရာကို လုပ်နေခဲ့တယ် မသိရင် ငါကဘီလူးကြီးနဲ့ တူနေသလို မင်းက အပြစ်ကင်းစင်တဲ့ မှင်းသမီးလိုလိုနဲ့ မင်းရဲ့မာယာကို နောကြေနေလို့ ငါ မင်းကို အစွမ်းကုန် မုန်းတီးခဲ့တာကွ ရှေ့ဆက်ပြီး ငါမုန်းနေမှာပဲ ဒါကြောင့် မင်းကိုငါ မမြင်ချင်တော့ဘူး မလိုချင်တော့ဘူး ''

'' မင်းရှာတဲ့ထွက်ပေါက်ဆီကို မင်းပြန်သွား မင်းအားကိုးတဲ့ ရင်ခွင်မှာ မင်းခေါင်းချတော့ အဲဒီကောင့်နောက် မင်းလိုက်သွားတော့ လိုက်သွား ''

'' စံက ဘယ်ကောင်နောက် လိုက်သွားရမှာလဲ ကိုကောင်းကင် ချာန် ''

သူ မျက်နှာဆတ်ခနဲ ပင့်လာပြီး

'' ဘယ်အကောင်ရမလဲ မင်းကိုအငတ်မထားမယ့် ကျေ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို မင်းကိုစားစရာတွေ ဝယ်ပေးတဲ့ကောင် နောက်ကို နားလည်လား ငါမပြောလိုက်ချင်ဘူး ''

စံ လက်ဖဝါးနဲ့မြေပြင်ကို အားပြုထောက်၍ ထဖို့ ကြိုးစားမိသည်။ သို့သော် ခါးထဲမှာ အတော်မျက်ကာ စူးခနဲ အောင့်တက်လာတာကြောင့် စံရုန်းထမနိုင်ခဲ့။ စံ ခါးဆစ်ထဲက နာကျင်မှုက စံမျက်ရည် တပေါက်ပေါက် ကျစေသည်။ စံရဲ့နာကြင်မှုထက် သူ့စကားလုံး တွေက ပို၍ပို၍ မျက်ရည်ကျစေသည်။

'' ကိုကောင်းကင်ချာန် စံ ရှင်းပြပါရစေ ''

'' မရှင်းပြနဲ့ မင်းရှင်းပြတာကို ခံနေဖို့ ငါ နွားမဟုတ်ဘူး ''

'' သူက. . . ''

'' မပြောနဲ့လို့ ပြောနေတယ် ရတီစံ မပြောနဲ့ ''

သူ ဟန့်တားမှုနောက်မှာ စံ နှုတ်ခမ်းလွှာလေး စေ့ပိတ်လျက်သား ဖြစ်သွားသည်။ ကြိတ်မှိတ်မျိုသိမ့်မှုကြောင့် တုန်ခါနေသည့် ရှိုက်သံရှိုက်ခတ်လျက် စံကိုယ်လုံးလေးက သူ့ခြေရင်းမှာ ဝပ်ဆင်းသွား၏။

'' စံကို ရှင်းပြခွင့်ပေးပါ ကိုကောင်းကင်ချာန် စံ ရှင်းပြပါရစေ စံ လေ ''

စံ စကားလုံးမဆုံးခင် သူ ခြေလှမ်းက စံရှေ့မှ ဆုတ်ခွာပြီး လှေခါးထစ်တွေပေါ် တဝုန်းဝုန်း လှမ်းတက်သွား၍ ပျဉ်ထောင်အိမ်လေး





ရမ်းခါသွားသည်။

'' စံ ပြောပါရစေ တစ်ဆိတ်နားထောင်ပေးပါနော် ပြီးမှ ကိုကောင်းကင်ချာန် ကြိုက်သလိုအပြစ်ပေးပါ စံ ရှင်းပြတာကို နားထောင်ပေးပါ ''

'' ဟေ့ မင်းစကားလုံးကို နားထောင်ဖို့ ငါ ရင်မခုန်ဘူး မင်းဟာ ငါ့နောက်ကွယ်မှာ မင်းစိတ်အလိုအတိုင်း ပြုချင်တိုင်း ပြုနေတဲ့ မိန်းမ ငါမင်းကို အငတ်ထားတဲ့ကောင် မင်းငါ့ကို ဘာမှသံတော်ဦးတင်စရာမရှိဘူး မင်းအငတ်မခံနိုင်လို့ မင်းထွက်ပေါက်မင်းရှာတာ ငါ ဘာမှ မပြောဘူး ဒါပေမဲ့ မင်း ငါ့အမုန်းတွေကို မဖတ်တတ်တာ ငါခံပြင်းဆုံးပဲ ရတီစံ ငါ့အတွက် ငါ ဝယ်လာတဲ့အစားအသောက်တွေကို ငါမစားဘဲ ထားခဲ့တာ ဘာကြောင့်လဲဆိုတာ မင်းနားမလည်တာ ငါဘာမှ မတတ်နိုင်ဘူးကွ ဒါကြောင့် ငါ့ဘာကိုမှ မခံစားတော့ဘူး ''

ဘာကြောင့်မှန်းမသိ သူ့ရင်ထဲက ပြုံကျတဲ့ခံစားမှုတွေက သူ မျက်ဝန်းအိမ်မှ ယိုစီးလာ၏၊ ထိုမျက်ရည်စတွေကို သူ ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။

ထို့နောက် သူ ညနေတိုင်း ဝယ်လာတဲ့ စားစရာ တွေကို သိမ်းကြုံးပြီး လွှင့်ပစ်လိုက်သည်။ ပျဉ်ထောင်အိမ် ကြမ်းခင်း ပေါ်မှာ ထမင်းချိုင့်၊ မုန့်ပုံး၊ အသားဘူး၊ ပေါင်မုန့်၊ မုန့်ဖာ၊ သစ်သီး အချိုရည်ဘူး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြန့်ကြဲသွားတော့၏။

" မင်းက အိမ်ပေါ်မှာ အဆင်သင့်ရှိနေတဲ့ စားစရာထက် သူများကျွေးတဲ့ စားစရာကို မက်မောနေမှတော့ ငါ ဝမ်းနည်းနေရမှာလား ရတီစံ ဆောရီးပဲ ရတီစံ "

" ငါဘယ်တော့မှ မင်းကြောင့် ဝမ်းမနည်းဘူး ဒါကြောင့် မင်းနေချင်သလိုနေ သွားချင်တဲ့သူနဲ့သွား စားချင်တဲ့ဆီမှာ စား ဒါပေမဲ့ ငါ့ရှေ့ကို မင်းမလာနဲ့ မင်းကိုငါ မမြင်ချင်ဘူး လုံးဝမမြင်ချင်ဘူး ကွ"

သူ တရစပ်ပြောရင်း တံခါးချပ်တွေကို ခပ်ကြမ်းကြမ်း ဆောင့်ပိတ် လိုက်သည်။

" ကို. . . ကောင်းကင်စျာန် တံခါးဖွင့်ပါဦး. . . စံ ပြောရစေ . . . နော်. . . "

စံ ကိုယ်ကို အားတင်းထ၍ လှေကားလက်ရမ်းကို ဆွဲကိုင် အားပြုရပ်လိုက်မိသည်။ စံ ထရပ်လိုက်စဉ် စံအာရုံမှာ မူးနောက်ပြာဝေလျက် လှေကားလက်တန်းကို အမိအရ ဖက်တွယ်ရင်း စံကိုယ်ကို လှေကားဘောင်နဲ့ မှီလိုက်မိသည်။

စံ ခါးဆစ်က တစ်ဆစ်ဆစ် နာမျက်နေသလို စံရင်မှာ တလှပ်လှပ် မောနွမ်းလျက်

" မဖွင့်ဘူး မင်းသွားတော့ မင်း သွားချင်တဲ့ဆီ မင်းသွားတော့"





" ကိုကောင်းကင်စျာန် . . . တံ. . . တံ. . ခါး. . . ဖွင့်ပေးပါ နော် "

တုန်ခါနေတဲ့ အသံနဲ့အတူ လှေခါးထစ်တွေကို ကုတ်တွယ် တက်လာတဲ့အသံကို သူ နားမဆင်တော့။

ပိတ်ထားတဲ့ တံခါးမှာ သူနောက်ကျောမှီလျက် ဦးခေါင်းတွင်တွင် ရမ်းကာ ပျံ့လွင့်လာတဲ့အသံ တွေကို မောင်းထုတ်နေမိသည်။

" ကို ကောင်း. . ကင်. . စျာန်. . . စံ. . ကို. . လေ. . . တံခါးလေး. . . တစ်ချပ် ဖွင့်. . ပေးပါ. . . နော်. . . ။ စံ. . လေ. . . အရမ်း. . . မောနေတယ်၊ ပြီးတော့ စံ. . . ကိုယ်ထဲမှာ ဘာဖြစ်နေလဲ. . . မသိဘူး အရမ်းပူနေတယ် စံ ခါးဆစ်ထဲမှာ နာ. . . နာတေယ် စံ. . . အာရုံမှာ. . . ဝေဝါးနေတယ် စံမှားတယ်ဆိုရင် . . . တောင်းပန်ပါ တယ် အနူးအညွတ် တောင်းပန်ပါတယ် စံလေ . . . အား. . . "

ငြီးတွားသံလေးလေးကြီးနောက်မှ ဝုန်းခနဲ လိမ့်ကျသံ ဟိန်းထွက်လာတော့ သူ မျက်ဝန်းကိုမှိတ်၍ သူနားနှစ်ဖက်ကို အသေဖိပိတ် လိုက်မိသည်။

သူဦးခေါင်းကို တွင်တွင်ရမ်းလျက်

ဟင့်အင်း မာယာသုံးနေတဲ့ ရတီစံ စကားလုံးတွေထဲ မပျော်ဝင် မိအောင် သူကိုယ်သူ အားတင်းထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



" အား. . ."

" ကို. . . ကောင်း. . ."

သူ့နာမည်ခေါ်သံအဆုံးထိ မရောက်ခင် ပျောက်ကွယ်သွားသည့် ရတီစံအသံ သူဘာလုပ်သင့်သလဲ။

မာယာအမျိုးမျိုး သုံးနေသည့် ရတီစံ သရုပ်ဆောင်မှုကို သူ အသိအမှတ်ပြုရမလား။ ဟင့်အင်း

သူ မစားဘဲ ထားရစ်တဲ့အစားအသောက်တွေထက် သူတပါး ဝယ်ကျွေးတဲ့ အစားအသောက်ကို မက်မောတဲ့မိန်းမကို သူ မျက်နှာချင်း မဆိုင်ချင်တော့။ ရတီစံ အသံထပ်မံ တိုးဝင်မလာအောင် သူ နားပေါက်ထဲ လက်ညှိုးနှစ်ချောင်း ထိုးထည့်ပိတ်ဆို့ ထားလိုက်သည်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၉)

" သမီး. . . အမလေး. . . သမီးလေး ဘာဖြစ်နေတာလဲ "

" သမီး ဟာ သွေးတွေအိုင်ထွန်းနေတယ် အမလေး သမီးလေး ရတိမ်နစ်ရပြီးလား သမီး "

" သမီး. . . သမီး စံ ရတီစံ ဖေဖေခေါ်နေတယ်လေ "

စိုးရိမ်ထိတ်လန့်သော ကြေကွဲသံတွေ ဟိန်းခနဲပျံ့ထွက် တိုးဝင်လာတော့ သူ တစ်ကိုယ်လုံး တုန်ခါသွားပြီး

" ဘယ်သူမှ မရှိဘူးလား သမီးလေးကို ဒီလိုပဲ ပစ်ထားကြတာလား သမီး "

" အမလေး မေမေ့သမီးလေးတော့ သွားပါပြီ ဟီး. . . ဟီး သမီးလေး. . . "

ထိနိုက်ကြေကွဲဖွယ် ငိုကြွေးသံက သူ့ရင်ကို ခပ်ပြင်းပြင်း လှုပ်ခတ်သွားစေ၏။ ရတီစံ မိဘနှစ်ပါး၏ ကြေကွဲသံငိုကြွေးသံသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ကို လန့်ဖြန့်တုန်ခါသွားပြီး သူ ဝုန်းခနဲထ၍ တံခါးဆွဲဖွင့်လိုက်တော

" ဟင် "

သူ့အာရုံတစ်ခုလုံး မယုံနိုင်လောက်အောင် လွင့်စင်သွားတော့ လှေခါးခြေရင်းမှာ ပျော့ခွေပုံကျ ငြိမ်သက်နေသည့် ရတီစံ ကိုယ်အော ပိုင်းက သွေးအိုင်ထဲနစ်လျက် ဟာ ဘာဖြစ်တာလဲ ဒါ ဘာဖြစ်တာလ

အန်တီသင်းက ရတီစံ ကိုယ်လုံးလေးကို ပွေ့ပိုက်ပြီး ဝမ်းနည် တကြီး ငိုရှိုက်နေသလို အန်ကယ်သက်က စိုးရိမ်တကြီး ရေရွတ် လျ

သူ့စိတ်က ဘာကိုမှ အစိုးမရနိုင်တော့။ ကိုယ်မမှိတဲ့ ကံကြမ္မာ လန့်ဖြန့်ကာ လှေကားထစ်ငါးဆင့်ကို သူ ခြေလှမ်းနဲ့လွှားခနဲ ခုန်ကျေ ပြေးဆင်းခဲ့မိသည်။

" စံ "

" စံ ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ "

စံကို သူစိုးရိမ်တကြီး ပွေ့ယူဖို့ ကြိုးစားစဉ်

" မင်း သမီးလေးကို ရက်စက်လိုက်ပြီ "

" ငါ့သမီး တစ်ခုခုဖြစ်သွားရင် မင်းကို ငါကိုယ်တိုင် သတ်မ သတ်မယ်ကွ "

" ကိုသက်ရယ် သမီးလေးကို ကယ်ပါဦး သမီး သမီ သမီးလေးကို မင်း သတ်ပစ်လိုက်ပြီလားကွယ် "





စံ မိဘနှစ်ပါးရဲ့ ထိုးနှက်စွတ်စွဲတဲ့ စကားလုံးတွေက သူ့ရင်အုံကို အကြိမ်ကြိမ် ဖိနှိပ်လာသည်။ ထို့နောက် စံ ကိုယ်လုံးလေးကို သူ့မိဘနှစ်ပါး ပွေ့မ၍ ကားပေါ်တင်လိုက်သည်။

" စံ "

သူ့ရင်မှာ ဆောက်တည်ရာမရ ဆူပွက်စွာဖြင့်

" မင်း မလာနဲ့ မလာနဲ့ကွ "

ကားပေါ်ပြေးတက်မိသည့် သူ့ကိုယ်ကို ဦးသက်နိုင် တွန်းလိုက်၍ သူကိုယ်တစ်ပတ်လည်၍ ပြုဆင်းသွား၏။

" မင်းလုံးဝ ငါ့သမီးအနားမကပ်နဲ့ မင်း ငါ့သမီးကို သတ်တဲ့ကောင် "

" ဟာ. . . အန်ကယ် "

သူ့ရင်မှာ အတိုင်းအဆမဲ့ ထိတ်လန့်ကြေကွဲသွား၏။ စံကို သူသတ်တာတဲ့ ဟင့်အင်း။

" သမီးရယ်. . . သမီး. . . "

ပျော့ခွေနေတဲ့ စံကိုယ်လုံးလေးက သူ့မိခင်ရင်ခွင်ထဲမှာ ငြိမ်သက်စွာ။

" ကိုသက်ရယ် ဒီကောင်ကို မပြောနဲ့တော့ သမီးလေး ဘာဖြစ်လို့ ဖြစ်နေမှန်းမသိဘူး သမီးလေး တစ်ကိုယ်လုံး အေးစက်နေပြ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံအမြန်သွားမယ်လေ ကားအမြန်မောင်း "

အနိမ့်အမြင့်မညီတဲ့ အန်တီသင်းအသံနောက်မှာ အန်ကယ်သက် လက်သီး သူ့ကိုရွယ်ထားရာမှ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ကားပေါ်ပြေးတက်၍ ကားကိုအရှိန်မြှင့် မောင်းထွက်သွားသည်။ ကားလေး ထွက်သွားရာနောက်မှာ စံ သူနဲ့တဖြေးဖြေးဝေးသွားပြီးဆိုသည့် အသိက သူ့နှလုံးသားရှူးသွပ်သွားတော့၏။

" စံလေ အရမ်း. . . မောနေတယ်။ ပြီးတော့ စံကိုယ်ထဲမှာ ဘာဖြစ်နေလဲ မသိဘူး . . . အရမ်းပူနေတယ် စံ ခါးဆစ်ထဲမှာ . . . နာ. . . နေတယ် စံ အာရုံမှာ. . . ဝေ. . . ဝါး. . . နေ. . . တယ် စံ မှားတယ်ဆိုရင် တောင်းပန်ပါတယ် အနူးအညွတ်. . . တောင်းပန်ပါတယ် . . . စံလေ အား. . . ဝုန်း. . . "

စံရဲ့ နောက်ဆုံးအသံ ပွဲတင်ထပ်လျက် စံရဲ့ပြုံးကျဲ့သံက တကယ်ပေါ့ စံ မာယာသုံးပြီး တံခါးဖွင့်ခိုင်းတာ မဟုတ်ဘူးပေါ့ ဟုတ်လား ဘာဖြစ်လို့ စံစကားလုံးတွေကို သူ မယုံရတာလဲ။

စံ အသံလေး ပျောက်ကွယ်သွားကတည်းက သူတံခါး ဖွင့်လိုက်ရင် စံ ဒီလို ဖြစ်မယ်မထင်ဘူး ခုတော့

သွေးတွေ အိုင်ထွန်းနေတာ ဘာဖြစ်လို့လဲ။

" မင်း. . . ငါ့သမီးကို သတ်တဲ့ကောင် တဲ့ "





အန်ကယ် သက်နိုင် စွတ်စွဲတဲ့အမိပ္ပါယ်က ဘာလဲ သူ နှိပ်စက်ပြီးသတ်လို့ စံ သေသွားပြီလို့ မှတ်ချက်ပေးတာလား သူ ဦးခေါင်းတွင်တွင်ရမ်းပြီး

" မဟုတ်ဘူး စံ မသေရဘူး မသေရဘူး "

ဟာ သူ့နှလုံးသွေးတို့ ရေတံခွန်လို အရှိန်ပြင်းစွာဖြင့်

စီးရယ် ဘာဖြစ်သွားတာလဲ။

ဒီလိုဖြစ်လိမ့်မယ်လို့ သူ လုံးဝ မထင်ခဲ့ဘူး။ စံရယ်။

ဆောက်တည်ရာမရဖြစ်နေတဲ့ သူ့စိတ်က စံအပါး ရစ်သီနေချင်ပေမယ့် စံမိဘနှစ်ပါးရဲ့ တားဆီးပိတ်ဆို့မှုနောက်မှာ နောက်ဆုတ်ကျစွာဖြင့်

" မာမီ . . . ဒယ်ဒီ "

ငိုကြီးချက်မနဲ့ ပြေးဝင်လာတဲ့သားကို ဒေါ်ရှိစိန်နဲ့ဦးဆင့်မောင်က တအံ့တသြ ပြူးကြည့်မိသည်။

" သား "

ဒေါ်ရှိစိ သားကို ဆီးပွေ့ပြီး

" သား ဘာဖြစ်လာတာလဲကွယ် ဘာဖြစ်တာလဲ မာမီရင်တုန်လိုက်တာကွယ် "

" ဟုတ်သားပဲ သားရယ် သား ဘာဖြစ်တာလဲ ဒယ်ဒီတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောမှပေါ့ကွာ ''

သူ့မိဘနှ ါး စိုးရိမ်တကြီးဆီးမေး၍ သူ့ရင်မှာကြေကွဲ ဆို့နင့်လျက်၊ သူ့ကျောပြင်လေးကို တယုတယ ပွတ်သပ်ပေးနေသည့် မာမီ အကြင်နာက သူ့ရင်ကိုပို၍ ထိခိုက်ကြေကွဲနေစေသည်။

'' သားရယ် သမီးလေးကောဟင် ''

'' သားတို့ ရန်ဖြစ်လာတာလား ''

'' ပြောလေ မာမီကို ပြောလေ ''

သူဦးခေါင်းတွင်တွင် ရမ်းပြီး

'' မ. . . မဟုတ်ဘူး မာမီ စံ. . . ကို သားမသတ်ဘူး ''

'' ဟေ ''

'' အမလေး ဘုရားဘုရား သား သား ဘာပြောလိုက်တာလဲ သား ဘာပြန်ပြောလိုက်တာလဲ ပြန်. . . ပြန်ပြောစမ်း ''

ဒေါ်ရှိစိတို့ လင်မယား ထိတ်လန့်ပြူးကြောင် သွားၾ။ ဒေါ်ရှိစိ ရင်ဘတ်ကို ဖိလျက်

'' ဘယ်လို. . . သား ''

သူ မာမီလက်ချောင်းလေးတွေကို အားကိုးတကြီး ဆုပ်ကိုင်၍

'' သား . . . စံကို မသတ်ဘူး မာမီရယ် စံ ဘာဖြစ်သွားလဲ သားမသိဘူး ''





'' ဟင် ''

ဒေါ်ရှိစိ အာရုံမူးမိုက်ပြာဝေသွားၾ။ သားပြောတာကို မယုံနိုင်လောက်အောင် ဖြစ်ပြီး ဦးဆင့်မောင် ဖနီးသည်အပါး စိုးရိမ်ကြီးစွာ ကိုးကပ်လာပြီး

'' ရှိစိ သတိထားနော် သားကဘာဖြစ်လို့ သမီးလေးကို သတ်မှာလဲ ဟုတ်တယ်နော် သား ''

'' ဟုတ်တယ် ဒယ်ဒီ သား မသတ်ဘူး ''

'' ဒါဆို သမီးလေး ဘာဖြစ်သွားလဲ ''

ဒေါ်ရှိစိ တုန်ယင်လျက် ပြတ်တောင်းတောင်း မေးလိုက်ၾ။

'' သား ပြောလိုက်လေ သမီးလေး ဘာဖြစ်သလဲ ''

'' ဘာဖြစ်လဲ သား မသိဘူး အန်တီသင်းတို့ ဆေးရုံခေါ်သွားကြတယ် သားကို လိုက်ခွင့်မပေးဘူး ဒယ်ဒီ သား အရမ်းစိုးရိမ်တာပဲ သားတို့ ဆေးရုံလိုက်သွားရအောင် မာမီနော် မာမိ ''

ဒေါ်ရှိစိ စိုးရိမ်စိတ်နဲ့ လှုပ်လှုပ်ရှားရှားဖြင့် သားကို ပွေ့ဖက်ကာ ဒရောသောပါး ပြေးထွက်သွားသည်။

'' ရှိစိ စိတ်အေးအေးထားပါကွာ ''

ဦးဆင့်မောင် ဖနီးသည်ကို စိုးရိမ်လျက် ဒေါ်ရှိစိနောက် ကပြေးလေး လိုက်သွားမိသည်။ ခုချိန်မှာ စုံစိတ်ကလွဲပြီး စိုးရိမ်သောက



www.burmeseclassic.com

www.burmeseclassic.com



လောင်မြိုက်စရာကောင်းတာ ဘာမှရှိမည်မထင်တော့။ ဖြစ်ရလေ သမီးလေးရယ်။

❀ ❀ ❀ ❀ ❀



## အခန်း (၂၀)

" သမီးလေး. . . ဘာဖြစ်တာလဲ သင်းသင်းရယ် "

အရေးပေါ်ခန်းရှေ့မှာ စိုးရိမ်တကြီး ငိုရှိုက်နေသည့် ဒေါ်သင်းသင်းမေကို ဒေါ်ရီစီ ပခုံးလေးဖက်၍ ခပ်လောလော မေးလိုက်မိသည်။ စိုးရိမ်စိတ်ကြောင့် ဒေါ်သင်းသင်းမေ ငိုရှိုက်နေဆဲ။

ဦးသက်လွင်က စိုးရိမ်စိတ်နဲ့အတူ တစ်စုံတစ်ရာကို သည်းမခံနိုင်လောက်အောင် ဒေါသထွက်ကာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေ၏။ သမီးလေးအတွက် ထိခိုက်ကြေကွဲနေသည့် ဦးသက်လွင်တို့ဇနီးမောင်နှံ ကို ဦးဆင့်မောင် နားလည်ပေးနိုင်ပါသည်။ ဦးသက်လွင်အပါး ဦးဆင့်မောင် တိုးကပ်သွားပြီး

" သမီးလေးအတွက် ကျွန်တော်တို့လဲ စိုးရိမ်နေပါတယ် ကိုသက်ရယ် သမီးလေး အခြေအနေ ဘယ်လိုရှိလဲဗျာ "

" မျှော်လင့်လို့ မရနိုင်တဲ့ အခြေအနေဆိုး ရောက်နေပြီကွ "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ "

ဦးသက်လွင် ကြိတ်မနိုင်ခဲမရပြော၍ ဦးဆင့်မောင်တို့ လင်မယား လန့်ဖြန့်တုန်လှုပ်သွားဇ၏။

" ဘယ် ဘယ်လိုဖြစ်ရတာလဲ သင်းသင်းရယ် ရှိစီ နားလည်အောင် ပြောပါကွယ် ဘာဖြစ်လို့လဲ ဘာဖြစ်လို့ မျှော်လင့်လို့မရနိုင်တာလဲ ဟင် "

" ဘာ ဘာဖြစ်လို့. . . "

" ကိုယ်ဝန်ပျက်ပြီး သွေးသွန်သလို ဖြစ်တာတဲ့ "

" ဟာ "

သူ့ ဦးခေါင်းက ကမ္ဘာလောကကြီးနဲ့ လွဲအရိုက်ခံရသလို လည်ဆင်းသွားဇ၏။ သူ တစ်ကိုယ်လုံး ဆေးရုံနံ့ရုံထဲ နစ်ဝင်သွားသလို ခံစားလိုက်ရသည်။

စံမှာ ကိုယ်ဝန်ရှိနေတာ ဟုတ်ရဲ့လား။ သူ ဘာလို့ မသိရတာလဲ။ စံ ဘာဖြစ်လို့ မပြောတာလဲ။ သူ သိအောင် စံဘာဖြစ်လို့ မပြောခဲ့တာလဲ သူသိခဲ့ရင်

တစ်စုံတစ်ရာကို လက်လွှတ်ဆုံးရှုံးခံလိုက်ရပြီဆိုတဲ့အသိက သူ နှလုံးသားကို သူပို၍ မုန်းတီးသလို ခံစားနေမိသည်။

" သား သား တကယ် မသိခဲ့ဘူး မာမီရယ် သား လုံးဝ





မသိခဲ့ဘူး သား သိခဲ့ရင်. . . "

သူ လည်မျိုဆတ်ခနဲ အညှစ်ခံရသလို အစ်စို့သွားဇ၏။

" ဖြစ်ရလေ သမီးလေးရယ် "

ဦးဆင့်မောင်တို့ လင်မယား ထိခိုက်ကြေကွဲသွားဇ၏။ ဦးသက်လွင်က ဘယ်လိုမှ မဖြေသိမ့်နိုင်တော့။

" မင်း ဘာသိခဲ့ရင်လဲ ကောင်းကင်ချာန် "

" ကျွန်တော်ဘာမှ မသိခဲ့တာပါ "

" မင်း ရှိရှိချည်းနဲ့ သမီးကို ဂရုမစိုက်တာ သမီး သတိလစ်ပြီး သွေးအိုင်ထဲ နစ်နေတာသိရဲ့နဲ့ တံခါးပိတ်ပြီးနေတဲ့ အတ္တသမား မင်းလိုကောင်ကို သားမက်တော်မိတာ ငါတို့အမှား မင်း နှိပ်စက်မှုကြောင့် ငါ့သမီး သေကောင်ပေါင်းလဲ ဖြစ်ရတာ ငါ မင်းကို လုံးဝမကျေနပ်ဘူး မကျေနပ်နိုင်ဘူးကွ "

ဦးသက်လွင် တရစပ်ရွတ်၍ သူ့ကို ဝင်ထိုး၍ သူ ဦးခေါင်းငုံ့ခံလိုက်သည်။

" ငါ့သမီး တစ်ခုခုဖြစ်သွားရင် မင်းကိုငါကိုယ်တိုင် သတ်မယ် မင်းကိုငါ သတ်မယ်ကွ မင်း အသိတရားမဲ့တဲ့ကောင် ရိုင်းစိုင်းတဲ့ကောင် ကိုယ်ချင်းစာစိတ်မရှိတဲ့ လူငနွား မင်းကိုငါ လုံးဝခွင့်မလွှတ်ဘူး ခွင့်မလွှတ်ဘူးကွ "



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာပေါ် တရစပ် ကျရောက်လာတဲ့ ဦးသက်လွင် လက်သီးနဲ့ စကားလုံးတွေက သူ့နှလုံးသားကို ဟက်တက်ကွဲကာ သွေးစိမ်းရှင်ရှင် ဖြာကျလာသည့်အထိ သူကိုယ်က ကျောက်ရုပ်လို ငြိမ်နေဆဲ ဒေါ်ရှိစီ အစွမ်းကုန်ထိခိုက်လျက် သားရှေ့ဆီးကာပြီး

" တော်ပါတော့ ကိုသက်ရယ် ရှိစီတောင်းပန်ပါတယ် သား မသိခဲ့လို့ပါကွယ် "

" ဘာမသိတာလဲ ရှိစီ လေ့ခါးအောက် လိမ့်ကျနေတဲ့ မိန်းမကို မသိရအောင် ဒီကောင် အိမ်တံခါးပိတ်ပြီး ဘာကျင့်စဉ် ကျင့်နေလို့လဲ သမီး သေမယ့်အချိန်ကို အိမ်ပေါ်က အဆင်သင့်ထိုင်စောင့်နေတဲ့ တိရစ္ဆာန် "

ဦးဆင့်မောင် သက်ပြင်းအကြိမ်ကြိမ်ချကာ ဦးသက်လွင်၏ ကြေကွဲမှုကို ကိုယ်ချင်းစာခံစားပေးနိုင်စွမ်းရှိတဲ့ ဖခင်ပီပီ ဦးသက်လွင်ကို ပွေ့ဖက်ထိန်းချုပ်၍

" ကိုသက် ကိုသက် စိတ်လျှော့ပါဗျာ သားကိုကြိုက်တဲ့အပစ်မျိုး ပေးပါ ကျွန်တော်တို့ကျေနပ်ပါတယ် ကိုသက် ခွင့်မလွှတ်နိုင်လို့ သားကို သတ်ချင်တယ်ဆိုလဲ သတ်ပါဗျာ ကျွန်တော်တို့ ကိုသက်ကို အပြစ်မယူ ရက်ဘူး ဒါပေမယ့် ကိုသက်ရယ် ဒီအချိန်မှာ သမီးလေးအတွက် ဆုတောင်းပေးကြရင် သမီးလေးကို ကိုသက်ပြန်ရနိုင်မယ်ဗျာ သမီးလေး





အတွက် ဆုတောင်းပေးရအောင်လားဗျာ "

ဒေါ်သင်းသင်းမေ ခင်ပွန်းသည်အပါး တိုးကပ်သွားပြီး

" ဟုတ်သားပဲ ကိုသက် သင်းတို့သမီးလေးအတွက် ဆုတောင်း ပေးရမယ်လေ ဒါမှ သမီးလေး ကံကောင်းလာမှာ ဒါမှ သမီးလေး ရှင်သန်ခွင့် ရမှာလေ ကိုသက်ရယ် "

" တောက် သမီးလေးအဖြစ်ဆိုးကို ကိုယ် တကယ်ခံစားလို့ မနိုင်ဘူး သင်းသင်းရယ် သမီးဝေဒနာအတွက် ကိုယ့်ရင်ဘတ်ကွဲတော့ မယ်ကွ ဒီကောင့်ကို ကိုယ်ဘယ်လိုမှ ခွင့်လွှတ်လို့မရတော့ဘူးကွာ "

အခဲမကြေနိုင်အောင် အံတကြိတ်ကြိတ်နှင့် ဒယ်ဒီနဲ့မာမီ ဆီးတားနေသည့်ကြားမှာ သူ့ကိုလက်သီးလက်မောင်းဆန့်ကာ ဒေါသ တကြီး လုမ်းထိုးဖို့ ကြိုးစားလာသည့် နှစ်ဖက်မိသားစုတွေရဲ့ ဆူပွက် နေမှုကို ဒေါ်ဖြူမကြည့်ရက်တော့။ သားအပါး ပြေးကပ်ပြီး သား လက်မောင်းကို ဆွဲကိုင်ပြီး

" သားရယ် သားအန်ကယ် စိတ်ဆိုးနေတာမို့ကွယ် သား အန်ကယ် စိတ်ဆိုးနေတုန်း မျက်နှာချင်းမဆိုင်ပါနဲ့နော် သားလိမ္မာပါတယ် သမီးလေးကို သားနှိပ်စက်တာ မဟုတ်ဘူးဆိုတာ ဒေါ်ဖြူ ယုံပါတယ်ကွယ် အခုလောလောဆယ် သား အန်ကယ်ရှေ့မှာ မနေပါ နဲ့ကွယ် လာပါ ခဏရှောင်နေပါကွယ် "



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ သူဘာဖြစ်လို့ ဖြစ်သွားမှန်းမသိအောင် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေမိသည်။ ဒေါ်ဖြူ တတွတ်တွတ်ဆို၍ ဆွဲထုတ်ရာနောက် သူမလိုက်ပါမိ။ အန်ကယ် ဒေါ်သအလျောက် ထိုးချင်ထိုး သတ်ချင်သတ်တော့။

" ဟုတ်သားပဲ သားရယ် သားအန်ကယ် သားကို အရမ်းဒေါသဖြစ်နေတယ် သား ခဏရှောင်နေပါ နော် မာမီပြောတာ နားထောင်စမ်းပါ "

" သား အရမ်းစိုးရိမ်နေတယ် မာမီ "

" မာမီ နားလည်ပါတယ် သားရယ်နော် သားစိုးရိမ်တယ်ဆိုရင် သမီးလေးအတွက် ဆုတောင်းပေးလေ သွား သား သမီးလေးအတွက် ဆုတောင်းပေးလေ ဒေါ်ဖြူ သားကို ခေါ်သွား သား ဒေါ်ဖြူနဲ့လိုက်သွား "

သူ့ကို မာမီအတင်း တွန်းထုတ်သလို ဒေါ်ဖြူကလဲ ဆွဲခေါ်ပြီး

" သားရယ် လာပါကွယ် "

" သွား မင်းမျက်နှာမမြင်ချင်ဘူး ဘယ်တော့မှ ငါ့ရှေ့မင်းမလာနဲ့ ကောင်းကင်ချာန် မင်း ထွက်သွား "

အန်ကယ်သက်၏ အပြင်းစားနှင်ထုတ်မှုနောက် သူ့ကိုယ်လုံးက ဒေါ်ဖြူ ဆွဲခေါ်ရာသို့ ဒရွတ်တိုက်ပါသွား၏။





" သားရယ် သား စိတ်ကို လျှော့ပါကွယ်နော် "

" သား ဘယ်လိုခံစားရမလဲ ဖြူဖြူရယ် သား တကယ် မသိခဲ့ဘူး စံ ဘာဖြစ်လို့ မပြောတာလဲ စံရယ် ဘာဖြစ်လို့ မပြောတာလဲ ".

" သားရယ် ပြီးခဲ့တာကို အပြစ်တင်မနေပါနဲ့ကွယ် သားစိတ်ကို ဒေါ်ဖြူ သိပါတယ် သိပါတယ်ကွယ် "

" စံ တစ်ခုခုဖြစ်သွားနိုင်လား ဖြူဖြူရယ် "

ဒေါ်ဖြူ ရင်ခွင်မှာ ဦးခေါင်းတိုးဝင်ပြီး ကလေးတစ်ယောက်လို ငိုကြွေးနေသည့် သားကို ဒေါ်ဖြူစိတ်မချမ်းမြေ့စွာ ကြည့်ကာ

" သားရယ် အခုအချိန်ထိ သမီးလေးတစ်ခုခု မဖြစ်သေးဘူးလေ ဆရာဝန်ကြီးတွေ ဂရုစိုက်ပြီး အရေးပေါ်ကုသနေတယ်လေ သမီးလေး ကံကောင်းမှာပါကွယ်နော် သား သားစိတ်သား တင်းထားမှပေါ့နော် သား ခုချိန်ထိ သမီးလေး တစ်ခုခုမဖြစ်သေးတဲ့အတွက် သား မျှော်လင့်နေလို့ ရတယ်လေ ဒေါ်ဖြူပြောတာ သားနားလည်တယ်မဟုတ်လား "

" သား စံကို မျှော်လင့်လို့ရတယ်ဟုတ်လား ဖြူဖြူ "

" ဒါပေါ့ သားမျှော်လင့်နိုင်သေးတယ်လေ "

မျှော်လင့်ချက်တစ်ခုကို အားကိုးတကြီး ဆုပ်ကိုင်ချင်မိသည့် သူ့စိတ်က လှိုက်တုန်နေဆဲ စံရယ် မျှော်လင့်ချက်တစ်ခုနဲ့ စံကို ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဆိုနေတယ်ဆိုတာ သိနိုင်မလားကွယ်။

" နော် သား သား မျှော်လင့်လို့ ရတယ်လေ "

သူ့ မျက်ရည်စတွေကို တယုတယ ပွတ်သုတ်ပေးနေတဲ့ ဒေါ်ဖြူ့ အကြင်နာတွေက သူ့ နှလုံးသားရဲ့ အလင်းတန်းတစ်ခုလားကွယ်။

အဲဒီ အလင်းတန်းက စံပေါ့ ဟုတ်လား။

စံ ရတီစံဆိုတဲ့ အလင်းတန်းလေး လင်းဖြာခွင့်ပေးပါကွယ်။

❀ ❀ ❀ ❀ ❀



## အခန်း (၂၁)

" ကောင်းကင်ရှာနဲ့ ရယ် ဘာဖြစ်လို့ စံကို အဲလောက်နိုပ်စက်ရတာလဲ ဟင် "

သူ့ကိုပြစ်တင်သလို ဆိုလာသည့် သွယ်မာတို့ကို သူ တစ်ခုမှ ပြန်ပြောမနိုင်အောင် စိတ်ဓါတ်ကျကြေကွဲနေမိသည်။

သူ့စိတ်က အရင်က လို ထစ်ခနဲဖြစ်တိုင်း ပေါက်ကွဲမနေရတာ ဘာကြောင့်လဲ သူ မဆန်းစစ်ချင်တော့။

တွန့်စုတ်ကြေကွဲနေသည့် သူ့မျက်နှာကို သွယ်မာတို့ မမြင်အောင် လွှဲလိုက်မိသည်။ သွယ်မာ သက်ပြင်းမောလေးချ၍

" ကောင်းကို သွယ်တို့အပြစ်ပြောနေတာ မဟုတ်ပါဘူး "

" ဟုတ်တယ် ကောင်း စိုးတို့က စံစိတ်ကို ဖတ်တတ်နေလို့ ကောင်း နားလည်အောင် ပြောချင်တာ "

ပြောချင်ပြောကြတော့ သူ့စိတ်က စံဆီ ရွက်လွင့်လျက် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မကျသလို ဖြစ်လာသည့် အိဖြူက ခပ်ဆဆလေး ကြည့်၍

" ကောင်းက စံကို ဘာဖြစ်လို့ မုန်းတီးတာလဲ "

သူ မဖြေ။ ဖြေချင်စိတ်မရှိသလို ဒီအဖြေကို ဘယ်သူမှသိအောင် မဟာစ်ကြွေးချင်တော့။ စံကလွဲပြီး ဘယ်သူ့ကိုမှ အဲဒီအဖြေ ရင်မဖွင့်ချင်တော့။

" ပြောလေ ကောင်း စံကို ဘာဖြစ်လို့ မုန်းတာလဲ "

သွယ်မာတို့ ပိတ်ဆို့မေးလာ၍ သူ့ရင်မှာ ပိုကြေကွဲလာသည်။ အတင်းအကျပ် မေးနေသည့် သွယ်မာတို့သုံးယောက်ကို မင်းလွင်နဲ့ ထက်ကို စိတ်မသက်မသာ ကြည့်မိသည်။

ထိုအဖြေကို ကောင်း ဘယ်တော့မှ ပြောမှာမဟုတ်ကြောင်း မင်းလွင်တို့ သိနှင့်၏။

" ဘာဖြစ်လို့ မေးတာလဲဗျာ "

ထက်ကို ခပ်လေးလေး မေးလိုက်သည်။ အိဖြူတို့ မျက်ဝန်းက ဘဝင်မကျသလို စူးခနဲဖြစ်သွားပြီး

" မေးသင့်လို့ပေါ့ ထက်ကို "

" မမေးနဲ့ စိုးသက်ရယ် "

" ဟ မမေးလို့ရမလား မင်းလွင် "

သွယ်မာ ခပ်ဆတ်ဆတ်ပြောတော့ မင်းလွင်တံတွေးမျိုပြီး





" မမေးနဲ့ဆိုတာက ကောင်း ဖြေမှာမဟုတ်ဘူးဆိုတာ ငါတို့ သိနေလို့ သွယ်မာရယ် တစ်ခြားကြောင့် မဟုတ်ဘူး "

သွယ်မာတို့ မျက်နှာပေးတင်းပြီး

" အဲဒါကို သွယ်တို့နားမလည်တာ ပိုပြီး နားမလည်နိုင်တာက စံ စိတ်ကို မဖတ်တတ်တဲ့ ကောင်းရဲ့အတ္တ "

သူ မျက်ဝန်းဖျတ်ခနဲ သွယ်မာထံ ရောက်သွားသည်။ သွယ်မာ သူ့ကိုမမှုသလို မျက်နှာလေး မော့ကြည့်ပြီး

" သွယ် အဲလိုပြောလို့ ကောင်း စိတ်ဆိုးချင်ရင် ဆိုးလိုက်ပါ ဒါပေမဲ့ သွယ်တို့က ရင်ထဲဖြစ်တည်လာတဲ့ ဘယ်အရာ ဘယ်ခံစားချက် ကိုမှ စံလိုအောင့်အီးမျိုသိမ့်ပြီး သည်းခံမနေတတ်ဘူး ရင်ထဲဖြစ်တည် လာတဲ့ အရာကို ပွင့်ပွင့်လင်းလင်း ပြောတတ်တာ သွယ်တို့ဝါဒပဲ "

" ဟုတ်တယ် ကောင်း စိုးတို့သဘောက သွယ်နဲ့အတူတူပဲ စိုးတို့နဲ့ မတူတာ စံစိတ်ပဲ စံရဲ့စိတ်ရင်းကြောင့် ရှင့်အတ္တမှန်သမျှကို စံ မျိုသိမ့်ခဲ့တာ ဘယ်အတိုင်းအတာထိ ရောက်နေလဲဆိုတာ ကောင်း မသိတာ စိုးတို့ အံ့သြမဆုံးပဲ "

" ဟုတ်တယ် ဖြူတို့ တကယ်အံ့သြတယ် ကောင်းကင်ရှာန် "

အတိုင်အဖေါက်ညီညီဆိုနေသည့် သွယ်မာတို့ သုံးယောက်ကို လူနှင့်အတူ မင်းလွင်တို့ခပ်စူးစူးလေး ကြည့်မိသည်။ ဖြူ ဦးခေါင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ဆတ်၍

" ဟုတ်တယ် ကောင်း တကယ်တော့ စံဟာ နှစ်ဖက်မိဘရဲ့ ဖိအားကို မလွန်ဆန်ရက်လို့ ရှင့်ကို လက်ထပ်ခဲ့တာ ရှင့်ကိုလိုချင်လို့ မဟုတ်ဘူး "

သူ့ကျောပြင်ဆတ်ခနဲ တွန့်သွား၏။

" ဒါပေမဲ့ ရှင် စွတ်စွဲသမျှကို ခေါင်းငုံ့ခံတယ် အဲဒီလို ခေါင်းငုံ့ခံခဲ့တာက ရှင့်မာမီရောဂါမတိုးဖို့ စံ မိဘစိတ်အနှောင့်အယှက် မဖြစ်စေဖို့ ဒါကြောင့် ချုံ့ချုံ့သဲ့သဲ့ ပျဉ်ထောင်အိမ်လေးမှာ နေခဲ့တယ်။ ရှင် အငတ်ထားတာကို ခံခဲ့တယ်။ ရှင် အငတ်ထားတဲ့အကြောင်းကို နှစ်ဖက်မိဘကို အသိမပေးသလို သွယ်တို့ကိုလဲ ဖွင့်မပြောခဲ့ဘူး "

သူ သက်ပြင်းတစ်ချက်ရှိုက်လိုက်မိသည်။ သွယ်မာ ရင်ထဲက စကားလုံးတွေ လွင့်စင်နေဆဲ။

" ရှင် အငတ်ထားတဲ့ ဒဏ်ကို သည်းမခံနိုင်တဲ့အဆုံး စံ ဘာလုပ်တယ် ထင်သလဲ "

သွယ်မာနှုတ်ခမ်းလွှာကို ငေးခနဲစိုက်ကြည့်မိသည်။

" ရှင့်ခြံထဲက နှင်းဆီပန်းတွေခူးပြီး မော်ဘီဈေးမှာရောင်းတယ် ရောင်းလို့ရတဲ့ ပိုက်ဆံမဖြစ်စလောက်နဲ့ အသက်ဆက်နေခဲ့တာ "

သူ ဖျတ်ခနဲမျက်နှာလွှဲမိစဉ် သူ့ရင်ထဲမှ မျက်ရည်တစ်စက်





လည်ကျသွားသည်။

" စံပြောလို့ သွယ်တို့သိတာမဟုတ်ဘူး ကောင်း ဘုန်းပြည့် သူငယ်ချင်းတစ်ယောက် စံကို အံမှတ်မထင် မြင်ခဲ့တာ သွယ်တို့မယုံလို့ လိုက်ချောင်းခဲ့တယ်။ ဒါပေမဲ့ စံကပိပိရိရိ ညာတယ်လေ ခြံထဲက ပန်းတွေ အလဟဿ ကြွေသွားမှာစိုးလို့တဲ့ "

သူ့ကိုယ်က အားအင်ချိနဲ့သလို ပျော့ခွေသွား၏။ စံရယ်။

" စံက အဲဒီလောက် မျိုသိပ်ခဲ့တာ ကောင်းက စံကို သတိမထား သလို ဂရုလည်းမစိုက်ခဲ့ဘူး ကောင်း စိတ်ဆန္ဒအတိုင်း မိုးလင်းတာနဲ့ ထွက်သွား မိုးချုပ်မှပြန်လာ ကောင်းအတွက် ကောင်းဝယ်လာတာလို့ ကြွေးကြော်ထားတဲ့ အစားအသောက်တွေကို ကြည့်ပြီး တံတွေးမျိုပြီး ငြိမ်သက်နေခဲ့တာလေ အဲဒီအတွက် စိုး မကျေမနပ်ဖြစ်ပြီး စံမိဘကို အသိပေးမလို့ သွယ်တို့စီစဉ်တုန်းမှာ စံအဖြစ်ဆိုးနဲ့ ကြုံလိုက်ရတာပဲ ကောင်း "

သူ့စိတ်သည် သူ့အတ္တတွေရဲ့ တန်ပြန်နှိပ်စက်မှုကြောင့် အကြိမ်ကြိမ် ကြေကွဲစွာဖြင့်သာ။

" ဘာကြောင့်ပဲဖြစ်ဖြစ် စံကို ရှင်အဲဒီလောက် မရက်စက်သင့်ဘူး ဟာ ကိုယ်ဝန်ရှိနေတဲ့ သိလျက် ရှင်စံကို အငတ်ထားရက်တာ ဖြူတို့ လက်မခံနိုင်ဘူး ရှင်က စံသာမက ရှင့်ရင်သွေးကိုပါ ရှင် ရက်စက်ပစ်တာ



www.burmeseclassic.com

www.burmeseclassic.com



" ဟာ "

သူ ရင်ထဲမှ မျက်ရည်စတွေ ဝုန်းခနဲပြိုကျသွား၏။ သူ ဦးခေါင်း တွင်တွင်ရမ်းပြီး

" ရှင် အခုမှ ခေါင်းခါမနေစမ်းနဲ့ "

" ငါ. . . ငါ တကယ် မသိခဲ့တာ ငါ သစ္စာဆိုရဲတယ် ငါ မသိခဲ့တာ အမှန်ပါ "

သွယ်တို့ သူ့ကိုမယုံသလိုကြည့်သည်။

" ဟုတ်တယ် သွယ် ဒီကောင် တကယ်မသိခဲ့တာ "

ထက်ကို တစ်ခွန်းပြောလိုက်သည်။ သူ အသက်အောင့်၍

" ငါ သစ္စာရေ သောက်ရဲပါတယ် ငါ့စိတ်မှာ ငါဝယ်လာတဲ့ စားစရာတစ်ခုကိုမှ ယူမစားတဲ့ စံကို ငါ ဒေါသတကြီး လျစ်လျူရှုခဲ့တယ် ပြီးတော့. . . ပြီးတော့ "

သူ့ရင်မှာဆက်မပြောရက်လောက်အောင် တစ်စို့စို့ဖြစ်သွား၏။ စိုးသက် မျက်နှာလေးပင့်မော့ပြီး

" ပြီးတော့ ဘာဖြစ်လဲဆိုတာ မင်းလွင်ပြောပြလို့ စိုးတို့သိတယ် ဘုန်းပြည့်နဲ့စံကို အမှတ်မထင်တွေ့လို့ မဟုတ်လား "

စိုး ခပ်ဆတ်ဆတ်မေး၍ သူ ဦးခေါင်းမညိတ်ရဲသလို လှုပ်ခတ် သွား၏။





" နင် ဝန်ခံလိုက်စမ်းပါ ဘုန်းပြည့်နဲ့တွေ့ရလို့ စံကို ရက်ရက်စက်စက် တုန့်ပြန်လိုက်တာ မဟုတ်လား "

" ဘယ်လိုပြောမလဲဟာ ငါ့စိတ် ဘာဖြစ်သွားမှန်း မသိ တော့ဘူး "

သူ့ရင်သည် ခပ်ကြမ်းကြမ်းဆွဲမွှေခံရတဲ့ သစ်ရွက်တွေလို ဗရမ်း ဗတာ ဖြစ်သွား၏။ မင်းလွင်တို့ သက်ပြင်းရှိုက်၍

" မင်းစိတ်ကို သိလို့ ငါတို့ကောင်တွေ အစကတည်းက သတိ ပေးခဲ့တာ ကောင်း ဒါပေမဲ့ မင်းစိတ်နဲ့မင်း ရှက်လွင့်နေခဲ့တော့. . . "

သူ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်အောင် ဖြစ်သွား၏။ သွယ်တို့ ရင်ထဲမှ လေးလံဖိစီးမှုက တင်းနေဆဲ။

" ရှင့်စိတ်နဲ့ရှင် ရှက်လွင့်နေခဲ့တာ စံအတွက် အများကြီး နစ်နာစေခဲ့တယ် ရှင်သိထားဖို့က ဘုန်းပြည့်ကို စံလက်ခံခဲ့ရင် ရှင်နဲ့ လက်ထပ်ခဲ့မှာ မဟုတ်ဘူး နားလည်လား ဘုန်းပြည့်က ကျောင်း ကတည်းက စံကို အသေအလဲ ကြိုက်ခဲ့တာ စံငြင်းလို့ ဘုန်းပြည့် နောက်ဆုတ်ခဲ့တယ်။ စံမိဘ ရှင့်ကိုလက်ခံခဲ့လို့ စံလက်ထပ်ဖို့ ခေါင်းညိတ် ခဲ့တာ သိရဲ့လား။ ရှင်နဲ့စတွေ့ကတည်းက ရှင်နဲ့ထပ်ပြီး မဆုံအောင် စံ အကြိမ်ကြိမ် ဆုတောင်းခဲ့တယ် စံ ဆုတောင်းမပြည့်တဲ့အပြင် ရှင်နဲ့ လက်ထပ်လိုက်ရတယ် ဒါပေမဲ့ ဘုန်းပြည့်က သူငယ်ချင်းကောင်းပီသစွာ



www.burmeseclassic.com

www.burmeseclassic.com



အပြုံးနဲ့နောက်ဆုတ်ခဲ့တယ်။ အဲဒီနေ့က စံကိုမြို့ထဲမှာတွေ့လို့ ဘုန်းပြည့် အတင်းခေါ်တာနဲ့ ပါသွားတာ ပါသွားတာက အပျော်စကားပြောဖို့ မဟုတ်ဘူး စံပုံစံ အရမ်းနွမ်းဖျော့နေတာကို ဘုန်းပြည့်ကရှုဏာဖြစ်ပြီး ဘုန်းပြည့်ရဲ့အဖေ ဆေးတိုက်ကိုခေါ်သွားပြီး စံ ကျန်းမာရေးကို စစ်ဆေးစေခဲ့တာ အဲဒါတွေ ရှင်သိရဲ့လား ကောင်းကင်ချာန် ''

'' စံနဲ့ကြိုက်တည်းက ရှင်ကရှင်ရဲ့အထင် ရှင်ရဲ့အမြင် ရှင်အတွေ့တွေနဲ့ ထင်ရာစိုင်းနေခဲ့တာ ရှင်ရဲ့တစ်ဖက်စောင်းနင်း အရိုင်းစိတ်ကြောင့် စံ အခုလို အဖြစ်ဆိုးရတာ ''

'' ရှင့်ကြောင့် စံခမျာ အာဟာရပြတ်ရတယ် အဟာရပြတ်တော့ ကိုယ်ခံအားနည်းလာတယ် ကိုယ်ခံအားနည်းတဲ့အထဲမှာ ကိုယ်ဝန်ကလဲ ရှိနေတယ် နောက်ပြီး ရှင်ရဲ့ကြမ်းကြမ်းတမ်းတမ်း အပြုအမူနောက်မှာ ကိုယ်ဝန်ပျက်ကျတဲ့ဒဏ်နဲ့ သွေးအဆင်းလွန်သွားတော့ စံခမျာ သေကောင်းပေါင်းလဲ ဖြစ်သွားရတာလေ ''

စံသူငယ်ချင်းတွေရဲ့ ခံပြင်းမှုကြောင့် ပေါ်ထွက်ရတဲ့အကြောင်းအရာတွေက သူ့အတ္တကိုသူ့ပို၍ မုန်းတီးပြီး သူ့ဦးခေါင်းကို သူနံရံနဲ့ ဖိဆောင့်မိသည်အထိ သူ ယူကြုံးမရ ဖြစ်မိတော့၏။

'' မင်း အစဉ်အမြဲ စိတ်လိုက်မာန်ပါ လုပ်လို့ခုလို ဖြစ်ရတာ ကောင်း ရှေ့ဆက်ပြီး မင်း ဒီလိုပဲ စိတ်လိုက်မာန်ပါ လုပ်နေတော့မှာလားကွာ''





သူ့ကို အတင်းဆွဲ၍ မင်းလွင်မေးလိုက်သည်။

'' ဟုတ်သားပဲကွာ ''

ထက်ကို စိတ်မချမ်းမြေ့စွာ ပြန်ပြောသည်။ သူ့ရင်မှာ စုံအတွက် အစွမ်းကုန်ထိခိုက်လှိုက်တုန်လျက်

'' ငါ ဘယ်လိုခံစားရမလဲကွာ ''

'' သွယ်တို့က ရှင်မသိသေးတာကို သိအောင်ပြောပြတာ ရှင့်ကိုယ်ရှင် တစ်ခုခုဖြစ်အောင် ဖွတ်လုပ်ဖို့ တွန်းအားပေးတာ မဟုတ် သလို အပြစ်တင်တာလဲ မဟုတ်ဘူး ဒါပေမဲ့ ရှင့်ကြောင့် စံ ခုလိုဖြစ်သွားရတာကို သူငယ်ချင်းတွေအနေနဲ့ စိတ်မှာအရမ်းခံစားရလို့ ဖွင့်ပြောဖြစ်တာ ''

'' ဟုတ်ပါတယ် ကောင်း ရှေ့ဆက်ပြီး စံကို ရှင် မုန်းတီးနေမယ် ဆိုရင် ဆက်ပြီးမုန်းလိုက်ပါ ဒါပေမဲ့ ရှင့်အမုန်းကို . . .''

'' တော်ပါတော့ဗျာ ''

သူ့နှလုံးသား တလှိုက်လှိုက် လှုပ်ခါလျက် မျက်ရည်စတွေ ကျသွားတော့၏။

'' စံကို မမုန်းရက်ဘူးဗျာ ခုချိန်မှာ စံဘာဖြစ်လို့ဖြစ်မှန်း မသိအောင် ရှောင်နေရတာ ဘယ်လိုမှ မခံစားနိုင်တော့ဘူး စံမျက်နှာ မြင်ရရင်တောင် စံသတင်းတော့ ကြားခွင့်ရချင်တယ် သွယ်မာရယ်



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်သက်ကို ပြောပေးစမ်းပါ စံ သတင်းလေး နားစွင့်ပါရစေ ကြားရပါစေ စံ ကစ်ခုခုဖြစ်နေပြီလားဗျာ သိခွင့်လေးတောင် မရတာ ဘယ်လောက်ခံရခက်သလဲ.''

တစ်စုံတစ်ရာအတွက် အစွမ်းကုန်ဆူပွက်နေသည့် ကောင်းကို နှစ်ဖက်သူငယ်ချင်းတွေ စိတ်မချမ်းမြေ့စွာ ငေးကြည့်မိသည်။ အတန်ကြာ တော့ မင်းလွင်သက်ပြင်းချကာ သွယ်မာတို့ဘက်လှည့်၍

'' ဟုတ်တယ် သွယ်မာ ဒီကောင့်အပေါ်ရောက်နေတဲ့ အန်ကယ် သက် ဒေါသကို အပြစ်မပြောသာဘူး ဒါပေမဲ့ စံအခြေအနေမှန်ကိုတော့ ကျွန်တော်တို့ တကယ်သိချင်တာ စံအခြေအနေ ဘယ်လိုလဲ သွယ်မာတို့ သိရင် ပြောပြစမ်းပါ အခြေအနေတစ်ခုကို တိတိကျကျ သိခွင့်မရတာ ဘယ်လိုလုပ်ပြီး မျှော်လင့်နိုင်မှာလဲဗျာ ''

ထက်ကိုတို့ ကောင်းဘက်က အယူခံ ဝင်လိုက်သည်။ သွယ်မာ တို့ သက်မလေးလေးချပြီး

'' အဲဒါပေါ့ သွယ်တို့ပြောချင်နေတာ ''

'' ပြောပါ သွယ်ရယ် စံအကြောင်းကို သိပါရစေ ပြောပါဗျာ''

သူ ကြွေမဆယ်နိုင်လောက်အောင် ပျာယာခတ်သွား၏။ သွယ်တို့နောက်ကြောင်း မအေးသလို ဘေးဘီကို ဝေ့ဝိုက်ကြည့်လိုက်ပြီ

'' ကောင်း စိတ်ကိုဖြေလိုက်တော့ စံ သတိလည်လာပြီလေ''





သူ အသက်ရှူမှားသွားလောက်အောင် ဝမ်းသာသွား၏။

'' ဟုတ်တယ် ကောင်း ဒါပေမဲ့ သွေးပေါင်ကျနေသေးတယ် အဲဒီအတွက် စိတ်မပူပါနဲ့ သွေးအဆက်မပြတ် သွင်းထားတယ်လေ ဘုန်းပြည့်အဖေ အန်ကယ်ထွန်းက စံကိုအထူးကြပ်မတ် ကုသနေတယ် ရှင် ဖွတ်မလာနဲ့နော် အန်ကယ်သက်က စံ သတင်းကို ရှင်တို့သိအောင် မပြောရဘူးလို့ ဖြူတို့ကိုမှာထားတာ ''

သူ နှလုံးသားသည် ဝမ်းသာဝမ်းနည်းနှင့် ယောင်ချာချာဖြစ်ကာ လောကထဲ တစ်ယောက်တည်း ကခုန်နေသူလို ခပ်ကြောင်ကြောင် ဖြစ်သွားသည်အထိ မြူးရွှင်သွား၏။

'' ကဲ သွယ်တို့ သွားဦးမယ်။ ရှင်တို့ လိုက်မလာနဲ့နော် ''

သူ ဦးခေါင်းညိတ်မိသလား။ ဦးခေါင်းခါမိသလား မသိတော့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

စံရယ်။

သူ့စိတ်က ထိုင်ရမလို ထရမလို ဖြေရှေးသီနဲ့ ဂယောက်ဂယက်လိုက်ခါလျက် တစ်စုံတစ်ရာဆီ ဦးတည်နေမိသည်။

ခုချိန်မှာ သူ အမြင်ချင်ဆုံးအရာက ဘာလဲလို့ မေးစရာမလိုလောက်အောင် သိသာနေလေပြီ။

" ကောင်း မင်းစိတ်ကို ငြိမ်ငြိမ်ထားစမ်းပါကွ "

လှုပ်လှုပ်ရွရွ ဖြစ်နေသည့် ကောင်းကိုကြည့်၍ ထက်ကို အမြင်နောက်သလို ပြောလိုက်သည်။ သူ့လက်ချောင်းတွေကို ဆုပ်ချေပွတ်နယ်နေ၏။

" စံကို ခဏဖြစ်ဖြစ် တွေ့ချင်တယ်ကွာ "

သူ တောင့်တောင့်တတ ပြောလိုက်မိသည်။

မင်းလွင် နှာခေါင်းရှုံ့၍ သူ့ကိုကြည့်ပြီး





" ဟာ ဖြေစ်နိုင်တာကွာ "

" ဘာသို့ မဖြစ်နိုင်ရမှာလဲ "

ခေးရုံထောင့်ချိုးမှ သူ ဦးခေါင်းလေးပြူထွက်၍ စံရှိသည့် လူနာခန်းဆီ ချောင်းကြည့်၍ ပြောလိုက်၏။ အသည်းအသန် ဖြစ်နေသည့် သူ့ကို မင်းလွင်ဘဝင်မကျကြည့်ပြီး

" မင်း ယောကျာ်းတီး လက်သီးထောင်ပြီး စောင့်နေတယ်ကွ"

" စောင့် စောင့်ကွာ "

" ဟာ မင်းအကျင့်ဆိုးကြီးကို ပြင်စမ်းကွာ ဖွတ်တရွတ်ဆန်တဲ့ မင်းအကျင့်ဆိုးကြောင့် ပြဿနာရှင်းမရအောင် ရှုပ်နေတယ်ဆိုတာ သတိထားဦး "

" ဘာပြဿနာလဲ ငါ့မိန်းမ ငါသွားကြည့်တာ "

" အောင်မာ ငါ့မိန်းမတဲ့ "

မင်းလွင် ခပ်ချဉ်ချဉ် ရွတ်လိုက်၍ သူ မျက်နှာမော့၍

" နောက် မဟုတ်လို့သား "

" အခုမှ သိပ်သည်းမနေနဲ့ အန်ကယ်သက် လက်သီးနဲ့ထိုးလို့ ပြေးပေါက်များနေမယ် ကောင်း "

ထက်ကို ခပ်ဖိဖိဆူတော့ သူ့မျက်နှာရှုံ့တွလျက်

" မင်းတို့ ကိုယ်ချင်းမစာဘူးကွာ "

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



" မင်းမို့လို့ ပြောရက်တယ် "

" ဟုတ်ပါ့ကွာ ကိုယ်ချင်းစာလွန်းလို့ မင်းကို အစကတည်းက ဖျောင်းဖျခဲ့တာ မင်းဘာသာ ဘလိုင်းချည်း အတွက်ကြွနေတာ "

" ပြီးခဲ့တာ ပြန်မပြောကြေးကွာ "

" မပြောလို့ရမလားကွ မင်းသည်းပုံက လွန်လွန်းတယ် "

ထက်ကို ခုံတန်းမှာ ခပ်ဆတ်ဆတ်ဝင်ထိုင်၍ မကြည်မလင် ပြောလိုက်သည်။ သူက စံအခန်းဆီ လည်တဆန့်ဆန့် မျှော်၍

" မင်း သိပ်သည်းမနေနဲ့ မင်းဒီနေရာမှာရှိနေတာသိရင် အန်ကယ်သက် ပြေးလာပြီး မင်းကိုဆွဲထိုးရုံမက ဆေးရုံခပြင် ရောက်အောင် ဆွဲပစ်လိုက်မှာကွ "

" ဆွဲပစ်တိုင်း ငါ ငြိမ်ခံနေမယ်ထင်လား "

သူ့ရဲ့လက်ကျန် မာနလေး ပြူထွက်စပြုလာသည်။ မင်းလွင် သူ့ကို စိတ်ဆိုးမာန်ဆိုး စိုက်ကြည့်၍

" မင်း ဆွဲပစ်တုန်းက စံ ဘာဖြစ်လို့ ငြိမ်ခံခဲ့လဲ ကောင်း "

သူ့ရင်ဘတ် ခပ်ပြင်းပြင်း အထုခံရသလို ကြပ်ခဲ့သွား၏။

" ဘာလဲ မင်းက ငါ့ကို ဖွဲ့နေတာလား "

ရန်လိုစွာ မေးလိုက်သည့် ကောင်းကို ထက်ကို ပခုံးဖက်၍ ခုံတန်းမှာ ဆွဲထိုင်စေပြီး





" မဖွဲ့ရက်လို့ ဖျောင်းဖျနေတာ စံအကြောင်းကြောင်းကို ငဲ့ညှာခဲ့သလို မင်းလဲခုချိန်မှာ အကြောင်းကြောင်းကို ငဲ့ညှာတတ်အောင် လေ့ကျင့်စမ်းပါကွ "

သူ မျက်စောင်းခဲကြည့်မိ၏။

" ခုချိန်မှာ မင်းဒယ်ဒီနဲ့မာမီ မင်းလုပ်ရပ်တွေကြောင့် အန်ကယ်သက်တို့ကို မျက်နှာချိုသွေးနေရတဲ့အချိန် "

" ဟုတ်တယ်ကွ မင်း နားလည်အောင် ပြောရရင် မင်းအတွက် မင်းမိဘအယူခံဝင်နေတဲ့အချိန်မှာ မင်း မျက်နှာပြောင် တိုက်သလို မပြုမူမိဖို့ လိုအပ်တယ်ကွ "

မင်းလွင် စိတ်ရှည်လက်ရှည် ရှင်းပြ၍ သူ မကျေမနပ်နှင့် နှုတ်ခမ်းကိုက်လိုက်မိ၏။

" အန်ကယ်သက်တို့ ဒေါသမပြယ်သေးတဲ့အချိန်မှာ မင်း မျက်နှာမပြင်ရလေ ကောင်းလေပဲ ခဏလေးသည်းခံပြီး စောင့်ပါကွာ အခြေအနေပေးလာရင် မင်းတွေ့ခွင့်ရမှာပေါ့ကွ "

" ငါမစောင့်နိုင်ဘူးဘူး စောင့်လို့မရအောင် ငါ့ရင်မှာ ဆူပွက်နေတယ်ကွာ "

" သိပ်လည်းပူမနေနဲ့ တွေ့ခွင့်ရရင်တောင် စံက မင်းကို မျက်နှာချင်းဆိုင်ဖို့ စိတ်ရှိမရှိ မင်းသိလို့လား "



www.burmeseclassic.com

www.burmeseclassic.com



" ဘာလို့ မျက်နှာချင်းမဆိုင်ရမှာလဲ "

" ဟ မင်းနှိပ်စက်တဲ့ဒဏ်တွေကြောင့် မသေရုံတစ်မယ် ဖြစ်ခဲ့တဲ့ မိန်းမတစ်ယောက်ဟာ မင်းကို နည်းနည်းမှမနာကျည်းဘူးလို့ ဘယ်သူ အာမခံနိုင်မလဲ "

ထက်ကို စကားအဆုံးတွင် သူ့ရင်မှာ အတိုင်းအဆမဲ့ ထိခိုက်သွား၏။

" စံ က "

" အဲဒါကြောင့် ပြောတာပေါ့ကွ အခြေအနေကို စောင့်ကြည့်ပြီး အခွင့်သာရင် ဝင်တွေ့ဖို့ လောလောဆယ် စံအပါးမှာ စံမိဘနဲ့မင်းမိဘ ရှိနေတယ် မင်းဝင်သွားလို့ နှစ်ဖက်မိဘ စိတ်အနှောင့်အယှက် ဖြစ်သွားရင် အထူးသဖြင့် စံမိဘ စိတ်နောက်သွားရင် စံ မင်းကိုပိုပြီး နာကျည်းသွားမယ် "

ဟင့်အင်း စံ နာကျည်းနေမယ်ဆိုတဲ့ အသံကို သူ မခံစားနိုင်ကြောင်း သူ့ကိုယ်သူ သိရှိလာ၍ သူ့နှလုံးသား တလှပ်လှပ် ဖြစ်သွား၏။

" ခုချိန်မှာ စံက သတိလည်လာရုံ ရှိသေးတာ မင်းကိုမြင်ရလို့ နာကြည်းစရာတွေ ဖြစ်သွားရင် စံအခြေအနေ ပိုဆိုးမသွားနိုင်ဘူးလို့ ဘယ်သူအာမခံနိုင်လို့လဲ ဒီအချိန်မှာ လူနာရဲ့စိတ်မှာ တစ်စုံတစ်ခု မထိခိုက်





စေဖို့ အရေးကြီးတယ် ကောင်း စံ ပုံမှန်အတိုင်း ဖြစ်လာရင် မင်းကို နားလည်မှာပါ စံက မင်းခံစားချက်ကို ဖတ်တတ်နေတဲ့ မိန်းကလေး ပါကွာ "

သူ့ကို အဖက်ဖက်က ဖျောင်းဖျနှစ်သိမ့်လာသည့် သူငယ်ချင်း နှစ်ယောက်အကြည့်တွေကို သူ ရှောင်လွှဲလျက် ဟိုးအဝေးဆီ ငေးမျှော်နေမိသည်။

ခုချိန်မှာ သူနဲ့စံက အဆောက်အဦးတစ်ခုအောက်မှာ ကျောချင်း ကပ်ဝေးနေရတဲ့ သူနှစ်ယောက်ကဲ့သို့ စံနဲ့ဝေးကွာခြင်းကို သူ ဘယ်ရက် အထိ ဘယ်အချိန်အထိ ခံစားရမှာလဲ ကံကြမ္မာ။

ကောင်း ခံစားချက်ကို အပြည့်အဝစာနာနားလည်ပေးနိုင်သည့် သူငယ်ချင်းနှစ်ယောက် သူပခုံးနှစ်ဖက်ကို အားပေးဆုပ်ကိုင်၍

" သွယ်တို့လည်း မင်းအဖြစ်ကို နားလည်ပေးထားတာပဲ မင်းခံစား ချက်ကို သိနေတဲ့အတွက် သွယ်တို့တစ်ခုခု ကူညီမှာပါကွာ အားမငယ်နဲ့ ကောင်း အခြေအနေပေးရင် စံနဲ့မင်း တွေ့ခွင့်ရအောင် ဖန်တီးပေးမှာပါ။စိုးနဲ့ငါ ဒီကိုလာခါနီးမှာ တွေ့ခဲ့သေးတယ် စံကို မင်းတွေ့ ချင်တဲ့အကြောင်း ငါပြောပြလိုက်လို့ အန်ကယ်သက်တို့အလစ်မှာ တွေ့ခွင့် ရအောင် ဖန်တီး ပေးမယ်လို့ ပြောတယ် မင်းအားငယ်နဲ့ကွာ တွေ့ခွင့်ရမှာ ပါ ခုလောလောဆယ် အန်ကယ်သက်တို့ အနီးကပ်ရှိနေလို့ပါ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ရာ ”

သူငယ်ချင်းနှစ်ယောက် နှစ်သိမ့်ပေးတဲ့ စကားလုံးလေးတွေ နောက်မှာ သူ နှလုံးသားထဲက ဝမ်းနည်းမျက်ရည် ယိုကျမလာအောင် ထိန်းချုပ်လိုက်မိသည်။

သူရင်မှာ အဆက်မပြတ် ခုန်နေတဲ့ ရင်ခုန်သံဟာ စစ်မှန်တဲ့ သူ့ခံစားမှုတွေဆိုတာ စံအကြွင်းမဲ့ ယုံကြည်ပေးပါကွာ၊ စံကို မြင်တွေ့ခွင့်ရလိုတဲ့ သူ့ရင်မှာ ဆုံတွေ့ခွင့်ရနိုင်မယ့် အခြေအနေကို စက္ကန့်မလပ် စောင့်ဆိုင်းနေမိသည်။

❀ ❀ ❀ ❀ ❀



## အခန်း (၂၃)

စံ ဆံနွယ်နုနုလေးဆီသို့ နူးညံ့သိမ်မွေ့လွန်းသည့် ယုယမှုလေးများ လွင့်ကျသလို ခံစားရစဉ် စံရင်မှာ တလှုပ်လှုပ် နွေးကြွလာသည်။

ဒီခံစားမှုလေးက ဘယ်ဆီက လွင့်လာတာလဲကွယ်။

အဲဒီ ခံစားမှုလေးကို စံ တသသခံစားခွင့် ရချင်ခဲ့တာပါ။

ဒါပေမဲ့ စံ ခံစားခွင့်ရခဲ့တာက ကျောက်ဆိုင်ကျောက်ခဲလို ဟာကျစ်တဲ့အတွေ့အပြင်းစားနောက်မှာ စံ နှလုံးသားအမြဲ ကြေကွဲနေရတယ်လေ။ ထိုကြေကွဲမှုတွေရဲ့နောက်မှာ ပြောင်းလဲလာမယ့် သူ့ရင်ခုန်သံနုနုလေးတွေ လွင့်ကျလာပါစေလို့ စံ အမြဲဆုတောင်းနေခဲ့မိသည်။

စံ ဆုတောင်းက သူနဲ့ပတ်သက်ရင် ဘယ်တုန်းကမှ မပြည့်ခဲ့သလို ခုလဲမပြည့်ခဲ့ပါဘူး စံဝေဒနာတွေကို လျစ်လျူရှုနေနိုင်တဲ့ သူ့အတွေ့နောက်မှာ စံကိုယ်စံ ဘာဖြစ်လို့ဖြစ်သွားမှန်းမသိအောင် တစ်စုံတစ်ရာထဲနှစ်မျောကာ



www.burmeseclassic.com

www.burmeseclassic.com



စံ ဘယ်အချိန်အထိ လွင့်မျောနေသလဲ စံမခံစားမိတော့။ စံ ခံစားမိတဲ့အချိန်မှာ စံ ဆံနွယ်စလေးတွေမှ နူးညံ့သိမ်မွေ့တဲ့ အကြင်နာတွေ ဖြတ်စီးလျက် ဒီအကြင်နာတွေ ဘယ်ကလွင့်လာတာလဲ စံ သိချင်လိုက်တာ။

သိချင်စိတ်နဲ့အတူ ထိုအကြင်နာတွေကို စံ ဆုပ်တွေးခံစားနေဆဲ၊

ထိုအကြင်နာပွင့်လွှာလေးများက ဆံနွယ်စတွေကိုသာမက

စံနဖူးပြင်လေး

ပိတ်ကာမှေးစင်းနေတဲ့ စံ မျက်ခွံမို့မို့လေး

စံ ပါးပြင်နုနုလေး

စံ နှုတ်ခမ်းလွှာ ဖူးဖူးလေး

ဂံ မေးဖျားလုံးလုံးလေး

စံ ပခုံးသားနုနုလေးတွေဆီ ခေါက်တုန့်ခေါက်ပြန် ရွေ့လျားယုယလျက်

" စံ ရယ် . . . "

ထို အယုအယတွေနဲ့အတူ မွတ်သိပ်သံ တိုးလျလျလေး ပျံ့လွင့်လာသည်၊

ထိုသံစဉ်လေးက ဘယ်ကပျံ့လွင့်လာတာလဲကွယ်။

" မောင့်ကို ခွင့်လွှတ်ပါကွယ် "





တောင်းပန်တိုးလျှိုးသံက စံရင်ခွင်မှာ မယုံမရဲ လှုပ်ခတ်သွား၏။ ပြီးတော့ စံ တစ်ခါမှ မကြားဖူးတဲ့ ခေါင်းစဉ်လေးဖြစ်သည့် မောင်တဲ့။

စံ နှလုံးသားမှာ ငြိမ့်ညောင်းသလို ခံစားလိုက်ရသည်။ မောင်ဆိုတာ ဘယ်သူ့ကို ကိုယ်စားပြုတာလဲ စံအတွေးအာရုံက ဖြန့်ကျက်လေ့လာနေဆဲ။

" မောင်လေ စံနဲ့စတင် ကြုံစဉ်ကတည်းက မောင်ရင်ခုန်တတ်ခဲ့တယ် ဆိုတာ ယုံနိုင်မလား စံ "

" ဒါပေမဲ့ မောင့်ရဲ့ရင်ခုန်သံကို မောင့်အတ္တနဲ့ပိတ်ဆို့ ဆီးကာခဲ့မိတယ် မောင် ပိတ်ဆို့ဆီးကာနေတဲ့ကြားထဲက စံပုံရိပ်က မောင့် နှလုံးသားမှာ တဝဲလည်လည် ဖြစ်နေခဲ့တယ် တကယ်ပါ စံရယ် "

" အဲဒီနောက် မောင့်ရင်ခုန်သံကို မောင့်ကိုယ်တိုင် အဆိပ်တွေသွန်းလောင်းပြီး သတ်ခဲ့တယ် အမုန်းပျှော့စိုက်ပျိုးခဲ့တယ် အဲဒီအမုန်းတွေနဲ့ စံကို ကြုံဆုံတိုင်း သွန်းလောင်းနေမိတယ်လေ မောင် သွန်းလောင်းခဲ့တဲ့ အမုန်းတွေဟာ မောင့်နှလုံးသားကို တန်ပြန်ရစ်ပတ်လာတဲ့အခါမှာ စံနဲ့ပတ်သက်သမျှ အရာရာကို ခါးသီးနေခဲ့တယ် ချစ်ရယ် "

အို . . .

ရင်ခုန်သံစကားလုံးလေးတွေ ထွက်ပေါ်လာစဉ် စံ မွှေးညင်းကလေးများ ငွေးကြွလာသလို ဖြစ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



စံ လိုက်မမှီတဲ့အာရုံတစ်ခုက မောင်ဆိုတဲ့နာမ်စားကို အထပ်ထပ် ရွတ်ဖတ်နေမိသည်။ ပြီးတော့ စံ မခံစားဖူးတဲ့ စကားလုံးလေးတွေကို အပြန်ပြန်အလှန်လှန် ဆုပ်ဖမ်းနားဆင်နေမိသည်။

" တစ်ခါတုံးက မောင့်ရဲ့ခါးသီးနေမှုတွေက တစ်မျိုးတစ်ဖုံ ရင့်သီးလာခဲ့တယ် မောင်လေ မောင့်ရှေ့မှာ စံ ခေါင်းငုံ့နေရင် မောင်လျှစ်လျူရှုနေတဲ့ နှလုံးသားတစ်နေရာက ကျေနပ်သလို ခံစားနေမိတယ် ဒါပေမဲ့ စံ မျက်ရည်ကျအောင် ရင့်သီးနေတဲ့အထိ မောင် ရူးသွပ်နေခဲ့မိတယ် အချစ်ရယ် "

" တကယ်တော့ မောင့်မုန်းတီးမှုတွေရဲ့နောက်မှာ လှပသေသပ်တဲ့ အချစ်တွေ ပြည့်လျှမ်းနေလိမ့်မယ်လို့ မောင် လုံးဝ မထင်မှတ်ဘူး စံရယ် မောင့်စကားလုံးကို စံယုံရဲ့လား ဟင် ယုံရဲ့လား စံရယ် "

အို. . . စံကို မေးနေတာလား. . .။

စံကို မေးနေတာဆိုရင် စံ ဦးခေါင်းညိတ်ရမလား။

စံက မောင်ဆိုသူနဲ့ မကြုံခဲ့မိသလိုဘဲ။

စံ ကြုံခဲ့တာ သူနဲ့ကောင်းကင်ဈာန်နဲ့လေ။

ကောင်းကင်ဈာန်က ယုံရဲ့လားလို့ မေးလာရင်ရော စံ ဘယ်လို ဖြေရမလဲ။

မုန်းတီးမှုနဲ့ခါးသက်နေတဲ့ ကောင်းကင်ဈာန် စကားလုံးတွေကို





စံ ယုံကြည်ပေးရမလား။

ဟင့်အင်း ဦးခေါင်းခါဖို့ စံမှာ အားအင်မရှိသလို။

အင်း ဦးခေါင်းညိတ်ဖို့လဲ စံမှာ အားအင်မရှိပါဘူး။

စံ သိနေတာက စံ လက်ချောင်းတွေပေါ် တရွေ့ရွေ့ သွားနေတဲ့ အကြင်နာနွေးနွေးလေးတွေ ပြီးတော့ အမျှင်မပြတ်နိုင်တဲ့ ရင်ခုန်သံစကားပွင့်လေးတွေ။

" စံကို သူစိမ်းယောကျ်ားတစ်ယောက်နဲ့ အတူတွဲပြီး တွေ့လိုက်ရတော့ မောင့်ချစ်ခြင်းတွေ ပေါက်ကွဲခဲ့တယ် "

" ဒါကြောင့် စံ နာကြင် ကြေကွဲသံတွေကို မောင် အမုန်းတွေနဲ့ ပိတ်ဆို့ဆီးကာ တင်းခံမိတဲ့အထိ ဖြစ်ခဲ့တယ်လေ အဲဒါ စံကိုရက်စက်ခဲ့တာ မဟုတ်ဘူး စံရယ် မောင့်ချစ် ခြင်းတွေ လွင့်စင်ထွက်ပြေးသလို ဖြစ်သွားရတာပါ အဲဒီအတွက် မောင့်ကို ခွင့်လွှတ်ပါကွယ် စံ ခွင့်လွှတ်ပါနော် ခွင့်လွှတ်ပါ အချစ်ရယ် "

" မောင့် ချစ်ခြင်းရဲ့လွဲမှားတဲ့ တပတ်ပြန်မှုကြောင့် စံ နာကျည်းနေမယ်ဆိုရင် မောင့်နှလုံးသားကို လက်တုန့်ပြန် နှိပ်စက်ခြင်းနဲ့ ဒဏ်ခတ်လိုက်ပါ ချစ်ရယ် မောင့်ကိုဒဏ်ခတ်လိုက်ပါ "

အကြိမ်ကြိမ် တောင်းဆိုနေတဲ့ အသံက စံ အာရုံမှာ လူးလူးလွန့်လွန့် လှုပ်ခတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



စံ ဘယ်သူ့ကို ဒဏ်ခတ်ရမှာလဲကွယ်။

ကောင်းကင်ရှာန်ကိုလား မောင့်ကိုလား။

ဘယ်သူ့ကိုဖြစ်ဖြစ် စံ ဒဏ်ခတ်ဖို့ စိတ်ကူးမရှိပါဘူးကွယ်။

စံ ဟာစ်ကြွေးလိုက်ချင်ပေမယ့် ဟာစ်ကြွေးနိုင်တဲ့ စွမ်းအား စံမှာ မရှိဘူးဆိုတာ တစ်စုံတစ်ယောက် သိမှာပါလေ။

" စံရယ်. . . "

အိုး တယုတယ ခေါ်သံချိုချိုလေး လွင့်လာပြန်ပြီ။

" မောင့်အတွက်ကြောင့် မောင့်ချစ်ခြင်းဟာ တိမ်လွှာပါးလေးတွေရဲ့နောက်မှာ ပျောက်ကွယ်ခဲ့ရပါတယ် အခုတော့ ပျောက်ကွယ်နေတဲ့ မောင့်ချစ်ခြင်းတွေက နေခြည်နွေးလေးနဲ့အတူ ပြန်ပေါ်လာ အချစ်ရယ် စံကို မောင့်နှလုံးသားနဲ့ သက်သေပြုပြီး ရင်ဖွင့်ပါရစေ "

အို စံရင်မှာ တလှပ်လှပ် ခုန်သလိုဖြစ်လာသည်။ အဲဒီလှုပ်ခုန်မှုက စံနှလုံးသားက ပေါ်ကြွလာမယ့် ခံစားမှုတစ်ခုရဲ့ ရှေ့ပြေးသံစဉ်လား။

ဘယ်သူက ဘာကိုရင်ဖွင့်မှာလဲ။

မောင်လား။ ကောင်းကင်ရှာန်လား။

ဘယ်သူပဲဖြစ်ဖြစ် ရင်ဖွင့်ခြင်းကို စံ နှလုံးသားထွေးဆုပ်ခံစားချင်စိတ် ယိုဖိတ်လွင့်ကျသလိုလို စံ တစ်စုံတရာကို တောင့်တနေသလိုလို





ထိုခဏ

စံ မှေးမိုတ်ထားတဲ့ မျက်ခွံလေးပေါ် နွေးခနဲ လှိုက်ဖြာလျက်

စံ စေ့ပိတ်ထားတဲ့ နှုတ်ခမ်းလွှာလေးပေါ်မှာ မိနစ်ပေါင်းများစွာကြာသည်အထိ ပူနွေးလှိုက်ဖြာလျက်

ဒီ နွေးဖြာမှုလေးတွေက ဘာကို ကိုယ်စားပြုနေတာလဲ။

ပြီးတော့ ထိုနွေးဖြာမှုတွေရဲ့နောက်မှာ

" ချစ်တယ် စံရယ် တဲ့ "

အိုး. . . စံ နှလုံးသား တစ်ပြင်လုံး ရှိန်းကြွလှုပ်မြူးစွာဖြင့်

" ချစ်တယ် စံရယ် " ဆိုတဲ့ သံစဉ်လေး မရပ်မနားပဲ့တင်ထပ်လျက်. . . အဲဒီနောက်မှာ ချိန့်လေးလံနေတဲ့ စံ ကိုယ်မှာ ပေါ့ပါးလန်းဖြာသလို ဖြစ်လာသည်။

စံကို ချစ်တယ်လို့ ဘယ်သူရင်ဖွင့်နေတာလဲ။

သိချင်လိုက်တာ။

ပိတ်ထားတဲ့ စံ မျက်လွှာတလှုပ်လှုပ်ဖြစ်လာပြီး

စေ့ထားတဲ့ စံ နှုတ်ခမ်းလွှာ ဖွင့်ဟလှုပ်ခတ်လျက်

စံ ရင်အုံမှာ သံစဉ်တစ်ချို့ ပျံ့ထွက်ကာ

စံ တစ်ကိုယ်လုံး နွေးဖိုလျက်

ထို့နောက် စံ မျက်လွှာလေးတဖြေးဖြေး ဖွင့်လှစ်လိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



စံ မြင်ရတဲ့ ပုံရိပ်လေးတစ်ခု

ထိုပုံလေးက တစ်ဖြေးဖြေး ထင်ရှားပေါ်လာ၍ စံမျက်ဝန်းက မယုံနိုင်လောက်အောင် တောက်ပသွား၏။ စံရှေ့မှာ ထင်ထင်ပေါ်ပေါ် ဖြစ်နေတဲ့ ပုံရိပ်က

" ဟင်. . . "

သူပါလား။ သူက မောင်လား ကောင်းကင်ချာန်လား။

စံ အာရုံကြည်လင် ပြတ်သားလာသည်နှင့် တစ်ပြိုင်နက်။

" စံကို မောင် အရူးအမူး ချစ်မိတယ် စံရယ်တဲ့ "

အိုး ဒါဆို မောင်ဆိုတဲ့ နာမ်စားက ကောင်းကင်ချာန်ပေါ့။

ဘုရား. . . ဘုရား။

မယုံနိုင်စရာ ကောင်းလိုက်တာ။

သူ့မှာ မောင်ဆိုတဲ့ ခေါင်းစဉ်အောက်က နူးညံ့သိမ်မွေ့ခြင်းတွေ ရှိနေသတဲ့လား။ အဲဒီ သိမ်မွေ့မှုတွေကို စံ ဘာဖြစ်လို့ ခံစားခွင့်မရခဲ့တာလဲ ဟင်။

" စံ "

စံကို မောင်ခေါ်နေတာလား။

စံ လက်ချောင်းလေးတွေ ပို၍နွေးလာတာ သူ ဆုပ်တွေးကြင်နာနေလို့လား။





စံအကြည့်လေး ရွှေကြည့်မိတော့ အို ဟုတ်ပါရဲ့ ဒါဆို စံ မခံစားရဖူးတဲ့ နူးညံ့မှုတွေကို မောင်အဖြစ်ပြောင်းလဲပြီး စံကို ခံစားမှု ပေးနေတာပေါ့ ဟုတ်လား ကံကြမ္မာ။

" မောင့် အချစ်ကို ယုံကြည်ပေးပါ စံရယ်နော် "

မောင့်လက်ချောင်းလေးတွေက လှုပ်ကြွနေတဲ့ စံ နှုတ်ခမ်းလွှာ ဖူးဖူးလေးကို ပန်းပွင့်နွေးနွေးလေး ဆွတ်ဖြန်းကျီစယ်လာခိုက်

စံ နှလုံးသားမှ ချစ်ခြင်းတွေ ယိုစီးလျှံကျလာတော့၏။ အဲဒါ စံရဲ့မျက်ရည်တွေပေါ့။

" စံ အရမ်းဝမ်းနည်းနေလားဟင် "

" မောင့် ရက်စက်မှုတွေကြောင့် ကြေကွဲနေလားဟင် "

" စံ ကြေကွဲရတယ်ဆိုရင် စံ နှလုံးသားမှာ မောင့်ချစ်ခြင်းကို လည့်စင်းပေးပါ့မယ် အချစ်ရယ် "

" အို. . . "

စံ မျက်ရည်စလေးတွေကို နမ်းရှိုက်တိုင်တည်နေတဲ့ မောင့်ကို တန်ပြန်ရက်စက်ရမှာလား။

" မောင် ကတိပေးပါတယ် စံရယ် စံ အနာဂတ်မှာ မောင်ဟာ စံချစ်ခြင်းတွေကို အစဉ်ဦးခိုက်ဖြည့်ဆည်း ပေးပါ့မယ် မောင့် နှလုံးသားနဲ့ တိုင်တည်သစ္စာပြုပါတယ် မောင့်ချစ်ခြင်းကို စံ ယုံယုံကြည်ကြည်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံပါကွယ် နော် စံ ''

တတွတ်တွတ်ပြောနေတဲ့ မောင့်စကားလုံးနုနုလေးတွေက စံ နှလုံးသားမှာ တအီအီ နစ်ဝင်လျက်

ဒါဆိုရင်

မောင့်လက်ချောင်းလေးတွေဟာ စံ ပခုံးပေါ်ကို ကြမ်းကြမ်းတမ်းတမ်း ကျလာမှာ မဟုတ်ဘူးလို့ ကတိပေးနေတာလား မောင်ရယ်။

'' မောင့်ချစ်ခြင်းကို ယုံကြည်ပေးနိုင်မလား စံ ''

စံ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေဟာ တစ်ခုခု လှုပ်ရှားပြဖို့ အားအင်ချို့နဲ့ နေပေမယ့် မောင်ချွေလွင့်ခဲ့တဲ့ နှလုံးသားပန်းပွင့်လေးတွေကြောင့် စံ ဦးခေါင်းလေး ညိတ်မိသလို။

'' အိုး တကယ် စံ မောင့်အချစ်ကိုယုံတယ် ဟုတ်လား ''

မြူးရွှင်ခြင်းတွေနဲ့ မောင့်နှုတ်ခမ်းလွှာကို စံ တမ်းမက်စွာ ငေးလျက် စံ ဦးခေါင်းလေးညွတ်သွားပြန်၏။

'' အို ဝမ်းသာလိုက်တာ အချစ်ရယ် ''

အို စံ ပါးပြင်နုနုလေး စကော်ဘယ်ရီရောင် ရဲစိုသွား၏။

'' စံနဲ့အတူ မှော်ဘီခြံထဲက အိမ်လေးမှာ မောင့်အချစ်တွေနဲ့ ပြည့်ပြည့်စုံစုံ နေကြမယ်နော် ''

မောင့်စကားလုံးတွေနောက်မှာ စံ ဦးခေါင်းလေးညွတ်လျက်





အချစ်တွေ တောက်ရွှန်းနေသည့် နှုတ်ခမ်းလွှာလေးနှစ်စုံ နှလုံးသားပွင့်လွှာတွေကြားမှာ တွေ့ထိရီဝေစွာ

ထိုအခိုက်

စံ လက်ချောင်းတွေကို ဆုပ်ကိုင်ထားတဲ့ မောင့် လက်ချောင်းတွေ ဖျတ်ခနဲကွာကျသွားအောင် တစ်စုံတစ်ဦး ဆောင့်ဆွဲလိုက်သောကြောင့်

'' ဟေ့ ကောင်းကင်စျာန် မင်းကို သမီးနဲ့လုံးဝ ပတ်သက်ခွင့် မပေးနိုင်ဘူး မင်းမျက်နှာကို မမြင်ချင်ဘူး ထွက်သွားကွာ ထွက်သွား''

ဒေါသတကြီး ဆောင့်တွန်းပစ်ခံရသဖြင့် နူးညံ့သိမ်မွေ့ မှုတွေကို သယ်ဆောင်လာတဲ့ မောင့်ကိုယ်လုံးက ကြမ်းကြမ်းတမ်းတမ်း လွင့်ကျသွား၏။

'' မင်းဘယ်တော့မှ သမီးရှေ့မလာနဲ့ မင်းနဲ့ရတီစံ ဘာမှ မဆိုင်တော့ဘူးကွ ''

တရစပ် ဆီးတားလိုက်သည့် ဖေဖေစကားလုံးတွေနောက်မှာ မောင် အဝေးသို့ လွင့်စင်သွား၏။ အိုး ထိုပုံရိပ်တွေက စံ လိုက်လို့ပမိတဲ့ စိတ်ကူးလား အိပ်မက်လား။

ဒါမှမဟုတ် တကယ်လား။

စိတ်ကူးဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဖြစ်ဖြစ်

တကယ်ဖြစ်ဖြစ်

စံ ရင်မှာ စွဲထင်နေတာက

နူးညံ့သိမ်မွေ့မှု

ချစ်ခြင်း. . .

မောင်. . .

ဆိုတဲ့ နှလုံးသားပုံဆောင်ခဲတွေလေ။

ဒါပေမဲ့ နူးညံ့သိမ်မွေ့မှုကို ပုံဆောင်တဲ့ မောင်ဟာ စံနဲ့ တဖြေးဖြေးဝေးလျက် အမှောင်ထုထဲ ပျောက်ကွယ်သွား၏။

စံ အာရုံတစ်ခုလုံး မှူးနောက်ပြာဝေကာ ဘာဖြစ်သွားမှန်း မသိတော့။

❀ ❀ ❀ ❀ ❀



## အခန်း (၂၄)

စံ အပါးမှ အဓမ္မဆွဲထုတ်ခံရခြင်းက သူ့ရင်မှာ အကြိမ်ကြိမ် ကြေကွဲရသည်။

" အဲဒါတော့ မတရားဘူး ကိုသက်တို့ ဒီလောက်ထိ တင်းနေစရာမလိုဘူးလို့ ရှိစီထင်တယ် ကိုဆင့်ရယ် "

လက်ကိုင်အိတ်ကို စားပွဲပေါ်ပစ်တင်၍ မာမီမကျေမချမ်း ပြော၍ သူ့ပိုကြေကွဲရသည်။ သူ ကြေကွဲမှုကို မာမီမမြင်အောင် သူ့မျက်နှာ လှည့်လိုက်စဉ် မျက်ရည်တစ်စက် လွင့်ကျသွား၏။

ဒယ်ဒီက မာမီ၏မကျေနပ်မှုကို ဘဝင်မကျစွာဖြင့် ဆိုဖာပေါ် ဝုန်းခနဲ ထိုင်ချလိုက်သည်။

" မင်း တစ်ဖက်သက် မပြောစမ်းနဲ့ကွာ "

ဒေါ်ဖြူ ကမ်းပေးတဲ့ အအေးခွက်ကို မာမီဆတ်ခနဲကမ်းယူ၍



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီနှင့်ဆိုဖာတစ်လုံးခြား ဝင်ထိုင်ပြီး

" ရှိစီပြောတာ. လွန်လို့လား "

" မလွန်ပေမယ့် ရှိစီဆန္ဒအတိုင်း ဖြစ်လို့မရဘူးကွ "

" ဟာ .ရှိစီ ဆန္ဒမဟုတ်ဘူးလေ ဒါ ကလေးတွေ ဆန္ဒ လူငယ်ချင်းဖြစ်တဲ့ကိစ္စမှာ မိဘအနေနဲ့ နေရာတကာ ဝင်ပါနေလို့မသင့်ဘူး ဒါလောက်တော့ ကိုသက်တို့ သိဖို့လိုတယ်လေ "

သူနဲ့ပတ်သက်သမျှ သည်းသည်းလှုပ် ဖြစ်လေ့ရှိတဲ့ မာမီက လက်ရှိအခြေအနေကို လက်မခံနိုင်အောင် တင်းမာလျက် အအေးကို မာမီ မသောက်ဖြစ်သေးဘဲ စားပွဲပေါ်ဆောင့်တင်လိုက်သည်။

ပြည့်လုနီးပါး ဖြစ်နေသည့် အအေးခွက်က ဆောင့်ချလိုက်သည့် အရှိန်နှင့် အအေးတစ်ချို့ စားပွဲပေါ် လျှံကျသွား၏။ လျှံကျသွားတဲ့ အအေးက ဒယ်ဒီရဲ့ ဘဝင်မကျမှုတွေထင်ရဲ့။

" ကိုသက် နေရာမှာ ကိုယ်ဆိုလဲ ဒီလိုပဲ ဆက်ဆံမိမှာပဲ ရှိစီ"

" ဘာ "

မာမ့်ကိုယ် ဆတ်ခနဲမတ်သွားပြီး

" ဘာပြောလိုက်တယ် ကိုဆင့် "

" ဟုတ်တယ် ရှိစီ ကိုယ့်သမီးအပေါ် ဒီလိုမကြင်မနာ ရက်စက်





တတ်တဲ့ သားမက်မျိုးကို ဖနောင့်နဲ့ကန်ပစ်လိုက်မှာကွ သားသမီးချင်း ကိုယ်ချင်းစာပြီး ခံစားစမ်းပါကွာ "

သူ့ဘက် မြားဦးလှည့်လာသည့် ဒယ်ဒီကြောင့် သူ့ရင်မှာ စပ်ဖျဉ်းဖျဉ်း ဖြစ်သွား၏။ ဒယ်ဒီကို မာမီ မျက်စောင်းထိုးပြီး

" ကိုယ့်သားဘက်က ကိုယ်ခံစားစမ်းပါ "

" မျက်နှာလွှဲခဲပစ်သဘောမျိုး မပြောပါနဲ့ ရှိစီရယ် သားရဲ့ ပိုက်မဲမှုတွေကို ရှိစီ ပြန်စဉ်းစားကြည့်စမ်းပါ "

သူ့အကြောင်း ဦးတည်လာ၍ ဒေါ်ဖြူ နားမထောင်ချင်သလို လှည့်ထွက်သွားသည်။

မာမီက ဒယ်ဒီကို မျက်စောင်းမပြတ်ထိုး၍ အအေးခွက်ကို ပြန်ကိုင်လိုက်သည်။ သူ့ဘက်မြှားဦးလှည့်လာမှာကို သူ မခံစားချင် ဒါကြောင့် သူ ဒယ်ဒီကို ငဲ့ကြည့်ပြီး

" သား တောင်းပန်တယ် ဒယ်ဒီရယ် "

" မင်း တောင်းပန်ရုံနဲ့ ချက်ချင်းကျေနပ်ပေးရမလားကွ "

" သားကို ဖိမပြောပါနဲ့ ကိုဆင့် "

" ပြောရမှာပဲ ရှိစီ ရှိစီသားက လူစင်စစ်ကနေ တိရစ္ဆာန် အတွေးတွေးပြီး ထင်ရာစွတ်လုပ်တာ အစကတည်းက ဒီလိုဖြစ်လာမှာ စိုးရိမ်လို့ သားကို ကိုယ်အနီးကပ် ချုပ်ကိုင်ဖို့ စိစဉ်တာ ရှိစီက သား



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြိုက်မှော်ဘီခြံမှာ နေခွင့်ပေးလိုက်တာ ကိုယ် သဘောမကျပေမယ့် ရှိစီစိတ်နဲ့ရှိစီ ကျန်းမာရေးကိုငဲ့ပြီး မပြောခဲ့တာကွ ''

သူ့ရင်မှာ အောက်သက်သက် ဖြစ်လာသည်။ ဒယ်ဒီ မကျေနပ်မှုတွေက သူ့အပေါ်ကျနေဆဲ။

'' အခု ကိုယ် ထင်တဲ့အတိုင်း သား စိတ်ကြိုက်မွေတာ ကိုယ်တို့တတ်နိုင်သလောက် လိုက်လျောခဲ့တာပဲ သူတို့သမီးခံရတာ သူတို့မကျေနပ် နိုင်သေးတာကို ကိုယ့်ဘက်ကဒေါသူပုန် ထနေလို့ ရမလား ရှိစီ ''

'' ဘာပဲဖြစ်ဖြစ် ရှိစီ အရိပ်အောက်မှာထားပြီး စောင့်ရှောက်မှု အပြည့်အဝပေးမယ် ရှိစီ အာမခံတာ ကိုသက် ဒီလောက်ထိခါနေဖို့ မသင့်ဘူး ရှိစီလဲ ရတီစံကို ကိုသက်တို့ ချစ်သလိုချစ်တာပဲ ''

'' သားအတွက် ရတီစံကို ချစ်ခဲ့တာ မဟုတ်လား သားနဲ့မပတ်သက်ရင် မင်းချစ်မှာမဟုတ်ဘူး ရှိစီ ''

ဒယ်ဒီ ပက်ခနဲပြောလိုက်စဉ် မာမီ ဆတ်ဆတ်ခါ နာသွားပြီး

'' ကိုဆင့် သက်သက်မဲ့ ကတ်သက်ပြီး ပြောနေတာ ရတီစံကို ရှိစီ သမီးလို ရှိစီချစ်ခဲ့တာပါ ''

'' ဟုတ်ပါတယ် ကိုသက်တို့က ပိုချစ်မှာလေ ပိုပြီး သမီးဘက်က နာမှာလေ သူတို့သမီးကို သူတို့စိတ်မချလို့ ဆေးရုံက ဆင်းဆင်းချင်း





ခေါ်သွားတာ ကိုယ်တို့ဘာတတ်နိုင်မလဲ အခြေအနေ စောင့်ကြည့်နေရုံပေါ့ကွ ''

'' စောင့်ကြည့်လို့မရဘူး ကိုဆင့် ''

မာမီ ဝုန်းခနဲထရပ်၍ ဆိုလိုက်စဉ် ဒယ်ဒီ စိတ်ပျက်လက်ပျက်ဖြစ်လျက်

'' မင်း အတော် ဖွတ်တိုက်ပါလားကွာ ''

မာမီ မျက်နှာကြောတင်းတင်းနှင့် ဆတ်ခနဲ ခေါင်းခါလိုက်ပြီး

'' ဖွတ်တိုက်ရမယ် ဖွတ်မတိုက်မိလို့ မရဘူး ကိုဆင့် ''

'' ဘာဖြစ်လို့လဲကွာ ''

'' သားနဲ့သမီးကို ခွဲပြစ်ဖို့ ကိုသက်တို့ ကြိတ်စီစဉ်နေတာ ''

'' ဟာ ''

သူ့ရင်မှာ လှိုက်စားခံရသလို ဟာလာဟင်းလင်း ဖြစ်သွား၏။

'' မာမီ သား စံကိုချစ်တယ် သားကို စံနဲ့မခွဲပါနဲ့နော် ဒယ်ဒီ အန်ကယ်သက်ကို ပြောပေးပါနော် ဒယ်ဒီ ''

သူ သွေးရူးသွေးတန်း ရေရွတ်လျက် သူ့နှလုံးသွေးပွက်ပွက်ဆူနေတော့၏။ ဦးဆင့်မောင် စိတ်နောက်စွာ ဆံပင်တွေထဲ လက်ထိုးထည့်၍ ဖွပစ်လိုက်သည်။

'' သားပြောတာ ကြားတယ်နော် ကိုဆင့် ''



www.burmeseclassic.com

www.burmeseclassic.com



မာမီက သူနဲ့ပတ်သက်လာရင် အစွမ်းကုန် ပြင်းထန်လျက်။ ဒယ်ဒီ သူ့ကိုချဉ်ရူးစွာကြည့်ပြီး

" မင်းအစက မုန်းတယ်ဆိုကွာ "

" အစက အစ အဆုံးက အဆုံးပဲ ဒယ်ဒီရာ ဒယ်ဒီ သားကို မသနားဘူးလား မာမီ ကူညီစမ်းပါ နောက်မှ သားဘက် လွန်တယ်လို့ မပြောနဲ့ စံလဲသားကို ချစ်နေတာပဲ အနက်ကယ်သက် ခွဲပစ် တိုင်း သားတို့ အခွဲမခံနိုင်ဘူး ဒယ်ဒီရယ် "

" တော်ကွာ မင်း အခုတစ်မျိုး တော်ကြာတစ်မျိုး မင်းကြောင့် ဒယ်ဒီတို့ မျက်နှာအကြိမ်ကြိမ် ပျက်ရတယ်ကွ နေစမ်းပါဦး ရှိစီ ဒီကိစ္စ ရှိစီ ဘယ်လိုသိလဲ ဟုတ်ကောဟုတ်ရဲ့လား "

မယုံသလိုဖြစ်နေတဲ့ ဒယ်ဒီကို မာမီမျက်နှာတင်းတင်းနဲ့ကြည့်ပြီး

" သင်းသင်း စကားလုံးတွေကို ကြည့်တာနဲ့သိတယ်လေ သားနဲ့ ပတ်သက်ပြီး သမီးလေးကို ရှေ့ဆက် အနိုပ်စက်မခံရဖို့ သင်းသင်းက သားကို ပြန်မစဉ်းစားတော့ဘူးတဲ့လေ သမီးက သူတို့သဘောအတိုင်း တဲ့လေ "

" ဟာ စံ အဲလိုခေါင်းညိတ်လို့မရဘူးလေ မာမီ စံသဘောကို ဒီလိုပဲ ပြောင်းပြန်လုပ်လို့ရမတဲ့လား ဟင့်အင်း သား စံနဲ့မရရအောင် တွေ့မယ် မာမီ "





သူ့နှလုံးသားမှာ စံနဲ့တွေ့လိုစိတ် တဖွားဖွား ထလာသည်။

" မာမီ ကူညီပါ သား စံနဲ့တွေ့ပါရစေ "

မာမီလက်ချောင်းတွေကို သူ အားကိုးတကြီး ဆုပ်ကိုင်ထားမိသည်။ မာမီက သူ့ဆန္ဒကလွဲပြီး ဘာကိုမှ မမှုသလို မျက်နှာပေးနဲ့

" လောလောဆယ် သားနည်းသားဟန်နဲ့ တွေ့ခွင့်ရအောင် ကြိုးစားကြည့် "

" သားကို မင်းမြှောက်နေတာလား ရှိစီ "

" သား လိုချင်တယ်ဆိုရင် ရှိစီ အားပေးရမှာပဲ "

" ဟာ မင်းကြောင့် အားလုံးရှုပ်ကုန်မယ် ရှိစီရယ် "

ဒယ်ဒီ တစ်စုံတစ်ရာကို စိုးရိမ်သလို ပြောနေစဉ် သူ ချာခနဲလှည့်ထွက်ခဲ့မိသည်။

" သား "

ဒယ်ဒီ ဟန့်တားသံကို သူ မမှုတော့။

" မင်းကြောင့် ခက်တယ် ရှိစီ သိပ်ခက်တယ် "

" အိုး ခက်အောင်လုပ်တာ ဘယ်သူလဲ "

ဦးဆင့်မောင် ဆက်မပြောသာတော့။ ဒေါ်ရှိစီတင် နှုတ်ခမ်းပါးလေးကို လှုလှုပပ တွန့်ချိုးလိုက်ပြီး

" ရှိစီက သားခံစားချက်ကို လျစ်လျူမရှုနိုင်ဘူး သမီးလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ်လို့ သား ဘယ်လိုပဲ ဟစ်ကြွေးနေပါစေ သား နှလုံးသားမှာ ဘယ်လိုခံစားနေလဲဆိုတာ ရိုစီ ဖတ်တတ်နေတယ် သားရဲ့ မုန်းတီးခြင်း နောက်မှာ သားရဲ့ချစ်ခြင်းရှိတယ် ဆိုတာ ရိုစီ သိတယ် ကိုဆင့် ''

'' သားအကြောင်း ရိုစီ ကောင်းကောင်းသိပါတယ် ကွယ် အခု သား ဝန်ခံနေပြီပဲ ကိုသက်က လှေနံဓါးထစ် သဘောနဲ့ တရားသေ မှတ်ပြီး ခွဲပစ်ဖို့ ကြံစည်နေတာ သိလျက်နဲ့ ရိုစီ သွေးအေးအေး လုပ်မနေ နိုင်ဘူး ''

'' ပြီးတော့ သမီးလေးစိတ်ကို ရိုစီသိနေတယ် သားက ချစ်နေတာသိရင် ဘယ်နည်းနဲ့မှ ခွဲနေမှာ မဟုတ်ဘူး ဒါကြောင့် သားနဲ့ သမီးကို ကွဲမနေစေချင်ဘူး အမြန်ဆုံး ပေါင်းသင်းခွင့် ရစေချင်တယ် ရိုစီက သားနဲ့သမီး ခံစားချက်ကလွဲပြီး ဘယ်သူ့ခံစားချက်ကိုမှ မထောက် ထားနိုင်ဘူး ''

သားကိုချစ်တဲ့စိတ်နဲ့ အပြင်းအထန် စိတ်ထက်သန်နေသည့် ဇနီးသည်ကို ဦးဆင့်မောင် ဘာမှမပြောသာတော့။

ဦးဆင့်မောင် ကိုယ်တိုင်ကလည်း သား ဆန္ဒကို အမြဲဦးစားပေး ခဲ့တာ။ ကိုသက်က ခါးခါးသီးသီး ငြင်းဆန်နေလို့ နောက်ဆုတ်နေရပေမယ့် သိပ်ကျေနပ်တာ မဟုတ်ဘူး။

'' သားကို ရိုစီယုံတယ် ဘယ်နည်းနဲ့မဆို သမီးလေးပါ





လာအောင် ကြိုးစားနိုင်လိမ့်မယ်လို့ သမီးလေးပါလာရင် ရိုစီ လက်ခမောင်း ခတ်လိုက်မှာ ကိုဆင့်ရယ် ဟင်း ဟင်း ဟင်း ''

ရိုစီ ဝင့်ဝင့်ကြွားကြွား ပြောလိုက်၍ ဦးဆင့်မောင် ရင်လေးစွာ သက်ပြင်းချပြီး

'' တကယ်လို့ သမီးလေး ငြင်းရင်ကော ''

'' အို ဘာလို့ငြင်းရမှာလဲ ''

ဒေါ်ရိုစီ ဆတ်ဆတ်ထိမခံ ဖြစ်သွား၏။ သားကို ယုံကြည်သလို ရတီစံ စိတ်ကိုလည်း အခိုင်အမာ ယုံကြည်တဲ့ ရိုစီစိတ်ကို တရွေးသားမှ အပွန်းမခံနိုင်တော့။

'' တကယ်လို့ သမီးလေးငြင်းလိုက်ရင် သားဘာဖြစ်သွားမလဲ ဆိုတာ မင်းမစဉ်းစားမိဘူးလား ရိုစီရယ် ကိုယ်အရမ်းစိုးရိမ်တယ်ကွာ''

ကိုဆင့်ရဲ့ ပူပန်မှုက ရိုစီရင်ကို ခပ်ကြမ်းကြမ်း လှုပ်ရမ်းသွား စေသည်။

'' အိုး ဟင့်အင်း သမီးမငြင်းရဘူး ငြင်းမှာ မဟုတ်ဘူး ''

ယုံကြည်လျက်ပါ။

သမီးရယ်

သားကို မငြင်းလိုက်ပါနဲ့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

" အို "

စံရင်မှာ တလှပ်လှပ်နှင့် တုန်လှုပ်အံ့ဩသွား၏။

" စံ "

စံကို တယုတယ ရှိုက်လွှန်းသည့် မောင့်ခေါ်သံကို တအံ့တဩ ငေးမောမိသည်။ စံ လက်ချောင်းလေးတွေကို ဆုပ်ကိုင်လာ၍ စံ ဖျတ်ခနဲ ရှုန်းခါလိုက်မိသည်။

" စံ "

စံ မျက်လွှာသူ့ထံမှ လွှဲဖယ်သွားသည့်အခါ သူ့ နှလုံးသား ပွက်ပွက်ဆူသွား၏။

" စံကို မောင်ချစ်တယ် သိပ်ချစ်တယ် စံရယ် "

စံ မယုံမရဲ မော့ကြည့်မိသည်။ သူက ချစ်တယ်တဲ့။ စံကို တကယ်ချစ်သတဲ့လား။ သူ့ မျက်ဝန်း သူ့ နှုတ်ခမ်းလွှာလေးတွေကို စံ





ရူးစမ်းကြည့်မိ၏။

" စံကို မောင် မြတ်မြတ်နိုးနိုး ချစ်မိတယ် စံရယ် ယုံကြည်ပေးပါ မောင်အချစ်ကို လက်ခံပေးပါနော် "

စံ ပခုံးသားလေးနှစ်ဖက်ကို တယုတယထွေးယှက်လာ၍ စံ မိန်းမူးသလို ခံစားလိုက်ရ၏။

စံ လိုချင်တောင့်တတဲ့ နူးညံ့သိမ်မွေ့ခြင်း ကို မောင်တကယ်ပေးနေတာတား။ အယောင်ဆောင်လား။ မောင့် လက်ချောင်းတွေကို စံ ဖယ်၍ ခုတင်ပေါ် ထိုင်ချလိုက်မိသည်။

" ပြန်ပါတော့ရှင် "

စံ ခံစားလိုသည့် နူးညံ့မှုကို အောင့်အီးမျိုချကာ ခပ်တိုးတိုးလေး နှင်လိုက်မိသည်။

" စံ ရက်စက်တော့မှာလား စံရယ် မောင့်ကို ပြန်လက်စားချေတော့မှာလား ချစ်ရယ် "

ရန့်ခုန့်သံအစစ်အမှန်တွေ ပြုကျလာတဲ့ မောင့်စကားလုံးတွေက စံ နှလုံးသားထဲ စီးမျောဝင်ချင်လာသည်။

" စံ နှလုံးသားနားခိုဖို့ မောင့်ရင်ခွင်တံခါး ဆွဲဖွင့်ထား ပြီးပြီလေ။ စံ ဘာဖြစ်လို့ မဝင်ချင်ရတာလဲ ဟင် စံနဲ့မောင် ချစ်ခြင်းတွေ ခံစားရင်း ရင်ခုန်လိုက်မောစွာ ရှင်သန်နေပါစို့ ချစ်ရယ် နော် စံ "



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့် ကြွေလွင့်ကျလာတဲ့ မောင့်ရင်ခုန်သံက စံ ကိုယ်ပေါ် ဖွဖွလေး လွင့်ကျပြီး စံနောက်ကျောမှာ မောင့်ရင်ခွင် နွေးလာခိုက်

" မောင်ရယ် မဖြစ်နိုင်ပါဘူးကွယ် "

" ဘာလို့ မဖြစ်နိုင်ရမှာလဲ စံရယ် "

စံ ပန်းလေး ကြင်ကြင်နာနာ ဆွဲလှည့်ခံရ၍ စံရင်ခွင်က မောင်နဲ့ မျက်နှာချင်းဆိုင်သလို ဖြစ်သွား၏။ စံ မျက်လွှာချပြီး ဦးခေါင်းရမ်း လိုက်မိသည်။

" အိုး စံ မငြင်းပါနဲ့ကွာ စံ ငြင်းနေရင် မောင် ဘယ်လို ရှင်သန်ရမှာလဲ မောင့်အချစ်တွေကို စံ မခံစားချင်ဘူးလား ဟင် "

" မောင်ရယ် မောင့်အမုန်းတွေကိုတောင် စံ ခံစားခဲ့သေး တာပဲ မောင့်ချစ်ခြင်းဆိုရင် "

အို စံ စကားလုံး မဆုံးသေးခင် စံကိုယ်လုံးနုနုလေးကို မောင့် ရင်ခွင်ထဲ ပွေ့ထားမိသည်။ စံနှလုံးသားနွေးသွား၏။

" စံရယ် မောင့်အချစ်ကို ခံစားချင်တယ်ဆိုရင် စံ မောင်နဲ့ အတူလိုက်ခဲ့နော် နော် စံ "

စံ ဆံနွယ်လေးတွေ တယုတယ နမ်းရှိုက်ခြင်းခံရ၍ စံ နှလုံး သား ပျော့ညွတ်သွား၏။

" မနက် စံ မောင်တို့မော်ဘီခြံမှာ နေကြပါစို့ကွာ မောင်နဲ့





လိုက်ခဲ့ပါ အချစ်ရယ် နော် "

" ဟင့်အင်း "

" ဘာဖြစ်လို့လဲ စံရယ် "

" မဖြစ်နိုင်ပါဘူး "

" ဘာလို့မဖြစ်နိုင်ရမှာလဲ "

အချစ်တွေနဲ့ဆူဝေနေတဲ့ မောင့်နှုတ်ခမ်းများကို စံ တိမ်းရှောင်ပြီး

" ဖေဖေနဲ့မေမေ မောင့်ကို အရမ်းစိတ်ဆိုးနေတယ်လေ ပြီးတော့ စံကို မောင်နဲ့နေခွင့်မပေးနိုင်ဘူး မောင်နဲ့မျက်နှာချင်း မဆိုင် ပါနဲ့တဲ့။ အခု မောင်ရောက်နေတာ သိရင် ဖေဖေ စံကို ဆူမှာပေါ့ မောင့်ကိုလဲ တစ်ခုခုလုပ်လိမ့်မယ် ဖေဖေ့စိတ်ကို စံကြောက်တယ် မောင်ပြန်ပါတော့နော် ဖေဖေသိရင် ပြဿနာပိုကြီးနေမယ် ပြန်ပါနော်"

တတွတ်တွတ် ငြင်းဆန်နေတဲ့ စံ စကားလုံးတွေက သူ့ နှလုံးသားကို အဆမတန် ထိခိုက်ကြေကွဲစေသည်။

" မပြန်ပါရစေနဲ့ စံရယ် စံကိုတွေ့ခွင့်ရဖို့ မောင်အကြိမ်ကြိမ် ကြိုးစားခဲ့တယ် စံ ဖေဖေခွင့်မပြုဘူးလေ "

" စံ သိပါတယ် "

" စံနဲ့မတွေ့ရရင် မောင် ရှင်သန်နေလို့ မရအောင် ဖြစ်နေပြီ ဒါကြောင့် မောင်အရဲစွန့်ပြီး ဝင်လာတာ စံမပါဘဲ မောင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း မသွားပါရစေနဲ့ ''

စံ ပခုံးဖွေးဖွေးလေးပေါ် ဦးခေါင်းညိတ်ကျလာတဲ့ မောင့်ကို စံ ဘယ်လိုလုပ် နှင်ရက်မှာလဲကွယ် ဒါပေမဲ့ မဖြစ်နိုင်တဲ့ကိစ္စတစ်ချို့ ရှိနေတော့

'' မောင်ရယ် အချိန်တစ်ခုအထိ စောင့်ကြပါစို့နော် ဖေဖေနဲ့ မေမေ မောင့်ကို စိတ်ဆိုးပြယ်တဲ့ အချိန်ထိလေ နော် မောင် ဖေဖေတို့ မောင့်ကိုလက်ခံရင် . . . ''

'' စံဖေဖေ မောင့်ကို အပြတ်ငြင်းတာ စံရယ် မာမိတို့ ဂတိ အထပ်ထပ်ပေးတာတောင် ခေါင်းခါနေတာလေ စံ ဖေဖေ ခေါင်းခါ နေသလောက် မောင့်နှလုံးသား ကြေကွဲနေရမယ်လေ စံလဲ မောင့်ကို ချစ်တဲ့စိတ်နဲ့ ကြေကွဲနေမှာပေါ့ ဒါကြောင့် မောင်တို့ စွန့်စားရအောင် စံရယ် နော် ''

အကြင်နာလေညှင်းများ တိုးဝှေ့တိုက်ခတ်လာသဖြင့် စံရင်မှာ မွှန်းကျပ်သလို ဖြစ်လာသည်။

မောင့်ချစ်ခြင်းကို ခံစားလိုတဲ့စိတ်နှင့် ဖေဖေတို့ ဒေါသကို မလွန်ဆန်ချင်တဲ့စိတ် ညီမျှနေ၍ စံ ဘယ်လိုမှ ဆုံးဖြတ်မတတ်အောင် ဖြစ်နေမိသည်။

'' စံ ''





မောင့်ရင်ခွင်မှ အကြင်နာလှိုင်းကလေး ဆော်သွေးလာ၍ စံ သက်မအသာချကာ

'' မောင်ရယ် စံကြောင့် ဖေဖေ စိတ်ထိခိုက်သွားမှာ စံ အရမ်း စိုးရိမ်တယ်။ ဖေဖေ စိတ်ဆိုးနေတုန်းမို့ပါကွယ် နော် မောင် ''

မောင့် ဦးခေါင်း ရမ်းနေဆဲ။ မောင့်ကို စံဘယ်လို ဖြောင်းဖျ ရပါ့မလဲ။ မောင့် ပခုံးလေးပေါ် စံ ဦးခေါင်းလေးမှီ၍

'' ဖေဖေက စံကိုသိပ်ချစ်တာ မောင်ရဲ့ ဖေဖေစိတ်ဆိုးပြယ်သွား တဲ့အခါ မောင်ချစ်နေတဲ့အကြောင်းတွေ ပြောပြလိုက်မယ်လေ အဲဒီတော့ ဖေဖေ ခွင့်ပြုမှာပေါ့ စံသဘောကို ဖေဖေလိုက်လျောမှာပါကွယ် ဖေဖေက စံ အလိုလိုက်နေကျလေ ''

'' မောင် မယုံဘူး ''

'' အို . . . ''

စံ ဦးခေါင်းလေး မတ်သွားသည်။ တစ်စုံတရာအတွက် ဘဝင် မကျဖြစ်နေတဲ့ မောင့်မျက်ဝန်းကို စံ စူးစမ်းကြည့်၍

'' မောင်က ဘာကို မယုံတာလဲ ''

'' စံ ဖေဖေရဲ့ အကြံအစည်ပေါ့ ''

'' ဘာအကြံအစည်လဲ ''

သူ စံလက်ချောင်းလေးကို နမ်းလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" စံနဲ့မောင့်ကို ခွဲမယ့်အကြံအစည်လေ "

" အို. . . "

စံ ဦးခေါင်းတွင်တွင် ရမ်းလိုက်မိသည်။

" မဖြစ်နိုင်တာ မောင်ရယ် လုံးဝ မဖြစ်နိုင်တာ "

" ဘာလို့ မဖြစ်နိုင်ရမှာလဲ စံရယ် စံနဲ့မောင်ကို ခွဲဖို့ အကြံအစည်မရှိရင် မောင်နဲ့စံကို ပေါင်းသင်းခွင့်မပေးရင်တောင် ခဏဖြစ်ဖြစ် စကားပြောခွင့်ပေးသင့်တယ်လေ စံနဲ့မောင့်ကို စကားပြောခွင့် မပြောနဲ့ မျက်နှာချင်းဆိုင်ခွင့် မပေးတာ ဘာသဘောလဲ ဒယ်ဒီနဲ့မာမီကို ဘာဖြစ်လို့ ခါးခါးသီးသီး ဆက်ဆံနေတာလဲ ပြောစမ်းပါ ချစ်ရယ် "

စံရင်မှာ မယုံမရဲ စိတ်ကလေးများ လှိုင်းထသွားပြီး

" ဒါကတော့ မောင်ရယ် "

" ဟင့်အင်း မောင် မယုံဘူး စံ မောင် ခံစားလို့ ရနေတယ် စံနဲ့မောင်ကို သွေးအေးအေးနဲ့ ခွဲပစ်ဖို့ ကြံစည်နေတယ် စံ မိဘ အကြံစည်ကို မောင်နဲ့စံ ကျော်ဖြတ်ကြပါစို့ နော် "

" မောင်ရယ် ဖေဖေတို့ ခွဲတိုင်း စံကမောင်နဲ့ ခွဲပါ့မလား "

" အဲဒါဆို မောင့်နောက်တစ်ခါတည်း လိုက်ခဲ့လေ "

စံ ကိုယ်လုံးလေးကို အတင်းအကျပ် ထွေးပွေ့ခေါ်ဆောင်နေတဲ့ မောင့်ရင်ခွင်ကို စံ အသာတိမ်းရှောင်၍





" ဖေဖေခွင့်မပြုဘဲ စံ ဖွတ်လိုက်သွားရင် ဖေဖေ စိတ်ထိခိုက်လိမ့်မယ် စံကြောင့် ဖေဖေနဲ့မေမေကို စိတ်မဆင်းရဲစေချင်ဘူး "

" ဒါဆို မောင့်ကိုတော့. . . "

တိမ်ဝင်သွားသည့် မောင့်စကားသံကို စံ ဂရုဏာ သက်စွာ ငေးကြည့်လိုက်တော့ မောင်က စိတ်မချမ်းမြေ့စွာ စံအပါးမှခွါလိုက်ပြီး

" ဒီလောက်ဆို မောင် ခံစားလို့ရသွားပြီ စံ စံက မောင်နှိပ်စက်ခဲ့တာကို တန်ပြန်နှိပ်စက်ဖို့ စံမိဘနဲ့အတူ အကွက်ကျကျ စီစဉ်ထားတယ် ဆိုတော့. . . "

" အို. . . မောင်ဘာတွေ လျှောက်ပြောနေတာလဲ "

" ဟုတ်တယ်လေ စံမိဘ မောင့်ကို လက်မခံသလို စံကလဲ မောင့်ကို ငြင်းနေတာက မောင့်ကို တန်ပြန်နှိပ်စက်တာနဲ့ အတူတူပဲလေ"

" မောင် တလွဲမထင်စမ်းနဲ့ကွယ် စံနဲ့ဖေဖေ မေမေတို့အပေါ် မောင်နားလည်မှု မလွဲပါနဲ့ ဖေဖေက စံနဲ့မောင့်ကို ခွဲမယ်ဆိုတာ စံ လုံးဝမယုံဘူး မောင်ရယ် ဖေဖေတို့ခွဲမယ်လို့ မောင်မယုံပါနဲ့လားနော် နော် မောင် "

သူ့ရင်ခုန်သံက အချစ်ကလွဲပြီး ဘာကိုမှလက်ခံလို့မရအောင် ဆူပွက်နေတော့၏။

ချစ်သူကို ထွေးပွေ့ခံစားခွင့်မရနိုင်တော့တဲ့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ကို ကြိုမြင်နေရတဲ့ သူ့နှလုံးသားက အကြိမ်ကြိမ် ကြေကွဲလျက်

" ဘာတတ်နိုင်မှာလဲ စံ စံက စံမိဘ အကြံအစည်အတိုင်း မောင့်ကို ဒဏ်ခတ်နေတာ ဆိုတော့ သည်းခံမနေရုံပေါ့ "

လွင့်ကျလာတဲ့ မောင့်ကြေကွဲမျက်ရည်ကို စံ မမြင်ရက်တော့ မောင့်ကြေကွဲမျက်ရည်တွေကို စံ သုတ်ပေးဖို့ ရှေ့တိုးသွား၏။

" ရပါတယ် စံ နူးညံ့သိမ်မွေ့ခြင်းတွေနဲ့ လှလှပပ ဒဏ်ခတ်တတ်တဲ့ စံ နှလုံးသားကို မောင် ဖတ်တတ်သွားပါပြီ "

" အစွမ်းကုန် ချစ်မိတဲ့ မောင့်နှလုံးသားကို စံ စိတ်ကြိုက် ဖျက်ဆီးလိုက်ပါတော့ စံကို မောင် အရှုံးပေးလိုက်ပါပြီ စံ တန်ပြန်ပေးတဲ့ ဒဏ်ရာတွေနဲ့ မောင့်နှလုံးသား မိတ်ဖွဲ့နေတော့မယ် မောင့်ကိုနှိပ်စက်ခွင့်ရလို့ စံ ကြိတ်ပြီး ပျော်လိုက်ပါတော့နော် မောင့်မျက်ရည်တွေကို ကြည့်ပြီး စံ အောင်လံလွှင့်ထူလိုက်ပါတော့ မောင် တစ်ယောက်ထဲ မောင့်အချစ်တွေနဲ့ ကြေကွဲလမ်းမှာ ပြတ်လျောက်မိအောင် စံ စီရင်လိုက်ပြီဆိုတော့ . . . "

" အို . . . မောင် . . . "

တရွေ့ရွေ့ ထွက်သွားတဲ့ မောင့်ကြေကွဲမှုကို စံ နှစ်သိမ့်ပေးချင်ပါတယ်ကွယ် ဒါပေမယ့် မိဘဆန္ဒကို မလွန်ရက်တဲ့ စံ ခံစားမှုကို တစ်ဆိတ်နားလည်ပေးလှည့်ပါ။

" မောင် . . . စံ ပြောတာ နားထောင်ပါအုံးလား ကွယ် "





" စံ ပြောသမျှက မောင့်အတွက် အဆိပ်ချည်းပါပဲ အဲဒီ အဆိပ်အားလုံးကို မောင်ဝါးမျိုပြီးပြီ စံက မောင့်ကို တန်ပြန် ရက်စက်နိုင်ပေမယ့် မောင့်နှလုံးသားက စံကို အမြဲချစ်နေမှာပါ "

" ဒါပေမဲ့ စံက စံမိဘဆန္ဒကို ရှေ့တန်းတင်နေတာ ဆိုတော့ . . . "

မောင့်စကားလုံးတွေနဲ့အတူ ဝေးလွင့်သွားတဲ့မောင့် ပုံရိပ်နောက်မှာ စံ ယူကြုံးမရ ကြေကွဲနေရတယ်ဆိုတာ မောင် ဘာဖြစ်လို့ နားမလည်တတ်ရတာလဲကွယ်။

မောင့်စွတ်စွဲသလို

မောင့်နှလုံးသားကို စံမိဘနဲ့စံ ပူးပေါင်းနှိပ်စက်နေတာ မဟုတ်ပါဘူး စံက ဖေဖေတို့ဆန္ဒကို မလွန်ဆန်ရက်တာပါ။

စံကြောင့် ဖေဖေတို့ကို စိတ်မဆင်းရဲစေချင်တာ။

ခုတော့ . . . ။

မောင်နဲ့စံ နှလုံးသား ထိခိုက်ကြေကွဲရသလို ဖြစ်ပြီပေါ့ ကံကြမ္မာရယ်။ ဖေဖေရယ် မောင့်ကို စိတ်ဆိုးပြေပါတော့။

မောင့်ကို အသိအမှတ်ပြုပါတော့နော်။

အသိအမှတ်ပြုပေးမယ် မဟုတ်လား ဖေဖေရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

" ဟင် "

စံ ရင်မှာ မယုံနိုင်လောက်အောင် လန့်ဖြန့်သွားတော့၏။ ဖေဖေတို့ အခန်းထဲမှ လွင့်လာတဲ့ စကားသံတွေကြောင့် စံ ကိုယ်လုံးလေး နံရံမှာ ကပ်သွား၏။

" ဒီကောင်နဲ့သမီးကို လုံးဝ ပေါင်းသင်းခွင့်မပေးနိုင်ဘူး အို ရှင်းရှင်းပြောရရင် လုံးဝ ခွဲပစ်လိုက်တော့မယ် "

ဟိန်းခနဲပေါ်ထွက်လာတဲ့ ဖေဖေ့ဒေါသသံကြောင့် စံ့ ရင် တုန်ခါသွား၏။ ဒါဆို မောင်ပြောသလို စံနဲ့မောင့်ကို ဖေဖေ တကယ် ခွဲပစ်မှာလား ဘုရား. . . ဘုရား။

" သင်းသင်းလဲ ကောင်းကို လုံးဝကြည့်လို့ မရတော့ဘူး ကိုသက် "

မေမေကလဲ မောင့်ကို မမြင်ချင်တော့ဘူးတဲ့ ဖေဖေနဲ့မေပေ





ကားလုံးတွေက အိုး. . . စံ မယုံရဲတော့ဘူး။

" အစကတည်းက သင်း မကောင်းလို့ သမီးလေး ဒုက္ခဆင်းရဲ လိုက်ရတာကွ သင်းက သင်းသူငယ်ချင်းကို ယုံတာကိုး "

" ဒါကတော့ ကိုသက်ရယ် "

" တော်ပြီ ဘာမှဆက်မပြောနဲ့ သင်းသင်း ကိုယ်ကတော့ တစ်ခါသေဖူးရင် ပျဉ်ဖိုးနားလည်သလိုပဲ နောက်တစ်ကြိမ် ဒီကောင့်လက်ထဲ သမီးကို မထည့်တော့ဘူး အဲဒါ ကိုယ့်ဆုံးဖြတ်ချက် "

ဟင် ဖေဖေက အဲဒီလောက်တောင် ဆုံးဖြတ်ထားသတဲ့လား။

" ကိုသက် သဘောပါ "

မဆိုင်းမတွ မေမေပြောလိုက်၍ စံ တစ်ကိုယ်လုံး တောင့်တင်း သွား၏။ ဖေဖေနဲ့မေမေက စံသဘောကို မမေးမြန်းတော့ဘူးလား။

စံ က ဖေဖေနဲ့မေမေကို စိတ်မဆင်းရဲစေချင်လို့ ကြိတ်မှိတ် ခံစားနေရတာလေ စံ ခံစားမှုကို ဖေဖေတို့ မငဲ့ညှာတော့ဘူးလား။

စံရင်မှာ ဆူလောင်လာသည်။

ဖေဖေတို့ အဆုံးအဖြတ်နောက်မှာ စံနဲ့မောင် တကယ် ကြေကွဲရ တော့မှာပေါ့။

စံ အကွဲခံနိုင်လား။

မောင့်ကို လက်လွှတ်ဆုံးရှုံးခံနိုင်လား။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း စံ နှလုံးသား တဆတ်ဆတ် ကြေကွဲလာသည်။

" ကိုယ့်သဘောနဲ့သင်းသဘော ညီတယ်ဆိုရင် "

" အို သိပ်ညီတာပေါ့ ကိုသက်ရယ် "

" ကောင်းပြီ သင်းသင်း ကိုယ်ကပြတ်တယ်ဆိုရင် တိခနဲ ပြတ်လိုက်မယ် ရှေ့ဆက် ဒီကောင် ရှေ့တိုးလို့ မရအောင် ကိုယ်တို့ အစီစဉ်ကို ချက်ချင်းအကောင်အထည် ဖေါ်ရမယ် "

" ဟင် "

စံ နှလုံးသားက ဘာကိုမှ နားမလည်နိုင်အောင် ရှုပ်ထွေးလာသည်။

ဖေဖေတို့က စံနဲ့မောင်ကို ခွဲရုံနဲ့ အားမရဘဲ ဘာကိုရှေ့ဆက် အကောင်အထည် ဖေါ်မှာလဲ. . .။

" ကိုထွန်းတို့သဘောက "

မေမေ အသံနိမ့်ထွက်လာတော့ စံ အသက်အောင့်၍ နားစွင့် လိုက်မိသည်။ ကိုထွန်းဆိုတာက မီးယပ်နဲ့သားဖွား အထူးကု ဆရာဝန်ကြီး ဦးထွန်းဝင်း။ ဘုန်းပြည့်ရဲ့ ဒယ်ဒီ။

အန်ကယ်ထွန်းရဲ့သဘောထားနဲ့ စံ ကိစ္စ ဘာဆိုင်လဲ။ ပြီးတော့ ဖေဖေ ချက်ချင်း အကောင်အထည် ဖေါ်မယ့် ကိစ္စနဲ့ ဘာပတ်သက်လဲ။

စံ ရင်မှာ သိချင်စိတ်လောကြီးလာသည်။ စံ ဆေးရုံက ဆင်းပြီး





ကတည်းက စံကို ဖေဖေနဲ့မေမေ အထူးကြပ်မတ် စောင့်ကြည့်ခြင်းနဲ့ အတူ မောင့်မိသားစုနဲ့ အဆက်ဖြတ်ခဲ့တာက ဖေဖေတို့ရဲ့ ဘယ်လိုလျို့ဝှက် အစီစဉ် ကြောင့်လဲ။

ဖေဖေတို့ရဲ့ လျို့ဝှက်အစီစဉ်ကို စံ သိဖို့လိုအပ်လာပြီ။

စံ ပါးပြင်ပေါ် လိမ့်ကျလာတဲ့ မျက်ရည်စတွေကို သုတ်ရင်း ဖေဖေတို့ မရိပ်မိအောင် နံရံမှာ ကပ်သထက်ကပ်ကာ စံ ကိုယ်လုံးလေး ကို ကွယ်လျက် နားစွင့်လိုက်သည်။

" ကိုထွန်း သဘောက ကိုယ်တို့ထက် ပြတ်တယ် သင်းသင်း"

" ဘယ်လိုပြတ်တာလဲ "

" ဘုန်းပြည့်က သမီးကိုချစ်နေတဲ့အတွက် ဘယ်လိုအနေ အထားမျိုးနဲ့ ဖြစ်ဖြစ် ဘုန်းပြည့်ဆန္ဒကို ကိုထွန်းတို့ လိုက်လျောဖို့ အဆင့်သင့်ပဲ တဲ့ "

ဒေါ်သင်းသင်း သိပ်နားမလည်သလို မျက်ခုံးတွန့်ကြည့်လိုက်ပြီ

" ဘယ်လို ကိုသက် "

" ရှင်းနေတာပဲ ကိုယ်တို့လက်ခံရင် ဘုန်းပြည့်နဲ့ သမီးကို သူတို့မိဘအနေနဲ့ ကြည်ကြည်ဖြူဖြူပဲတဲ့ ဒီလိုအနေအထားမှာ ဘုန်းပြည့် က သမီးကို မပစ်ရက်ဘူး ကိုယ်တို့သဘောတူရင် သမီးကို လက်ထပ်ပါ ရစေတဲ့လေ "



www.burmeseclassic.com

www.burmeseclassic.com



" ဘုန်းပြည့်က "

" ဟုတ်တယ် သင်းသင်း "

စံ ရင်ဘတ်ဖိလိုက်မိသည်။ ဘုရား ဘုရား။

မောင်နဲ့ခွဲပစ်ရုံနဲ့ အားမရသေးဘဲ ဘုန်းပြည့်နဲ့ ကြိတ်စီစဉ် နေသတဲ့လား။

" ကောင်းတယ် ကိုသက် အဲဒါဆို အမြန်ဆုံးစီစဉ် လိုက်တော့"

" ကိုယ် စီစဉ်ပြီးပြီ ကိုယ်တို့မိသားစု ပြင်ဦးလွင်ကို အပန်းဖြေ ခရီးထွက်မယ်လို့ သတင်းလွှင့်ပြီး တစ်ခြားတစ်မြို့မှာ ရှောင်နေမယ် အဲဒီမြို့မှာ သမီးနဲ့ဘုန်းပြည့်ကို မင်္ဂလာဆောင်ပေးလိုက်မယ် "

" အိုး "

ရက်စက်လိုက်တာ ဖေဖေရယ်။

" သူတို့ဘက်က ပြဿနာရှာရဲရင် ရှာပစေ ကိုယ်တို့သမီးကို နှိပ်စက်တဲ့အထောက်အထား အခိုင်အလုံနဲ့ ကာကွယ်လိုက်ရင် ရှိစေတော့ လင်မယား နောက်လန်ကျသွားစေရမယ် ကိုယ်အားလုံး အကွက်ကျကျ စီစဉ်ပြီးသားကွ "

ပိရိလိုက်တာ စံကို အသိမပေးဘဲ ပိပိရိရိ စီစဉ်နေကြတာ။

" ဒါပေမဲ့ သမီး မရိပ်မိစေနဲ့ "

" အိုး. . . ရိပ်မိလို့လဲ ဘာအရေးလဲ သမီးက သင်းတို့ဆ...





ဘယ်တုန်းက ငြင်းဆန်ခဲ့လို့လဲ "

မေမေ အသံပျံ့ထွက်လာခိုက် စံ ဦးခေါင်းတရစပ် ရမ်းလိုက်မိသည်။

" သမီးကို သင်းပိုင်ပါတယ် သမီးက သင်းစကားတစ်ခွန်းဆို တစ်ခွန်းပဲ ကောင်းနဲ့မင်္ဂလာဆောင်ပေးတုန်းက သမီး ခေါင်းညိတ်လက်ခံ သလို ဘုန်းပြည့်နဲ့မင်္ဂလာကိစ္စမှာလဲ သမီးခေါင်းညိတ်လက်ခံစေရမယ် ကိုသက်ရယ် သမီးက သမီးအလိမ္မာလေးပါ "

မေမေ အားတက်သရော ပြောနေစဉ် စံရင်မှာ တလှပ်လှပ် ပြာယာခတ်သွားတော့၏။ စံကို မောင်နဲ့ခွဲမယ်။

ပြင်ဦးလွင်သွားမယ်လို့ အကြောင်းပြပြီး မောင်နဲ့မျက်ခြေ ပြတ်အောင် စီစဉ်မယ် ပြီးတော့ မောင်တို့ လက်လှမ်းမမှီနိုင်တဲ့ မြို့တစ်မြို့မှာ ရှောင်နေပြီး ဘုန်းပြည့်နဲ့လက်ထပ်ပေးမတဲ့။

အိုး မတရားလိုက်တာ။

ဖေဖေနဲ့မေမေ အတ္တကြီးလိုက်တာ။

စံ သဘောကို မမေးမြန်းဘဲနဲ့။

စံ နှလုံးသားကို မစာနာဘဲနဲ့။

စံ ချစ်တဲ့သူနဲ့ခွဲပြီး စံ မချစ်တဲ့ရင်ခွင်ထဲ တွန်းပို့မလို့တဲ့။

ဖေဖေတို့ လျှို့ဝှက်အကြံစည်ကို စံ ခေါင်းငုံ့လက်ခံရမတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



စံ လက်ခံလိုက်ရင် မောင်နဲ့ရာသက်ပန် ကွဲသွားမှာပေါ့။

ဟင့်အင်း. . . ဟင့်အင်း။

မောင်နဲ့အကွဲ မခံနိုင်ဘူး။

မောင့်ချစ်ခြင်းကို စံ မရက်စက်ချင်ဘူး။

ဒါဆို စံ ဘယ်လိုစွန့်စားရပါ့မလဲ။

" သမီးလေးကို သေချာစည်းရုံးလိုက် သင်းသင်း "

ဖေဖေ ညွှန်ကြားသည့်အတိုင်း စံက မေမေရဲ့စည်းရုံးမှုကို ခံရတော့မယ့် အနေအထား ရောက်ရတော့မတဲ့လား။

" သမီး အခုဘယ်မှာလဲ "

" သမီး အခန်းထဲမှာ ရှိမှာပေါ့ "

" အဲဒါဆို သမီးလေးကို သင်း စည်းရုံးလိုက်မယ်လေ " တဲ့။

ဘုရားရေ။

မေမေ ခြေလှမ်းရွှေ့လျားသံ ကြားရပြီ။

စံ မေမေနဲ့ ရင်ဆိုင်ရရင်။

ဟင့်အင်း မေမေနဲ့ရင်ဆိုင်လို့ မဖြစ်ဘူး။

စံ ရင်ခုန်သံ ဦးဆောင်မှုနောက် စံ ခြေလှမ်းပေါင်းများစွာ လွင့်မျောသွားတော့၏။





စံ နှလုံးသားအတွက် စံ ခိုလှုံလို့ရမယ့် မောင့်ရင်ခွင်ရယ်။

စံနဲ့မောင်ကို ကာကွယ်မှုပေးနိုင်မယ့် အန်တီနဲ့ အန်ကယ်ရယ် ရှိတယ်လေ။

" အန်တီ "

" အန်ကယ် "

အားကိုးတကြီး ခေါ်သံနဲ့ ပြေးဝင်လာသည့် စံကို ဒေါ်ရီရီတို့ လင်မယား စိတ်လှုပ်ရှားစွာ ဆီးကြိုလိုက်သည်။

" သမီးရယ် "

ဝမ်းနည်းမျက်ရည်တွေနဲ့ ငှုမ်းငှဖျော့နေတဲ့ စံကို အန်တီ ကြင်နာစွာ ပွေ့ဖက်ပြီး

" သမီး ဘာဖြစ်လို့လဲဟင် "

" ဖေဖေနဲ့မေမေ စံကို ရက်စက်နေပြီလေ "

" ဟင် ဘယ်လို "

" ဘယ်လိုလဲ သမီး အန်ကယ်တို့ကို ပြောပါ "

ဦးဆင့်မောင်တို့ လင်မယား စိုးရိမ်တကြီး ဖြစ်ကာ ပျာယာ ခတ်သွား၏။ စံ အသက်ဝဝမရှူနိုင်တော့ဘဲ။

" ဟိုလေ စံနဲ့မောင့်ကို ခွဲမလို့တဲ့ "

" သားနဲ့. . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် အန်တီ စံ မောင်နဲ့မခွဲပါရစေနဲ့နော် "

အားကိုးတကြီး ငိုရှိုက်၍ တောင်းဆိုနေသည့် သမီးလေးကို ဒေါ်ရှိစီ ဂရုဏာကြီးစွာ ပွေ့ဖက်ထားမိသည်။

" နော် အန်တီ စံ မောင်နဲ့မခွဲပါရစေနဲ့ မေမေတို့က မောင်နဲ့ခွဲပြီး ဘုန်းပြည့်နဲ့ မင်္ဂလာဆောင်ပေးမှာတဲ့လေ စံ ဘုန်းပြည့်ကို မယူပါရစေနဲ့ အန်တီရယ် စံကို နားလည်ပေးပါနော် နော် အန်ကယ် စံကို ကူညီပါ စံ ချစ်တဲ့မောင်နဲ့ မခွဲပါရစေနဲ့ စံ မချစ်တဲ့ ဘုန်းပြည့်နဲ့ မင်္ဂလာမဆောင်ပါရစေနဲ့ အန်တီ မေမေတို့ စံ သဘောကို မမေးဘဲ ပိုင်ပိုင်ရှိရှိ စီစဉ်ထားပြီးပြီ စံ ဘယ်လိုလုပ်ရမလဲဟင် စံ မေမေတို့အစီအစဉ်ကို လက်မခံပါရစေနဲ့ အန်တီရယ် စံနဲ့မောင့်ကို ကယ်ပါနော် နော် အန်ကယ် "

" စံ မောင့်ကို ချစ်ပါတယ် မောင့်ကို စံချစ်တယ်ဆိုတာ အန်တီတို့ လက်ခံပေးပါနော် "

" နောက်ဆို စံနဲ့မောင် ဟီး. . . ဟီး. . . ဟီး "

သည်းမခံမျိုသိပ်မနိုင်အောင် ကြပ်ခဲနေသည့် လောင်ကြွမ်းမှုတွေကို ဖွင့်လှစ်ပြောနေသည့် သမီးလေးကို ဒေါ်ရှိစီ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိသည်။

သားကိုချစ်နေတဲ့ သမီးလေးရဲ့ ရင်ဖွင့်မှုကို နားဆင်ခွင့်ရတော့ ပို၍ပင် အသနားပိုမိသည်။





ပြီးတော့ သားကလဲ သမီးကိုချစ်နေတာလေ သားကိုချစ်တဲ့ မိဘနှစ်ပါးအနေနဲ့ ဒီကိစ္စကို မားမားမတ်မတ် ရပ်တည်ဖြေရှင်းဖို့ ဆုံးဖြတ်ပြီး

ယူကြုံးမရ ငိုကြွေးနေသည့် သမီးလေးကို တယုတယ ထွေးပွေ့ချော့မြူ၍

" သမီးရယ် သမီးခံစားချက်ကို အန်တီနားလည်ပါတယ်ကွယ် သမီးက သားကိုတကယ်ချစ်တယ်ဆိုရင် အန်တီ ဘာမဆို ရင်ဆိုင်ရဲတယ် သမီးရယ် နော် "

" ဟုတ်တယ် သမီး သားဘက်က သမီးရပ်တည်ရင် သမီးဘက်က အန်ကယ်တို့ ရဲရဲရပ်တည်ပေးမှာပါကွယ် "

အန်တီနဲ့အန်ကယ်ရဲ့ စကားလုံးတွေက ဖေဖေတို့ အကြံအစည်ကို ရိုက်ချိုးပစ်နိုင်မယ့် လက်နက်တွေလား။

" နော် သမီး မငိုနဲ့တော့ အန်တီတို့ဆန္ဒက သမီးနဲ့သားကို မခွဲဘူး သ ဖေဖေခွဲဖို့ ကြိုးစားရင်လဲ အန်တီတို့ လက်ခံမှာ မဟုတ်ဘူး"

" တကယ်လား အန်တီရယ် "

" တကယ်ပေါ့ "

" အိုး. . . "

စံ ရင်မှာ မယုံနိုင်လောက်အောင် အံ့သြဝမ်းသာ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဒါပေမဲ့ ဖေဖေတို့စံကို အတင်းဆွဲခေါ်သွားရင်ကော "

စံ ရင်မှာ စိုးရိမ်စိတ်တွေ ခုန်ကြွသွား၏။ ဒေါ်ရှိစီ သမီး နဖူးလေးကို ချစ်စနိုးနမ်းလိုက်ပြီး။

" အန်တီတို့ ကာကွယ်ရမှာပေါ့ သားအတွက် အန်တီ ကာကွယ်ပေးမှာပေါ့ "

" ဟို မေမေတို့ အတင်း. . . "

" သမီး စိတ်မပူပါနဲ့ကွယ် သမီးက သားကိုချစ်တဲ့အတွက် အန်တီအစွမ်းကုန် ကာကွယ်ပေးမှာပါ "

" ဟုတ်ပါတယ် သမီးရယ် သားကလဲ သမီးကို အရမ်းချစ်နေတာ အဲဒီနေ့ကတည်းက သမီးလေးကို တမျှော်မျှော်နဲ့ ခံစားနေတာ အန်ကယ်တို့ မကြည့်ဘူး. . . "

စံ ရင်မှာ မမျိုသိမ့်နိုင်အောင် ခံစားရတော့၏။

" မောင်ကော အန်တီ "

" သမီးလေးကို စောင့်နေပါတယ် ကွယ် "

စံကို စောင့်နေသတဲ့လား။ စံကလဲ မောင့်ရင်ခွင်ထဲဝင်ဖို့ အဆင်သင့် ဖြစ်နေပါပြီကွယ်။

ထိုစဉ် ဒေါသလှိုင်း ထနေတဲ့ မျက်နှာများနဲ့ ရောက်လာသည့် ဖေဖေနဲ့ မေမေကိုမြင်တော့ စံ ဝမ်းနည်းလိုက်တုန်လျက် အန်တီနဲ့





အန်ကယ်နောက်မှာ ပုန်းခိုမိသည်။

" သမီး "

ဖေဖေ၏ဒေါသ မိုးခြိမ်းသံကြီးကြောင့် စံ တစ်ကိုယ်လုံး တုန်ခါသွား၏။

" လာစမ်း ဒီကို "

မေမေ ဆတ်ခနဲ လှမ်းဆွဲလိုက်၍ အန်တီကို အားကိုးတကြီး ပွေ့ဖက်လိုက်၏။ ဒေါ်ရှိစီ သည်းမခံချင်တော့။

" ဒီမှာ သင်းသင်း သမီးပြောပြလို့ သင်းသင်းတို့ အကြံစည်ကို ရှိစီအားလုံး သိပြီးပြီ "

" ဘာ "

ဦးသက်လွင်တို့ ဇနီးမောင်နှံ အံ့ဩသွားသည်။

" ဟုတ်တယ် ကိုသက် "

ဦးသက်လွင်ရှေ့မှာ ဦးဆင့်မောင် မားမားမတ်မတ် ရပ်လိုက်သည်။

" ဘာသိတာလဲ ကိုယ်တို့က ဘာကြံစည်နေလို့လဲ "

ဦးသက်လွင် ခပ်တင်းတင်းပြော၍ ဦးဆင့်မောင် ခပ်စူးစူး ကြည့်ပြီး

" သမီးကို သားနဲ့ခွဲပြီး ဘုန်းပြည့်နဲ့ မင်္ဂလာဆောင် ပေးမယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြိုစည်ကို ''

'' ဟင် ''

ဦးသက်လွင်တို့ လင်မယား မလုံမလဲဖြစ်ကာ သမီးကို ဒေါသတကြီး လှမ်းကြည့်လိုက်သည်။

'' လက်စသတ်တော့ သမီးက. . . ''

ဒေါ်သင်းသင်းမေ ကြိတ်မနိုင်ခဲမရရွတ်၍ သမီးကို လှမ်းရိုက်လိုက်၍ ဒေါ်ရိုစီ ကာကွယ်လိုက်ပြီး

'' ဒီမှာ သင်းသင်း ဒီကိစ္စကို ရိုစီ လုံးဝလက်မခံနိုင်ဘူး ဘယ်နည်းနဲ့မှ အသိအမှတ် မပြုနိုင်ဘူး ''

'' ရိုစီ အသိအမှတ်ပြုဖို့ သင်သင်း တောင်းဆိုနေလို့လား သင်းသင်းရဲ့သမီးကိစ္စကို သင်းတို့မိဘအနေနဲ့ ကြိုက်သလို စီမံမယ် ရိုစီတို့ဘာမှ ကန့်ကွက်ပိုင်ခွင့်မရှိဘူး ''

'' ဟုတ်တယ် ကိုယ့်သမီးကိစ္စ ကိုယ်တို့စီစဉ်တာ ခင်ဗျားတို့ ဝင်စွက်စရာ မလိုဘူး စီစဉ်စရာရှိတာကို စီစဉ်ရမှာပဲ ''

ဒေါ်သင်းသင်းမေနဲ့ ဦးသက်ခိုင် အခိုင်အမာပြောနေ၍ ဒေါ်ရိုစီနဲ့ ဦးဆင့်မောင် ရင်ကော့ရပ်လိုက်ပြီး

'' ကိုသက် စီမံတိုင်း သမီး နာခံမှာမဟုတ်ဘူး ''

'' ဘာလို့မနာခံရမှာလဲကွ ကိုယ့်သမီး မင်း သားရဲ့ နှိပ်စက်မှု





ကို ရှေ့ဆက်မခံရစေဖို့ ကိုယ်တို့စီစဉ်တာ သမီးဘာမှငြင်းစရာ မလိုဘူး ငြင်းလို့လဲ မရဘူး ''

'' ဟုတ်တယ် ရိုစီသားရဲ့အတ္တကို သင်းသမီးလေး မခံစားရဖို့ ကာကွယ်နေတာ ''

'' သား အရင်လို မမိုက်တော့ဘူးလို့ ရိုစီ တာဝန်ယူတာ ကိုသက်တို့ လက်မခံတာ ရိုစီ ဘာတတ်နိုင်မလဲ ''

နှစ်ဖက်မိဘ အခြေအနေ တင်းမာနေသဖြင့် စံရင်မှာ ထိခိုက်ကြေကွဲရသည်။

'' ရိုစီက ဘာကိုတာဝန်ယူမလဲ ''

'' ရိုစီတာဝန်ယူတယ်ဆိုတာကို မယုံနိုင်တာ၊ ရိုစီတာဝန်ယူတယ်ဆိုတဲ့ စကားတစ်ခွန်းကြောင့် သမီးကို ရိုစီ့သားနဲ့လက်ထပ်ခွင့် ပေးခဲ့တာ အဲဒီနောက် သမီးလေး သေလုမျောပါး ခံလိုက်ရတာလေ ဒါကြောင့် ရိုစီတို့ တာဝန်ဘယ်လိုပဲ ယူယူ သင်းသင်းတို့က လုံးဝမယုံတော့ဘူး ဒါကြောင့် ဘုန်းပြည့်နဲ့လက်ထပ်ပေးဖို့ စီစဉ်တာ ''

မေမေ ပြင်းပြင်းထန်ထန်ပြောပြီး စံကို ဆောင့်ဆွဲလိုက်သည်။ အန့်တီ ကာဆီးနေသည့်ကြားမှ စံ ကိုယ်လုံးလေးက ဖေဖေနဲ့မေမေကြားရောက်သွား၏။ ဖေဖေနဲ့မေမေက ပြင်းထန်နေသဲ၊ ဒေါ်ရိုစီကို မငဲ့ မနပ်ဖြစ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



" ရှင်တို့ သားနဲ့သမီး ခံစားချက်ကို မေးပါဦး "

" ရှင်တို့ စိတ်လိုက်မာန်ပါလုပ်ရင် သမီးလေး ကြေကွဲနေရမယ် သိရဲ့လား သင်းသင်းရယ် "

" အိုး ဘာမှကြေကွဲစရာ မလိုဘူး သမီးကို မုန်းတီး ရက်စက်နေတဲ့ ယောကျ်ားတစ်ယောက်ကို သမီးပေါင်းသင်းနေဖို့ မလိုဘူး လာ သွားမယ် "

စံ ကို မေမေနဲ့ဖေဖေ ဆွဲခေါ်နေ၍ စံ ဝမ်းနည်းတကြီး ငိုရှိုက်၍

" ဖေဖေ "

" မေမေ "

" စံ ခံစားချက်ကို မေးပါအုံးလား ဟင် "

စံ ဝမ်းနည်းတကြီး ပြောလိုက်၍ မေမေနဲ့ဖေဖေ မျက်ဝန်း စူးခနဲ ကျရောက်လာသည်။

" ဟုတ်တယ် သင်းသင်း သမီးလေးဆန္ဒကိုမေးပြီးမှ သားနဲ့ ခွဲချင်ခွဲပါ "

" ဟုတ်ပါတယ် ကိုသက် သမီးခံစားချက်ကို အရင်မေးပါ သမီးက သားကိုငြင်းတယ်ဆိုရင် ကိုသက်တို့အစီစဉ်ကို ကျွန်တော်တို့ သားရှင်အနေနဲ့ လုံးဝမကန့်ကွက်ဘူး "

ဒေါ်ရီစိနဲ့ ဦးဆင့်မောင် ခပ်လောလော ပြောလိုက်သည်။

ဗျူးစာပေ



" ဟုတ်ပါတယ် စံ ခံစားချက်ကို ဖေဖေတို့ ဒီတစ်ကြိမ် မေး ပါနော် နော် မေမေ သမီးခံစားချက်ကို မေးပါလား ဖေဖေရယ် "

စံ မျက်လွှာလေးချကာ အကြိမ်ကြိမ် တောင်းဆိုလိုက်မိသည်။ ဦးသက်လွင်တို့ သမီးလေးကို တအံ့တဩ ကြည့်လိုက်ပြီး

" ဖေဖေတို့ဘာကို မေးရမှာလဲ သမီးဆန္ဒကို ဖေဖေတို့ သိနေတာပဲ "

" ဟုတ်တယ် သမီး အတ္တတွေဖိစီးပြီး မုန်းတီးရက်စက်နေတဲ့ ကောင်းကင်ဈာန် ဘဝထဲမှာ သမီးနေချင်ဘူး ဆိုတာ မေမေသိတယ်လေ ဒါကြောင့်. . . "

ဖေဖေနဲ့မေမေ ထင်မြင်ချက်အတိုင်း အခိုင်အမာပြောနေသဖြင့် စံ ဦးခေါင်းတွင်တွင် ရမ်းလျက်

" မောင်က စံကို မမုန်းတော့ဘူးတဲ့ "

" ဟင် "

" ဟုတ်တယ် မေမေ မောင်က စံကိုချစ်တယ်တဲ့ "

" ဟေ "

ဦးသက်လွင်တို့ လင်မယား သမီးကို မမြင်ဖူးသလို စူးစိုက်ကြည့် လိုက်မိသည်။

" စံလည်း မောင့်ကိုချစ်တယ် "

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးက ကောင်းကိုချစ်နေသတဲ့ ဟုတ်ရဲ့လား မယုံနိုင်စရာ ကောင်းလိုက်တာ။

" တကယ်ပါ စံတို့ချစ်ခြင်းကို မခွဲပါနဲ့နော် ဖေဖေနဲ့မေမေ "

သမီးလေးရင်ဖွင့်သံက သမီးလက်ကို ဆုပ်ကိုင်ထားသည့် ဦးသင်လွင်နဲ့ ဒေါ်သင်းသင်းမေရဲ့ လက်ချောင်းတွေကို ကွာကျသွားစေ၏။

ကောင်းက မုန်းတီးမှုတွေ ဖယ်ခွါလိုက်ပြီး အချစ်တွေ ဖြန့်ကြဲထားတာကိုး သမီးက ရင်ခုန်စွာ ခံစားတတ်ကြောင်း ဝန်ခံလာတာကို သမီးရဲ့မိဘအနေနဲ့ ဘယ်လိုတုန့်ပြန်သင့်သလဲ။

ဦးသက်လွင်တို့ လင်မယား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ အဖြေညှိစဉ် သမီးလေးက

✿ ✿ ✿ ✿ ✿



## အခန်း (၂၇)

အချစ်တွေ သိုလှောင်ထားတဲ့ ရင်ခွင်တစ်ခုက ချစ်သူကို ငံ့လင့်နေဆဲ။

" မောင်ရေ မောင် ဘယ်မှာလဲ "

တံခါးရွက်တွေ ဖွင့်လှစ်ထားတဲ့ စံအိမ်လေးရဲ့ ဘယ်နေရာမှာ မောင်ရှိနှင့်မလဲ။

မောင့်ရင်ခုန်သံ ပျံ့လွင့်နေတဲ့ ဒီစံအိမ်လေးမှာ မောင်ချစ်ခြင်းကို ခံစားဖို့ ရောက်လာတဲ့ စံကို မောင်ကြိုဆိုဖို့ မေ့နေလားဟင်

လှေကားထစ်လေးများကို စံ ဖြတ်ကျော်လျက်

" မောင် "

" မောင် ဘယ်မှာလဲ့ ဟင် "

" မောင့်ဆီ စံရောက်လာပြီ မောင်ရဲ့ "

စံ နှလုံးသားမှ ဟစ်ကြွေးသံလေးတွေက ရင်ခုန်စွာ ပေါ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

မောင်ဘယ်မှာပုန်းနေလဲကွယ်။

မောင်ပြောတော့ ဟောဒီအိမ်လေးထဲမှာ မောင့်ချစ်ခြင်းတွေနဲ့ ပြည့်ပြည့်စုံစုံ နေပါရစေဆို။

အခု ဘယ်မှာလဲဟင့်။

မောင့် အခန်းထဲမှာလား။

ထိုအတွေးနဲ့ စံ ခြေလှမ်းက မောင့်အခန်းဆီ လှမ်းဝင်လိုက်တော့

"အိုး. . ."

စံ ကိုယ်လုံးလေး မြောက်ခနဲ လွင့်တက်ကာ မွှေ့ရမ်းထွေးပွေ့ ခြင်းခံလိုက်ရ၏။ စံရင်မှာ လှိုက်ဖြာလှုပ်ရှားလျက် ငဲ့စောင်းကြည့်လိုက်စဉ် မောင့်ရင်ထဲမှာ စံ နစ်မြှုပ်သွားသည်။

" မောင်ရယ် "

ရွှန်းစိုသော မောင့်အချစ်မျက်ဝန်းလေး တောက်ကြွဆူဝေနေ၍ စံ နှလုံးသားလေး စိုဖတ်သွား၏။

" စံရယ် မောင့်ဆီ စံ တကယ်လာတယ်နော် မောင့်ကို စံ တကယ်ချစ်တာပေါ့နော် "

နူးညံ့သိမ်မွေ့လွန်းသည့် အချစ်စကားလုံးလေးတွေရဲ့ ကြိုဆိုမှု





မှာ ချစ်သူနှစ်ဦး နှစ်မျောကာ

" ချစ်တာပေါ့ မောင်ရဲ့ "

" မောင်လည်း စံကို မြတ်မြတ်နိုးနိုး ချစ်ရပါတယ်ကွယ်"

" စံ ယုံပါတယ် "

" တကယ် "

" တကယ်ပေါ့ "

" အဲဒါဆိုရင် မောင်တို့ ချစ်ခြင်းတွေ မြည်းစမ်းကြပါစို့နော်"

စံ ပခုံးသားနုနုလေးကို ယုယလာတဲ့ မောင့်ချစ်ခြင်းကို စံ မဖယ်ရက်။

" စံရယ် စံဟာ မောင့်နှလုံးသားရဲ့ အလှဘုရင်မလေးပါကွယ်"

" ပိုပြန်ပြီ "

" ဘာလဲ စံ မယုံလို့လား "

" ဟင့်အင်း "

ရမ်းခါသွားတဲ့ ချစ်သူလည်တိုင်လေးကို အားမလိုအားမရ ဖြစ်သွားသည့် သူ့ရင်ခွင်က

" မယုံဘူးဆိုရင် မောင် လက်တွေ့ပြမယ်လေ "

" အို. . ."

အချစ်တွေရဲ့ စီးဖြာမှုက လှပသိမ်မွေ့တဲ့ ပွင့်လှာလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့။

" မောင်နေ့ဂ် "

စံရဲ့ဟန့်တားသံ ချိုချိုလေးတွေရဲ့နောက်မှာ။

နူးညံ့သိမ်မွေ့သော ရင်ခုန်သံတွေက တသိမ့်သိမ့် ရင်ခုန် လှုပ်ခတ် သွားလေသည်။

✿ ✿ ✿ ✿ ✿

အားလုံးအတွက်
နတ်သမီး



www.burmeseclassic.com

www.burmeseclassic.com

